ကျေးဇူးရှင်

လယ်တီဆရာတော်ဘုရားကြီး၏

တပည့်ရင်း

လယ်တီပဏ္ဍိတ ဆရာ-ဦးမောင်ကြီး

သည်

ပိဋကတ်သုံးသွယ်တွင် ခုဒ္ဒကနိကာယ်အဝင်ဖြစ်သော

ထေရီဂါထာကျမ်းကို အဆန်းတကြယ်

အဓိပ္ပါယ်ထင်ရှားသော စကားအသွားအလာတို့ဖြင့်

မြန်မာပြန်ဆို ရေးသားအပ်သော

# ထေရီဘာသာပြန်

ပထမတွဲ

ပုံနှိပ်ဖြန့်ချိသူ

လယ်တီပဏ္ဍိတ ဆရာ-ဦးမောင်ကြီး၏

ဇနီး ဒေါ်အေး။

မူပိုင်ရှင်၊

ဒဂုံမဂ္ဂဇင်းနှင့် အောဝမ်းဖလင်း ကုမ္ပဏီ

ရန်ကုန်မြို့။

ကျေးဇူးရှင်

လယ်တီဆရာတော်ဘုရားကြီး၏

တပည့်ရင်း

လယ်တီပဏ္ဍိတ ဆရာ-ဦးမောင်ကြီး

သည်

ပိဋကတ်သုံးသွယ်တွင် ခုဒ္ဒကနိကာယ်အဝင်ဖြစ်သော
ထေရီဂါထာကျမ်းကို အဆန်းတကြယ်
အဓိပ္ပါယ်ထင်ရှားသော စကားအသွားအလာတို့ဖြင့်
မြန်မာပြန်ဆို ရေးသားအပ်သော

# ထေရီဘာသာပြန်

## ပထမတွဲ

ပုံနှိပ်ဖြန့်ချိသူ
လယ်တီပဏ္ဍိတ ဆရာ-ဦးမောင်ကြီး၏
ဇနီး ဒေါ်အေး။

---

မူပိုင်ရှင်၊
ဒဂုန်မဂ္ဂဇင်းနှင့် အောဝမ်းဖလင်း ကုမ္ပဏီ
ရန်ကုန်မြို့။

A

ဂဋ္ဌ မဘစဘပုံနှိပ်တိုက်။
အမှတ် ၁၃၉-၁၄၁၊ လမ်း-၅၀
ရန်ကုန်မြို့။

၁၇၄၈



အမ်မအေ — မဟာဝိဇ္ဇာ
လယ်တီပဏ္ဍိတ — ဆရာဦးမောင်ကြီးပုံ။

# ပဌမတွဲ မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာ နံပါတ် |
|---|---|---|
| (က) | နိဒါန်းကိုပြဆိုခြင်း။ | |
| (ခ) | ပဏာမဂါထာကိုပြဆိုခြင်း။ | ၁ |
| | **ဧကနိပါတ်** | |
| (၁) | ထေရိကာဝတ္ထုကိုပြဆိုခြင်း။ | ၅ |
| (၂) | မုတ္တာထေရီဝတ္ထုကိုပြဆိုခြင်း။ | ၁၈ |
| (၃) | ပုဏ္ဏာထေရီဝတ္ထုကိုပြဆိုခြင်း။ | ၃၂ |
| (၄) | ထေရီ ၇ ပါးတို့၏ဝတ္ထုကိုပြဆိုခြင်း။ | ၃၉ |
| (၅) | သုမုတ္တာထေရီဝတ္ထုကိုပြဆိုခြင်း။ | ၄၉ |
| (၆) | ဓမ္မဒိန္နာထေရီဝတ္ထုကိုပြဆိုခြင်း။ | ၆၅ |
| | **ဧကနိပါတ်ထေရီဘာသာပြန် ပြီး၏။** | |
| | —o— | |
| | **ဒုကနိပါတ်** | |
| (၁) | အဘိရူပနန္ဒာဝတ္ထုကိုပြဆိုခြင်း။ | ၁၂၃ |
| (၂) | အဍ္ဍကာသိဝတ္ထုကိုပြဆိုခြင်း။ | ၁၃၆ |
| (၃) | စိတ္တာထေရီဝတ္ထုကိုပြဆိုခြင်း။ | ၁၅၇ |
| (၄) | အဘယမာတာဝတ္ထုကိုပြဆိုခြင်း။ | ၁၆၆ |
| (၅) | အဘယထေရီဝတ္ထုကိုပြဆိုခြင်း။ | ၁၈၅ |
| (၆) | သာမာထေရီဝတ္ထုကိုပြဆိုခြင်း။ | ၁၉၉ |
| | **ဒုကနိပါတ်ထေရီဘာသာပြန်ပြီး၏။** | |

# နိဒါန်း ။

ဘုန်းတော်သရဖူ၊ ဆောင်းတော်မူ၍၊ အောင်သူဥက္ကဋ္ဌ၊ မြတ်ထက်မြတ် ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရား၊ ဟောကြားတော်မူအပ်သော ဒေသနာ၊ ငါးဖြာသော နိကာယ်တို့တွင်၊ ခုဒ္ဒကနိကာယ်တွင် ပါဝင်သော၊ ထေရီဂါထာပါဠိတော်မြတ်သည်ကား၊ အစ၏ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းတည်းဟူသော ကလျာဏဂုဏ်သုံးပါး၊ ။ အနက်နှင့် ပြည့်စုံခြင်း၊ သဒ္ဒါနှင့်ပြည့်စုံခြင်း၊ ပြည့်စုံဘွယ်အလုံးစုံ အကုန် ပြည့်စုံခြင်း တည်းဟူသော ပရိပုဏ္ဏဂုဏ်သုံးပါး၊ ။ အပြစ်ဒေါသအမျိုးမျိုးတို့မှ စင်ကြယ်ခြင်း၊ မြတ်သော အကျင့်နည်းလမ်းတို့ကို ညွှန်ပြနိုင်ခြင်း။ ။ဤသို့စသော ဂုဏ်တို့နှင့် အလုံးစုံပြည့်စုံတော်မူပေသည်။

ထေရီဂါထာ ပါဠိတော်သည်၊ ရဟန္တီယ မာဘက်၊ ဂါထာသက်သက်တို့ဖြင့်၊ ဟောကြားတော်မူအပ်သော ဂါထာကျမ်းလည်းဖြစ်ပေသည်။ ။ရှင်တော်ဘုရား၊ သက်တော်ထင်ရှားရှိတော်မူသောအခါ၊ သံသရာဝဋ်ဘုံ၊ ကျွတ်မြုံမှ၊ လွတ်ချန်ကျော်လွှား၍၊ ထွန်းဖျားတိုင်ရောက်၊ နိဗ္ဗာန်သို့ ပေါက်တော်မူကြကုန်သော ဝိသေသ ဘိက္ခုနီ၊ ထေရီ အကျော် အမော်တို့သည်၊မိမိတို့၏အဖြစ်များကို၊မချွင်းမချန် အမှန်သဘောအားဖြင့်၊ ကိုယ်တိုင် ဟောကြားတော် မူအပ်သော ပါဠိတော်ကြီးလည်း ဖြစ်ပေသည်။

ထို့ပြင် ထေရီအပဒါန် ပါဠိတော်ကြီးလည်း ရှိပြန်လေရာ၊ ထိုပါဠိတော်သည် ထေရီဂါထာ ပါဠိတော်နှင့် အဋ္ဌုပ္ပတ္တိအားဖြင့်၊ ဆက်သွယ်လျက်ရှိလေသည်။ ထေရီအပဒါန် ပါဠိတော်သည်ကား၊ဝိသေသထေရီဘိက္ခုနီ အရှင်မြတ်တို့သည်၊ရှေးအခါ ပါရမီဖြည့်ဆည်းဘူးခဲ့ရပုံ၊ ကုသိုလ်တရားကို ပွါးများခဲ့ရပုံ၊

## နိဒါန်း

ကုသိုလ်တို့၏ အကျိုးပေးထူးထွေ ဆန်းပြားပုံများကို၊ ပြဆို သော ပါဠိတော်ကြီးလည်း ဖြစ်ပေသည်။

ထေရီ ဂါထာ ကျမ်း ကို၊ အကျယ်အားဖြင့် ဘွင့် ဆို သော အဋ္ဌ ကထာ ဆ ရာ ကြီး သည် လည်း၊ အကြောင်း အထူးပွတ္တိ ဆက်သွယ်တိုင်း, ဆက်သွယ်တိုင်း၊ ထေရီအပဒါန် ပါဠိတော် များကို၊ ယူဆောင် ကိုးကား၍ ရေး သား တော် မူ လေ ရာ၊ ကျယ်ဝန်းပြန့်ပြူးသော အဓိပ္ပါယ်များကို၊ ပေါ်လွင် ထင်ရှားစွာ သိခွင့်ရပေ၏။

''ထေရီဂါထာ'' ပါဠိတော်ကြီးကို၊ မြန်မာဘာသာ ပြန်ဆို ရခြင်း၏အကြောင်းကိုဆိုသော်၊ ဆန်းကြယ်သော ဝတ္ထုသွားနှင့် တကွ ရှင်တော်ဘုရား၏ ရွှေလက်ထက်တော်အခါ၊ အာဇာနည် ဂိုဏ်းဝင် ဖြစ်တော်မူကြကုန်သော မိန်းမမြတ်တို့၏ အကြောင်း အထူးပွတ္တိများကို၊ မြန်မာအမျိုးသား, အမျိုးသမီးတို့ သိရှိကြပြီး လျှင်၊ သဒ္ဓါတရားတိုးတက်ပွါးများစေရန်၊ မိန်းမမြတ် အကျော် အမော်တို့၏ အလိမ္မာ နည်းနာနိဿယမျိုးကို၊ အတုခိုးကြစေရန်၊ ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သော ဗဟုသုတတို့ကို ပွါးများစေရန်၊ ခေတ်အားလျော်စွာ ပေါ်လွင်ထင်ရှားသော စကားသွားတို့ဖြင့်၊ အဆန်းတကြယ် ရေးသားပါဟု၊ အချို့အချို့သော ဓမ္မကထိက ရဟန်းတော် အ ရှင် မြတ် များ နှင့် တကွ၊ ပညာ ဗဟုသုတကို လိုကြကုန်သော အချို့အချို့ လူပုဂ္ဂိုလ်မိတ်ဆွေများက၊ နှိုးဆော် တိုက်တွန်း တောင်းပန်ကြသောကြောင့် ''ထေရီဘာသာဋီကာ'' ဟူသော အမည်နှင့်၊ ဤကျမ်း ကို ပြန် ဆို ရေး သား ရ ခြင်း ဖြစ်ပေသည်။

ပြန်ဆိုရာ၌ ထေ ရီ ပါ ဠိ တော် ကို မူ ရင်း ထား ပြီး လျှင်၊ အဋ္ဌကထာကြီး ဘွင့်ဆိုတော်မူသောအတိုင်း၊ ဝတ္ထုသွားများကို ရေးပါသည်။ ။သုံပြင်ဆိုင်ရာ, ဆိုင်ရာ, အချက်တို့၌၊ ထေရီ

# နိဒါန်း

အပဒါန်ပါဠိတော်မှ လာသော ဂါထာ ပါဠိတော်များကိုလည်း၊ ထည့်သွင်းဘော်ပြပါသည်။

မြန်မာစကားအသုံးအနှုန်းမှာ၊အများလည်း ဘတ်ချင်စဘွယ်ရှိလေအောင်၊ အဓိပ္ပါယ်လည်း ပေါ်လွင် ထင်ရှားလေအောင်၊ ခေတ်ကာလ၌ ယခုပစ္စုပ္ပန်ခေတ်အားလျော်စွာ၊ အသုံးပြုကြသော စကားပြောဆိုပုံ အနေအားဖြင့်၊ ရေးသား၍ ထားပါသည်။ကျမ်းဂန်အသွားမျိုး,စာအသွားမျိုး, ရေးသားထားသည်မဟုတ်ပါ။ ။ထိုစကားသွားများမှာ၊ ကျွန်ုပ် ရေး သား ထားသော၊ (၁) ဒေသနာမဉ္ဇရီကျမ်း၊ (၂) သောတမာလာကျမ်း၊ (၃)သာရသင်္ဂဟရီကျမ်းတို့၌၊ရေးသားအသုံးပြုသော စကားသွားအတိုင်းပင်ဖြစ်ပါသည်။ ။ဤသို့အသွားအမျိုးနှင့် ရေးသားခြင်းအားဖြင့်၊ခေတ်အားလျော်စွာ၊ယခုလှူတရား ဟောကြားတော်မူကြသော ဓမ္မကထိက ပုဂ္ဂိုလ်တို့အားလည်း ဓမ္မဒေသနာ ကိစ္စတွင်၊ များစွာ အသုံးဝင်နိုင်ပါသည်။

ဤထေရီဘာသာပြန်နှင့် စပ်လျဉ်း၍၊ဘော်ပြရန် ရှိပြန်သည်မှာ၊ ကျွန်ုပ် ကိုယ်တိုင် ပြန်ဆို ရေးသား ထားရှိသော အခြားကျမ်းများ လည်း ရှိပါသည်။ ။ ထို ကျမ်းများသည်ကား၊ (၁) ထေရဂါထာ ဘာသာပြန်ကျမ်း၊ (၂) ဝိမာနဝတ္ထု ဘာသာပြန်ကျမ်း၊ (၃) ပေ တ ဝတ္ထု ဘာ သာ ပြန် ကျမ်း၊ (၄)သံယုတ်ဘာသာပြန်ကျမ်းများဖြစ်ပါသည်။ ။ထိုကျမ်းတို့၌ အသုံးပြုသောစကားအသွားများမှာ ဤထေရီဘာသာပြန်ကျမ်းအသွားမျိုးပင် ဖြစ်ပါသည်။ ။ထိုပြင်သုတ္တနိပါတ် ဘာသာပြန်ကိုလည်းရေးသားထားရှိရာ၊ထိုကျမ်း၏ဘာသာပြန်အသွားမှာ၊ ကျမ်းဂန်ရေးသားသော စကားအသုံးအနှုန်းမျိုးဖြစ်ပါသည်။ ။ ထိုဆိုခဲ့ပြီးသော ကျမ်းများကို၊ တဖြည်းဖြည်း ပုံနှိပ်လုပ်ဆောင်မည် ဖြစ်ပါကြောင်း။

ဤကဲ့သို့ ဘာသာပြန်ကျမ်းများကို၊အရေးတကြီး ကျွန်ုပ်ရေးသားခဲ့ခြင်းအကြောင်းမှာ၊ ယခုခေတ်အခါ၊ ဗုဒ္ဓသာသနာတော်

# နိဒါန်း

ကြီးနှင့်သက်ဆိုင်သော၊ပိဋကတ်တော်ကျမ်းဂန်များကို၊ကြည့်ရှုလေ့လာသူများ နည်းပါး၍၊ အသက်မွေးဝမ်းကျောင်းဖြစ်သော စာမျိုးကိုသာ၊အရေးကြီးစွာ လုံးပမ်းနေကြသော အချက်တို့ကို တွေ့မြင်ရပါသဖြင့်၊ ပိဋကတ်တော် ကျမ်းဂန်တို့ကို၊ အများ ဘတ်ချင်ဘွယ်ရှိအောင် ရေးသားခဲ့ပါလျှင်၊ဗုဒ္ဓဘာသာ မြန်မာ အမျိုးသား, အမျိုးသမီး, တို့အား၊ သဒ္ဓါရွှေသွား ကုသိုလ်တရား တိုးပွါးခြင်း သာသနာရေးနှင့်သက်ဆိုင်သော ပညာဗဟုသုတ များ တိုးပွါးခြင်း၊ ဤကဲ့သို့သော အကျိုး တရား များ ကို၊ ထွန်းကားစေလိုသော သဘောအားဖြင့်၊ရေးသားပြန်ဆိုရခြင်း ဖြစ်လေသည်။ အချုပ်အားဖြင့်ဆိုသော်၊ ဤကဲ့သို့ မြန်မာအမျိုး သား, မြန်မာအမျိုးသမီး,တို့၏ အကျိုးကို၊ ဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်ရင်းထား၍ ရေးသားအပ်သော ဤ"**သေရီဘာသာပြန် ကျမ်း**"ကို၊အသီးအသီး လက်ကိုင်ထားကြပြီးလျှင်၊ ကြိုးခဲလှစွာ သော ဗုဒ္ဓသာသနာတော်ကြီးနှင့် ကြုံကြိုက်သည့်အခါ၊သာသနာ ရေးနှင့် သက်ဆိုက်သော အလိမ္မာကို၊ကောင်းစွာ ပွါးများနိုင်ကြ ပါစေကုန်သတည်း။

**လယ်တီ-ပဏ္ဍိတ**

**ဆရာ-ဦးမောင်ကြီး**

၁၂၈၈-ခု။ ပြာသိုလ်လဆန်း ၄-ရက်။ ရန်ကုန်မြို့။

---

တတိယနှိပ်ခြင်း။ ၁၃၁၆-ခု။ ပြာသိုလ။



# ပဏာမဂါထာ။

—— 0 ——

(၁) ဘာဂဝန္တံ ဘိဝန္ဒာမိ၊ ဝါစာဗိန္ဒေယျ သညုတံ။
ပေါရိမာဂဓ သမ္ဘာသံ၊ ဓမ္မံ သံဃဉ္စ သာဒရံ။ ။

(၂) လယ်တီထေရံ ဂုဏာဓာရံ၊ မမ မာဂဓ ဇာနနံ။
ဝန္ဒေ တိက္ခာဘိ တိက္ခံတံ၊ မာဒိပ္ပ ပဏ္ဍိတာကာရံ။ ။

(၃) ဝိသုဒ္ဓါစာရ ထေရဉ္စ၊ မမ သက္ကဋ ဇာနနံ။
ဝန္ဒေ ထိရာဘိ ထိရံတံ၊ ဗိတိပသမ္ဘိစေတသံ။

(၄) ထေရိဂါထာတိ ယာပါဠိ၊ သေဋ္ဌထေရီဟိ ဘာသိတာ။
နိဗ္ဗာနမဂ္ဂံ သူစန္တီ၊ ဗိဗိတ္တာ ပဒဗျဉ္ဇနီ။ ။

(၅) တိဿာယ အဓိပ္ပါယံ ဟ၊ မြန်မာဘာသာယ သုန္ဒရံ။
လိခိဿံ တံ ဇနာသန္တာ၊ ပသာဒန္တု ဗုဒ္ဓမာနသာ။ ။

(၁) အဟံ၊ လယ်တီ ပဏ္ဍိတ၊ နာမသမုတ်၊ အကျွန်ုပ်သည်။ ဝါစာဗိန္ဒေယျ သညုတံ၊ မိန့်မြွက်ဟောကြား၊ စကားတော်အရပ်ရပ်၌ မကြံစည်အပ်၊ မနှိုင်းယှဉ်အပ်သော ဝါစာအဗိန္ဒေယျဂုဏ်ထူးနှင့် ပြည့်စုံတော်မူပေသသော။ ပေါရိမာဂဓသမ္ဘာသံ။ တိုင်းကြီး ပြည်ကြီးတို့၏ အလေ့အလာ၊ လွန်စွာယဉ်ကျေးသော မာဂဓဘာသာဖြင့်၊ သာယာနာပျော်ဘွယ်ရှိအောင်၊ ဟောကြားမိန့်မြွက်တော်မူလေ့ရှိပေထသော။ ဘာဂဝန္တံ။ ဘုန်းတော်ခြောက်ပံု၊ ဂုဏ်တော်သခင်၊ ဘုရားရှင်ကို။ သာဒရံ၊ သဒ္ဒါဇောဦး၊ မနှေးချူးသျှော်၊ အထူးရိုသေစွာ။ အဘိဝန္ဒာမိ။ စကြာဝဠာ၊ ကမ္ဘာမြေမိုး၊ ပြန်းပြန်း

ကျိုးမျှ၊ တန်ခိုးတော်အဖုံဖုံ၊ ဂုဏ်တော်အရပ်ရပ်ကို၊ ရည်မှတ်
ရိုကြိုးလျက်၊ ရှိခိုးဦးနှိမ်ပါ၏ဘုရား။ ဓမ္မဥ္စ။ အမြတ်ဆယ်ဘော်၊
တရားတော်အပေါင်းကိုရင်း။ သံဃဥ္စ။ သီလဝန္တာ၊ အရိယာသခင်၊
အရှင်သံဃာတော် အပေါင်းကိုရင်း၊ သာဒရ်၊ သဒ္ဒါထက်မြက်၊
နှစ်သက်စေတနာ၊ ကြည်ညိုစွာ၊ အဘိဝန္ဒာမိ။ ခြောက်ပါး-ကိုး
ပါး ဂုဏ်တော်များကို၊ ရှေ့သွားအာရုံ၊ ရပုံမြတ်နိုး၊ ဦးနှိမ်လျှိုး၍၊
ရှိခိုးပူဇော်ပါ၏ ဘုရား။

(၂) မမ။ လယ်တီပဏ္ဍိတ၊ နာမသမုတ်၊ အကျွန်ုပ်အား၊ မာဂဓ
ဓာနုပ်၊ မာဂဓ ဘာသာသဒ္ဒါ၊ လိမ်မာ ကျွမ်းကျင်၊ အမြင်ချင်းနှင်း၊
ဉာဏ် အလင်းကို ထံရင်းစက်မှောက်၊ ရောက်သည့်ကာစ၊ ယနေ့
ကျေးအောင်၊ နို့မပြတ်၊ ပေးသနားတော် မူတတ် ပေထသော။
မာဒိပို။ ပညာမွေးမြှုန်၊ အရှိန် သေးကွေး၊ အကျွန်ုပ်ကဲ့သို့သော
သဘောဝါးလေးကိုပင် သေသည်လည်း။ ပဏ္ဍိတက်။ ပဏ္ဍိတဆင့်၊
အတန်း မြင့်အောင်၊ မြှင့်ပြုပြင်တော်မူပေဘတ်ထသော။ ဂုဏာ
ဝါ။ သီလမြေထု မြေသမာဓိ၊ ဝရ*နဲ့ပညာ အစဖြာသည့်၊
မျိုးစွာ သိန်းသောင်း၊ ဂုဏ်ကျေးဇူးတော်အပေါင်းတို့၏ တည်
ရာလည်း ဖြစ်တော်မူပေထသော။ တိကျာဘိတိက်။ ထက်မြက်
သောသူတို့ထက်၊ ထွန်းမျိုးထိပ်နှင်း၊ မှန်ကင်း တံခွန်၊ ချွန်ထက်
ချွန်၍၊ အလွန်အပြူး အထူးထက်မြက်သော ဉာဏ်တော်သခင်
လည်း ဖြစ်တော်မူပေထသော။ တံလယ်တီထေရ် ထိုကျေးဇူးရှင်
လယ်တီဆရာတော်မြတ်ဘုရားကြီးကို။ ဝန္ဒေ ဝန္ဒာမိ။ ဂုဏ်တော်
အလုံး၊ သိမ်းကျုံးမေ့မေ့၊ တမြေ့မြေ့လျှင် အောက်မေ့သောအား၊
ထိပ်ထက်ထား၍ ဦးညွှတ်တွားသဖြင့် ရှိခိုးပါ၏ဘုရား။

(၃) မပ။ လယ်တီပဏ္ဍိတ၊ နာမသမုတ်၊ အကျွန်ုပ်အား၊ သက္ကတရှ
ဓာနုပ်၊ သင်္သကရိုဏ်ဘာသာသဒ္ဒါ၊ လိမ္မာကျွမ်းကျင်၊ အမြင်ချင်းနှင်း၊
ဉာဏ်အလင်းကို ထံချင်းစက်မှောက်၊ ရောဲသည့်ကာစ၊ ခုတိုင်ကျ
အောင်၊ နို့မပြတ် ပေးသနားတော်မူတတ်ပေထသော။ ထိရာဘိ
ထိ။ သမာဓိပညာဂုဏ် ခိုင်ခံ့တည်ကြည်သောပဋိပတ်တို့ထက်၊ ပုံမှို၍

နိုင်ခဲ့တော်မူပေထသော၊ ဝိတိပသာဒ္ဒိစေတသိ။ အမြဲနှစ်သိမ့်သော စိတ်နှလုံးတော်၊ အမြဲငြိမ်းချမ်းသော စိတ်နှလုံးတော်လည်း ရှိတော်မူပေထသော။ တံ ဝိသုဒ္ဓါစာရ ထေရဥ္။ ဝိသုဒ္ဓါစာရ ကဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု၊သွန်းထုခပ်နှိပ်။ တံဆိပ်တော်သခင်၊ ကျေးဇူးရှင်ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရာမ ဆရာတော်မြတ်ဘုရားကြီးကိုလည်း၊ ဝန္ဒေ- ဝန္ဒာမိ၊ ဂုဏ်တော်အလုံး။သိမ်းကျုံးဖော်ဖော်၊တခြမ်းခြမ်းသျှင်၊ အောက်မေ့သောအား၊ထိပ်ထက်ထား၍၊ညွှတ်တွားသဥ္ပါ၊ ရှိခိုးပါ၏ဘုရား။

(၄) သေဠ ထေရိယာ။ ကိလေသာ ကုန်ခန်း၍။ ရဟန္တာ အဖြစ်သို့ ရောက်တော်မူကြကုန်ပြီးသော ထေရီမြတ်ကြီးတို့သည်။ဘာသိတာ၊ကိုယ့်ဖြစ်ပုံအလားကို၊ဟောကြားတော်မူအပ်သော။ထေရီဂါထာတိ။ထေရီဂါထာ အမည်ရှိသော။ ယ ပါဠိ၊ အကြင်ပါဠိတော်မြတ်သည်။အတ္ထိ၊ရှိပေ၏။သာ၊ထိုထေရီဂါထာ ပါဠိတော်မြတ်သည်။ဝိစိတ္တပဒဗျဉ္ဇနီ၊ချီးမွမ်းစဘွယ်၊ဆန်းကြယ်သော ပုဒ်ဗျည်းနှင့်လည်း ပြည့်စုံတော်မူပေ၏၊နိဗ္ဗာနမဂ္ဂံ၊ နိဗ္ဗာန်သို့ ဆိုက်ရောက်ကြောင်းဖြစ်သော။ လမ်းကောင်း,လမ်းမှန်,ကို။ သူစဉ်တို့၊ကောင်းစွာညွှန်ပြနိုင်ပါပေ၏။

(၅) တိဿာယ။ ထိုထေရီဂါထာ ပါဠိတော်မြတ်၏။ အဓိပ္ပါယံ။ဆိုလိုရင်းအဓိပ္ပါယ်ကို။ မြန်မာဘာသာယ။ တိုင်းရင်းနွယ်လာ၊မြန်မာဘာသာဖြင့်။သုန္ဒရံ။ကြည့်တုန်း,ရှုတုန်း,၊ ရွှင်ပြုံးသွေးဆောင်။ကောင်းမွန်အောင်။အပင်။ လယ်တီ ပဏ္ဍိတ၊ နာမ သမုတ်၊အကျွန်ုပ်သည်။လိခိ သံ ။ရေးသားပါအံ့။တံ။ထိုအကျွန်ုပ် ရေးသားလတံ့သော ထေရီဘာသာပြန်ကို။ သဒ္ဓါ၊ သူတော်ကောင်း ဖြစ်တော်မူကြကုန်သော။ ဇနာ။ လူများအပေါင်းတို့သည်၊။တုဋ္ဌမာနသာ။ ငြင်လန်းဝမ်းမြောက်သော စိတ်ရှိကြကုန်သည်ဖြစ်၍။ပဿန္တု။သက်ကိုင်စွဲကာ၊အမြဲကြည့်ရှုတော်မူကြပါစေကုန်သတည်း။

ပဏာမပြီး၏။

# ထေရီဘာသာပြန်

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

ကောနိပါတ်။

## (၁) ထေရိကာဝတ္ထု။

ရှေးအခါ ဤဘဒ္ဒကပ် ကဿပဗုဒ္ဓပင်၊ ကောဏာဂုမ်မြတ်စွာဘုရား ထင်ရှားပွင့်တော်မူခဲ့တယ်။ ထိုအခါ အမျိုးသမီးကလေးတဦးဟာ၊သာသနာတော်ကိုအလွန်ကြည်ညိုလှသဖြင့်၊ ဘယ်လိုအကြံပေါက်လာသလဲ လို့ဆိုတော့၊ "ဘုန်းတော် ကြီးလှသောရှင်တော်မြတ်စွာဘုရားကိုပင့်ပြီး ဆွမ်းလုပ်ကျွေးမယ်။ ငါ့မှာပစ္စည်းဥစ္စာကလဲများစွာမကြွယ်ဝတဲ့အတွက် သူဌေးကြီးများလိုရွှေငွေဘဏ္ဍာ၊ ရတနာအမျိုးမျိုး ချယ်လယ်တဲ့ မဏ္ဍပ်အဆိုးတန်ကြီးတော့ဖြင့် မဆောက်နိုင်ဘူး။ သို့ရာတွင် သူတပါးတို့မဆောက်စဘူး၊ ထူးထူးဆန်းဆန်းဖြစ်သော သစ်ခက်တဲနန်းသဘွယ်ဖြစ်တဲ့ မဏ္ဍပ်ကြီးကိုဆောက်ပြီး၊အလွန်မြစင်တဲ့ သဲများကို ခင်းမယ်။အထက်ကလဲ ပန်းအမျိုးမျိုးတို့ဖြင့်၊ မျက်နှာကြက်လုပ်ပြီး၊ တင့်တင့် တယ်တယ်၊ အဆန်းတကြယ်ဖြစ်အောင်၊ ချယ်လယ်မွမ်းမံမယ်"အဲ-သို့ ဘလို အကြံဖြစ်လာသတဲ့။

အကြံဖြစ်တဲ့အတိုင်း၊ မိမိတတ်စွမ်းသမျှ လှပတဲ့သစ်ခက်၊ သစ်ညွန့်၊ တွေကို စုဆောင်းပြီး "**သစ်ခက်မဏ္ဍပ်ကြီး**" ကို ဆောက်လုပ်တယ်။မဏ္ဍပ်တပြင်လုံးမှာ ခင်းထားလိုက်တဲ့ သဲဖြူတွေကလဲဖွေးနေတာပေါ့လေ။မဏ္ဍပ်အမိုးမှာဖြိုးဖြိုးဝေအောင်၊ အထွေထွေ အရောင်အဆင်းရှိတဲ့၊ ပန်းမျိုးစုံတွေကို၊ မိတာန်မျက်နှာကြက်ကြီးလုပ်ထားလိုက်တဲ့အခါ၊ သူ့မဏ္ဍပ်ဟာ အလွန်

တရာ တင့်တယ်၍၊ရှုချင်စဖွယ် ကောင်းနေတာပေါ့။မြင်မြင်သမျှလူအပေါင်းတို့ကလဲ မဏ္ဍပ်စီရင်ပုံ ကောင်းပါပေရဲ့၊သစ်ခက်၊ သစ်ညွန့်၊အမျိုးမျိုးတို့ဖြင့် ချယ်လှယ်ထားလိုက်ထာ၊ မြအဆင်းပမာ၊ လွန်စွာလှပပေတယ်။ ခင်းထားလိုက်တဲ့ သဲဖြူတွေကလဲ၊ ဘော်ဖြူခေါ်တဲ့ ငွေသင်ပြူးကြီးကို၊ ခင်းထားသလိုပါပေဘဲ။အရောင် အမျိုးမျိုးရှိတဲ့ ပန်းတွေကို မျက်နှာကြက်ကြီး ကြက်ထားလိုက်ထာကလဲ၊မိန်ကြောင်မြသား ပုလဲပတ္တမြားချယ်တဲ့မျက်နှာကြက်ကြီးနှင့်တူပါပေတယ်။ပန်းမျိုးစုံတို့၏ရနံ့က၊ တပျံ့ပျံ့ကြိုင်လျက်နေတဲ့အတွက်၊နံ့သာရေ၊နံ့သာဆီတို့ဖြင့် မပက်မဖျန်းရဘဲ၊ မဏ္ဍပ်ကြီးတခုလုံးဟာ၊ တထုံထုံမွှေးကြူနေတာဘဲလို့ချီးမွမ်းကြသတဲ့။မချီးမွမ်းကြတော့ဘဲ နေနိုင်ပါတော့မလား။စီမံထားပုံကအလုံးစုံ အချိုးကျနေတာကိုး။

အဲ-သို့ဘလို သစ်ခက်မဏ္ဍပ်, ပန်းမဏ္ဍပ်, ကြီးကို ပြုလုပ်စီရင်ပြီးတဲ့အခါ၊ရှင်တော်ဘုရားကို ပင့်တော့၊အခွင့်ပေးတော်မူတဲ့အတိုင်း ကြွတော်မူလာပြီး၊ထိုမဏ္ဍပ်ကြီးအလယ် ဆန်းကြယ်စွာခင်းထားတဲ့ ဘုရားနေရာတော်ပေါ်မှာ၊သီတင်းသုံး နေတော်မူတယ်။

ထိုအခါ အမျိုးသမီးက မိမိချက်ပြုတ် ပြင်ဆင်ထားတဲ့ဆွမ်းဘောဇဉ်အရသာများကို ကပ်လှူ၍၊ဘုဉ်းပေးတော်မူပြီးတဲ့အခါ၊ တိစိဝရိက် သင်္ကန်းသုံးထည်ကိုလဲ ရှင်တော်ဘုရားအား၊ သဒ္ဓါတရား ထက်သန်စွာနှင့် ပြန်တယ်။

ကောဏာဂုမ် မြတ်စွာဘုရားကလည်း၊ ထိုအမျိုးသမီးကလေးအား၊ အနုမောဒနာ တရားကို၊ ကြည်ညိုဖွယ်ရှိအောင်၊ ဟောကြားတော်မူပြီး၊ ''အို-ချစ်သမီး။သင်သည် ငါ၏သို့တော်ဖြစ်သော ဂေါတမဘုရား၊ထင်ရှားပွင့်တော်မူသောအခါ၊ဘိက္ခုနီမဖြစ်၍ ငင်ဒုက္ခမကင်းဟဲ့ သံသရာကြီးကို ခွါရှောင်ပြီး၊ နိဗ္ဗာန်သောင် ခေမာကမ်းသို့၊ စံမြန်းပျော်ပါးရလိမ့်မယ်''လို့ဗျာဒိတ်စကား မိန့်ကြားတော်မူပြီးတဲ့အခါ၊နေရာမှကြွသွားတော်မူတယ်။

အမျိုးသွီးကလေးဟာသဲ သစ်ခက်မဏ္ဍပ်, ပန်းမဏ္ဍပ်ကြီးကို အဆန်းတကျယ်ဆောက်လုပ်ပြီး၊ ဆွမ်း,သင်္ကန်းကို လှူဒါန်းရတဲ့ အတွက်၊ နှစ်သက် ဝမ်းမြောက်တာကတမျိုး၊ ရှင်တော်ဘုရား ဟောကြားတော်မူတဲ့ ဒေသနာနှင့်ဗျာဒိတ်စကားတော်ကို ကြား တော်မူရတဲ့ စေတနာကြောင့်၊ လွန်စွာ နှစ်သိမ့်တာက တမျိုး၊ ကုသိုလ်တွေကအမျိုးမျိုးတိုးပွားပြီး "အဘိုးတန်တဲ့ လူ့ဘဝကို။ အရတော်စွာ ငါရလေပြီတကား" လို့ များစွာ အားတက်နေ ရှာတယ်။ ကုသိုလ်စေတနာဆိုတာ အခါခါ အောက်မေ့၍ တမြေ့မြေ့စဉ်းစားတိုင်း အဆင့်ဆင့် တိုးပွားနေတာမျိုးပေါ့။

အဲ-သို့ကလို၊ ကုသိုလ်စေတနာအထုံဖြင့်၊ အသက်တမ်းကုန် သည့်တိုင်အောင်၊ ရွှင်ရွှင်လန်းလန်းဝမ်းမြောက်ဝမ်းသာစွာ၊နေ ထိုင်ပြီးအချိန်တိုင်လို့ စုတေတဲ့အခါ၊တာဝတိံသာနတ်ပြည်မှာ၊ လွန်စွာအဆင်းလှတဲ့နတ်သွီးဖြစ်သွားပါရော။ကုသိုလ်ကောင်းမှု လက်ကိုင်ရှိတဲ့ အမျိုးသွီးဆိုတာ၊လူ့ရွာနှင့်နတ်ပြည်တလှဲ့စီ ကျင် လည်၍ ကြည်ကြည်လင်လင်စံစားနေရတာပေါ့လေ။ချိုချိုငဲ့ငဲ့နှင့် အားနဲ့တဲ့ အောက်တန်းဘဝသို့၊မဆင်းရတော့ဘူးပေါ့။

ကောဏာဂုံမ် မြတ်စွာဘုရားနှင့် ကဿပ မြတ်စွာဘုရား၊ ဤဘုရား နှစ်ဆူတို့၏ စပ်ကြားမှာ အလွန်ရှည်ကြာတဲ့ အန္တရ ကပ်ကြီးတကပ်လုံး အပါယ်လေးပါးသို့ မလားရဘဲ လူ့ရွာနှင့် နတ်ပြည်မှာ စုန်ချည်, ဆန်ချည်; ပျော်ပါး၊ လူချမ်းသာ, နတ် ချမ်းသာတို့ကိုသာ ခံစားရသတဲ့။

ထိုနောက် ကဿပမြတ်စွာဘုရား ထင်ရှားစွာပွင့်တော်မူတဲ့ အခါ၊ ဗာရာဏသီ နေပြည်တော်ကြီးမှာ၊ သူဌေးသွီး ဖြစ်လာပြန် တယ်။ဆွမ်းနှင့်သင်္ကန်းကိုလှူဒါန်းခဲ့ရသောစေတနာဇောကြောင့် ပဉ္စည်းကသဲအလွန်ပေါ၊ရုပ်ကလဲအသွန်ချော၊အမျိုးကလဲမြတ်၊ ပညာကလဲတတ်၊ ဂုဏ်ဒြပ်နှင့် အထပ်ထပ်ပြည့်စုံနေတာပေါ့။

အရွယ်သို့ရောက်တဲ့အခါ၊ သူဌေးသားပေါင်း များစွာက၊ လက်ဆောင်ပဏ္ဏာအဘိုးတန်ရတနာတွေကိုပို့သပြီး၊ တချို့ကလဲ့

လူကိုယ်တိုင်လာ၍ လောကဓမ္မတာ ချစ်ခင်ပါမည့်အကြောင်းကို ခွင့်တောင်းလိုက်ကြတာ အလွန်တရာများသတဲ့။ သူဌေးသို့း၏ စိတ်ထဲမှာတော့၊ ပါရမီခါတ်ခံ အတော်ကြီး ရင့်သန်လာသူ ဖြစ်သောကြောင့်၊ လူတို့ဘုံမှာ ကာမဂုဏ်ဖြင့် မွေ့လျော်၍ လူတိုင်းပျော်နိုင်တဲ့၊ အပျော်မျိုးဖြင့် ပျော်မွေ့လိုတဲ့စိတ် မရှိဘဲ သာသနာတော်သို့ဝင်ပြီး ဘုံဘုံနိမ ပြုလိုတဲ့ ဆန္ဒသာ ရှိနေရှာ တယ်။ ။ဘယ်လိုများ အကြံပေါက် လာသလဲ ဆိုတော့၊ ''ဩော်-သည်လူ့ပြည် လောကကြီးဟာ၊ ကာမဂုဏ် ညွန်ဘွက် ထဲမှာ အမြဲပျော်နေတဲ့ လောကကြီးပါကလား။ လူတွေဟာလဲ ညွန်ဘွက်တွေ့လျှင် နှစ်သက်လေ့ရှိတဲ့ ကျွဲထီး, ကျွဲမတွေနှင့် အလွန်တူပါကလား။ ဘဝတိုင်း,ဘဝတိုင်း၊ သည်လိုကာမဂုဏ် တွေကို အပုံကြီးရခဲ့ကြလှပါပြီ။ဘယ်အခါကာလမှာမှ တင်းတိမ် ရောင့်ရဲခဲ့ကြတယ်လို့ မရှိကြဘူး။ ဘဏ္ဍာမကုန်လို့ အာရုံကို မက်မောနေကြဘာဘဲ။ ကာမဂုဏ်ဆိုတာ လိုက်လေ,လိုက်လေ အာသာမပြေနိုင်ရုံမက၊ တိုးလို့သာငတ်တတ်တဲ့ အလေ့ကြီးပါ ကလား။ ။ယခုအခါ၊ လွန်စွာတွေ့ကြုံခဲ့တဲ့ ကဿပ ရှင်တော် ဘုရား သဲ ထင်ရှားစွာ ပွင့်တော်မူ၍ တရားတော်များကိုလဲ ဟောကြားတော်မူနေတယ်။ ။တွေ့ကြုံနိုင်ခဲတဲ့ဘုရားရှင်ကြီးကို ဒိဋ္ဌတွေ့ပါလျက်သားနှင့် ပုန်းကွယ်ရှောင်ရှားပြီး၊ ကာမဂုဏ် ချောင်ကြားမှာ တပါးပါးနစ်မျော၍၊ အမောအပန်း ခံနေလို့ မတော်ပေဘူး။ လူဖြစ်ရှုံးတော့မယ်၊လုံးလုံးကြီးလူ့ဘောင်ကိုခွါ ပြီး၊သာသနာဘွင်းသို့ဝင်လျက်၊ခင်မင်တွယ်တာတတ်တဲ့တဏှာ အငတ်ကို လက်စပြတ်အောင် လုပ်နိုင်တဲ့ အကျင့်ကို ကျင့်မှ၊ ကျွတ်လွတ်ခွင့်ကိုရတော့မှာဘဲ''။အဲ-သို့ကလိုကြံစည်ပြီး၊မိဘတို့ ထံမှာ ရဟန်းပြုရန် ခွင့်တောင်းရှာသတဲ့။

မိဘတို့သဘောကတော့၊ သို့းချောကလေးကို လောကီရေး တွင် စည်းစိမ်ခံချင်တဲ့အတွက်ကြောင့်၊ သူဌေးသား တဦးနှင့် ထိမ်းမြားပြီး ကြီးကြီးကျယ်ကျယ်၊ တင့်တင့်တယ်တယ် နေတာ

ကို မြင်ချင်ကြတဲ့အတွက်၊ ရဟန်းမပြုလုပ်ရန် အမျိုးမျိုးတောင်းပန်၍ တားမြစ်ကြတယ်။ မိဘတို့မျက်စိက လောကီရေးကိုသာကြည့်တာကိုး။

သွီး က လေး က တော့၊ လော ကီ ရေး ကို မနှစ်သက်နိုင်တဲ့အတွက်၊ တားမြစ်ကြသည်ကို အရေးမထားဘဲ၊ လူ့ဘောင်ကို ရှောင်ရှားပြီး၊ ဘိက္ခုနီမ-ပြုလုပ်ဖို့သာ အဘန်ဘန် တောင်းပန်ပူဆာပြန်တာဘဲတဲ့။

အဲ....သို့ကလို တားမြစ်လို့မရဘဲ၊ ပူ ဆာ လွန်း မ က ပူဆာလှ သော ကြောင့်၊ မိဘများက " တားလို့မရလျှင် သွီးသဘောအတိုင်းပါဘဲ" လို့ မကြည်မသာနှင့်ခွင့်ပြုကြတယ်။

သည်အခါကျတော့၊အလွန်တရာ ဝမ်းသာလှသဖြင့်၊ ခဏမျှအိမ်မှာမဆိုင်းဘဲ၊ ဟောဟောဒိုင်းဒိုင်း ဆိုသလို၊ ဘိက္ခုနီမတို့ကျောင်းသို့အမြန်သွားပြီး၊ ရဟန်းအသွင်ကိုဆောင်ယူတယ်။ ။ အလွန်တော်ပေတာဘဲနော်၊ ပါရမီရှင်ကလေးဖြစ်တော့ ပနည်းကိုလဲ မခင်မင်၊ သူဌေးဘဘော်လဲမလုပ်ချင်ဘဲ၊ သာသနာတော်တွင် ပျော်မွေ့တဲ့စိတ်တွေ ဖြစ်ပေတာပေါ့။ ဘိက္ခုနီမ ပြုလုပ်ပြီးတဲ့အခါ၊ သီလသိက္ခာကို လုံခြုံစွာစောင့်ထိန်းပြီး၊ နှစ်ပေါင်းနှစ် သောင်း တိုင် တိုင်၊ သာသနာတော်မှာ မွေ့လျော်နေတယ်။ ကမ္မဋ္ဌာန်း ဘာဝနာများကို ၊ ကြိုးစားအားထုတ်တယ်။

ကဿပဘုရားလက်ထက်တော်အခါမှာ၊ရဟန္တာမအဖြစ်သို့ ရောက်အောင်၊ ပါရမီ မရင့်သေးသဖြင့်၊ သင်္ကန်းဝတ်နှင့်ပင် ပုထုဇန်ဘဝက မလွန်မြောက်သေးဘဲ။ စုတေ၍သွားရှာတယ်။ ဘိက္ခုနီမ ကလေး စုတေတဲ့အခါ၊ နတ်ရွာသို့ ရောက်သွားပြန်တာပေါ့။

ကဿပမြတ်စွာဘုရား၏သာသနာမှာ၊ ကောင်းစွာ ကျင့်ကြံလိုက်တဲ့ ကုသိုလ်ထူးကြောင့် ဂေါတမမြတ်စွာဘုရား ပွင့်တော်မမူမီ၊ အန္တရကပ်တခုလုံးလုံးမှာ၊ အပါယ် လေး ပါး ဆို တာ၊ ဘယ်လိုနေတယ်ကိုမှ မသိရဘဲ၊ လူ့ရပ်နတ်ရွာမှာ၊ မြင့်မြတ်ဟု

စည်းစိမ်ချမ်းသာများကို၊ အထက်တန်းစား ဘဝမျိုးနှင့်၊ ခံစားစံစား၍ နေရတယ်။

သာကီနွယ်ရိုး၊ သဘိုးသကျ၊ ဂေါတမ ထွန်း ထား၊ ဘုရားမြတ်စွာ ပွင့်တော်မူလာတဲ့ ခေတ်အခါတော်ကြီးသို့ဆိုက်ရောက်တော့၊ (ပြခဲ့ပြီးတဲ့ အမျိုးသမီးကလေးဟာ) ဝေသာလီပြည်တွင် မင်းမျိုးမှ ပေါက်ဖွား၍ မင်းသမီးကလေးတပါး ဖြစ်လာတယ်။ ပါရမီဘုန်းကံ ရင့်သန်ထူးကဲလာတဲ့အတွက်၊ မိန်းမမြတ်တို့၏ လက္ခဏာ၊ ရုပ်ဆင်းအင်္ဂါတို့နှင့်ပြည့်စုံတဲ့ပြင်၊ အသိအလိမ္မာနှင့်တကွ၊ အကျင့် အာစာရတို့မှာလဲ၊ လွန် စွာ စင် ကြယ် သ တဲ့။ ကိုယ်နေပုံပန်းမှာ၊ ခန့်ခန့်ညားညား၊ ထွားထွားကျိုင်းကျိုင်းနှင့်၊ လုံးကြီးပေါက်လှဖြစ်တဲ့အတွက်၊ ထိုမင်းသမီး၏ အမည်သညာကို "ထေရိကာ" ရယ်လို့ ခေါ်ဝေါ်သမုတ်ကြတယ်။

အရွယ်ရောက်တဲ့အခါ။ အမျိုးဇာတ်တူတဲ့ ဝေသာလီမင်းသားမျိုတို့ က၊ "ထေရိကာမင်းသမီး" ကို နှစ်လို စုံ မက် ကြ သ ဖြင့်၊ လက်ထပ်ထိမ်းမြားရန် တမန်စေလွှတ်ခြင်း လက်ဆောင်ပို့သခြင်းတို့ဖြင့်၊ ကြိုးစည်လိုက်ကြတာ လွန် စွာ များ သ ပေါ့ လေ။ "ထေရိကာ" ဆိုတဲ့မင်းသမီးကတော့၊ လူ့ဘောင် လူ့ဘဝမှာ၊ ကာမတဏှာဖြင့်၊ပျော်မွေ့ခြင်းဆိုတဲ့ အပြစ်ကိုမြင်တာနှင့်၊မင်္ဂလာအပ်နှင်း၍ လက် ထပ် ခြင်း အ လုပ် ကို တော့၊ လွန်စွာစက်ဆုပ်ရှာတယ်။ သို့အတွက်ကြောင့်၊ ဘယ်မင်းသား အပေါ်တွင်မျှ၊ ချစ်ခင်စုံမက်ခြင်းကို မထားဘဲ၊ ဆက် သွယ် လာ ပြီ ဆို မှ ဖြင့်၊ တခါထဲငြင်းပယ်လိုက်ထာဘဲတဲ့။

သို့ရာတွင်၊ မယ်တော်, ခမည်းတော်, တို့၏ အလိုဆန္ဒကို မလွန်ဆန်နိုင်တဲ့ ဝတ်တရားကြီးကရှိနေတော့ တနေ့သောအခါ မယ်တော်, ခမည်းတော်များက အမျိုးတူ, အရွယ်တူ, ဂုဏ်တူ, ဖြစ်တဲ့ ဝေသာလီ မင်းသားမျိုး ကလေး တ ပါး နှင့် လက်ထပ်ထိမ်းမြားခြင်း မင်္ဂလာသဘင်ကို၊ ဆင်ယင်ကျင်းပဘဲ့ အတွက်၊ "ထေရိကာ" မှာ၊ အရှင်သခင်ထားရဘဲ့အဖြစ်သို့ ရောက်သွားရ

ပါရော။ ။သည့်အခါကျတော့လဲ၊ မိန်းမတို့၏ ဝတ်တရား အတိုင်း၊ အရှင်သခင်၏ အပေါ်မှာ၊ တစုံတရာသော ဝတ်ကိုမျှ မချွတ်မယွင်း စေဘဲ၊ အရိုအသေ ပြုရ လုပ်ကျွေး ရှာတယ်။ ကြင်ဘက်တော် မင်းသားကလဲ၊ "ထေရိကာ" ရဲ့အပေါ်မှာ "ပိယစေတနာ"ဖြင့် လွန်စွာ ချစ်ခင်တာပေါ့လေ။

သို့ပြီးနောက် များမကြာမီ၊ ဝေသာလီပြည်သို့ "ရှင်တော်ဘုရား" ရှေးဦးစွာဆိုက်ရောက်တော်မူလာ၍၊ ဒေသနာ အမြိုက် တရားကိုဟောကြားတော်မူတဲ့အခါ၊ "ထေရိကာမင်းသမီး" သည် တရားတော်မြတ်ကို ကြားနာရ၊ များစွာ ကြည်ညိုလှသဖြင့်၊ "သရဏဂုံသီလ"ကို ဆောက်တည်ပြီး၊ ဥပါသိကာမအဖြစ်သို့ ရောက်သွားတယ်။

နောက်မိထွေးတော်ဂေါတမီထေရီမ၏အထံမှာ၊ တရားကို နာတော့၊ကာမဂုဏ်ဖွဲ့နှောင်တဲ့၊ လူ့ဘောင်မှာနေရတဲ့ အပြစ် တွေ၊ ကာမဂုဏ်နယ်မှထွက်၍ ရဟန်းဘက်၌ မွေ့လျော်ရတဲ့ အကျိုးတွေ၊သံသရာလောကကြီး၏ ငြီးငွေ့ဘွယ် သဘောတွေ၊ အဲ-သည့်လို တရားအချက်တွေကို နာရတော့ လူ့ဘောင်မှာ ငြီးငွေ့လျက်၊သူတော်ကောင်းတို့အလေ့ဖြင့်၊သာသနာဘောင်သို့ ဝင်ပြီး၊ "ဘိက္ခုနီမ"ပြုလုပ်ရန်၊အလွန်စိတ်ထက်သန်လာသတဲ့။

သို့ပင် စိတ်ထက်သန်ပါသော်လဲ၊အကြံဂုဏ်တရက်မမြောက် နိုင်အောင် ပိုင်ရှင်ရှိနေတဲ့အတွက်၊အခက်အခဲနှင့် ကြုံတွေ့နေရှာ တယ်။ ။အဲ သို့ကလို ရဟန်းပြုရန် စိတ်ထက်သန်တဲ့အတွက်၊ ပိုင်ရှင်ဖြစ်တဲ့ မင်းသားထံမှာ ရဟန်းပြုရန် အကြောင်းများနှင့်၊ အခွင့်တောင်းပါသော်လဲ၊မင်းသားက တရားသဘော ခပ်ဝေး ဝေး ဖြစ်နေတဲ့အတွက်၊ "အလွန်ချစ်ခင်သူကို အဘယ်မှာခွဲရက် နိုင်ပါမလဲ။ရဟန်းပြုရန် အခွင့်မပေးနိုင်ဘူး"လို့ တားမြစ်ဘဲ့အ တွက်၊ လူတို့ဘောင်တွင် မပျော်မွေ့နိုင်ဘဲနှင့် မိတ်၍နေပြန်ရရှာ တယ်။

"ထေရိကာ"၏စိတ်ထဲမှာတော့၊ ဘယ်အခါ လွတ်ခွင့်ရပါမ

လဲလို့ အမြဲကြံစည်နေသတဲ့။ ငြိုးငွေ့တဲ့ သံဝေဂစိတ်များပေါ်လာပြီဆိုမှဖြင့်၊ လူတို့ဘောင်တွင် ဘယ်မှာ ပျော်ရွှင်နိုင်ပါတော့မလဲလေ။

အဲ-သို့ကလို လူ့ဘောင်မှခွါထွက်၍၊ သာသနာတော်ဘက်မှာ ခိုဝင်လိုတဲ့စိတ်နှင့် ကြံတဲ့ကြံစည်၍နေရာ၊ တနေ့သောအခါကျတော့၊ ကျေးကျွန်အခစားများ၊ ထမင်းဟင်း ချက်ပြုတ်ကြတဲ့ စမိုဆောင်ထဲကို ဝင်ပြီး ကြည့်လေရာ၊ မီးတောက် အားကြီးသည်နှင့်၊ ထောပတ်ဖြင့် ကြော်လှော်တဲ့ဟင်းအိုးကို မီးလောင်ပြီး၊ ဖျစ်ဖျစ်၊ ဖျစ်ဖျစ် နှင့် မြည်တဲ့အသံများကိုကြားရတယ်။ ။ထိုပြင်လဲ ပွက်ပွက်ဆူနေတဲ့ဟင်းအိုးထဲသို့၊ လတ်ဆတ်တဲ့ ဟင်းရွက်များကို ထည့်လိုက်ရာ၊ မကြာခင် ညှိုးနွမ်းသွားပုံများကိုသဲမြင်ရတယ်။

အဲ-သည်တဲ့သို့ ဒိဋ္ဌသက်သေဘွေကိုမြင်ရာ၊ ဘယ်လို ဆင်ခြင်မိသလဲဆိုတော့ ''ပျက်ခြင်းဆိုတဲ့တရားဟာ၊ လွန်စွာထင်ရှားပါကလား။ ။ထောပတ်ထည့်၍ ကြော်တဲ့ဟင်းအိုးဟာ၊ ငါ့ရှေ့မှာ ပျက်စီးပယ်ယွင်းသွားတယ်၊ စိမ်းလန်းလတ်ဆတ်တဲ့ ဟင်းရွက်တွေဟာ ငါ့ရှေ့မှာပင် လျှင်မြန်စွာ ပျက်စီး၍ သွားကြတယ်၊ ငါ၏ကိုယ်ကြီးလဲ သည်နည်းအတိုင်းပါကလား၊ သည်ကိုယ်ကြီးအတွင်းမှာ၊ အမြဲလောင်နေတဲ့ တေဇောဓာတ်မီးတွေ အပြည့်ရှိတယ်၊ စားသမျှ၊ သောက်သမျှ၊ အစာအာဟာရတွေနှင့်တကွ၊ သည်ကိုယ်ကာယကြီးကို နေ့ညမစဲ၊ အမြဲ လောင်မြိုက်ကာ ချက်ပြုတ်၍နေတာ အမှန်ပါကလား။ ။တေဇောဓာတ်လောင်မြိုက်ခြင်းကြောင့်၊ အရွယ်ပုံယွင်း၍ အိုမင်းတဲ့အဖြစ်သို့ရောက်ရမှာအမှန်၊ သေခြင်းသို့ ရောက်ရမှာအမှန်၊ ငြင်းဆန်လို့ရနိုင်ဘဲ့သဘောမျိုး မဟုတ်ပါတကား၊ တလောကလုံးဟာ သည်နည်းအတိုင်းပါဘဲ။ အဲ-သည်လိုဆင်ခြင်တဲ့ ''ဝိပဿနာဉာဏ်'' ဖြင့်၊ အမြင်သန်လာတဲ့အခါ သောတာပန်ကစပြီး၊ အနာဂါမ်သို့တိုင်အောင် တဟုန်တည်းပေါက်သွားသတဲ့။

ဈေးပါရမီကလဲ ထက်သန် ဥာဏ်အမြင်ကလဲ ပွင့်လင်းတော့ ဟင်းအိုးကိုမြင်တာနှင့်၊ သဘောသို့ရောက်ပြီး၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပေါက်သွားခြင်းဟာ၊လွန်စွာ အံ့ဩဖွယ်ကောင်းပေ တာပေါ့။

အမျိုးသမီးများဟာ၊ချက်ရေး ပြုတ်ရေးတွင်၊ ပါဝင်မြဲမှုဘာ ဖြစ်တဲ့အတိုင်း၊ "ထေရီကာ မင်းသမီး" လို၊ ကိုယ်ချက်ပြုတ်တဲ့ ဟင်းအိုးကိုကြည့်ပြီး၊ သတိသံဝေဂ ဉာဏ်များဖြင့်၊ ဆင်ခြင် တတ်ပါလျှင် ဝိပဿနာဉာဏ်၏ အခြေခံကြီးဘဲဖြစ်မှာ အမှန် ဘဲသို့၊အမြဲသတိပြုသင့်ကြပေတယ်။

အနာဂါမ်အဖြစ်သို့ ရောက်ဘဲ့အခါ၊ ထေရီကာ မင်းသမီးမှာ၊ လူ့ဘောင်, လူ့ဘဝတို့၌၊ ကာမတဏှာနှင့် မွေ့လျော်ခြင်းဆိုတဲ့ စိတ်တွေဟာ၊အလုံးစုံကင်းကွာသွားပါရော။ ။အနာဂါမ်ဆိုတာ ဒေါသနှင့် ကာမတဏှာကို၊အမြစ်နှင့်တကွ ပယ်သတ်မြဲမှုတာ ပေပေါ့။ဣန္ဒြေအမူအရာကလဲ၊ ဈေးအခါကနှင့်မတူဘဲ၊ လွန်စွာ သိမ်မွေ့သွားတယ်၊လူ့ဘို့အမူအရာဖြင့်၊ဖီးလိမ်းပြုပြင်၊ တန်ဆာ ဆင်ခြင်းဆိုဘဲ့အလုပ်တွေကိုလဲလုပ်လိုဘဲ့သဘောမရှိတော့ဘူး။

ထိုအခါ အရှင်သခင်ဖြစ်ဘဲ့မင်းသားက ထေရီကာမင်းသမီး၏ ထူးဆန်းစွာပြောင်းလဲတဲ့အမူအရာတွေကိုမြင်တော့ အကြောင်း ကို သိရှိရန် မေးမြန်းလေရာ၊ ထေရီကာမင်းသမီးက "အရှင်မင်း သား၊ယခုအခါ၊ အကျွန်ုပ်သည် သင်ကဲ့သို့ ပုထုဇဉ်မျိုးမဟုတ် တော့ပါ။အရိယာအမှန်၊ အနာဂါမ်အဖြစ်သို့ရောက်ပြီ။ အရှင် မင်းသားနှင့် အတူနေခြင်းငှါ မစွမ်းနိုင်ဘော့ပါ။ ရဟန်းပြုဘို့ ရန်ကိုသာ အမြန် ခွင့်ပြုပါဘော့" လို့ အတိအလင်း ဘွင့်၍ ခွင့်တောင်းတယ်။

အဲ-သည်အခါကျတော့၊ အရှင်မင်းသားက တားမြစ်၍ဖြစ် နိုင်တဲ့ အခြေသို့ဆိုက်ရောက်ကြောင်း သိသဖြင့်၊ ကြည်သာစွာ အခွင့်ပေးပြီး၊ဇနီးဖြစ်သူ ထေရီကာမင်းသမီးကို၊ ကြီးကြယ်လှစွာ သော ရဟန်းပြုမင်္ဂလာ အခမ်းအနားကို ဆင်ယင်ကျင်းပ၍၊

ဘိက္ခုနီမတို့ ကျောင်းသို့ လိုက်ပို့သတဲ့။ ။ထေရီကာ၏ ရဟန်းပြုသော မင်္ဂလာတွင်၊ ကြီးကျယ်စွာသော အလှူပွဲကြီး များကိုလဲ ကျင်းပတယ်။

မိထွေးတော်ဂေါတမီ ထေရီမအထံတော်တွင်၊ လူ့အသွင်ကို ပယ်စွန့်၍၊ ဘိက္ခုနီမအသွင်ကို ဝတ်ဆင်ပြီးသောအခါ၊ ထေရီ ကာဘိက္ခုနီမရပ်သို့ မူလအမည်သညာအားဖြင့် ထင်ရှားတယ်။

တနေ့သောအခါ မိထွေးတော်ဂေါတမီက ရဟန်းပြုပြီးခါစ ဖြစ်ဘဲ့၊ ထေရီကာဘိက္ခုနီမကို ခေါ်ပြီး၊ ရှင်တော်ဘုရားအထံ တော်သို့သွားပြီး၊ ထေရီကာ၏ ရဟန်းပြုခဲ့ပုံ အကြောင်းများကို လဲ လျှောက်ထားတယ်။

ရှင်တော်မြတ်ဘုရားက၊ ထေရီကာ၏ ပါရမီ အစဉ်ကို ဆင်ခြင် ရှုစားတော်မူရာ၊ လွန်စွာရင့်သန်၍ ပညာဉာဏ်ထက် မြက်ကြောင်းများကို မြင်တော်မူသည်နှင့်၊ တင့်တယ်လျှောက် ပတ်သော ဒေသနာတော်ကိုပြု၍၊ ရဟန္တာမ အဖြစ်သို့၊ လျင်မြန် စွာ ရောက်စေရန်၊ ဉာဏ်ကိုနှိုး၍ ပေးသည့်အလား ဤကဲ့သို့ ဟောကြားတော်မူလေသတည်း။

(၁) သုခံ သုပါဟိ ထေရိကေ၊ ကတွာ စောလေန ပါရုတာ။
ဥပသန္တော ဟိ တေ ရာဂေါ၊ သုက္ခဍာကံဝ ကုမ္ဘိယံ။

"ထေရီဂါထာပါဠိတော်"

(၂) ထေရိကေ။ ချစ်သမီးထေရိကာ။ ကုမ္ဘိယံ။ ပွက်ပွက်ဆူ၍ နေသော ဟင်းအိုးထဲ၌ သုက္ခဍာကံဝ။ ညှိုးနွမ်း၍နေသော ဟင်းရွက်ကဲ့သို့၊ တေ။ သင်ချစ်သမီး၏၊ ရာဂေါ။ နှစ်သက် သာယာ သော တဏှာလောဘသည် ဟိ။ စင်စစ်ကေန်၊ ဥပသန္တော။ မထ ကြွ မသောင်းကျန်းဘဲ၊ ညှိုးနွမ်း၍ သွားလေပြီ။ ။ထေရိကေ။ ချစ်သမီးထေရိကာ၊ စောလေန။ တရားသဖြင့်ရသော အဝတ်မျိုး ဖြင့်၊ စီဝရံ။ သာသနာ့တံခွန်း၊ အမှန်အမြတ်ဖြစ်သော သင်္ကန်းကို၊ ကတွာ။ အရဟတ္တဖိုလ်ရကြောင်း၊ ကောင်းစွာပြုလုပ်၍။ ပါရုတာ။ ထိုသင်္ကန်းကို ဝတ်ရုံလျက်၊ သုခံ။ ဘယ်အရေးနှင့်မျှ ကြောင့်ကြ

ခြင်းမရှိဘဲ၊ ပကတိချမ်းသာစွာ၊ သုပါဟိ-ဝသာဟိ။ ငါ၏သာသနာတော်တွင်။ ပျော်ရွှင်စွာနေပေတော့ ချစ်သွီး။

အဲ-သည့်ဂါထာကို၊ ထေရိကာ ဘိက္ခုနီမအား ဟောကြားတော်မူတယ်။ ။ဆိုလိုရင်း အဓိပ္ပါယ်ကတော့ သည်လိုတဲ့။ အို-ချစ်သွီး ထေရိကာ၊ ပွက်ပွက်ဆူနေတဲ့ ဟင်းအိုးထဲမှာ၊ ဟင်းရွက်တွေ ညှိုးနွမ်းသလို၊ ချစ်သွီးသန္တာန်၌ရှိတဲ့ တဏှာလောဘများလဲ၊ ညှိုးနွမ်းခြင်းသို့ ရောက်သွားပြီ။ သင်ချစ်သွီးသည် သာသနာတံခွန်ဖြစ်တဲ့ သင်္ကန်းမွန်, သင်္ကန်းမြတ်ကိုဝတ်ဆင်ပြီး၊ ငါ၏ သာသနာတော်တွင်၊ ပျော်ရွှင်စွာ နေပေတော့ ချစ်သွီး။

အဲ-သည်ကဲ့သို့ဆိုလိုရင်း ဖြစ်ပေတယ်။ ။ဟောတော်မူတဲ့ ဒေသနာမှာ၊ ဟင်းရွက်၏ ဥပမာကို ပြတော်မူတာကတော့၊ အခြားကြောင့်မဟုတ်ဘူး။ ထေရိကာဘိက္ခုနီမသည်၊ ရှေးလူဝတ်ကြောင်နှင့် နေစဉ်အခါ၊ ပွက်ပွက် ဆူတဲ့ ဟင်းအိုးထဲတွင်၊ ရုတ်တရက် ညှိုးနွမ်းသွားတဲ့ဟင်းရွက်တွေကိုမြင်လို့၊ အထင်အရှား၊ ဝိပဿနာဉာဏ်ပွားပြီး၊ တရားရခဲ့တယ်။ သည်အချက်တွေကိုဆက်လက်ပြီး အထက်လမ်းဖြစ်တဲ့၊ အရဟတ္တမဂ်အရဟတ္တဖိုလ်သို့၊ ရောက်စေလိုတဲ့အတွက် ရှေးကအာရုံကို ဘော်ပြတဲ့အနေအားဖြင့်၊ ဟောကြားတော်မူခြင်း ဖြစ်ပေတယ်။

ထေရိကာဘိက္ခုနီမလဲ၊ ရှင်တော်ဘုရားဟောကြားတဲ့၊ ဟင်းရွက်ဥပမာတရားကိုကြားရတော့၊ ဘွားကနဲထင်မြင်ပြီး၊ ယခင်ဝိပဿနာမျိုးကဲ့သို့၊ ပွားတိုး ထက်သန်စွာဖြစ်ပေါ်လာရာ၊ ရှင်တော်ဘုရားရဲ့ရှေ့တော်မှာပင်၊ ရဟန္တာမအဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။ ။ရဟန္တာမ အဖြစ်သို့ဆိုက်ရောက်တော်မူတဲ့ အခါ၊ ပါရမီအရင်းခံထက်သန်ခဲ့သောအတိုင်း၊ ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါးတို့နှင့်လဲ ပြည့်စုံတော်မူတယ်။ သို့အတွက်ကြောင့်၊ ရှေးရှေး ဘဝတို့က၊ မိမိအဖြစ်အပျက်များကိုလဲ ထင်ရှားစွာ သိမြင်တော်မူနိုင်တာပေါ့။

တရံသောအခါ၊ အမျိုးသမီး ပရိသတ်ကြီး အလယ်မှာ၊ ထေရိကာဘိက္ခုနီမသည်။ ရှေးရှေးအခါကာလ၊ လွန်ခဲ့တဲ့ အတိတ်ဘဝ၌၊ မိမိ ပြုလုပ် ဆည်းပူးခဲ့တဲ့ ပါရမီ သမ္ဘာရ အကြောင်းတို့ကိုကောင်းစွာဟောကြား၍၊ အမျိုးသမီးအပေါင်းတို့အား၊ သဒ္ဓါတရား တိုးပွားကြစေရန်၊ အတိတ်ကိုပြန်လှန်ကာ၊ အပဒါန်ဒေသနာဖြင့်၊ သို့ကလိုဟောကြားတော်မူခဲ့ပေသတည်း။

(က) ကောဏာဂမန ဗုဒ္ဓဿ၊ မဏ္ဍပေါ ကာရိတော မယာ။
ဘိက္ခံ တိစီဝရံ ဒါသိံ၊ ဗုဒ္ဓဿ လောကဗန္ဓုနော။ ။

(က) ဘောတိယော။ အို-အမျိုးသမီး အပေါင်းတို့၊ မယာ။ အကျွန်ုပ်သည်၊ ကောဏာဂမနဗုဒ္ဓဿ။ ကောဏာဂုမ် မြတ်စွာဘုရားအား၊ ဒါတုံ။ လှူဒါန်း ပူဇော်ခြင်းငှာ၊ မဏ္ဍပေါ။ သစ်ခက် မဏ္ဍပ်ကြီးကို၊ ကာရိတော။ အဆန်း တကျယ်၊ တင့်တယ်စွာ ဆောက်လုပ်အပ်သတည်း။ လောကဗန္ဓုနော။ သုံးလောက၏ အဆွေတော်ကြီး ဖြစ်တော်မူပေသော၊ ဗုဒ္ဓဿ။ ကောဏာဂုမ်မြတ်စွာဘုရားအား၊ ဘိက္ခံ။ မြဲမြံသော ဆွမ်းကိုလည်း၊ တိစီဝရံ၊ ဖန်ဝါနီမြန်း၊ တိစီဝရိက်သင်္ကန်းကိုလည်း၊ အဟံ။ အကျွန်ုပ်သည်၊ အဒါသိံ။ ကြည်ကြည်ဖြူဖြူ၊ ပေးလှူဆက်ကပ်ခဲ့ပါသတည်း။

(ခ) ယံယံဇနပဒံ ယာမိ။ နိဂမေ ရာဇဓာနိယော။
သဗ္ဗတ္ထ ပူဇိတာ ဟောမိ၊ ပုညကမ္မဿိဒံ ဖလံ။

(ခ) အဟံ။ အကျွန်ုပ်သည်၊ ယံယံဇနပဒံ။ အကြင် အကြင် တိုင်းနိုင်ငံဇနပုဒ်သို့၊ ယာမိ။ ဒေသစာရီ၊ လှည့်လည်သွားရောက်ရလေ၏။ နိဂမေ။ ရွာနိဂုံးတို့ကိုလည်း ရာဇဓာနိယော။ မင်းနေပြည်ကြီးတို့ကိုလည်း၊ ယာမိ။ လှည့်လည်သွားရောက်၏၊ သဗ္ဗတ္ထ။ သွားလေရာရာ၊ မြို့ရွာနိဂုံး၊ တိုင်းနိုင်ငံအလုံးတို့၌၊ ပူဇိတာ။ လူရောနတ်ပါ၊ များစွာကော်ရော်၊ အပူဇော်ခံရသည်၊ ဟောမိ။ ဖြစ်ရပါ၏။ ဣဒံ။ ဤသို့ ရောက်လေ ရာရာ၊ များစွာ ကြည်ညို၍၊ ထိုထို အပူဇော်ကို ခံရခြင်းသည်၊ ပုညကမ္မဿ၊ ကောဏာဂုမ်ဘုရား

ဖွေလက်ထက်တော်အခါ၊ ကောင်းစွာပြုခဲ့သော ကောင်းမှုကြီး၏။ဖလံ။ အကျိုးဆက်အားနိသင်ပေတည်း။

(ဂ) ကိလေသာ ဈာပိတာမယှံ။ ဘဝါသဗ္ဗေ သမူဟတာ။
နာဂိဝ ဗန္ဓနံ ဆေတွာ။ ဝိဟာရာမိ အနာသဝါ။ ။

(ဂ) ဘောတိယော။ အို-အမျိုးသမီးအပေါင်းတို့။ ဇာဒါနီ။ ဤယခုအခါ၌၊ မယှံ။ အကျွန်ုပ်သည့်၊ ကိလေသာ၊ သံသရာတခွင်၊ ကျင်လည်စေကြောင်း၊ ကိလေသာမျိုးစေ့ အပေါင်းတို့ကို။ ဈာပိတာ။ မဂ်ဉာဏ်တည်းဟူသောမီးဖြင့်၊ အပြီးသတ်အကျွမ်း လောင်၍ ပစ်အပ်လေပြီ။ သဗ္ဗေ။ ခပ်သိမ်း ဥသုံ။အလုံးစုံကုန်သော။ ဘဝါ။ တဏှာညွတ်ရုံသော ဝဋ်ဘုံ အမျိုး မျိုး တို့ကိုလည်း။ သမူဟတာ။ အမြစ်မကျန်အောင်၊ ပယ်လှန် နုတ်ပစ်အပ်ကုန်ပြီ။ နာဂီ။ ထူးခတ်၍ လှောင်ထားအပ်သော ဆင်မကြီးသည်။ ဗန္ဓနံ။ အနှောင်အဖွဲ့ကို။ ဆိန္ဒတိ ရှုငံ။ ဖြတ်တောက်ပြီးခါ၊လွတ်လပ်စွာ ထွက်သွားလေဘိသကဲ့သို့။ အဟံ။အကျွန်ုပ်သည်။ ဗန္ဓနံ။သံသရာ ထဲဘွင် အမြဲချီနှောင်၍ ထားသော၊ ကိလေ သာ သံ ယော ဇဉ် အနှောင်အဖွဲ့များကို။ ဆေဘွာ။ မကျန်မကြွင်း၊အရှင်းပယ်ဖြတ် ပြီး၍။ အနာသဝါ။ အာသဝေါကင်းကွာ၍။ ရဟန္တာမအဖြစ်သို့ ရောက်သျက်၊ ဝိဟာရာမိ။ ဘယ်အရေးကြောင့်မှ မပူပန်ရဘဲ ချမ်းမြအေးကြည်စွာ၊ အဘည်အဘန့် နေ ဘိုင်ရပေသတည်း။

(မှတ်ချက်။ ။က ခ-ဂ အ ဌရာဘို့ဖြင့်၊ မှတ်သား ဘော်ပြအပ်သော သုံး ဂါထာ သည်။ ထေရီအပဒါန် ပါဠိ တော် မှ လာသော ဒေသနာဂါထာများဖြစ်ပါသည်။)

ထေရိကာ ဘိက္ခုနီမက ဤ ကဲ့ သို့ ဘွင့် လှစ် ပြီး ရေးအဖြစ် များကို ဟော ကြား တော် မှ ဘဲ့ အ ခါ၊ ကြားနာရတဲ့ အမျိုးသမီး အပေါင်းတို့မှာ၊ စေဘနာ သဒ္ဓါတရား တက်ဘိုး၍၊ ထေရိကာ ဘိက္ခုနီမရဲ့နည်းကို အဘုခိုးပြီး၊ ကုသိုလ် အမျိုးမျိုးကို ပြုကြရ သဘဲ့။ ။နောင်ပွင့်ဘော်မူဘဲ့ ဘုရားသက် ထက် ဘော် မှာ၊ ထေရိကာဘိက္ခုနီမကဲ့သို့၊ လှလှကြီး ကျွတ် တန်း ဝင် ရပါပေ

သားလို့ ဆုများတောင်းပြီး၊ ကောင်းမြတ်သော ပါရမီတို့ကို၊ တည်ကြည်နှင့်ပျစွာ ဖြည့်ကျင့်ကြပါသတဲ့။

အလွန်ရှုပ်ထွေး၍၊ အေးခွင့်မရတဲ့ ဘဝသံသရာနယ်ကို၊ တာတွယ်ခင်မင်ခြင်းမရှိဘဲ။ စွန့်လွှတ်၍ ကျွတ်တန်း ဝင်နိုင်ခြင်းဆိုတဲ့ အချက်ဟာလဲ၊ ပါရမီမပြည့်စုံခဲ့ပါလျှင်၊ ဘယ်အခါမှ ဖြစ်မြောက်နိုင်တဲ့ ကိစ္စမျိုးမဟုတ်ပေဘူး။

အဲ....သို့ကြောင့်၊ ဗုဒ္ဓသာသနာ ထွန်းလင်း ထိန်တောက်တဲ့ အခါတွင်၊ ဘုရားရှင်၏ သွီးတော်ကြီးများဖြစ်၍၊ ကျွတ်တန်းဝင်ကြပြီးသော အမျိုးသမီးအပေါင်းတို့၏ ကောင်းမွန်မြင့်မြတ်တဲ့ နိသျှည်းကို၊ နည်းဥပဒေပြုကြပြီးလျှင်၊ သံသရာခရီးကို ခွါစွန့်၍၊ ချမ်းသာညွှန့်ဖြစ်တဲ့ နိဗ္ဗာန်ကို၊ အမြန်ဆိုက်ရောက် ကြောင်း ကောင်းမြတ်သောပါရမီ စီးပွါးကို၊ များစွာ ဆည်းဘူး နိုင်ကြပါစေကုန်သတည်း။

(၁) ထေရီကာဝတ္ထုပြီး၏။

——0——

ဧကနိပါတ်

## (၂) မုတ္တာထေရီဝတ္ထု။

ရှေးလွန်လေပြီးတဲ့ ကမ္ဘာတသိန်းအခါ၊ ဝိပဿီအမည်ရှိတဲ့ မြတ်စွာဘုရား လောကသုံးပါးတွင်၊ ထင်ရှားစွာ ပွင့်တော်မူတယ်။ ထိုလက်ထက် အခါတွင်၊ အမျိုးသမီးကလေး တဦးဟာ၊ အသိအလိမ္မာ၊ ဉာဏ်ပညာနှင့်ပြည့်စုံ၍၊ ရတနာသုံးပါး၏ ဂုဏ်ကိုလဲ၊ ကြည်ယုံမြတ်နိုးရှာသတဲ့။ပစ္စည်းဥစ္စာ များစွာကြွယ်ဝခြင်း မရှိဘဲ့အတွက်၊ အကြီးအကျယ် လှူဒါန်းခြင်းကိုတော့ မပြုနိုင်ရှာဘူး။

တနေ့သောအခါ၊ဝိပဿီမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည့် ရောင်ခြည်တော် ခြောက်သွယ်ကို၊ တင့်တယ်လှစွာ၊ ပြေပြေ တထိန်ထိန် အရှိန်တငြိးငြိး လွှတ်တော်မူပြီး၊ ခရီးလမ်းမ ဘာရသို့၊ ဆွမ်းခံကြွတော်မူလာတယ်။

ဆိုခဲ့တဲ့ အမျိုးသမီးကလေးဟာ၊ လွန်စွာကြည်ညိုဘွယ်ကောင်းတဲ့ ဘုရားရှင်ကြွလာတော်မူသည်ကိုမြင်တော့။ "ဪ လောကကြီးအတွင်းမှာ၊ပြိုင်ယှဉ်ဘက်ကင်းတဲ့ ပုဂ္ဂိုလ်မြတ်ကြီးပါတကား။ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာ၊ ခြောက်ဖြာရောင်ရှိန်တို့ဖြင့်၊တထိန်ထိန်တင့်တယ်ပေစွတကား။ ကမ္ဘာ့အနန္တတို့၌၊ ကြက်သရေရှိသမျှတို့၏ ဦးညွတ်ရာ မင်္ဂလာရောင်ဆိုင်၊ကြက်သရေမဏ္ဍိုင်ကြီးဖြစ်နေပါတကား။သည့်ကဲ့သို့သော ပုဂ္ဂိုလ်မြတ်ကြီးကို ဖူးမြင်ရခြင်းဆိုတာ၊ ကမ္ဘာပေါင်းအသင်္ချေကြာသော်လဲ၊ တခါမှ တွေ့ကြုံဘူးမယ်လို့ မထင်ဘူး။ အလွန်ကုသိုလ်ထူးသဖြင့်၊ဖူးမြင်ခွင့်ကိုရရှိပေတယ်။ငါ၏ မျက်စိအစုံသည်၊ မြင့်မြတ်သော မင်္ဂလာဂုဏ်နှင့် ပြည့်စုံစွတကား၊ ဤကဲ့သို့ ထူးမြတ်သော ဘုရားရှင်ကို၊ တွေ့မြင်ခွင့်ကိုရသည်မှာ၊ လွန်စွာကြီးတဲ့ လာဘ်ကြီးပါတကား" ဆဲ–သို့ကလို တွေးတောစဉ်းစားပြီး၊ ဘုရားရှင်ကို ကြည်ညိုလွန်း အားကြီးတဲ့ အတွက်၊ အထက်ဆံဖျားမှ အောက်ခြေဘဝါးတော် အထိ၊ အောက်ခြေဘဝါးမှ အထက်ဆံဖျားတော်အထိ၊ဖရဏာပီတိ လွှမ်းမိုးသော စိတ်ဖြင့်၊ မခိုတ်ဘဲ ဖူးမျှော်ပြီး၊ငါ၏ဆံပင်ထက်မှာ၊ ရှင်တော်ဘုရား နင်း၍ကြွသွားတော်မူပါစေ။ ငါ၏ကိုယ်တွင် ဆံပင်ဟာ အမြတ်ဆုံးဘဲ အမြတ်ဆုံးသောဆံပင်ကို ခြေသုတ်ပုဝါအဖြစ်ဖြင့် လှူဒါန်းရပါလျှင်၊ လွန်စွာ မြင့်မြတ်တဲ့ ကုသိုလ် တွေ ဖြစ်ပေါ်မှာဘဲ" ဆဲ-သည့်ကဲ့သို့ကြံစည်ပြီး၊ရှင်တော်ဘုရား ကြွတော်မူတဲ့ လမ်းခရီးမှာ၊ရှိသေစွာဝပ်တွား၍ အလျားမှောက်ခါ မိမိဆံပင်ကို ဖြန့်၍ခင်းသတဲ့။ငါပသီမြတ်စွာဘုရားကလဲ၊ အမျိုးသမီးကလေးရဲ့ သဒ္ဓါတရားကို ထောက်ထားငဲ့ညှာ၊ကရုဏာကြီးမားတဲ့ စိတ်နှလုံးဖျင့် ပြီးတော်မူကာ၊ ဖြန့်ထားတဲ့ ဆံပင်များကို၊ နင်း၍ကြွသွားတော်မူတယ်။

မိမိဆံပင်ကို ရှင်တော်ဘုရားနင်း၍ ကြွသွားတော်မူတဲ့အမျိုးသမီးကလေးမှာ သဒ္ဓါတရားတက်ပြီး၊ အနှစ်သက်ကြီး နှစ်သက်

ရှာဘယ်။ ။မိမိဆံပင်သက်မှာ တရောဂှစ်ကွက်းစက်လက္ကာ
အစုံ၊ ငှက်တော်အနှုန်နှင့်ပြည့်ရုံတဲ့ ခြေတော်ဖြင့်၊ နင်းကြွ
တော်မူတယ်ဆိုတော့၊ ဘယ်မှာပြောဘ်ရှိပါတော့မလဲ၊ အထူး
အချွန် အလွန့်အလွန်စေတနာထက်သွားတာပေါ့။
(ယခုခေတ်အခါဗုဒ္ဓဘာသာ အမျိုးသမီးများဟာလဲ။ မိမိတို့
ဖြန့်ခင်းအပ်တဲ့ဆံပင်ပေါ်မှာ၊ ရှင်တော်ဘုရားကိုယ်တိုင် နင်းကြွ
တော် မူမယ်ဆိုလျှင် အလွန့် အလွန် နှစ်သက်၍၊ စေတနာ
ထက်မြက်ကြမှာအမှန်ပေါ့။
ဆိုခဲ့တဲ့အမျိုးသမီးကလေးဟာ မိမိ၏ဆံပင်ကို ခြေသုတ်ပုဝါ
အဖြစ်ဖြင့်လှူဒါန်းလိုက်ရတဲ့အခါကစပြီး၊ ဝမ်းမြောက်လိုက်တဲ့
ဖြစ်ခြင်းဟာ၊ ဘယ်အခါမှာမှ မေ့လျော့နိုင်တယ်လို့ မရှိဘူးတဲ့၊
နေ့စဉ်, နေ့စဉ်, မိမိကုသိုလ်ကိုဆင်ခြင်ပြီး၊ ငှင်ငှင်လန်းလန်း
နှင့် သဒ္ဓါပန်းတွေ တိုးနေတော့ဘာဘဲ။
ဖြစ်ပြီးသော ကုသိုလ်မျိုးကို၊ တိုးပွါးသည်ထက် တိုးပွါး
အောင် ကြံဆောင်အားထုတ်ခြင်းဆိုတာ၊ များစွာအကျိုးရှိစမြဲ
ဖြစ်တဲ့အတိုင်း၊ ထိုအမျိုးသမီးကလေးဟာလဲ၊ မူရင်းကုသိုလ်ကို
အစထား၍၊ အစဉ်သဖြင့် တိုးပွါးနေတဲ့ ကုသိုလ်အဟုန်ကြောင့်၊
အပုံကြီး အခြေကောင်းသွားတာပေါ့လေ။ ကုသိုလ်ဆိုတာ
ကိုယ်လိမ္မာတိုင်း တိုးပွါး၍ အကျိုးများစေနိုင်တဲ့ စီးပွါးတမျိုး
ဖြစ်ပေတယ်ဆဲ သို့ ၊ ထို မိမိကုသိုလ်ကိုနှလုံးသွင်းပြီး၊ အရင်း
အနှီးပြုကာနှင့် အတိုးအာဒွန်းဖြစ်ခဲ့ ကုသိုလ်တွေကိုစုဆောင်းနေ
ရင်း၊ အသက်ထမ်း ...တဲ့အခါ၊ လွန်ဆုံသာသော မရဏာ
သဘောဖြင့်၊ နေ့လျော ရတေသွားရှာတယ်။
ကုသိုလ်... ၊ သေ ရခြင်းအကြောင်း၊ ကြောက်ရွံ့ စိုးရိမ်ခြင်း
မရှိဘူး ဘဝတခုက ရအောင်သွားလျှင်၊ သို့ ထက် မြင့်မြတ်တဲ့ဘဝ
ဓာတ်တခုသို့ရောက်...၊ ထို "အမျိုးသမီးကလေး" ဟာလဲ
...နတ်ပြည်သို့ ရောက်သွားတယ်။
နတ်ပြည်သို့ရောက်တဲ့အခါမှာလဲ အလွန်မွန်မြတ်တဲ့မိမိဆံပင်ကို

ဘုရားရှင်၏ခြေသုတ်ပုဝါအဖြစ် ဖြင့်လှူဒါန်းခဲ့တဲ့အတွက်၊ အခြားနတ်သွီးများထက် အဆင်းအားဖြင့်လဲ သာလွန်တယ်၊ ဂုဏ်အားဖြင့်လဲ သာလွန်တယ်။ ကြက်သရေအားဖြင့်လဲ သာလွန်တယ်၊ အချုပ်အားဖြင့်ဆိုတော့၊ အမျိုးမျိုးသာလွန်နေတာပေါ့လေ။

ဝိပဿီမြတ်စွာဘုရားလက်ထက်တော်မှာ၊ မြင့်မြင့်မြတ်မြတ်၊ မှတ်မှတ်သားသား တံဆိပ်ပုံ အရေးအသားကဲ့သို့၊ အားရနှစ်သက် နိုင်မြဲစွာပြုလုပ်ခဲ့တဲ့ကုသိုလ်အဟုန်ကြောင့်၊ ကမ္ဘာတသိန်းအတွင်းမှာ၊ ယုတ်ညံ့တဲ့ဘဝဇာတ်တို့၌ဖြစ်ပွါးခြင်းမရှိဘဲ၊ သုဂတိဘဝဇာတ်ဖြင့် မြင့်မြတ်ဘဲ့ဘုံဘဝတို့မှာ ချမ်းသာသုခ အပြည့်အစုံနှင့်၊ ကုံလုံကြွယ်ဝစွာ ကျင်လည်ရသတဲ့။

ထို "အမျိုးသွီးကလေး" သည်။ ဝိပဿီ ရှင်တော်ဘုရားလက်ထက်တော်ကစပြီး၊ ကြီးကျယ်မြင့်မြတ်သော ဘဝဇာတ်အမျိုးမျိုးဖြင့် ဂုဏ်တန်ခိုးကြီးကျယ်စွာ၊ သံသရာအဆက်တန်းစားအနေမျိုးနှင့်သာ ကျင်လည်ပြီး။ ယခုဂေါတမ မြတ်စွာဘုရား၏ရွှေလက်ထက်တော် အခါမှာ၊ အဘယ်လို ဖြစ်လာသလဲလို့ဆိုဘော့။ ကုဋေရှစ်ဆယ်ကြွယ်ဝဘဲ့။ "ဗြာဟ္မဏမဟာသာလ" အမျိုးဇာတ်၌ ဖြစ်လာတယ်။

(ဇမ္ဗူဒိပ်ယခေါ်တဲ့ မဇ္ဈိမဒေသတိုင်းကြီးတွင်၊ အမျိုး လေး ပါး ခွဲခြား၍ထားရာ၊ ဗြ ဟ္မ ဏ မ ဟာ သာ လ ခေါ်တဲ့ အမျိုးဟာ၊ အမြင့်မြတ်ဆုံးပေပေါ့။)

ဘုန်း, ကံ, ပါရမီ ပြည့်ညီစုံဌေ၍ ပြကတေ့ ထူးမြတ်ခဲ့သူဖြစ်တဲ့အတိုင်း။ မြင့်မြတ်ဘဲ့အမျိုးမှ ဘွားမြင်၍လာရာ၊ ရုပ်ဆင်းအင်္ဂါ လွန် စွာ တင့် တယ် တဲ့ ပြင်၊ အလွန်ကြည်လင်၍၊ ဖြူစင်ဖွံ့ထွားတဲ့အတွက်။ "မုဋ္ဌာ" ရယ်လို့ အမည်ပေးကြသတဲ့။ ။ "မုဋ္ဌာ-သဒ္ဒါ၏ အနက်ကတော့၊ ပုလဲဖြစ်တယ်"။ ။အဖြစ်ကင်းဘဲ့ ပုလဲအသွင်၊ ကြည်ကြည် လင်လင် ဖြူစင်တဲ့ အတွက်ကြောင့်၊ "မုဋ္ဌာ" ရယ်သို့ မှည့် ခေါ်ကြ တာ ပေါ့ လေ။ ။ မြန်မာလိုပြန်လျှင် "မပုလဲ" လို့ ခေါ်ဆိုရပေလိမ့်မယ်။

၁၉၄၈
ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး

ရဟန္တာ "မေ့လဲ" အမည်ရှိတဲ့ အမျိုးသမီးကလေးဟာ၊ အသက် ဆဲ့ငါးနှစ်, ဆဲ့ခြောက်နှစ်, အရွယ်သို့ရောက်လာတော့၊ မိန်းမတို့ ဇာတ်တွင်၊ မြင့်မြတ်တဲ့ အရောင်အဆင်းနှင့် ပြည့်စုံတယ်။ ။ မိန်းမတို့မှာ သည်အချိန် အရွယ်ဆိုတာ၊ အစွမ်းကုန် လှပတဲ့ အချိန်မျိုးပေပေါ့။

"**စံပယ် ဘောင်းလျှင်၊ ပန်ချင်သူများသည်။ အရွယ်ကောင်းလျှင်၊ ကြံချင်သူများသည်**"ဆိုတဲ့ စကားပုံအတိုင်း။အရွယ်ကလဲ အသစ်လပ်ဆတ်၊အဆင်းကလဲ အချစ်ခတ်ဆိုသလို၊အဆင်းနှင့် အရွယ်၊ နှစ်သွယ်လောက်လုံ၍၊ စွယ်စုံသဘောအားဖြင့် ညီညွတ်နေတဲ့အတွက်။ အမျိုးတူ, ဂုဏ်တူ, ဖြစ်တဲ့ လု လင် ပျို များ က၊ လိုလား နှစ်သက်ကြသဖြင့်၊ ဆက်သွယ်လိုကြတဲ့ ဆန္ဒကြောင့်၊ အမျိုးမျိုးအဖုံဖုံ၊ အာရုံညွတ်စဘွယ်၊ အသွယ်သွယ်သော ပဏ္ဏာ လက်ဆောင်တို့ဖြင့် ပါအောင်ပြောဆိုလာကြသတဲ့။ ။"**ပန်းပွင့် ရှိရာ၊ လိပ်ပြာဝိတုန်း တရုံးရုံး**" ဆိုသလို၊ ပန်းပွင့်နှင့် တူတဲ့ သမီးကညာရှိရာမှာ၊ လိပ်ပြာနှင့်တူတဲ့ လုလင်ပျိုတွေဟာ၊ များစွာ ဝန်းအုံလေ့ ရှိတာပေါ့လေ။ လောကဓမ္မတာပေကိုး။ သယ်မှာ တားဆီးလို့ရနိုင်ပါ့မလဲ။

မပုလဲ၏မိဘများကတော့။မိမိတို့၏သမီးကို၊"**ဆင်စီး၍မြင်းရံ**" ဆိုတဲ့အတိုင်း၊လောကီစည်းစိမ်များနှင့်တခမ်းတနား၊ပျော်လား ရွှင်လား၊ စံစား မြူးတူး နေတာကို၊ မြင်ချင်ကြသတဲ့။ ။အချို့ မိဘချားဟာ၊ လော ကီ ရေး ဘက် မှာ မျက် စိ အ မြင် ရှူး ပြီး၊ လောကုတ္တရာဆိုတဲ့နယ်တော့ ခပ်ပယ်ပယ်ထားလေ့ရှိကြတယ်။ အဲ-သို့အတွက်ကြောင့်၊သမီးမပုလဲကို၊လောကီထဲမှာ ဆွဲလို့နှစ်ချင် သဖြင့်၊ သွန်သင် ဖြားယောင်းကြသပေါ့။ ။သို့ရာတွင်၊ မပုလဲ ကတော့၊ နံနံမှုလောကီရေးကို၊ အလေးပြုချင်တဲ့ ဆန္ဒ မရှိဘူး။ ပါရမီပြည့်ဝ၍၊ အနှိမ့်မဘာဝသို့ရောက်တဲ့၊ ရဲရဲတောက် အမျိုးသမီး ပေကိုး။ကာမဂုဏ်ညွန်ထဲမှာ၊လွန်ဆွဲသလိုပင်ပန်းတဲ့အလုပ်ကို၊ စက်ဆုပ်ငြီးငွေ့နေတာပေါ့။

မိဘတို့သွေးဆောင်၍၊ လမ်းလွဲအောင် နှစ်ကြိုတဲ့ စကားကို နားမခံဘဲ၊ ငြင်းငြင်း ဆန်ဆန်နှင့် ပယ်လှန်၍ ဒွတ်ပေနေခဲ့ရာ၊ အသက်နှစ်ဆယ်သို့ရောက်သော့၊ မိဘနှစ်ပါးတို့ထံမှာ သည်လို ခွင့်တောင်းသတဲ့။ ။ကျေးဇူးရှင် မိဘနှစ်ပါးတို့။ ကျွန်မသည် ကံအကျိုးပေးကိုမလွန်ဆန်သာသဖြင့်၊လူ့ရွာလောကမှာ မိန်းမ ရယ်လို့ ဖြစ်လာခဲ့ရာ၊မိမိဘဝကိုပင် လွန်စွာစက်ဆုပ်၍ပါတယ်။ မိမိကိုယ်တိုင်က စက်ဆုပ်နေတဲ့ ဘဝကြီးကို၊ မြို့အလယ်, ရွာ အလယ်,လူတို့အလယ်,မှာချပြီး၊ လောကီရေးကိစ္စဖြင့်၊ အသုံးချ လိုဘဲ့ဆန္ဒမရှိပါ၊စက်ဆုပ်နေတဲ့ဘဝကြီးအပေါ်မှာ နှဂ္ဂတာဝန် တွေတိုး၍၊ အမျိုးမျိုး မဘိစီးပါစေနှင့်တော့။ ။မူရင်းဇာတိ ကိုယ်က၊စက်ဆုပ်စရာ ဖြစ်ခဲ့ဘဲ့အပေါ်မှာ၊ သာလို့ပင် စက်ဆုပ် ဘွယ်ကောင်းအောင်၊ဒွတ္တိံသကာယလို့ခေါ်တဲ့ အပုပ်ရု,အပုပ် ခဲတွေက၊ နေ့မစဲ,ညမစဲ အမြဲလိမ်းကျံ၍ နေပြန်ရာ၊ ငွေ့စေ့များ တွေးမိပါလျှင်၊မိမိအတ္တဘောကို လောကထဲမှာတောင် ထားချင် စရာမရှိပါဘူး။အထက်နှင့် အောက်၊ထုတ်ချင်းပေါက် ယိုစီးတဲ့၊ ဤကိုယ်ကြီး အပုပ်ခဲကို၊လူထဲမှာချချပြီး၊မျက်လှည့်ပြတဲ့ အလုပ် ကဲ့သို့ လိမ်းသုတ်ချယ်လယ်၊ပရိယာယ်ဖြင့်၊တင့်တယ်လေအောင် ဟန်ဆောင်တဲ့ လူ့ကိစ္စမျိုးတွေကို အရိုးသို့ထိခိုက်အောင်ရှက်လှ ပါသည်။ ။ယခုအခါ၊ မြတ်စွာဘုရား၏ သာသနာတော်ထဲ ထွန်းကား၍၊တရားရှာမှီးပြီး၊လောကုတ္တရာပဋိပတ်သည်း ရဆောင်းတဲ့ လုပ်ငန်းကြီးတွေဟာလဲ၊လွန်စွာ လမ်းပွင့်၍နေပါတယ်။

သာသနာတော်အတွင်းမှာ၊မိန်းမတို့အား၊ ဘုရားရှင်၏အမိန့် တော်ဥပဒေဖြင့်''ရဟန်းမြူကြနေ''ဆိုတဲ့ပိနည်းတော်ကြီးထွန်း ကား၍နေရာ၊ ကျွန်မတို့မိန်းမများမှာ၊ လွန်စွာအခွင့်သာသဖြင့်၊ သာသနာတော်အရိပ်တွင် ခိုဝင်ကျင့်သုံးလိုသောဆန္ဒရှိပါသည်။ အနမတဂ္ဂ သံသရာ တခွင်မှာ လင့်ကိစ္စ,သားကိစ္စ,အများကိစ္စ, တွေကို ဆောင်ရွက်လျက် မဆုံးနိုင်အောင် ရှိခဲ့သည်များကိုလဲ၊ စဉ်းစားမိတိုင်း ကျွန်မပင်ပန်းလှပါတယ်။ယခုဘဝရရှိတဲ့ ကိုယ်

ခန္ဓာကို၊ သာသနာတော် ငြိစွဖြင့်၊ လှလှကြီးအမှုထမ်းပြီး၊ မိန်းမ အစွမ်းများကို ထုတ်သင့်သမျှ ထုတ်ပါရစေ။ ။သို့ဖြစ်ပါ၍၊ ကျေးဇူးရှင်မိဘနှစ်ပါးတို့က၊သမီးကလေးကိုသနားသဖြင့်၊ဘုရား ရှင့် သာသနာမှာ၊ ချမ်းသာစွာ ခိုလှုံဖို့အရေး အခွင့်ပေးတော် မူကြပါ။

၁၁-သို့ကလိုခွင့်တောင်း၍၊အကြောင်းလုံလောက်စွာပြတော့၊ မိဘနှစ်ပါးကလဲတားနိုင်ဖို့အခွင့်မရှိကြတော့ဘူးပေါ့။ ။လမ်း ကောင်းကိုသွားဖို့ တရားနှင့်အညီခွင့်တောင်းတဲ့အတွက်။ "သွား သဘောအတိုင်းပါဘဲ" လို့ မိဘနှစ်ပါးက ခွင့်ပေးရှာကြတယ်။ သမီးချောကလေးကိုတော့၊ မခွဲချင်ကြဘူးပေါ့လေ။ မလွှဲသာလို့ သာ အခွင့်ပေးကြရဘာပေါ့။

၁၂-သို့ကလို မိဘနှစ်ဦးက၊ အနူးအညွှတ် အခွင့်လွှတ်တဲ့အခါ၊ မိထွေးတော်ဂေါတမီ ဘိက္ခုနီအရှင်မကြီးကျောင်းသို့သွားပြီး၊ သာသနာတော်ဘောင်တွင်ခိုဝင်ကျင့်သုံးလိုကြောင်းကိုလျှောက် ထားတော့၊ မိထွေးတော် ဂေါတမီက ရုတ်တရက် လူ့ဘတ်ကို မချွတ်စေဘဲ၊သိက္ခမာန်အဖြစ်နှင့်၊ ဘိက္ခုနီမကျောင်းမှာနေရန်၊ အခွင့်ပြုတော်မူတယ်။

၁၃-သည်နေရာမှာ၊မြတ်စွာဘုရား လက်ထက်တော်အခါက၊ အမျိုးသမီးများ သာသနာဘောင်သို့ ခိုဝင်ရပုံ နိဿယည်းများကို၊ အမြွက်မျှပြလိုက်ရအုံးမှာပေါ့။ ။အမျိုးသမီးတို့ ကျင့်ရန်အဆင့် အတန်းမှာ။(၁)သိက္ခမာန်၊(၂)သာမဏေရီ၊(၃)ဘိက္ခုနီရယ်လို့ သုံးမျိုးရှိတယ်။ ။အိမ်မှထွက်ရောင်၍၊ ဘိက္ခုနီမကျောင်းသို့ ရောက်ခါစအခါ။ရုတ်တရက် လူဝတ်မလဲစေသေးဘဲ။မိမိဝတ်မြဲ တိုင်းသော လူဝတ်ကြောင်ဖြင့် နေစေတယ်။ ။ထိုသို့ နေစဉ် အခိုက်ကို "သိက္ခမာန်" ရယ်လို့ခေါ်ဆိုရတယ်။ "သိက္ခမာနော" ဆိုတဲ့ပါဠိကို။ "သိက္ခမာန်" ရယ်လို့၊ ရှေးပညာရှိ ပုဂ္ဂိုလ်ကြီး များက မြန်မာလို ပြန်ဆိုထားတော်မူခဲ့ကြပေတယ်။

သိက္ခမာန်ဆိုတဲ့အဓိပ္ပါယ်မှာတော့၊သက်န်းကိုဝတ်ဆင်ရန်၊

အခြေခံ သဘောအားဖြင့်၊ လေ့ကျင့် နေဆဲ၊ သင်ကြားနေဆဲ၊ ရဟန်းခါတ်သို့ပြောင်းရအောင်၊ လူဝတ်ကြောင်နှင့်ပင် အစမ်း ကျင့် နေဆဲဟုဆိုလိုတယ်။ သိက္ခမာန် အဖြစ်နှင့်၊ အစမ်း လေ့ ကျင့်နေတဲ့အခါမှာ၊ ခြောက်ပါး သီလကို၊အမြဲဆောက်တည်ပြီး၊ ဘိက္ခုနီမတို့၏ ဝတ်ကြီး, ဝတ်ငယ်, အပေါင်းကို၊ ကောင်းမွန် ကျေပြွန်စွာ ပြုလုပ်ဆောင်ရွက်ရတယ်။

[မှတ်ချက်] ခြောက်ပါးသီလဆိုသည်မှာ၊ ရှစ်ပါးသီလတွင်၊ ပါဏာတိပါတအစ၊ ဝိကာလဘောဇနအဆုံးရှိသော သိက္ခာပုဒ် ခြောက်ပါးကိုမှတ်ရမယ်။ ထိုခြောက်ပါးသီလဟာ၊ သိက္ခမာန် များ အမြဲကျင့်ရတဲ့သီလဖြစ်ပေတယ်)။အဲ-သို့ကလို၊ သိက္ခမာန် အဖြစ်နှင့် အတန်ကြာနေပြီးတဲ့အခါမှ၊ အုပ်ထိန်းတဲ့ ဘိက္ခုနီမ ကြီးများက ဆံပင်ကိုရိပ်၍၊လူဝတ်ကြောင်များကိုလဲချွတ်စေပြီး၊ ''သာမဏေရီ'' ပြုလုပ်၍ ပေးကြတယ်၊ (သာမဏေရီဆိုတဲ့ စကားမှာ၊မိန်မဖြစ်၍ ဣတ္ထိလိင်ဖြင့် အသုံးပြုတဲ့ စကား ဖြစ်ပေ တယ်။ ။သာမဏေမိန်းမလို့ ဆိုလိုတာပေါ့။)

မြတ်စွာဘုရား ထင်ရှားရှိတော်မူတဲ့အခါမှာ၊ သာမဏေ ယောကျ်ား,သာမဏေမိန်းမ,များရှိကြတယ်၊ယခုခေတ်မှာတော့ ဘိက္ခုနီမ သာသနာကွယ်တဲ့အခိုက်၊သာမဏေမိန်းမများမရှိရှာ ကြတော့ဘူး။ ။တကယ်လို့ ယခုနှယ်အခါ ဘိက္ခုနီမသာသနာ ရှိမယ်ဆိုရင်၊ အသက် နှစ်ဆယ်မပြည့်သေးတဲ့၊ သီလရင်မျိုးက လေးတွေဟာ၊သာမဏေမိန်းမကလေးတွေဖြစ်နေကြမှာပေါ့။

သိက္ခမာန်ဘဝမှ သာမဏေရီအတန်းသို့ တက်ရောက်ကြတဲ့ အခါ၊သာမဏေယောကျ်ားများကဲ့သို့၊ဆယ်ပါးသီလနှင့်တကွ၊ သေခိယသိက္ခာပုဒ်များကို၊ကျင့်သုံးဆောက်တည်ကြရတယ်။ ။ သာမဏေရီအဖြစ်နှင့်နေ၍၊ အသက်နှစ်ဆယ်ပြည့်တဲ့ အခါကျ တော့၊သိမ်အပြင်မှာ၊ ဥတ်ကမ္မဝါကို ရွတ်ဘတ်၍၊ မြင့်မြတ်တဲ့ ဘိက္ခုနီမ အဖြစ်သို့တက်ကြရတယ်။ ။ဘိက္ခုနီမတို့၏ သီလ

သိက္ခာတွေမှာတော့၊ရဟန်းယောကျ်ားတို့၏၊သီလသိက္ခာထက် ပင်၊များပြားကြသေးတယ်။

အဲ-ယခုပြဆိုခဲ့တဲ့အတိုင်း၊အမျိုးသမီးများမှာ၊သာသနာဘောင် သို့ ဝင်ပါလျှင်၊ပထမသိက္ခာမာန်အဖြစ် ထိုနောက် သာမဏေရီ အဖြစ်၊ထိုနောက် ဘိက္ခုနီမအဖြစ်သို့ ပြောင်းလဲသောအဖြစ်များ နှင့် အတန်းအဆင့် ပြောင်းလဲကြရသည်မှာ၊ဝိနည်းပညတ်တော် ကြီး၏၊ထုံးနည်းနိသယအတိုင်းပေဘဲ။

ရုတ်တရက် သင်္ကန်းကိုဝတ်၍၊သာမဏေရီဘဝသို့ မတက်ရ သေးဘဲ၊အဘယ့်ကြောင့်''သိက္ခမာန်'' အဖြစ်နှင့်နေရပါသေးသ လဲလို့ဆိုတော့၊လူဝတ်ကြောင်နှင့်နေစဉ်အခါ။ပုထုဇန်တို့ဓမ္မတာ အရှုပ်အရှက်များပါခဲ့ပါလျှင်၊ သင်္ကန်း ဝတ်ဆင်ပြီးမှ၊ အမှု ပေါင်းပွပြီး၊ ကဲ့ရဲ့ဘွယ်အမျိုးမျိုးနှင့်၊ သာသနာတော်ကြီးမျက် နှာ ကျိုးသွားပည့်အရေးကို၊တင်ပြ၍ ကာကွယ်ရန်တကြောင်း၊ ရုတ်တရက် သာမဏေရီဘောင်သို့ ရောက်အောင်၊ သွတ်သွင်း လိုက်ပါလျှင်၊အချိုးမကျသဲ့ပြင်၊ဆရာဖြစ်တဲ့ဘိက္ခုနီကြီးများ ၏ဩဇာမမှုးလဲ ကိုးမိုးရေးရေး ကြိုင်းပြင်းစိုင်းစိုင်းဖြစ်မည့်အရေး ကိုတင်ပြ၍ကာကွယ်ရန်တကြောင်း၊၎င်းအကြောင်းများကြောင့် သာသနာတော်ဘောင်သို့၊ ဝင်လာသူ အမျိုးသမီးများကို၊ ရုတ်တ ရက် သာမဏေရီဘဝသို့ မတက်စေသေးဘဲ သိက္ခမာန် အဖြစ်နှင့် ထားရတယ်လို့၊ အကြောင်းရင်းကို မှတ်သားကြရမယ်။

ယခုပြဆိုခဲ့တဲ့ အချက်မှာတော့၊ အမျိုးသမီးများ သာသနာ ဘောင်သို့ ဝင်ကြတဲ့အခါ၊ ဝိနည်းတော်မှာ လာတဲ့အတိုင်း၊ တက်လမ်းအစဉ်ကို၊သိမြင်နားလည်ကြစေရန်၊ရေးသားဘော်ပြ ရခြင်းဖြစ်ပေသတည်း။

မူလဝဏ္ဏရင်း၌ ပြဆိုခဲ့သော (ဗုဗ္ဗာ) မပုလဲသည်၊ မိထွေး ဘော် ဂေါတမီ၏ကျောင်းမှာ၊သိက္ခာမာန်အဖြစ်နှင့် နေထိုင်ပြီး၊ ဝတ်ကြီး,ဝတ်ငယ်များကို၊ မချွတ်မယွင်းရအောင်၊ပြုစုလုပ်ကိုင်

ရှာတယ်။ ပါရမီရှင်ကလေးဖြစ်တော့၊ အရာရာမှာ အချိုးကျနေတာပေါ့လေ။

တနေ့သောအခါ၊ဥပဇ္ဈာယ်ဆရာဖြစ်တော်မူကြသည့်၊ ဘိက္ခုနီမတို့၏ ဖေယျာဝတ္တ၊ ဝတ်ကြီး, ဝတ်ငယ်များကို၊ ပြုလုပ်ဆောင်ရွက်ပြီး၊တကိုယ်တည်း တရားအားထုတ်ခြင်းငှါ ဆိတ်ငြိမ်ရာတွင် တည်ရှိတဲ့ ကမ္မဋ္ဌာန်းကျောင်းကလေးကိုသွားပြီး၊ရုပ်,နာမ်, ခန္ဓာတို့အပေါ်တွင် ဖုံးဝင်နေတဲ့ ''သက္ကာယဒိဋ္ဌိ'' ပြောင့်ကြီးကို၊ ပယ်နှုတ်ရန်အတွက်၊ ထက်မြက်သော ဝိမိ၏ ဉာဏ်အစွမ်းဖြင့်၊ ဝိပဿနာလမ်းဖြစ်တဲ့ ဘာဝနာတရားကို ရှုစားသပ်ခြင်တယ်။

ရှေးရှေးဘာဝက၊ပါရမီလက်ကိုင်နှင့် ကိုယ်ပိုင်စုဆောင်းခဲ့တဲ့ ကုသိုလ်ထူး, ဉာဏ်ထူးများရှိတဲ့အတွက် အခက်အခဲနှင့် မတွေ့မကြုံရဘဲ။ ဝိပဿနာ ဉာဏ်တွေ ထက်သန်ပြီး၊ မဂ်ဉာဏ်သို့ ပေါက်လှုခါနီးဖြစ်တဲ့ အခြေသို့ဆိုက်ရောက်နေတယ်။ ။ထိုအခါ ရှင်တော်မြတ်ဘုရား၏ ရွှေဉာဏ်တော်အတွင်းမှာ, မဇ္ဈာဆိုတဲ့ အမျိုးသို့းကလေးကို၊ အာရုံထင်မြင်လာသတဲ့။ ။ရှင်တော်မြတ်ဘုရား၏ရွှေဉာဏ်တော်ကြီးဆိုတာ၊ လွန်စွာကြည်လင်လှသဖြင့်၊ အနန္တ လောကခါတ်အတွင်းမှာ၊လွန်စွာကြည်လင်တဲ့ ဖလ်တိုင်, မှန်တိုင်, ကြီးများကို စိုက် ထောင် ထား သ လို ဖြစ်ပေတယ်။ ကျွတ်ထိုက်တဲ့ သတ္တဝါတွေဟာ၊ ရွှေဉာဏ်တော်မှန်တိုင်ကြီးမှာ လာ-လာပြီး ထင်ကြသတဲ့။

အဲ သို့ကလို ရွှေဉာဏ်တော်ထဲမှာထင်လာတော့''ငါ့သို့းတော်ကလေးဟာ။လွန်စွာ ဉာဏ်စွမ်းထက်မြက်ပါပေတယ်။သူ့အလို အလျောက် ဝိပဿနာဉာဏ်တွေ ပေါက်လာပါပေါ့ ကလား။ ငါဘုရားကချီးမြှင့်၍၊ ထောက်ပင့် ကူညီတော် မူလိုက်ပါလျှင်၊ လျှင် မြန် စွာ အရဟတ္တဖိုလ်သို့ ဆိုက်တော့ မှာဘဲ'' ဤကဲ့သို့ ဆင်ခြင်တော်မူ၍၊ ရောင်ခြည်တော် ခြောက် ဆိုင် ကို လွှတ် ပြီး၊ ကျွတ်လှုခါနီးဖြစ်တဲ့ သို့း တော် က လေး အား၊ ထင် ရှား သော ကိုယ်တော်ကိုပြကာ၊ ဤကဲ့သို့ဟောကြားတော် မူလေသတည်း။

(၂) မုစ္စေ မုဉ္စသု ယောဂေဟိ။ စန္ဒော ရာဟုဂ္ဂဟာဒ္ဓဝ။
ဝိပ္ပမုတ္တေန စိတ္တေန။ အဏဏာ ဘုဉ္ဇ ပိဏ္ဍကံ။

(၂) မုစ္စေ။ချစ်သွေးမုစ္စာ။စန္ဒော။သော်တာဘုံနန်း၊လယုန်စန်းသည်၊ ရာဟုဂ္ဂဟာ။ ဘမ်းဆီး၍ ထားသော ရာဟုဂြိုဟ်ကြီးလက်မှ။မုတ္တတိဏ္ဏဝ။လွတ်တွက်လေဘိသကဲ့သို့။ တထာ။ ထိုနည်းတူစွာ။ တွံ။ သင်ချစ်သွေးသည်။ ယောဂေဟိ။ အဒ္ဒွဲကြီး လေးဒွဲတို့မှ။မုဉ္စသု။အလွတ်ရုန်း၍၊အဆုံးတိုင် ကြိုးစားလိုက်ပါလော။ ဝိပ္ပမုတ္တေန။ ကျွတ်လွတ် ထွက်မြောက်သော။ စိတ္တေန။ ဖြူစင်ထိန်လျှပ်၊ စိန်အမြတ်ဖြင့်။ အဏဏာ။ ကြွေးမြီမရှိဘဲ။ ပိဏ္ဍကံ။ တိုင်းသား, ပြည်သူ,တို့ ပေးလှူသော ဆွမ်းပဒ္ဒသည်းကို။ ဘုဉ္ဇ။ သာသနာတော်အရိပ်အေးတွင်၊ စိုးရိမ်မှုမရှုပ်ထွေးဘဲ၊ဘုဉ်းပေးသုံးဆောင်ပေတော့ချစ်သွေး။

ဆိုလိုရင်းအဓိပ္ပါယ်ကတော့။ချစ်သွေးမုစ္စာ။ရာဟုလက်တွင်းမှ၊ လမင်းကြီး လွတ်ထွက်သလို။ ယောဂလေးပါး တည်းဟူသော အဒ္ဒွဲကြီးမှ၊အပြီးတိုင် ရုန်းထွက်လိုက်ပါလော။စင်ကြယ်သော စိတ်နှလုံးဖြင့်၊ တိုင်းသား,ပြည်သူတို့ ပေးလှူသော ဆွမ်းဘောဇဉ်ကို၊ကြွေးတင်ခြင်းမရှိဘဲ၊ ရဲရဲကြီးသုံးဆောင်ပါလော။ ဗဲ-သို့ကလို ဆိုလိုတယ်။ အား ပေး တိုက် တွန်း တဲ့ ဒေ သ နာ ဂါထာကြီးပေပေါ့။ ဤဒေသနာ ဂါထာတွင် ပါတဲ့။ ယောဂ လေးပါးဆိုတာကို၊ သည်လိုမှတ်ကြရမယ်။

(၁) ကာမယောဂ။ ကာမဂုဏ်အဒ္ဒွဲကြီးတမျိုး။

(၂) ဘဝယောဂ။ ဘုံဘဝအဒ္ဒွဲကြီးတမျိုး။

(၃) ဒိဋ္ဌိယောဂ။ မှောက်မှားသော ဒိဋ္ဌိအဒ္ဒွဲကြီးတမျိုး။

(၄) အဝိဇ္ဇာယောဂ။ သစ္စာလေးတန်၊ သဘောမှန်ကို၊ မသိသော အဝိဇ္ဇာအဒ္ဒွဲကြီးတမျိုး။ ။သည်လေးမျိုးကို "ယောဂ လေးမျိုး" ရယ်လို့ ခေါ်ဆိုရတယ်။

အလုံးစုံသော သတ္တဝါ အပေါင်းတွေဟာ၊ သည်အဒ္ဒွဲကြီး လေးမျိုးက မထွက်မြောက်နိုင်ကြလို့၊ သံသရာ ဝဋ်ဘုံထဲမှာ၊

တဝဲလယ်လယ်နှင့် အတွယ်ကြီး တွယ်နေကြရတာပေါ့။ သည် အဘွဲ့ကြီး လေးတန်မှ လွတ်လျှင်၊ ဝဋ်ကျွတ်ခါ ဇာတ်သိမ်း၍၊ အငြိမ်းဆုံး ဖြစ်တဲ့ နိဗ္ဗာန်သို့ ဆိုက်ရောက်တော့တာဘဲ။ အဲ.......သို့ကြောင့် "ယောဂလေးပါး"မှ လွတ်အောင်ချွန်းပါလို့၊ ရှင်တော်ဘုရားက အားပေးတိုက်တွန်းတော်မူတာပေါ့။

တိုင်းပြည်သူ့,တိုင်းပြည်သား့တို့ ဟူဒါန်းသောသွမ်းပစ္စည်းကို၊ ကြွေးတင်ခြင်းမရှိဘဲ။ ခဲရင့်စွာ သုံးဆောင်ပါလော ဆိုတဲ့ စကားရဲ့ ဒီဗိပ္ပါယ်ကတော့၊ ရဟန္တာမ အဖြစ်သို့ရောက်အောင်၊ ကြိုးစားပါသို့ဆိုလိုရင်းဖြစ်ပေတယ်။အဘယ့်ကြောင့်လဲဆိုတော့၊ ရဟန္တာပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းသည် ကြွေးမြီကင်းသော သုံးဆောင်ခြင်းမျိုးဖြင်၍၊ "ဣဏပရိဘောဂ"မဖြစ်နိုင်ဘူး။အဲ-သို့ ကြောင့်၊ ကြွေးတင်ခြင်းကင်းသော ရဟန္တာမအဖြစ်သို့ရောက် အောင်ကြိုးစားပါလို့ တိုက်တွန်းတော်မူတာပေါ့။ ။ဤဂါထာ ကို ဟောကြားတဲ့အခါ၊မပုလဲမှာ လွန်စွာအားတက်ခြင်းဖြစ်ပြီး၊ ဉာဏ်အရှိန်ကလဲ၊ လွန်လွန်ကဲကဲ ပွင့်သင်းလာတဲ့အတွက်၊ ထို နေရာမှာပင်၊ ရဟန္တာမအဖြစ်သို့ ရောက်သွားလေသတည်း။

ပါရမီလက်ကိုင်ရှိတဲ့ပုဂ္ဂိုလ်များမှာဆိုတော့၊မဂ်တရား, ဖိုလ် တရားဟာ၊များစွာမခဲယဉ်းဘူးပေါ့။ပါရမီလက်ကိုင်၊ ကိုယ်ပိုင် ကုသိုလ်ထူး မရှိတဲ့ သူများမှာတော့၊ မဂ်တရား, ဖိုလ်တရား, ရောက်ဘို့နေနေသာသာ၊ နတ်ရွာရောက်ဘို့အရေးတောင်မှ၊အပုံ ကြီး ခဲယဉ်းနေကြတာကလား။ ။လူ့ဝတ်ကြောင်ကို ဝတ်ဆင် ကာ သိကြွာမာန်ဘင်နှင့်ပင်၊ ရဟန္တာမအဖြစ်သို့ရောက်သွားတဲ့ အတွက်၊ ထိုနေ့မှာပင် လူဝတ်ကြောင်ကိုလဲပြီး၊ သင်္ကန်းကိုဝတ် ဆင်ကာ၊ ဘိက္ခုနီမအဖြစ်သို့ရောက်အောင် ရွက်ဆောင်ရတော့ တာပေါ့။

ရဟန္တာမအဖြစ်သို့ရောက်တဲ့အခါ၊ဈာန်အဘိညာဉ်နှင့်တကွ ရဟန်းကိစ္စ ပြီးစီးသွားသဖြင့်၊ ရှေးက ဖြစ်ခဲ့ သမျှသော မိမိ၏ အကြောင်းအရာ ပြဿနာများကို ဆင်ခြင်တော့ကမ္ဘာတသိန်းတိုင်

အောင်သိမြင်၍၊ဝိပဿိဘုရားရှင်၏ လက်ထက်တော်က၊ရင်းနှီးခဲ့ဘူးတဲ့ကုသိုလ်များဟာလဲ၊ဘွားဘွားကြီးပေါ်တော့တာပေါ့။

ထိုအခါလွန်စွာဝမ်းမြောက်သှသဖြင့်၊ မိမိ၏အကြောင်းအရာကို၊ ဥဒါန်းဂါထာဖြင့်၊ ဤကဲ့သို့ကျူးရင့်လေသတည်း။

(ဘော်ပြလတ့်သော ဂါထာ များမှာ၊ အပဒါန် ပါဠိတော်မှလာသော ဂါထာများဖြစ်ပါသည်)။

(က) ဝိပဿိဿ ဘဂဝတော။ လောကဇေဋ္ဌဿ တာဒိနော။
ရထိယံ ပဋိပန္နဿ၊ တာရယန္တဿ ပါဏိနေ။

(ခ) ဃရတော နိက္ခမိတွာန။ အဝကုဇ္ဇာ နိပဇ္ဇဟံ။
အနုကမ္ပကော လောကနာထော။ သီသေ အက္ကမိ မမ။

(က) ဘဂဝတော။ ဘုန်းတော်ခြောက်ပါးဖြင့်၊ ပျံ့လှိုင်ပြီးမြင့်၊ တန်ခိုးဟင့်တော်မူထသော။ လောကဇေဋ္ဌဿ။ လောကဝါတ် အလုံး၏၊ အမြတ်ဆုံး, အထွဋ်ဆုံး ဖြစ်တော်မူထသော၊ တာဒိနော။လောကဓံရှစ်ပါးကြောင့်၊ လှုပ်ရှားခြင်းမရှိ၊ ပကတိတည်တန့်တော်မူပေထသော၊ဝိပဿိဿ။ ဝိပဿီမြတ်စွာဘုရားသည် ပါဏိနေ။ သတ္တဝါအပေါင်းတို့ကို၊ တာရယန္တဿ။ ကယ်တင် ချီးမြှင့်တော်မူလျက်၊ ရထိယံ။ မြို့လယ်လမ်းခရီး၌၊ ပဋိပန္နဿ။ကြွသွားတော်မူစဉ်။

(ခ) အဟံ။အကျွန်ုင်သည်၊ဃရတော။အိမ်ထဲမှ၊နိက္ခမိတွာန။ ကြည်ညိုသော သဒ္ဓါဇောကြောင့်၊ အဆောတလျှင် ထွက်ခဲ့ပြီး၍၊အဝကုဇ္ဇာ။ ဆံပင်ကိုဖြန့်ထား၍ အလျားမှောက်ကာ နိပဇ္ဇိံ။ လမ်းမကြီးထဲမှာလှဲ၍၊အိပ်လိုက်ပေသတည်း၊တဒါ။ ထိုအခါ၌၊ လောကနာထော။ ဝိပဿီမြတ်စွာဘုရားသည်၊ အနုကမ္ပကော။ သနားတော်မူသည်ဖြစ်၍။မမ။အကျွန်ုပ်၏၊ သီသေ။ ဦးခေါင်း၏ အဆုံးဖြစ်သော ဆံပင်ထက်၌၊အက္ကမိ။ နင်း၍ ကြွသွားတော်မူလေသတည်း။

(ဂ) အက္ကမိတွာန သမ္ဗုဒ္ဓေါ၊အဂမာ လောကနာယကော။
တေန စိတ္တပ္ပသာဒေန၊တုသိတံ ဥပပဇ္ဇဟံ။

(ဂ) လောကနာထဟောသော၊ လူသုံးပါးတို့၏၊ ရှေ့သွားလမ်းညွှန်ကြီးဖြစ်တော်မူသော၊ သမ္ဗုဒ္ဓေါ၊ ဝိပဿိ မြတ်စွာဘုရားသည်၊ အဏ္ဏမိတ္တာနံ၊ ဆံပင်ကိုနှင်းတော်မူပြီး၍၊ အဂမာ၊ ကြွသွားတော်မူလေ၏၊ တေန စ ဘုဒ္ဓသာဒေန၊ ထိုဝိပဿိ မြတ်စွာဘုရား လက်ထက်တော်အခါ၊ လွန်စွာ ကြည်ညိုခဲ့သော သဒ္ဓါစိတ်ကြောင့်၊ အဟံ၊ အကျွန်ုပ်သည်၊ ပေသိတံ၊ တုသိတာနတ်ပြည်သို့၊ ဥပပဇ္ဇိံ၊ ကပ်ရောက်ဖြစ်ပွါးခဲ့လေပြီ။

ဤဂါထာကိုဖြင့်၊ ဥဒါန်းအကြိမ်ကြိမ် ကျူးရင့်ရုံမျှမကဘဲ၊ တရားသဘာဝအလယ်မှာ၊ အမျိုးသမီးများ၊ သဒ္ဓါတရားဖြစ်ပွါးကြစေတော့လို့၊ ဤဂါထာကို ရွတ်ဆိုပြီး၊ မိမိ၏ အဖြစ်များကို၊ ဟောကြားတော်မူသတဲ့။

မုဏ္ဍာ အမည်ရှိတဲ့ ဘိက္ခုနီရဟန္တာမ၏ အကြောင်းကိုလဲ၊ လူပေါင်းများစွာ သိရှိကြပြီးလျှင်၊ သာသနာတော်မှာ၊ လွန်စွာ ထင်ရှားခြင်းသို့ ရောက်တော်မူတယ်။ ။''မုဏ္ဍာ''ဆိုတဲ့အမည်သညာဟာ၊ ကိလေသာအပေါင်းတို့မှ ကျွတ်လွတ်၍၊ အထွတ်အမြတ်၊ ရဟန္တာမ အဖြစ်သို့ ရောက်တော့။ ''ပုလဲ'' ဟူသော အနက်ကို၊ မဟောတော့ဘဲ၊ ကျွတ်လွတ်ခြင်းဆိုသော တိုက်ရိုက်အနက်ကိုပင် ဟောလေသတည်း။

(သတိပေးချက်။ ။ဤမုဏ္ဍာထေရီ၏ဝတ္ထုကို ထောက်ထားဆင်ခြင်ကြပြီးလျှင်၊ သာသနာတော်ကို ကြည်ညိုသော အမျိုးကောင်းသမီးများလဲ၊ သီလနှင့်ပြည့်စုံ၍ ကြည်ညိုဘွယ်ကို ဆောင်သောပုဂ္ဂိုလ်တို့အား၊ ဆံပင်ကိုဖြန့်ခင်း၍ ပူဇော်ဒါန်းတဲ့ကုသိုလ်ဟာ လွန်စွာကြီးမြတ်သတဲ့။ အရဟတ္တဖိုလ်တိုင်အောင် ရွက်ဆောင်နိုင်ကြောင်းများကိုမှတ်သားကာ အတုခိုးသင့်ကြပေသတည်း။)

(၂) မုဏ္ဍာထေရီဝတ္ထုပြီး၏။

## ဧကနိပါတ်

## (၃) ပုဏ္ဏာထေရီဝတ္ထု။

သက်ိနွယ်ဘွား၊ ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါ၊ ''ပုဏ္ဏာထေရီ''ဟူ၍၊ ထင်ရှားတဲ့ အမျိုးသမီးကလေးတဦးဟာ၊ ရှေးရှေးကပ်ကမ္ဘာ၊ သံသရာဘဝတို၌၊ သဗ္ဗညုဘုရားရှင်တို့၏ ထံတော်ပါးဝယ်။ ပါရမီ တရားကို ဖြည့်ဆည်းဘူးခဲ့ပြီးလျှင်၊ သံသရာစက်မှ၊ လွတ်ထွက်ရန် အခြေကိုသာ၊ တဖြည်းဖြည်းနီး၍, နီး၍, လာခဲ့သတဲ့။

ထိုအမျိုးသမီးသည်၊လွန်ခဲ့တဲ့ (၉၄) ကိုးဆယ့်လေးကမ္ဘာမြေဒ်တွင်၊ ဘုရားရှင်တို့ ပွင့်တော်မမူသော သုညကမ္ဘာတခုမှာ၊ ကံအကျိုးပေးအားလျော်စွာ၊ဟိမဝန္တာတောကြီးတွင်''စန္ဒဘာဂ'' အမည်ရှိတဲ့ မြစ်အနီးမှာ၊ ကိန္နရာမကလေး ဖြစ်ရှာတယ်။

တနေ့တော့၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တပါး၊ ကြွလာတော်မူသည်ကို၊ကိန္နရာမကလေး မြင်လေရာ၊ တိရစ္ဆာန်အမျိုးဇာတ်ပင်ဖြစ်သော်လဲ၊ ပါရမီအထုံနှင့်၊ ကုသိုလ်ဟုန် မကင်းတဲ့အတွက်။ ဩော်-ဤပုဂ္ဂိုလ်ဟာ၊ ကိလေသာကင်း၍၊ ထူးမြတ်တဲ့ ပုဂ္ဂိုလ်တပါးဖြစ်ပေလိမ့်မယ်။သည်လိုပုဂ္ဂိုလ်မြတ်ကိုတွေ့ပါလျှင်၊သဒ္ဓါအစွမ်းဖြင့်၊ လှူဒါန်းခြင်းအမှုကို ပြုသင့်ပေတယ်။ ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်, ကိုတွေ့ပါလျက်သားနှင့် ရှောင်ရှား၍ နေခဲ့ပါလျှင်၊ လွန်စွာရှုံးတဲ့အရှုံးကြီးတမျိုး ဖြစ်ထာအမှန်ဘဲ။ ငါ့မှာလဲ အထူးအဆန်းဆို၍ လှူဒါန်းရန် ပစ္စည်းဝတ္ထုရယ်လို့ မရှိဘူး။ ပစ္စည်းမထူးမြတ်သော်လဲ၊ စေတနာပြုဖွေးပါလျှင်၊ အကျိုးပေး မသိမ်ငယ်ဘဲ၊ ကြီးကြီး ကျယ်ကျယ် အကျိုးပေးနိုင်ပါလိမ့်မယ်။ အလှူဝတ္ထုဆိုတာ၊ ဗဟိဒ္ဓပစ္စည်းမျိုးဖြစ်တယ်။ စေတနာဆိုတာက၊ အတွင်းပစ္စည်းမျိုးဖြစ်ဘယ်။ အပြင်ဗဟိဒ္ဓဆိုဘဲ့ ပစ္စည်းဝတ္ထုမျိုးဟာ၊စိတ်စေတနာခေါ် တဲ့အတွင်းပစ္စည်းကို၊ ကျေးဇူးပြုရုံမျှပါဘဲ။ ။အဲ-သို့ကလို ဆင်ခြင်တွေးတောပြီး၊ လှူဒါန်းရန်ပစ္စည်းဝတ္ထုကို ရှာဘွေပဲ့အခါ၊စန္ဒဘာဂမြစ်ကမ်းအနီး၊ကျူတောကြီး

တချလုံး ပွင့်နေတာကိုမြင်သဘဲ့။ အဲ-သို့ကသိုမြင်တော့ နှင်လန်းဝမ်းမြောက်စွာ၊ စေတနာကွန့်မြူး၍၊ ကျူပန်းတွေကို ခူးပြီး၊ ကြည်နူးရင်းရှိဘဲ့ သဒ္ဒါတရား အဘိုင်း၊ အရှင်ပစ္စေကဗုဒ္ဓါ၏ထံတော်ပါး၌၊ ဝပ်ဘွားညွတ်ကြိုး၊ လက်စုံမိုးလျက်၊ ရှိခိုးပူဇော်ကာ လှူဒါန်းတယ်။ ။အလွန်လိမ္မာဘဲ့ကိန္နရာမကလေးဘဲနော်။

ထိုသို့လှူဒါန်းတဲ့အခါ၊အရှင်ပစ္စေကဗုဒ္ဓါကလဲ၊သတ္တဝါအများကို၊သနားချီးမြှင့်တော်မူလိုတဲ့အတွက်၊ ကျူပန်းတွေကို အလှူခံတော်မူပြီး။"ဤဒါနကြောင့်၊သင်ဘောင့်တတဲ့ဆုအဘိုင်း ပြည့်စုံစေ"လို့၊ဆုပေးတော်မူပြီးလျှင်၊ ကောင်းကင်ခရီးဖြင့်၊ ကြွသွားတော်မူတယ်။

ကိန္နရာမကလေးလဲ၊အရှင်ပစ္စေကဗုဒ္ဓါကို၊မျက်စိတဆုံးရှုမျှော်လိုက်ပြီး"အရတော်လေစွတကား။ဤအရှင်မြတ်အား၊ တတ်စွမ်းသမျှသော ကျူပန်းတို့ဖြင့်၊ လှူဒါန်း ပူဇော်လိုက်ရသည်မှာ၊ လွန်စွာ အဘိုးထိုက်တန်စွတကား"။ အဲ-သို့ကလို မြွက်ဆိုကျူးရင့်ပြီး မိမိ၏ဒါနစေတနာကို၊လွန်စွာ ကြည်နူးနေရှာသဘဲ့။

ကျူပန်းဆိုတာ၊ ထူးဆန်းမွန်မြတ်ဘဲ့ ပန်းမျိုးမဟုတ်ပါဘူး။ ကျူပင်ကပွင့်နေတဲ့ပန်းပါဘဲ၊ကိုင်းပွင့်, ကြိပွင့်များလိုပေါ့သော၊ ဒါနဝတ္ထုမှာ၊ဘာမျှအဘိုးမတန်ဘဲ၊ဘယ်ကလောက်မျှမထူးမြတ်သော်လဲ၊ အဏ္ဏဝါသန္တာန်မှာရှိတဲ့ စေတနာ သဒ္ဓါခါတ်က၊ အလွန်ထူးမြတ်နေတဲ့အဘွက်ကြောင့်၊ဖွံ့ဖွံ့ဖြိုးဖြိုးနှင့် အကျိုးပေးတဲ့အခါ၊ လွန်စွာကြီးကျယ်သွားတယ်။

ဘယ်သို အကျိုးပေး ကြီးကျယ်သလဲလို့ဆိုတော့၊ ကိန္နရာမကလေးဟာ၊မိမိလှူဒါန်းခဲ့တဲ့ ဒါနစေတနာကို၊ ဖန်ခါခါပွါးများပြီး၊အသက်တမ်းအဆုံးသို့ရောက်တဲ့အခါ၊ကိန္နရာဘဝကစုတေသွားပါရော၊ထိုအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ကျူပန်းကိုလှူဒါန်းခဲ့ရတဲ့ စေတနာကြောင့်၊ တာဝတိံသာ နတ်ပြည်သို့ရောက်သွားပြီး၊ သိကြားမင်းကြီးရဲ့ မိဖုယားဖြစ်သွားတယ်။ ကိန္နရာမဘဝဆုံးတော့၊ဖြုံးခနဲ နတ်မိဖုယားကြီး ဖြစ်သွားတယ်

ဆိုတာ၊ အံ့ဩစရာကြီးပေါ့နော်။ ။ကံ၏အကျိုးပေးပုံဆိုတာ၊ လွန်စွာ ဆန်းကြယ်တဲ့အတွက် တအံ့တဩ၊ ပြောလို့ မဆုံးနိုင်အောင် ဖြစ်တတ်ထာမျိုးပေဘဲ။

လွန်ခဲ့တဲ့(၉၄) ကိုးဆဲ့လေး ကမ္ဘာထက်က၊ ကြည်ဖြူစွာ လှူဒါန်း၍၊ ကျူပန်းဖြင့် ရင်းနှီးခဲ့တဲ့ ကုသိုလ်ႏှဟုန်ကြောင့်၊ သံသရာတခွင်မှာ၊ ကျင်လည်ခဲ့သမျှ၊ ဒုက္ခ အပူ အပင် နှင့်၊ ညှိုးငြင်ခြင်းများကို မတွေ့မကြုံရဘဲ၊ ချမ်းသာသုခ၊ ပြည့်စုံစွာ နှင့်သာ၊ ကျင်လည်ရသတဲ့။

မှတ်သောက်,သားလောက် မြင့်မြောက်ကြီးကျယ်တဲ့ အဖြစ်များမှာတော့၊ သိကြားမင်းကြီးရဲ့ မိဖုယားခေါင်ကြီးဘဝက၊ အကြိမ်ပေါင်း (၃၆) သုံးဆဲ့ခြောက်ကြိမ်၊ လေးကျွန်းလုံးကို အစိုးရတဲ့ စကြာမင်းကြီးရဲ့ မိဖုယားအဖြစ်က၊ အကြိမ်ပေါင်း (၁၀)ဆယ်ကြိမ်ဖြစ်ခဲ့ရရှာတယ်။ ။ကျူပန်းကို လှူဒါန်းခဲ့ရတဲ့ ဒါနအရှိန်ဟာ၊ ဘယ်ကလောက် ကြီးကျယ်တယ် ဆိုတာကို၊ ဆင်ခြင်ကြပေတော့။

ထိုအမျိုးသမီးဟာ၊ ယခုဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါကျတော့ သာဝတ္ထိပြည်မှာ '**ဂဟာသတီမဟာသာလ**' ခေါ်တဲ့ သူကြွယ်ကြီး၏ သမီးကလေးဖြစ်လာတယ်။ ။ရုပ်ဆင်းလက္ခဏာ၊ လွန်စွာပြည့်စုံသည့်ပြင်၊ မျက်နှာပုံပန်းက လပြည့်ဝန်းနှင့်တူတဲ့အတွက်၊ "ပုဏ္ဏာ" ရယ်လို့ မိဘများကအမည်ပေးကြတယ်၊ "ပုဏ္ဏာ" ဆိုတဲ့ ပါဠိဘာသာကို၊ မြန်မာလို ပြန်ဆိုပါလျှင် "**မယ်ပြည့်**" ရယ်လို့ဆိုရမှာပေါ့။ ။အမည်သညာအတိုင်း၊ ကိုယ်သဏ္ဍာန်ပြည့်ဖြိုးစွာနှင့် မျက်နှာ ကြက်သရေက၊ လပြည့်ဝန်းနှင့်တူပေသပေါ့။

(မုဏ္ဍာထေရီဝတ္ထုမှာ ပြဆိုခဲ့ပြီးသောအတိုင်း၊ အသက်နှစ်ဆယ်အရွယ်သို့တိုင်အောင်၊ လူတို့ဘောင်မှာ၊ ကာမဂုဏ်နှင့်ကင်းအောင်၊ ရှောင်တိမ်း၍နေလေသည်။)

ပုဏ္ဏာအမည်ရှိတဲ့ "မယ်ပြည့်" သည်၊ အသက်နှစ်ဆယ် အရွယ်သို့ရောက်တော့၊မိဘတို့ထံသို့ကပ်ပြီး၊ကျွန်မသည် ဇရာကံ ပစ်ချတဲ့အတွက်၊ လူ့ဘောင်သို့ ရောက်လာသော်လဲ၊ လူတို့၏ အလေ့ဝါသနာများကို လိုက်စားလိုတဲ့ဆန္ဒမရှိပါ လူတို့ဘုံတွင် အစုံအစုံဘက်တဲ့၍၊သားတွဲလဲ, မြေးတဲွလဲ,ဒုက္ခပွဲ သက်သက်ခံ၍ နေကြသည်များကို၊ ကျွန်မ- မနှစ်သက်နိုင်ပါ။ သာသနာတော်သို့ ဝင်ပြီး၊ လူ့အသွင်ကိုစွန့်ကာ၊ဖန်ဝါသင်္ကန်းဖြင့်၊ ရဟန်းပြု၍သာ နေပါရစေ၊ မိဘနှစ်ပါးက သနားသဖြင့် အခွင့်ပေးတော် မူကြပါ။ ။ဤသို့ခွင့်တောင်းတော့၊ မိဘများကလဲ၊ သမီး၏ စိတ်ကို အလိုလိုက်ပြီး ခွင့်ပေးကြတယ်။

သည်တော့၊ မဟာသေရီဝတ္ထုတွင် ပြဆိုခဲ့ပြီးသောအဘိုင်း၊ မိထွေးတော်ဂေါတမီ၏ ကျောင်းသို့သွားပြီး၊ သိက္ခာမာန်အဖြစ် နှင့် ဝတ်ကြီး,ဝတ်ငယ်,ကိုဆောင်ရွက်ကာနေထိုင်တယ်။ တနေ့ သောအခါ၊ ဆိတ်ငြိမ်ရာသို့ကပ်ပြီး၊ ရုပ်ဓါတ်, နာမ်ဓါတ်,တို့၏ အဖြစ်အပျက်များကို ရှုစားဆင်ခြင်၊ ဝိပဿနာ ဘင်နေဆဲအခါ၊ ရဲရဲတောက် ဉာဏ်ပွင့်လင်းလာသည်တွင်၊ ရှင်တော်ဘုရားက ဂန္ဓကုဋိတိုက်တော်မှ၊ ရောင်ခြည်တော် ခြောက်ပါးကိုလွှတ်ပြီး၊ ကိုယ်တော်နှင့် တွေ့ တော်မူလာဘိ သည့် အလား၊ မားမား မတ်မတ်၊တန့်ရပ်တော်မူကာ၊အားပေးတိုက်တွန်းတဲ့ဂါထာကို၊ သို့ကလိုဟောကြားတော်မူလေသတည်း။

(၁) ပုဏ္ဏေ ပူရဿ ဓမ္မေဟိ။ စန္ဒော ပန္နရသော ရိဝ။
ပရိပုဏ္ဏာယ ပညာယ။ တမောခန္ဓံ ပဒါလယ။ ။

(၁) ပုဏ္ဏေ။ချစ်သမီးပုဏ္ဏာ။ပန္နရသော။တဆဲ့ငါးရက်မြောက် တွင် ထွန်းတောက် ထိန်ဝင်းသော၊ စန္ဒော္ဣဝ။ လ,ပြည့်ဝန်း ကဲ့သို့။ဓမ္မေဟိ။ မြင့်မြတ်သောတရားမွန်တို့ဖြင့်။ ပူရဿ၊ သင်၏ အတွင်းသန္တာန်ဝယ် ပြည့်သျှံဖြိုးမောက်စေပါလော။ပရိပုဏ္ဏာယ။ အညစ်အကြေးကင်းစင်၍ ထက်ဝန်းကျင်ပြည့်ဖြိုးသော။ပညာယ။ မြော်မြင်ဘတ်စွာ၊ဉာဏ်ပညာဖြင့်။တမောခန္ဓံ။ အဝိဇ္ဇာတည်းဟူ

သော အမိုက်တိုး,အမိုက်ခဲကြီးကို၊ပဒါလယ။အလင်းရောင်အမြန်ပွင့်တဲ့အောင်၊ နှေးပင့်မကြာ၊ ယခုပင်ဖြိုခွဲလိုက်ပါတော့ချစ်သွီး။

အို-ချစ်သွီးပုဏ္ဏာ တဆဲ့ငါးရက်မြောက်သောလပြည့်နေ့အခါ၊ လ ဝန်းကြီးပြည့်သလို သင်၏ အတွင်းသန္တာန်မှာ၊ ကောင်းမွန်သောတရားတို့ဖြင့်၊ပြည့်စေပါလော။ပြည့်စုံသောဉာဏ်ပညာဖြင့် အဝိဇ္ဇာတည်းဟူသောမှောင်တိုးကို၊ဖျက်ဖြုန်းဖြိုခွဲလိုက်ပါလော။

ဤဒေသနာတော်ကြီးကို ကြားရ၍ "ငါ့ကို သနားသဖြင့်၊ ရှင်တော်ဘုရားကိုယ်တော်တိုင်ကြွလာပြီး၊ချီးမြှင့်အားပေးတော်မူပါပေတကား။" အားတက်သရော၊ ဤကဲ့သို့ တွေးတောပြီး၊ ဉာဏ်အရှိန်ကို လွှတ်၍ အားထုတ်လိုက်ရာ၊ရဟန္တာမ အဖြစ်သို့ ဆိုက်ရောက်လေသတည်း။၊

ဤကဲ့သို့ရဟန္တာမ-ဖြစ်သောအခါ၊ဘိက္ခုနီမအဖြစ်သို့ရောက်ပြီးလျှင်၊ မိမိ၏ရှေးကံပါရမီများကို စဉ်းစားဆင်ခြင်တဲ့အခါ၊ လွန်ခဲ့သော(၉၄) ကိုးဆဲ့လေးကမ္ဘာထက်က၊ ကိန္နရာမ-ဖြစ်ပြီး၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား၊ ကြည်လင်စွာ လှူဒါန်းတဲ့ ကျူပန်း ဒါနမှစ၍၊ ယခု အဆုံးဘဝသို့ ရောက်အောင်၊ အောင်မြင်လေသည့်တွင်၊ စိတ်နှလုံးရွှင်မြူးလှသဖြင့်၊ဤကဲ့သို့ဥဒါန်းကျူးတော်မူလေသတည်း။

(ဤဆိုလတ္တံ့သော ဂါထာတို့မှာ၊ ထေရီအပဒါန်ပါဠိတော်မှလာသော ဂါထာများဖြစ်ပါသတည်း။)

(က) စန္ဒာဘာဂ နဒီတီရေ၊ အဟောသိံ ကိန္နရီ တဒါ။
အဒ္ဒသံ ဝိရဇံ ဗုဒ္ဓံ၊ သယမ္ဘုံ အပရာဇိတံ။ ။

(က) ဘောန္တော။ အို-အမျိုးသား အပေါင်းတို့။ အဟံ။ အကျွန်ုပ်သည်။ စန္ဒာဘာဂနဒီတီရေ။ စန္ဒာဘာဂမြစ်၏ကမ်းအနီး၌၊ ကိန္နရီ။ ထိုတိရစ္ဆာန် ဇာတ်ကိုမှီသော ကိန္နရီမကလေးသည်။ အဟောသိံ။ ဖြစ်ခဲ့ဘူးပါသတည်း။ တဒါ။ ထိုကိန္နရီမကလေး ဖြစ်သောအခါ၌။ ဝိရဇံ။ ကိလေသာကင်းစင်၍၊ အညစ်အကြေး မတင်သော။ အပရာဇိတံ။ ကိလေသာ တည်းဟူသော ရန်ကို၊

ပယ်လှန်နှိပ်နင်း အောင်မြင်ခြင်းသို့ ရောက်တော်မူပြီးထသော။ သယမ္ဘုံ။ လေးဆင့်သစ္စာကို၊ ဆရာမရှိ အသိလိုသိတော်မူပေထသော။ ဗုဒ္ဓံ။ အရှင်ပစ္စေကဗုဒ္ဓါကို။ အဒ္ဒသံ။ ကံထောက်ပင့်သဖြင့် အသင့်တော်စွာ၊ ဖူးမျှော်ရပါသတည်း။

(ခ) ပသန္နစိတ္တာ သုမနာ။ ဝေဒဇာဘာ ကတဉ္စလီ။
နဂ္ဂမာလံ ဂဟေတွာန။ သယမ္ဘုံ အဘိပူဇယိံ။ ။

(ခ) ထဒါ။ ထိုသို့အရှင်ပစ္စေကဗုဒ္ဓါကို ဖူးမြင်ရသောအခါ၌။ အဟံ။ အကျွန်ုပ်သည်၊ ပသန္နစိတ္တာ။ ကြည်လင်နှစ်သက်၊ သဒ္ဓါရောင် ပြောင်ပြောင်လက်သည့်ဖြစ်၍။ သုမနာ။ အကုသိုလ်အရှိန် မဟာပ်ဘဲ၊ ကောင်းမြတ်သောစိတ်ရှိသည့်ဖြစ်၍။ ဝေဒဇာတာ။ မဖြစ်စဘူး အထူးဝမ်းမြောက်လေသောကြောင့်။ နဂ္ဂမာလံ။ ကျူပန်းကို၊ ဂဟေတွာန။ ခူးယူ၍၊ သယမ္ဘုံ။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို၊ ကတဉ္စလီ။ တင်ချီရှိခိုး။ လက်အုပ်မိုးလျက်။ အဘိပူဇယိံ။ ကြည်ကြည်နူးနူး ပူဇော်ခဲ့ဘူးပါသတည်း။

(ဂ) တေန ကမ္မေန သုကတေန၊ အဂ္ဂိတ္တံ တိဒသံဂတာ။
ဆတ္တိံသ ဒေဝရာဇူနံ၊ မဟေသိတ္တ မကာရယိံ။ ။

(ဂ) သုကတေန။ ကောင်းစွာပြုလုပ် ဆည်းဘူးအပ်သော၊ တေနကမ္မေန။ ထိုကျူပန်းကို လှူဒါန်းခဲ့ရသော ကောင်းမှုကံကြောင့်၊ စဝိတွာ။ ရှေ့တောခဲ့လေသည့်ရှိသော်၊ တိဒသံဂတာ။ နတ်ပေါင်းပျော်ရာ၊ ဝတိန်သာမည့်၊ နတ်တို့ပြည်သို့၊ အဂ္ဂိတ္တံ။ တန်ခိုးငှက်ရောင်၊ ပြောင်ပြောင်ထိန်ညီး၊ နတ်သမီးအဖြစ်ဖြင့်၊ စင်စစ်သွားရောက်ရပေသတည်း။ ဆတ္တိံသဒေဝရာဇူနံ၊ သုံးကျိပ်ခြောက်ပါးသောသိကြားမင်းတို့၏၊ မဟေသိတ္တံ၊ အရှင်မိဖုယား ခေါင်ကြီးအဖြစ်ကို။ အကာရယိံ။ ပြုခဲ့ရပေသတည်း။

(ဃ) ဒသန္နံ စက္ကဝတ္တီနံ၊ မဟေသိတ္တ မကာရယိံ။
သံဝေဇယိတွာ မေ စိတ္တံ၊ ပဗ္ဗဇိံ အနာဂါရိယံ။

(ဃ) ဒသန္နံ စက္ကဝတ္တီနံ။ လေးကျွန်း သနင်း စကြာမင်းဆယ်ပါးတို့၏၊ မဟေသိတ္တံ။ အရှင် မိဖုယားခေါင်ကြီးအဖြစ်ကို

လည်း၊ အကာရယိံ။ ပြုခဲ့ရပေသတည်း၊ ဋ္ဌကဒါနိ၊ ဤယခုနောက်ဆုံးဘဝ၌၊ မေ၊ အကျွန်ုပ်၏၊ စိတ္တံ၊ စိတ်နှလုံးကို၊ သံဝိဇယိတွာ၊ ဘုံဘဝနှောင်းကို တွေးကာတွေးကာ၊ ထိတ်လန့်စေပြီး၍၊ အနဂါရိယံ၊ အိမ်ရာမထောင်သော၊ သာသနာ့ဘောင်၌၊ ပဗ္ဗဇိံ၊ လူဝတ်ကြောင်ကို၊ ချွတ်ရှောင်ပယ်သိမ်းလျက်၊ ငြိမ်းစေဘို့ရည်မှန်း၍၊ ရဟန်းပြုခဲ့ပါသတည်း။ ။

(င) စတုနဝုတိတော ကပ္ပေ၊ ယံပုပ္ဖ မဘိပူဇယိံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပုပ္ဖ ပူဇာယိဒံဖလံ။ ။

(င) ဘောတိယော၊ အို- အမျိုးသမီးအပေါင်းတို့၊ အဟံ၊ အကျွန်ုပ်သည်၊ စတုနဝုတိတောကပ္ပေ၊ လွန်ခဲ့သော (၉၄) ကိုးဆဲ့လေးကမ္ဘာထက်၌၊ ယံပုပ္ဖံ၊ အကြင်ကျူပန်းကို၊ အဘိပူဇယိံ၊ လှူဒါန်းပူဇော်ခဲ့လေပြီ၊ တေနကမ္မေန၊ ထိုကျူပန်းကို လှူဒါန်းခဲ့ရသော ကောင်းမှုကံကြောင့်၊ ဒုဂ္ဂတိံ၊ အပါယ်လေးပါးနှင့်၊ ယုတ်ညံ့သော ဘာဂတိများကို၊ နာဘိဇာနာမိ၊ ကျရောက်မည်ဝေးရော၊ သိရုံကလေးမျှ-မသိရိုးမှန်သည့်သာလျှင်တည်း၊ ဣဒံ၊ ဤသို့ ယုတ်ညံ့သော ဒုဂ္ဂတိကို၊ တင်္ တဆစ်မျှ မသိခဲ့ရခြင်းသည်၊ ပုပ္ဖပူဇာယ၊ တောကျူပန်းကို လှူဒါန်းပူဇော်ခဲ့ရသောစေတနာ၏၊ ဖလံ၊ ယုံမှားဘွယ်မရှိပေဘူး၊ အဓိကရ အကျိုးထူးကြီးမှန်ပေသတည်း။

'ပုဏ္ဏာထေရီ' ဘိက္ခုနီမသည်၊ ဘောင်ပြခဲ့သော ဂါထာတို့ဖြင့်၊ မိမိပြုခဲ့ပြီးသည့်အဖြစ်များကို အားရဝမ်းသာစွာ ဘွဲ့ဆို၍၊ မကြာမကြာ ဥဒါန်းကျူးလေ့ရှိတဲ့ပြင်၊ အမျိုးသမီးပရိသာတ်အလယ်၊ ကြီးကျယ်သော တရားသဘင်တို့မှာလဲ ဤဂါထာများကိုပင်၊ ဟောကြားလေ့ရှိသတဲ့။ ဤ 'ပုဏ္ဏာထေရီ' ဘိက္ခုနီမသည်လည်း၊ မြတ်စွာဘုရား ထင်ရှားရှိတော်မူဘဲ့ ရွှေလက်ထက်တော်အခါ၊ ကောင်းစွာထင်ရှားသောပုဂ္ဂိုလ်မြတ်တဦးဖြစ်လေသတည်း။

[မှတ်ချက်] ဤပုဏ္ဏာထေရီ ဘိက္ခုနီမသည် လွန်ခဲ့သော (၉၄) ကိုးဆဲ့လေးကမ္ဘာထက်က၊ ကိန္နရာမကလေးဖြစ်စဉ်၊ အရှင် ပစ္စေကဗုဒ္ဓါအား၊ ကြည်ညိုစွာလှူဒါန်း၍၊ ကျူပန်းဖြင့်

ရင်းနှီးခဲ့တဲ့ ကုသိုလ်ကံကြောင့်၊ ဤဘုရားသာသနာတော်မှာ၊ ကုလသကောင်းစင်၍၊ ကျွတ်တန်းဝင်လေတဲ့ဖြစ်အင်ကိုထောက်ထားပြီး၊သဒ္ဒါတရားတက်ပွါးထက်သန်စွာနှင့်၊ မိမိတို့တတ်စွမ်းသဖြင့်၊ပန်းအစရှိတဲ့ ဒါနဝတ္ထုများကိုလှူဒါန်းပြီး၊ ကျွတ်တန်းဝင်လိုတဲ့ ဝိဝဋ္ဋမိတ်များကို ရှေ့သွားပြုသင့်ကြပေသတည်း။

(၃) ပုဏ္ဏာသေရီဝတ္ထုပြီး၏။

—0—

ဧကနိပါတ်

(၄) ထေရီ (၇) ပါးတို့၏ဝတ္ထု။

နံပါတ် ၄-၅-၆-၇-၈-၉-၁၀။

ပထမ တိဿာထေရီ၊ ။ဒုတိယ တိဿာထေရီ။ ။ပထမ မိရာထေရီ။ ။ဒုတိယ မိရာထေရီ၊ ။မိတ္တာထေရီ။ ။ဘဒြာထေရီ။ ။ဥပသမာထေရီ။ ။ဤထေရီ(၇)ပါးတို့၏အကြောင်းအဋ္ဌုပ္ပတ္တိမှာ၊ တူမျှကြသောကြောင့်၊ အ ဋ္ဌ ကထာ ၌ လည်း တပေါင်းတည်း အကျဉ်းချုပ်၍ ဘွင့်ပြတော်မူသည်။

(ဤထေရီဘာသာပြန်၌လည်း၊တပေါင်းတည်းငင်ပြဆိုပါအံ့)

တိဿာထေရီမှစ၍၊ထေရီမ(၇)ပါးတို့သည်၊ ရှေးရှေးဘုရားရှင်တို့၏လက်ထက်တော်အခါ၊ကုသိုလ်ပုညများကို ဆည်းဘူးခဲ့ကြတဲ့ အမျိုးသို့များဖြစ်ကြပေတယ်။ ။အထူးဝိသေသအချက်မှာတော့၊လေးသင်္ချေနှင့် ကမ္ဘာတသိန်းအခါ၊ ဒိပင်္ကရာမြတ်စွာဘုရားထင်ရှားပွင့်တော်မူသည်တွင်၊အရှင်သုမေဓာနှင့်သုမိတ္တာတို့၏ ဗျာဒိတ်ခံပွဲကြီးမှာ၊သဒ္ဓါအားတက်၍၊ နှစ်သက်ခြင်း ပီတိဟုန်ဖြင့်၊ “ငါတို့သည် နောင်အခါ သုမေဓာ ရသေ့ကလေး၊ ဘုရားဖြစ်တဲ့ပွဲမှာ ပျော်ပျော်ရွှင်ရွှင်၊ တရားထူးကို သိမြင်၍၊ ကျွတ်တန်းဝင်ရပါလို၏” လို့ ဆုတောင်းခဲ့ဘူးကြတဲ့ အမျိုးသို့များ ဖြစ်ကြပေတယ်။

သုမေဓါရသေ့ ကလေးဘဝတုန်းက၊အမျိုးသို့ပေါင်းများစွာ၊ သဒ္ဓါတရား တိုးတက်ကြသဖြင့်၊ “ဤရသေ့ကလေးရဲ့ အလုပ်,

အကျွေး့ဖြစ်ပြီး၊ ဤရသေ့ကလေးနှင့်အတူ၊ ကျွတ်တန်းဝင်ရပါလို၏'' လို့ ဆုတောင်းတဲ့ အမျိုးသ္မီးတွေဟာ၊အများကြီးရှိသတဲ့၊ ယသော်ဓရာ ဧပဒါန်ပါဠိတော်ကြီးမှာ ထိုအကြောင်းအရာတွေကို၊ ထင်ရှားစွာပြဆိုလျက် ရှိပေတယ်။ ။သည်အခါတုန်းက၊ သုမိတ္တာဆိုတဲ့သူဌေးသ္မီးက၊ ရှေ့သွားခေါင်းဆောင် အဖြစ်နှင့်၊ နှိုး နှိုး ရင်း ရင်း ဆုတောင်းခဲ့တဲ့ အတွက်၊ အဆုံး ဘဝ မှာ လဲ ''ယသော်ဓရာ'' ရယ်လို့၊အထင်အရှားဖြစ်တော်မူလာသတဲ့။ ။ မထင်မရှား ဆု တောင်း ကြ တဲ့ အမျိုး သ္မီး များ မှာ တော့၊ ယသော်ဓရာရဲ့ အခြွေအရံတွေ ဖြစ်ကုန်ကြတာပေါ့၊ ထင်ထင်ရှားရှားကြီး မဟုတ်ရှာကြတော့ဘူး။

ပြဆိုခဲ့ပြီးတဲ့အတိုင်း၊ ဒီပင်္ကရာ ဘုရားရှင်၏လက်ထက်တော်အခါကစပြီး၊ ဆုတောင်း ဆုယူပြုလုပ်ခဲ့ကြရာ။ သံသရာတခွင်မှာသဲ၊ ရံခါရံဘန် ဘုရားလောင်းနှင့်တွေ့။ ရံခါ ရံဘန် ဘုရားလောင်းနှင့်ကွဲ၊ သံသရာသို့င်းလေထဲမှာ၊ တွဲလိုတွဲ, ဆုံလိုဆုံ၊ အမျိုးသ္မီးများဟာ၊ အဖုံဖုံကျင်လည်ခဲ့ပြီးတဲ့နောက်။ ဤဘဒ္ဒကပ်ကမ္ဘာသို့ ရောက်သော်၊ ကပိလဝတ် နေပြည်တော်ကြီးတွင်၊ သာကီဝင်မင်းသ္မီးများ ဖြစ်လာကြတယ်။ ဒီပင်္ကရာ ဘုရားရှင်၏လက်ထက်တော်က၊ဆုတောင်းခဲ့တဲ့အချက်ကြောင့် အစ်မတော် ''ယသော်ဓရာ'' နှင့် အမျိုးသ္မီးတူဖြစ်လာကြတာပေါ့။

အရွယ်ရောက်လို့၊ဘဆသ့်ခြောက်နှစ်ရှိကြတဲ့အခါ၊အလောင်းတော်သိဒ္ဓတ္ထမင်းသား၏ မှန်နန်း အပျိုတော် ကြီး အဖြစ်ဖြင့်၊ မြှောက်စားခြင်းကို ခံကြရတယ်။ ယသော်ဓရာ၏ လက်ပါးစေဘွေပေါ့။ မှန်တဲ့အတိုင်းပြောရမှာဖြင့်၊ အလောင်းတော်သိဒ္ဓတ္ထမင်းသားရဲ့၊ မိဖုယားငယ်ကလေးတွေပေါ့၊ မိဖုယားငယ်များကို''မောင်းမ''ရယ်လို့ ခေါ်ဆိုလေ့ရှိကြတယ်။

အလောင်း တော် သိဒ္ဓတ္ထမင်းသား၏၊ တောင်ညာထားတဲ့မိဖုယားကြီးမှာတော့၊ ယသော်ဓရာတပါးထဲသာ ဖြစ်ပေတယ်။ ထင်ရှားဘော့သဲ ယသော်ဓရာတပါးထဲသာ ထင်ရှားပေတယ်။

မိဖုယားငယ်ဖြစ်တဲ့ မောင်းမပေါင်းမှာ တော့။ (၃၉၆၀၀၀) သုံးသိန်း, ကိုးသောင်း ခြောက်ထောင် ရှိတယ်။ မိဖုယားငယ်တွေဟာ၊ လွန်စွာပေါမျှားဘာပေါ့လေ။

(ယသော်ဓရာ ထေရီ အပဒါန်ပါဠိတော်တွင်၊ ထင်ရှားစွာ ပြဆိုလျက်ရှိသည်။ ဒေသနာမဥ္စရီကျမ်း-ဒုတိယတွဲ မှာလည်း၊ ဤအကြောင်းအရာမျှားစုံလင်စွာပါသည်။)

အဲ........သို့ကလို သိဒ္ဓတ္ထမင်းသား၏၊ မိဖုယားငယ်မျှားဖြစ်၍ နေကြပြီးနောက်၊ အလောင်းတော်မြတ်သည်။ ရွှေနန်းစည်းစိမ်ကို စွန့်ခွါ၍၊ မဟာနိက္ခမ၊ တောထွက်၍ ကြွတော်မူတဲ့အခါ၊ မိဖုယားငယ်မျှားလဲ၊ နန်းတော်တွင်းမှာ၊ ယသော်ဓရာ နှင့် အတူပင် နေကြရတယ်။

ဘုရားဖြစ်တော်မူပြီးအခါ၊ ကပိလဝတ်နေပြည်တော်ကြီးသို့၊ ရှေးဦးစွာ ကြွလာတော် မူပြီးတဲ့နောက်၊ မိထွေးတော်ဂေါတမီသည် သာသနာတော်တွင်းသို့ဝင်၍ရဟန်းပြုလိုတဲ့ဆန္ဒကြောင့်၊ နေပြည်တော်မှထွက်ပြီး၊ ဘုရားရှင်ရှိရာသို့ ပင်ပန်းစွာလာခဲ့ရာ၊ ပြဆိုခဲ့ပြီးတဲ့ထေရီပေါင်း(၇)ဦးတို့လဲ၊မိထွေးတော်ဂေါတမီ၏ နောက်က၊ အတူတကွပါ၍လာရှာကြတယ်။သူတို့လဲ ရဟန်းပြုလိုတဲ့ ဆန္ဒနှင့်၊ လိုက်ပါလာကြတာပေါ့။

ဘုရားရှင်အထံတော်သို့ရောက်၍၊ အမျိုးသ္မီးတို့အား၊ ရဟန်းပြုရန် ခွင့်ပြုဘို့အကြောင်းနှင့်၊အကြိမ်ကြိမ် ခွင့်တောင်းတဲ့အခါ၊ မိထွေးတော်ဂေါတမီကို သနားသဖြင့်၊အမျိုးသ္မီးတို့အား၊ရဟန်းပြုရန် အခွင့်ကို သနားတော်မူတယ်။ သည့်အခါ မိထွေးတော်ဂေါတမီနှင့်အတူ၊ သာကီဝင်မင်းသ္မီး(၇)ဦးတို့လဲ၊ရဟန်းပြုကြတယ်။ ဘိက္ခုနီမသာသနာကို၊ရှေးဦးစွာထမ်းရွက်ကြတဲ့မင်းသ္မီးမျှားပေပေါ့။

သာကီဝင်မင်းသ္မီးဘဝမှ၊ ထေရီမ-ဖြစ်ကြတဲ့အခါ ။ သံသရာဝဋ်ဆင်းရဲမှ၊ လွတ်အောင်ရှုန်းလိုကြတဲ့ အတွက်၊ ထေရီ (၇) ပါးတို့သည်၊ အသီးအသီး ဆိတ်ငြိမ်ရာသို့ကပ် ပြီး၊ ဝိပဿနာ

ကမ္ဘာ့ဌာန်းကို၊စီးဖြန်းဆင်ခြင်ကြတယ်။ ။အမျိုးကာလဲသာကီဝင်၊ ရဲရဲတောက်တဲ့ ပါရမီရှင်များ ဖြစ်ကြတဲ့အတိုင်း မဆုတ်မဆိုင်း၊ အလှိုင်းတကြီး၊ မင်္ဂလာသို့ ရောက် ခါ နီး သည့် တိုင် အောင်၊ ဥာဏ်ရောင်လင်းပွင့်လာတဲ့အခါ၊ မဟာကရုဏာရင်ဖြစ်တော်မူ သော ရှင် တော် မြတ် ဘု ရား သည်၊ ဂန္ဓ ကု ဋီ တိုက် တော် မှ ရောင်ခြည်တော်ခြောက်ဆိုင်ကို ယွှတ်ပြီး၊ ထေရီမတို့၏ရှေ့ထွင် ထင်ထင်ရှားရှား မားမားမတ်မတ် ရပ် တော် မူ သည့် အ လား၊ ကိုယ်တော်ပွါး ဖန်ဆင်းကာ၊ အားပေးချီးမြှောက်သော ဂါထာ များကို၊ အသီးအသီး ဟောကြားတော်မူလေသတည်း။

ပဉ္စမတိသာထေရီအား-ဟောကြားတော်မူသောဂါထာ။

(၄) တိဿေ သိက္ခဿု သိက္ခာယ။မာ တံယောဂါ ဥပစ္စဂုံ၊ သဗ္ဗယောဂ ဝိသံယုတ္တာ။စရ လောကေ အနာသဝါ။

(၄) တိဿေ။ ချစ်သွီးတိဿာ။ သိက္ခာယ။ အကျင့်သိက္ခာ သုံးမျိုးဖြင့်။ သိက္ခဿု။ ကိုယ့် ကိ စ္စ ပြီး ဆုံး အောင်၊ ကျင့်သုံး အားထုတ်ပါလော။ တံ။သင်ချစ်သွီးကို။ယောဂါ။လေးပါးသော ယောဂတို့သည်။ မာဥပစ္စဂုံ။ ကျော် လွန် ဘိ နင်း ၍ မသွားစေ ကုန်လင့်။ တွံ။ သင်ချစ်သွီးသည်၊ သဗ္ဗယောဂဝိသံယုတ္တာ။ အဘွဲ့ အလုံးစုံမှ၊အကုန်လွတ်ကင်းသည်ဖြစ်၍။အနာသဝါ။ အာသဝေါ လေးပါး မရှိဘဲ။ လောကေ။ ဤလောကကြီး အတွင်း၌။ စရ။ အနှောင်အဘွဲ့ လွတ်ကင်း၊အညစ်အကြေး ကင်းရှင်းသည်ဖြစ်၍၊ ရဲရဲလွတ်လပ်စွာ လှည့်လည်ပါလော။

ချစ်သွီး တိဿာ၊ သိက္ခာသုံးပါးတည်းဟူသော အကျင့်ဖြင့်၊ ကိစ္စတုံးအောင် ကျင့်သုံး အားထုတ်ပါလော၊ သင်ချစ်သွီးကို၊ ယောဂတရားတို့က၊လွှမ်းမိုး၍မသွားစေကုန်လင့်၊အနှောင်အဘွဲ့ အမျိုးမျိုးမှလွတ်ကင်း၍သန့်သန့်ရှင်းရှင်း၊ဤလောကအတွင်းမှာ၊ ရဲတင်းစွာ လှည့်လည်ပါလောဟူ၍ ဆိုလိုသည်။

(အဓိပ္ပါယ်မှတ်သားချက်။ ။ဤဂါထာ၌ပါရှိသော''ယောဂ'' သဒ္ဒါ ၏အဓိပ္ပါယ်ကို၊အဋ္ဌကထာဆရာက၊ဤသို့ဘွင့်ပြလေသည်။)

မနုဿတ္တံ၊ ဣန္ဒြိယာဝေကလ္လံ၊ ဗုဒ္ဓုပ္ပါဒေါ။ သဒ္ဓါပဋိလာဘော
တိ ဇာမေယော ဂါ သမယာ ဒုလ္လဘခဏာ။ ။

မနုဿတ္တံ။ လူ့အဖြစ်ဒင်း။ ဣန္ဒြိယာဝေကလ္လံ။ စက္ခု၊ သောတ၊ စသော ဣန္ဒြေရုပ်တို့၏ မချို့တဲ့ခြင်းဒင်း။ ဗုဒ္ဓုပ္ပါဒေါ။ ရှင်တော်ဘုရားထင်ရှားပွင့်တော် မူသောခေတ်ဒင်း။ သဒ္ဓါပဋိလာဘော။ ဗုဒ္ဓသာသနာ၌၊ ကောင်းစွာယုံကြည်ခြင်းဒင်း၊ ဇာတိဇာမေယောဂါ။ ဤယောဂ လေးပါးတို့သည်၊ သမယာ။ အချိန်တို့သည်၊ ဒုလ္လဘခဏာ။ ရနိုင်ခဲသောခဏတို့တည်း။

ဤသို့ ဘွင့်ဆိုတော်မူသောကြောင့်၊ ယောဂ လေးပါးတို့၏ ထူးခြားသော အဓိပ္ပါယ်များ ပေါ်ထွက်လာပေသည်။

" ယောဂလေးပါးကား "

(၁) လူဖြစ်ရခြင်း။ (၂) မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ တို့၏ မချို့တဲ့ခြင်း။ (၃) ဘုရားပွင့်ချိန်ကြုံသော ခေတ်ဖြစ်ခြင်း။ (၄) ဗုဒ္ဓသာသနာကိုကြည်ညိုခြင်း။ (ဤယောဂလေးပါးသည်၊ လွန်စွာ တွေ့ကြုံခဲလှသော ဒုလ္လဘကြီးများ ဖြစ်ကြပေသည်) (သင်္ဂြိုဟ် ကျမ်း သမုဒ္ဒည်းပိုင်း၌၊ ပြဆိုအပ်သော ယောဂ လေးပါးကား၊ တမျိုး ဖြစ်ပေသည်။)

အထက်၌ ပြဆိုခဲ့သော ယောဂကြီးလေးပါးနှင့် ပြည့်စုံပါလျှင်၊ ထိုယောဂများကို မဆုံးရှုံးပါစေနှင့်၊ အကျိုးရှိအောင် အသုံးပြုပါ။

ယခုခေတ်အခါ၊ ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားရာ ဖြစ်သော ဤ မြန် မာ နိုင် ငံ တော် ကြီး ၌ ဖြစ် ပွား ကြ ကုန် သော ဗုဒ္ဓဘာသာ မြန်မာအမျိုးသား အမျိုးသမီးတို့သည်၊ ထိုယောဂကြီး လေးပါးနှင့် ပြည့်စုံ၍နေဆဲ ဖြစ်ကြလေသည်။ ။တိဿထေရ် အား၊ ရှင်တော်မြတ်ဘုရား၊ဆုံးမနည်းပေးတော်မူသောအတိုင်း၊ ထိုရရှိနေသော ယော ဂ လေး ပါး တို့ ကို မဆုံးရှုံးစေခြင်းငှါ၊ များစွာသတိပြုသင့်ကြပေသည်။

ပြဆိုခဲ့ပြီးသော ဂါထာဖြင့် ဟောကြား၍၊ အားပေးတော်မူ

သောအခါ၊ တိဿာထေရီသည်။ ထိုနေရာ ၌သာနိဗ္ဗာန်ပင်လျှင်၊ ရဟန္တာမ အဖြစ်သို့ ဆိုက်ရောက်လေသတည်း။

**ဒုတိယတိဿာထေရီအား-ဟောကြားတော်မူသောဂါထာ။**

(၅) တိဿေ ယုဉ္ဇဿု ဓမ္မေဟိ။ခဏော တံ မာဥပစ္စဂါ။
ခဏာတီတာဟိ သောစန္တိ။ နိရယမှိ သမပ္ပိတာ။ ။

(၅) တိဿေ။ ချစ်သို့း တိဿာ၊ ဓမ္မေဟိ။ မှန် မြတ် သော ဘာဝနာတရားတို့နှင့်၊ ယုဉ္ဇဿု။ မကွေမကွဲ အမြဲယှဉ်ပါလော၊ တံ၊သင်ချစ်သို့းကို၊ခဏော။ ကောင်းမြတ်သောအချိန် ခဏသည်၊ မာဥပစ္စဂါ ။လွန်ဆုံး၍မသွားပါစေလင့်၊ဟိ။ခဏ လွန်ဆုံးသဖြင့်၊ အရှုံးနစ်နာပုံသဘောကို ပြဆိုတော်မူဦးအံ့။ ခဏာတီတာ။ ခဏ ကောင်း-ခဏမှန်တို့၏၊လွန်ဆုံးခြင်းကို ခံရကုန်သော၊ ဇနာ။ လူ များ အပေါင်းတို့သည်၊ နိရယမှိ။ ဒုက္ခလွှမ်းခြုံ၊ ငရဲဘုံ၌၊ သမပ္ပိ တာ။ကျရောက်နစ်မွန်းကြကုန်သည်ဖြစ်၍၊ သောစန္တိ။ ကြာရှည် မအေး၊ တရွေးရွေးဖြင့်၊ ပူဆွေးစိုးရိမ်ကြရလေကုန် သတည်း။

ချစ်သို့းတိဿာ၊ သင်၏ကိုယ်နှင့် စိတ်ကို၊ ကောင်းမွန်သော ဘာဝနာ တရားတို့နှင့် မကွေမကွဲ၊ အမြဲယှဉ်၍နေပါစေလော။ အဘိုးထိုက်တန်သော ခဏကောင်း ခဏမွန်များကို လွန်ဆုံး၍ မသွားပါစေလင့်။အကြောင်းကိုဆိုသော်၊ခဏကောင်း ခဏမွန် လွန်ဆုံးခြင်းကိုခံရကုန်သောသူတို့သည်၊အပါယ်ငရဲ၌နစ်မွန်း၍၊ ရှည်ကြာလေးမြင့်စွာပူဆွေးစိုးရိမ်ကြကုန်သည်ဟူ၍ဆိုလိုသတဲ့။

(ဤဂါထာ၌။ ။အချိန်လွန်ဆုံးသဖြင့်၊ဆုံးရှုံးနစ်နာကြောင်း၊ အချိန်ကို မဆုံးရှုံးစေသင့်ကြောင်းများကို၊ ပဓါနထား၍ ဟော ကြားတော်မူသည်။ ။ထိုကြောင့် ဗုဒ္ဓဘာသာမှန်သမျှတို့သည်၊ အချိန်ခဏ၏ အဘိုးထိုက်တန်ကြောင်းကို၊ ကောင်းစွာသိမြင်ကြ ပြီးလျှင်၊အချိန်းဆုံးရှုံးအောင်မပြုသင့်ကြပေ။ ။အဘိုးတန်သော အချိန်များကို၊ အဘိုးတန်အောင် ပြုသင့်ကြပေသတည်း။

ဤဂါထာကိုကြားရာ၊ တိဿာထေရီ ဘိက္ခုနီမသည်လည်း၊

အားထုတ်ကြိုးစား၍၊ တရားထူးကို သိမြင်ကာ၊ ရဟန္တာမအဖြစ် သို့ရောက်လေသတည်း။

**ပဿမဒိချသေရီအား-ဟောကြားတော်မူသော ဂါထာ**

(၆) ဓိရေ နိရောဓံ ဖုသေဟိ။ သညာ ဝူပသမံ သုခံ။
အာရာဓယာဟိ နိဗ္ဗာနံ။ ယောဂက္ခေမ မနုတ္တရံ။ ။

(၆) ဓိရေ၊ ချစ်သွေးဓိရာ။ သညာဝူပသမံ။ အမှတ်သညာ အမျိုးမျိုးတို့၏ ကင်းရာချုပ်ရာဖြစ်သော။ သုခံ။ ချမ်းသာအစစ် အမှန်လည်း ဖြစ်ပေထသော။ နိရောခံ။ တဏှာချုပ်၍၊ ငြိမ်းရာ အမှန်၊ မြတ်နိဗ္ဗာန်ကို။ ဖုသေဟိ။ ဆိုက်ရောက်အောင် ကြိုးစား ပါလော။ ယောဂက္ခေမံ။ ယောဂအလုံးစုံတို့၏ကုန်ရာဖြစ်သော အနုတ္တရံ။ တရားတကာတို့ထက်၊ အသာဆုံး, အမြတ်ဆုံးလည်း ဖြစ်ပေထသော။နိဗ္ဗာနံ။နိဗ္ဗာန်ချမ်းသာကို။အာရာဓယာဟိ။အာရုံ ထား၍၊ လိုလားနှစ်သိမ့်ပါလော။

(ဤဂါထာ၏ အဓိပ္ပါယ်မှာ ထင်ရှားပြီး အချုပ်အားဖြင့် ဆိုသော် "နိဗ္ဗာန်ကိုအမြန်ရောက်အောင်ကြိုးစားပါ" ဟူ၍တိုက် တွန်းတော်မူခြင်းဖြစ်ပေသည်။ ။ဤဂါထာ၌ "**သညာဝူပသမံ**" ဟူ၍၊ နိဗ္ဗာန်၏ ဂုဏ်ထူးကို ဟောကြားတော်မူသည်။ နိဗ္ဗာန် ဓါတ်၌၊ အမှတ်သညာအမျိုးမျိုး ချုပ်ဆုံး၏။ သညာမရှိဟု ဆိုလို သည်။ ။အဖွင့်မှချဲ့၍ပြပါဦးမည်။ ။လောကီဘုံဗွာနကြီးသည်၊ အမှတ်သညာအမျိုးမျိုး အုပ်စိုး၍နေသော နိုင်ငံကြီးဖြစ်၏။ ။ ဤကားကောင်း၏။ ဤကားမကောင်း။ ဤကားလှပ၏။ ဤကား အရုပ်ဆိုး၏။ ဤကားနှစ်သက်ဘွယ်ရှိ၏။ ဤကားနှစ်သက်ဘွယ် မရှိ၊ ဤဝတ္ထုသည်၊ထိုဝတ္ထုထက်သာ၏။ ဤသူသည်၊ထိုသူထက် ဂုဏ်ရှိ၏။ ဤသို့စသောအားဖြင့်၊ လောကဓါတ် တခွင်လုံးမှာ၊ သညာတွေ အဆုံးမရှိများလေသည်။ သညာကအမှတ်ပြု၍ထား သောအတိုင်း၊ လောဘက လိုက်စား၍နေ၏။ ။သညာနယ် လည်းမဆုံး။လောဘအစွမ်းလည်းမဆုံးဖြစ်၍နေ၏။ လောဘအ

r စွမ်းကိုအဆုံးမသတ်နိုင်သမျှ၊ဘယ်အခါမှာမှ၊လွတ်လပ်ချမ်းသာ

ခွင့်ကို ရနိုင်ကြမည် မဟုတ်ကုန်။ ထို့ကြောင့် အလုံးစုံသောဘုံ သုံးပါးသည်၊ ဒုက္ခအတိသာဖြစ်၏ဟူ၍ပညာရှိသူတော်ကောင်း များတထစ်ချ-မိန့်ကြားတော်မူကြကုန်သတည်း။ )

ဆိုခဲ့ပြီးသော အမှတ်သညာအမျိုးမျိုးမရှိလျှင်၊ တဏှာလည်း လိုက်စားဘို့အခွင့်မရှိတော့မည်မဟုတ်။ တဏှာအခွင့်မတိုးလျှင် ဒုက္ခလည်းဆုံးလေတော့သည်။ထို့ကြောင့်နိဗ္ဗာန်ကို"သညာရူပ သမံ" အမှတ်သညာ အလုံးစုံ၊ အကုန်ကင်းလွတ်၍၊ ချမ်းသာ အထွဋ်ဟူ၊ မြတ်စွာဘုရား မိန့်ကြားတော်မူပေသတည်း။

ဤဂါထာကို ကြားနာပြီးသည်၏ အဆုံး၌၊ မိရာထေရီ ဘိက္ခုနီမသည်၊ ရဟန္တာမအဖြစ်သို့ ရောက်လေသတည်း။

"ဒုတိယ-မိရာထေရီ-ဥဒါန်းကျူးရင့်သောဂါထာ"

(၇) မိရာမိရေဟိ ဓမ္မေဟိ။ဘိက္ခုနီ ဘာဝိတိန္ဒြိယာ။

ဓါရေတိ အန္တိမံ ဒေဟံ။ဇေတွာ မာရံ သဝါဟနံ။ ။

(၇) မိရေဟိ။ တည်ကြည်ခိုင်ခန့်ကုန်သော။ ဓမ္မေဟိ။တရား မြတ်တို့ဖြင့်။ ဘာဝိတိန္ဒြိယာ။ ပွါးများအပ်ပြီးသော ဣန္ဒြေရှိသည် ဖြစ်၍။ မိရာ။မယိမ်းမယိုင်၊ခိုင်ခန့်တည်တန့်သော သမာဓိဓါတ်ရှိ ပေသော။ဘိက္ခုနီ၊ရဟန္တာမသည်။ သဝါဟနံ။စစ်သည်ဗိုလ်ပါ နှင့်တကွသော။ မာရံ။ ကိလေသာတည်းဟူသော မာရ်စစ်သည် အပေါင်းကို။ ဇေတွာ။ အောင်မြင်နိုင်နင်း၊ အောင်ပွဲခင်းလျက်။ အန္တိမံဒေဟံ။အဆုံးစွန်ရှိသောကိုယ်ခန္ဓာကို။ ဓါရေတိ။အောင်ပွဲ ခင်း၍ ဆောင်လေသတည်း။

(ဤဂါထာကား၊မြတ်စွာဘုရားကဟောကြားတော်မူအပ်သော ဂါထာမဟုတ်ပေ။ရဟန္တာမအဖြစ်သို့ရောက်သောအခါ'ဒုတိယ မိရာထေရီ' ကျူးရင့်သော ဥဒါန်းဂါထာဖြစ်ပေသည်။)

မိတ္တာထေရီအား-ဟောကြားတော်မူသောဂါထာ

(၈) သဒ္ဓါယ ပဗ္ဗဇိတွာန။မိတ္တေ မိတ္တရတာ ဘဝ။

ဘာဝေဟိ ကုသလေဓမ္မေ။ယောဂက္ခေမဿ ပတ္တိယာ။

(၈) မိတ္တေ။ ချစ်သွေးမိတ္တာ၊ တွံ။ သင်ချစ်သွေးသည်။ သဒ္ဓါယ။

ငါဘုရားသာသနာကို၊ လွန်စွာယုံကြည်သည်ဖြစ်၍။ ပဗ္ဗဇိတွာန။ ရဟန်းပြုခဲ့လေသည် ဖြစ်သောကြောင့်။ မိတ္တာရတာ၊ အရိယာသူတော်ကောင်း၊ ကလျာဏမိတ်အပေါင်းတို့နှင့်၊ ညွတ်ညောင်းပျော်မွေ့သည်။ ဘာဝ။ ဖြစ်ပါလော။ ယောဂက္ခေမသ။ ယောဂအားလုံး။ ကုန်ဆုံးရာမှန်၊ မြတ်နိဗ္ဗာန်သို့။ ပတ္တိယာ။ လျှင်မြန်ထုတ်ချောက်၊ ပေါက် ရောက် စံ စား ခြင်း ငှာ။ ကုသလေဓမ္မေ။ မြင့်မြတ်သော ကု သိုလ် တ ရား တို့ ကို။ ဘာဝေဟိ။ မနားမနေ၊ ကြိုးစားလေလော။

(ဤဂါထာ၏ အဓိပ္ပါယ်မှာလည်း၊ထင်ရှားပါပြီ။ ။အချုပ်အားဖြင့်“ကလျာဏမိတ္တ” ခေါ်သော အရိယာသူတော်ကောင်းတို့နှင့် ပေါင်းသင်း၍၊ကုသိုလ်တရားကို များများကြီးပွါးများပါဟု ဆိုလိုသည်။)

ဤဂါထာကို ကြားနာပြီးသည့်၏အဆုံး၌၊ မိတ္တာထေရီလည်း၊ ရဟန္တာမအဖြစ်သို့ ရောက်လေ၏။

ဘဒြာထေရီအား-ဟောကြားတော်မူသောဂါထာ။

(၉) သဒ္ဓါယ ပဗ္ဗဇိတွာန၊ ဘဒ္ဒေ ဘဒြိရတာ တဝ။
ဘာဝေဟိ ကုသလေဓမ္မေ။ ယောဂက္ခေမ မနုတ္တရံ၊

(၉) ဘဒ္ဒေ။ ချစ်သို့ဘဒြာ။ တွံ။သင်ချစ်သို့သည်။ သဒ္ဓါယ။ ငါဘုရားသာသနာကို၊ လွန်စွာယုံကြည်သည်ဖြစ်၍။ ပဗ္ဗဇိတွာန။ ရဟန်းပြုခဲ့လေသည် ဖြစ်သောကြောင့်။ဘဒြိရတာ။ကောင်းမြတ်သောသီလသိက္ခာ၊ ဘာဝနာတို့၌ သာ မွေ့ လျော် သည်။ ဘဝ။ ဖြစ်ပါလော။ယောဂက္ခေမံ။ယောဂလေးပုံ၊ကင်းကုန်လွတ်ငြိမ်းရာဖြစ်သော။ အနုတ္တရံ။ ပြိုင်ဘက်ကင်းဘိ၊ တုမရှိသည့်၊ သန္တိအမှန်၊ မြတ်နိဗ္ဗာန်ကို။ အဓိဂမာယ။ ရ ခြင်း ရောက် ခြင်း ငှာ။ ကုသလေဓမ္မေ။မြင့်မြတ်သော ကုသိုလ်တရားတို့ကို၊ ဘာဝေဟိ။ မနားမနေ၊ ကြိုးစားလေလော။

(ဤဂါထာ၏ အဓိပ္ပါယ်မှာလည်း၊ (ဂ) နံပါတ် ဂါထာနှင့် များစွာ ခြားနားတော့သည် မဟုတ်ချေ။ ။ဤဂါထာ၌‘ ဘဒြ’’

ဆိုသည့်ကား၊ အလွန်ကောင်းမြတ်သည့်ကို ဆိုလိုသည်။ ဘဒြ, ဘဒ္ဒ, သဒ္ဒါနှစ်ရမှာ၊ အနက်တူပင်ဖြစ်၏။)

ဤ''ဘဒြ''သဒ္ဒါနှင့်စပ်၍၊မွေပဒပါဠိတော်၌၊ဟောကြားတော်မူအပ်သော ဂါထာတပုဒ်ကို၊ထုတ်ဆောင်၍ပြလိုက်ပါသည်။

ဘဒြောပိ ပဿတိ ပါပံ။ ယာဝ ဘဒြံ နပစ္စတိ၊
ယဒါစ ပစ္စတိ ဘဒြံ။ အထ ဘဒြော ဘဒြာနိ ပဿတိ။

ဘိက္ခဝေ။ ရဟန်းတို့။ ယာဝ။ အကြင်မျှလောက်။ ဘဒြံ။ ကောင်းမြတ်သောကုသိုလ်ကံသည်။နပစ္စတိ။အကျိုးမပေးသေး။ တာဝ။ ထိုမျှလောက်။ ဘဒြောပိ။ သူတော်ကောင်းကြီးပင်ဖြစ်သော်လည်း။ပါပံ။ မကောင်းကျိုးကို။ပဿတိ။ ဒိဋ္ဌတွေ့ကြုံရ၏။ ယဒါစ။ အကြင် အခါ၌ မူကား။ဘဒြံ။ ကောင်းမြတ် သောကုသိုလ်ကံသည်။ ပစ္စတိ။အကျိုးပေး၏။ အထ။ထိုရောအခါ၌။ ဘဒြော။ သူတော်ကောင်းသည်။ ဘဒြာနိ။ ကောင်းကျိုးချမ်းသာတို့ကို။ ပဿတိ။ကိုယ်တွေ့ဒိဋ္ဌ ကြုံကြိုက်ရလေတော့သတည်း။

ဤကား ''ဘဒြ'' သဒ္ဒါနှင့် စပ်၍။ ပြဆိုအပ်သောစကားပေတည်း။ ဤဂါထာကို ကြားနာပြီးသည့်၏ အဆုံး၌။ ဘဒြာ ထေရီလည်း၊ ရဟန္တာမအဖြစ်သို့ရောက်လေ၏။

**ဥပသမာထေရီအား-ဟောကြားတော်မူသောဂါထာ။**

(၁၀) ဥပသမေ တရေဩဃံ။ မစ္စုဓေယျံ သုဒုတ္တရံ။
ဓာရေဟိ အန္တိမံဒေဟံ။ဇေတွာ မာရံ သဝါဟနံ။

(၁၀) ဥပသမေ။ချစ်သို့း ဥပသမာ။ တွံ။ သင်ချစ်သို့းသည်။ မစ္စုဓေယျံ။ သေမင်းအုပ်စိုး။ဂုဏ်တန်ခိုးပြ၍နေသော။သုဒုတ္တရံ။ ကူးမြောက်ခြင်းငှါ၊လွန်စွာခဲယဉ်းထသော။ဩဃံ။သံသရာဝဲဩဃကြီးကို။တရေ တရေယျာသိ။တဘက်ကမ်းသို့ရောက်အောင် ကူးမြောက် ကြိုးစားလိုက်ပါလော။သဝါဟနံ။စစ်သည် ဗိုလ်ပါအပေါင်းနှင့် တကွ ဖြစ်သော၊ မာရံ။ ကိလေသာ မာရ်မင်းကို၊ ဇေတွာ။ အောင်မြင်နိုင်နင်း အောင်ပွဲခင်းလျက်၊ အန္တိမံဒေဟံ။ အဆုံးစွန်သောခန္ဓာကိုယ်ကို၊ ဓါရေဟိ။ရွက်ဆောင်ပါလော။

(ဤဂါထာ၏ အဓိပ္ပါယ်မှာလည်း၊ မခက်ခဲချေ။ ။အချုပ်အားဖြင့် ''သေမင်းအုပ်စိုးသောသံသရာကြီးကို ကူးမြောက်ပါ။ ဤဘဝကိုအဆုံးထားပါ''ဟု ဆိုလိုရင်းဖြစ်ပေသည်။)

ဤဂါထာ၌''မစ္စုဓေယျ'' ဆိုသည်မှာ၊ သေမင်းပိုင်စိုးသောနိုင်ငံဟုဆိုလို၏။ ထိုစကားသည်မှန်၏၊ သုံးဆဲ့တဘုံဟု ခေါ်ဆိုအပ်သောသံသရာလောကကြီးသည်၊သေမင်း၏အာဏာတန်ခိုးထွမ်းမိုးရာနိုင်ငံကြီးဖြစ်ပေသည်။ဤသံသရာနိုင်ငံကြီး၌ သေမင်းသည်၊ တန်ခိုးအာဏာအကြီးဆုံးဖြစ်၏။ ။စကြဝတေး,မန္ဓတ်,မှစ၍၊ မည်မျှဘုန်းတန်ခိုးကြီးသည်ဆိုသော ပုဂ္ဂိုလ်တို့ပင်သော်လည်း၊ သေမင်းအာဏာကို မသွန်ဆန်နိုင်ကြချေ။ အဆုံးတရက်မှာ သေမင်းအာဏာဖြင့် စိရင်ရာကိုခံကြရကုန်၏။ သံသရာထဲ၌ရှိသမျှ သတ္တဝါအပေါင်း တို့သည်၊ သေမင်း၏ လက်တွင်းသို့၊ အသက်ခွန်ကိုဆက်သွင်းကြရစမြဲပေတည်း။ထိုကြောင့်သံသရာလောကကြီးကို၊ သေမင်း ပိုင် စိုး သော နိုင် ငံ ဟူ ၍ ဆိုရလေသတည်း။

ဤဂါထာကိုကြားနာပြီးသည်အဆုံး၌၊ဥပသမာထေရီလည်း၊ ကိလေသာကုန်ခန်း၍၊ရဟန္တာမအဖြစ်သို့ရောက်လေသတည်း။

(၄) သေရီ ခုနစ်ပါးကို တပေါင်းတည်း ပြဆိုရာဖြစ်သော အခန်း-ပြီး၊ပြီး

ကေနိပါတ်။

## (၁၁) သုမင်္ဂလာထေရီဝတ္ထု။

လွန်ခဲ့သော ကမ္ဘာတသိန်းအခါ၊ ပဒုမုတ္တရ မြတ်စွာဘုရားသည်၊ လောကသုံးပါး၌ အထင်အရှား ပွင့်တော်မူခဲ့တယ်။ ။ ထိုအခါ ရှင်ဂေါတမ ဘုရားလောင်းသည်၊ ဟံသာဝတီနေပြည်တော်ကြီးမှာ၊ ပစ္စည်း ဥစ္စာ များစွာ ကြွယ်ဝတဲ့ သူဌေးကြီးဖြစ်တော်မူတယ်၊ အမည်သညာမှာတော့''ဇဋိလ''တဲ့။

တနေ့သောအခါ ''ပဒုမုတ္တရ'' ရှင်တော် မြတ်ဘုရားသည်။ အလောင်းတော် ဇဋိလ သူဌေးကြီးအား၊ နေ့ခင်းဘုန်ဂတစ်အခါ၊

“ဂေါတမ” ဘုရားရယ်လို့ထင်ရှားစွာဖြစ်လိမ့်မယ်ဆိုတဲ့ဗျာဒိတ်စကားကို၊ မိန့်ကြားတော်မူမည်ဖြစ်ရာ၊ သင်္ဃာတော်များစွာခြံရံတော်မူလျက်၊ ဟံသာဝတီ မြို့တော်ကြီး အတွင်းသို့ ထွန်းလင်းသော ဘုရားကြွက်သရေတော်ဖြင့်၊ ဆွမ်းအလို့ငှာ ကြွတော်မူလာတယ်။ ။ကြွလာတော်မူခြင်း အကြောင်းကလဲ၊ အခြား မဟုတ်ဘူး၊ အလောင်းတော် ဇဋိလ သူဌေးကြီးက၊ ပဒုမုတ္တရမြတ်စွာဘုရားအား၊ များလှစွာသော နောက်ပါသင်္ဃာတော်တို့ဖြင့်၊ ဆွမ်းအလှူကို လှူတော်မူခြင်းငှာ၊ ဆောက်အပ်ပြီးသော မဏ္ဍပ်ကြီးသို့ ကြွလာတော်မူပါလို့ လျှောက်ထားတဲ့ အတွက်ကြောင့်တဲ့။

အဲ-သို့ကလို ဟံသာဝတီ မြို့တော်ကြီးအတွင်းသို့၊ ရှင်တော်ဘုရားကြွလာတော်မူတဲ့အခါ၊ မြို့ဘော်သူ မြို့တော်သား လူများအပေါင်းတို့က၊ အားရနှစ်သိမ့်စွာ ကြည်ညိုကြတဲ့အတွက်၊ လမ်းခရီးကို အထူးပြုပြင်ပြီး၊ သဲဖြူးခြင်း၊ ရေပြည့်အိုး တည်ခြင်း၊ ငှက်ပျောပင်,ကြံပင်, တို့ကို၊ လမ်းနံ့ဘေး၌စိုက်ထားခြင်း၊ တံခွန်ကုက္ကား,မုလေးပွားတို့ကို ဆွဲထားခြင်း၊ ပန်းအမျိုးမျိုးတို့ကို ကြဲမြှောက်ခြင်း၊ပန်းနွေ့ရာခင်းခြင်းမှစ၍၊လမ်းခရီးတလျှောက်လုံးမှာ၊ ပူဇော်ဘွယ်တို့ဖြင့်ပူဇော်ကြတယ်။

ထိုအခါ၊ဟံသာဝတ်မြို့တော်သူ၊အမျိုးသမီးကလေးတယောက်ဟာ၊ ဘုရားရှင်၏ ကြည်လင် နှစ်သိမ့်စဘွယ် တင့်တယ်သောအသရေတော်များကို ကြည်ညိုလှသဖြင့်၊မိမိအိမ်ရှေ့ ဥပစာ၌ ရှိတဲ့ခရီးကို၊ သဲဖြူးခြင်း၊ ပန်းနွေ့ရာခင်းခြင်းမှစ၍၊ ပြုဘွယ်ကိစ္စများကို၊ သဒ္ဓါတရားထက်ထက်နှင့်၊ နှစ်သက်မြတ်နိုးစွာပြုသတဲ့။

ထိုနေ့မှာပင်ပဒုမုတ္တရရှင်တော်မြတ်ဘုရားသည်၊ များလှစွာသောပရိသာတ်ကြီးအလာမှာ၊ဇဋိလသူဌေးကြီးအား‘သင်သည်နောင်ကမ္ဘာဘသိန်းအခါ၊ဘဒ္ဒကပ်ကမ္ဘာတွင်၊သာကီနွယ်ဘွား၊ “ဂေါတမ” မြတ်စွာဘုရားရယ်လို့၊ ထင်ရှားစွာပွင့်လိမ့်မယ်”။ အဲ . သို့ကလို ဗျာဒိတ်စကားမြွက်ကြားတော်မူတယ်။

ဗျာဒိတ်ပေးတော်မူတဲ့ စကားကိုကြားတော့၊ မြို့သူ,မြို့သား, အပေါင်းတို့က။ ဘယ်လိုဆုတောင်းကြသလဲဆိုလျှင်၊ ''တပည့်တော်, တပည့်တော်မ,တို့လဲ၊ ဇဒိုလသူဌေးကြီးသည်၊ နောင်ကမ္ဘာတသိန်းအခါ၊ သာကီနွယ်ဘွား၊ဂေါတမဘုရားဖြစ်တော်မူသည့်တွင် ကျွတ်တမ်းဝင်ကြရပါလို၏ဘုရား'' လို့ ဆုတောင်းကြသတဲ့။ ။ပဒုမုတ္တရ ရှင်တော်မြတ်ဘုရားကလဲ၊ ''သင်တို့တောင်းသောအတိုင်း၊ ပြည့်စုံကြလိမ့်မယ်'' လို့၊ အနာဂတံသဉာဏ်ဖြင့် ရှုဆင်ခြင်ကာ၊ ဗျာဒိတ်ပေးတော်မူပြန်တယ်။

ဗျာဒိတ်ပွဲကြီးဆိုတာ၊ လွန်စွာကြီးကျယ်တယ်၊ ဘုရားတဆူတဆူမှာမှ၊ ဗျာဒိတ်ပွဲကြီး တကြိမ် တကြိမ် ဖြစ်လေ့ ရှိတယ်။ ဗျာဒိတ်ပွဲတော်ကြီးနှင့်တွေ့ကြုံကြရတဲ့ လူ,နတ်,ဗြဟ္မာ, သတ္တဝါတွေဟာ၊ ကျွတ်ဆုကိုမတောင်းတဲ့သူရယ်လို့ မရှိကြဘူးတဲ့။

ဗိုဗျာဒိတ်ပွဲတော်ကြီးမှာ၊ ပြဆိုခဲ့တဲ့ အမျိုးသမီးကလေးဟာ၊ သဒ္ဓါစေတနာတက်ကြွပြီး၊ဘုရားရှင်၏ထံပါးမှာဝပ်တွားလျက်၊ ''ဘုန်းတော်ကြီးလှသော အရှင်ဘုရား၊ တ ပည့် တော် မ သည်၊ သင်္ဃာတော်အများနှင့် အရှင်ဘုရားကြွတော်မူရန် ဖြစ်တဲ့လမ်းကို၊ တင့်တယ်အောင် ပြုပြင်ရတဲ့ ကုသိုလ် စေတနာကြောင့်၊ ဤဇဒိုလသူဌေးကြီး ဘုရားဖြစ်တဲ့အခါ၊ကျွတ်တမ်းဝင်ရပါစေ၊ ဖြစ်လေရာဘဝမှာလဲ၊ဇဒိုလသူဌေးကြီးရဲ့အစေခံအလုပ်အကျွေး ဖြစ်ရပါလို၏ဘုရား'' ဆဲ-သို့ကလို ဆုတောင်းရှာသတဲ့၊ပဒုမုတ္တရ ရှင်တော်မြတ်ဘုရားကလဲ၊ ''သင်တောင်းတဲ့ဆုအတိုင်း ပြည့်စုံစေ'' လို့ ဆုပေးတော်မူတယ်။

ဆဲ-ထိုအမျိုးသမီးကလေးဟာ၊လွန်ခဲ့သောကမ္ဘာတသိန်းအခါ၊ စေတနာငွှင်ငွှင်နှင့်၊လမ်းပြင်၍လှူဒါန်းခဲ့တဲ့ကုသိုလ်ထူးကြောင့် ထိုဘဝမှစုတေတဲ့အခါ၊ ရှည်လျားတဲ့သံသရာတခွင်မှာ၊ အောက်တန်းကြတဲ့ ဒုဂ္ဂတိဘဝမျိုးတို့၌ မလားရဘဲ။ အထက်တန်းစားဖြစ်တဲ့ သုဂတိသံသရာတခွင်မှာ၊ ချမ်းသာ အ မျိုး မျိုး၊ တန်ခိုးအထွေထွေ၊ ကြက် သ ရေ အ ဖုံ ဖုံ နှင့် အပြည့်စုံကြီးပြည့်စုံပြီး၊

စံစားလို့ မငြီးနိုင်အောင် ကျင်လည်ခဲ့ရသတဲ့။ လူ့ဘဝပေါင်း အသင်္ချေ၊နတ်ဘဝပေါင်းအသင်္ချေ၊ချမ်းသာစည်းစိမ်တွေအများ အပြားနှင့်တခမ်းတနား ကျင်လည်ရတယ်ဆိုပါတော့။

ထိုအမျိုးသမီးကလေးဟာ၊ဘဝတိုင်း,ဘဝတိုင်း,မှာ၊ သူတပါး တို့ထက်သာလွန်တဲ့ ဂုဏ်ထူး (၇) ပါးနှင့် ပြည့်စုံသတဲ့။ ။ ဂုဏ်ထူး(၇)ပါးဆိုတာက၊(၁)ရူပ-အဆင်းလှခြင်း။(၂)ဘောဂ စည်းစိမ်အသုံးအဆောင်တွေများခြင်း။(၃)ယသ-အခြံအရံတွေ များခြင်း။ (၄) အာယု-အသက်ရှည်လျားခြင်း။(၅) ကိတ္တိ-ဂုဏ် သတင်း ကျော်စောခြင်း။ (၆) သုခ-ကိုယ်ရောစိတ်ပါ အချမ်း သာကြီး ချမ်းသာခြင်း။ (၇) ပိယ-လူတကာတို့မြင်လျှင်၊ချစ်ခင် မြတ်နိုးခြင်း။ အဲ-သို့ကသို့ ဂုဏ်ထူး (၇) ပါးနှင့်ပြည့်စုံသတဲ့။ ။ သို့ကလိုဂုဏ်ထူး (၇) ပါးနှင့် ပြည့်စုံကြောင်းကို "သုမင်္ဂလ ထေရီအပဒါန်မှာ" ပြဆိုလတ့်သော ဂါထာဖြင့်၊ ဟောကြား တော်မူခဲ့ပေတယ်။

ရူပံ ဘောဂံ ယသံ အာယုံ၊ အထော ကိတ္တိံ သုခံင်ယံ၊
လဘာမိ သတတံ သဗ္ဗံ၊ သုကတံ ကမ္မသမ္ပဒံ

ဘောတိယော။ အို-အမျိုးသမီး အပေါင်းတို့။ အဟံ။ ကျွန်ုပ် သုမင်္ဂလထေရီသည်၊ ဘဝေ-ဘဝေ၊ ဘဝတိုင်း, ဘဝတိုင်း, (၁) ရူပံ။အဆင်းလှခြင်းကိုရင်း။(၂)ဘောဂံ။ စည်းစိမ်များခြင်း ကိုရင်း။(၃)ယသံ။အခြံအရံများခြင်းကိုရင်း။(၄)အာယုံ။အသက် ရှည်ခြင်းကိုရင်း။(၅)အထော။ထိုမှတပါး။ ကိတ္တိံ။ဂုဏ်သတင်း ကျော်စောခြင်းကိုရင်း။(၆)သုခံ။ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း ကိုရင်း။ (၇) ပိယံ။ အများတကာမြင်လျှင်။ ချစ်ခင်နှစ်သက်ခြင်း ကိုရင်း။သတတံ။မပြတ်မလပ်။ လဘာမိ။ရခဲ့ပေသတည်း။ သဗ္ဗံ။ ဆိုခဲ့ပြီး သော ကောင်း ကျိုး ၇ သုံ၊ အလုံးစုံသည်။ သုကတံ။ ကောင်းစွာပြုခဲ့သော။ကမ္မသမ္ပဒံ။ကံထူး၏ပြည့်စုံခြင်းပေတည်း။

ပြဆိုခဲ့ပြီးတဲ့ အမျိုးသမီးကလေးဟာ၊ ကမ္ဘာတသိန်းကာလ ပတ်လုံး၊ ချမ်းသာအမျိုးမျိုးနှင့်ပြည့်စုံ၊ ဂုဏ်သိမ်ဖြင့်ထွန်းကား

စွာ၊ ဖြစ်ပွားကျင်လည်ခဲ့ပြီး။ ယခုဘဒ္ဒကပ်ကန္တာ၊ ရှင်တော်ဂေါတမလက်ထက်တော် အခါမှာ၊ ဘယ်လိုဖြစ်လာ သလဲလို့ ဆိုတော့၊ ကောသလတိုင်း အဝင်အပါ၊ ရွာတရွာမှာ၊ ဖြဟ္မဏ ခေါ်တဲ့ပုဏ္ဏားအမျိုး၌ ဖြစ်လာတယ်။ မိဘများမှာတော့၊ ပစ္စည်း ဥစ္စာ ချမ်းသာကြွယ်ဝခြင်းမရှိကြဘူးတဲ့။

အင်း-အဆုံးဘဝကျတော့၊ အနည်းငယ်ကလေး ညှိုသွားရှာ သပေါ့။ ကံအကျိုးပေးဆိုတာ လွန်စွာဆန်းကျယ်တာ ကလား။ ဘာပေါင်းများစွာ အချမ်းသာကြီး ချမ်းသာသော်လဲ၊ တဘဝ တလေမှာတော့၊ချမ်းသာသုခနှင့်အိုးစားကွဲချင်လျှင်လဲ၊ ကွဲသွား တတ်တာမျိုးဘဲ။

ပစ္စည်းဥစ္စာ၊ချမ်းသာကြွယ်ဝခြင်းမရှိတဲ့ဖြဟ္မဏပုဏ္ဏားမျိုး၌ ဖြစ်၍လာသော်လဲ၊ရှေးကုသိုလ်အရှိန်ကကြီးခဲ့ရင်းရှိခဲ့တဲ့အတွက် ရုပ်ဆင်းအင်္ဂါမှာတော့ လွန်စွာသိမ်မွေ့ပြီး၊လှပယဉ်ကျေးသတဲ့။ အလိမ်မာဂုဏ်နှင့်လဲ၊ အထူးသဖြင့် ပြည့်စုံတယ်။ မိဘနှစ်ပါးတို့ ကလဲ၊ သွီးကလေးကို ချစ်မြတ်နိုးတဲ့အတွက်၊မည်သည့်အမှုကိုမျှ မလုပ်စေဘဲ၊ အိမ်ခန်းထဲမှာ လုံခြုံစွာ ထားပြီး၊ သွီးကလေး ချမ်းသာအောင်၊ကောင်းစွာလုပ်ကျွေးပြုစုကြတယ်။ ။ပစ္စည်း ဥစ္စာမှာ များစွာမချမ်းသာသော်လဲ၊ သွီးနေဘို့ရန် အိမ်ခန်းကို အဆန်းတကြယ် တင့်တယ်စွာစီမံပြီး၊ အပြင်ဘက်ကိုမျှ မထွက် ရအောင်၊ထားရှာကြသတဲ့။ မစင်ကြယ်တဲ့မြေကြီးကိုပင် မမြင် စဘူးတဲ့။ ရွံ့ဘွန်ဘွက်များကို မြင်ဘူးဘို့ဝေးရောပေါ့လေ။ ။ သို့ကလို မစင်ကြယ်တဲ့ အရာများကို မမြင်ဘူး ခြင်းဟာ၊ ဘာကြောင့်လဲလို့ဆိုတော့။ ဟို-ကန္တာတသိန်းအခါ၊ ပဒုမုတ္တရ ရှင်တော်ဘုရား လက်ထက်တော်က၊ ကြွတော်မူရာဖြစ်တဲ့ ခရီး လမ်းကို အဆန်းတကြယ် တင့်တင့်တယ်တယ်ရှိအောင် ပြုပြင် ခြင်းကြောင့်လို့ မှတ်ကြပေတော့။

ထိုသတို့သွီး၏ အမည်သညာကိုတော့ "သုမုဏ္ဍာ" ရယ်လို့ ခေါ်တယ်။ ။သုမုတ္တာဆိုတဲ့ အမည်သညာရဲ့ အဓိပ္ပါယ်က

တော့ "အလှန်စင်ကြယ်ကောင်းမွန်တဲ့ပုလဲ" လို့ဆိုလိုတာပေါ့။ အမည်သညာအတိုင်း၊ သူ့အရေအဆင်းဟာလဲ၊ ပုလဲကောင်းများလို၊ ဖွေးဖွေးဝင်းနေသတဲ့။ သုမုတ္တာဆိုတဲ့ပုဏ္ဏားပျိုမကလေး၊ အရွယ်ရောက်လာတဲ့အခါ၊ မိဘနှစ်ပါးက၊ ဘယ်လိုကြံစည်ကြသလဲလို့ဆိုတော့၊ "ငါတို့မှာပစ္စည်းဥစ္စာများစွာကြွယ်ဝခြင်းမရှိကြဘူး။ ငါတို့သမီးကလေးကလဲ၊ ပစ္စည်းရှင်တို့နှင့် ထိုက်တန်အောင်၊ ရုပ်ဆင်းသဏ္ဍာန်လွန်စွာလှပတယ်။ သမီးကလေးချမ်းသာအောင်၊ ဥစ္စာပစ္စည်းရှိတဲ့ ပုဏ္ဏားသူဌေးကြီးနှင့်၊ ထိမ်းမြားမှ သင့်တော့မယ်" အဲသို့ကလို ကြံစည်ကြသတဲ့။

ဗြဟ္မဏဇာတ်တွင် ပါဝင်တဲ့ ပုဏ္ဏားဆိုတာကလဲ၊ လွန်စွာဇာတ်ကြီးတဲ့အတွက်၊ အခြားအမျိုးများနှင့်လဲ ထိမ်းမြားတဲ့အလေ့မရှိကြဘူး။ ။ဣန္ဒိယတိုင်းကြီးမှာ "ဇာတိဝါဒ" ခေါ်တဲ့အယူကြီးကလဲသန်ပါဘိသနှင့်၊ ပုဏ္ဏားမျိုးဆိုလျှင်၊ အမြတ်ဆုံးရယ်လို့သမုတ်ထားတဲ့အတိုင်း၊ အခြားအမျိုးနှင့်တော့ ဘယ်လိုနည်းနှင့်မျှ ဆက်ဆံခွင့်ကို မရနိုင်တော့ဘူးပေါ့။

အဲ-သို့ကလို မိဘများကြံစည်ကြပြီး၊ ထိုရွာတွင် ပစ္စည်းဥစ္စာလွန်စွာ ကြွယ်ဝတဲ့ ပုဏ္ဏားကြီးနှင့်၊ ထိမ်းမြားရန်ကြောင်းလမ်းဆက်သွယ်ကြတယ်။ ။ပုဏ္ဏားသူဌေးကြီးကလဲ၊ ပစ္စည်းဥစ္စာတော့ပေါများပါရဲ့၊ သို့ရာတွင်အရွယ်ကကြီး၍၊ ခါးများလဲကိုင်းနေသတဲ့။ သုမုတ္တာကလေးမှာဖြင့်၊ ဒုက္ခတွေ့ရှာတော့မှာဘဲ။ ။လောကမှာ ပစ္စည်းဥစ္စာဆိုတာ၊ မျက်နှာအလွန်ကြီးတဲ့အတွက်၊ သမီးရှင်များကသဲ၊ ပစ္စည်းဥစ္စာတခုကိုသာကြည့်ရှုတတ်ကြတယ်။ အရွယ်ကိုတော့မဆင်ခြင်တတ်ကြဘူး။ ။ပစ္စည်းအတွက်ပြည့်စုံလို့ချမ်းသာတာကတမျိုး အရွယ်မတူတဲ့အတွက်မြင်ရတိုင်းစိတ်မချမ်းသာတာကတလမ်း၊ စည်းကမ်းတမျိုးစီ ကွာခြား၍နေတဲ့အတွက်၊ အချို့အမျိုးသမီးကလေးများဟာ၊ သနားစရာ အလွန်ကောင်းတာဘဲ။

ပြဆိုခဲ့ပြီးတဲ့ အတိုင်း အရွယ်ကြီး၍ ခါးကုန်းနေတဲ့ ပုဏ္ဏား သူဌေးကြီးနှင့် သုမုဒ္ဒာကလေးကိုထိမ်းမြန်းရန်၊ ကြောင်းလမ်း ဆက်သွယ်ကြတဲ့အခါ၊ ပုဏ္ဏား ခါးကုန်းကြီးက အလွန့်အလွန် သဘောကျသပေါ့။ ။သဘောမကျဘဲနေပမလား။ သုမုဒ္ဒာဆို တဲ့ပုဏ္ဏားမျိုးမကလေးဟာ၊ လွန်စွာချောကြောင်းနှင့်၊ အရွယ်ငယ် ကြောင်းကိုသိနေတာကိုး။ ။ပစ္စည်းပေါတဲ့အဘိုးအိုကြီးတွေက လဲ၊ သူတို့ပိုင်တဲ့ပစ္စည်းဥစ္စာတွေကိုအားကိုးပြီး၊ သွားကျိုးဆံဖြူ ခြင်း ခါးကိုင်း၍နားထိုင်းခြင်းဆိုတဲ့ မိမိတို့အရွယ်ကိုပြန်မကြည့် ဘဲ၊ အရွယ်ငယ်ငယ်နှင့် နုနယ်လှချောတဲ့၊ ''ယုဝတိ'' ဆိုလျှင်၊ လိုချင်မက်မောတဲ့ သဘောနှင့်၊ ငွေထုပ်ကို မျှောနေကြတာဘဲ၊ လောကကြီးဟာ အလွန်ရှုပ်ထွေးတာကလားလေ။

အဲ-သို့ကလို ပုဏ္ဏားသူဌေးအိုကြီးက၊ နှစ်ချိုက် သဘောကျ သဖြင့်၊ဘောဂရဘနာ၊ရွှေငွေဘဏ္ဍာ၊ လက်ဆောင်ပဏ္ဏာများပို့ လိုက်တဲ့ အခါကျတော့၊ သုမုဒ္ဒာရဲ့ မိဘများက၊ သမီးကိုနားချကြ တယ်။ ။သုမုဒ္ဒာကလဲ ကိုယ်နှင့် ဝင်မ်းမြားရမဲ့ ပုဏ္ဏားကြီးကို မမြင်ဘူးရှာဘူး၊ ပုဏ္ဏားတို့ဓမ္မတာ၊ သမီးပျိုတို့မှာ မိဘစကားကို နားထောင်ရမည့် ဝတ်တရားရှိတဲ့အတိုင်း၊ ပစ္စည်းဥစ္စာ ကြွယ်ဝ ခြင်းမရှိတဲ့ ဘဝမှာ၊ မိဘများပင် ချမ်းသာပါစေတော့ ဆိုတဲ့ သဘောမျိုးနှင့်၊သုမုဒ္ဒာကလဲသွေသှန်ငြင်းပယ်ခြင်းမရှိဘဲ၊ မိဘ တို့စကားကိုနားထောင်ရှာတယ်။ ။သို့ကလိုနားထောင်တဲ့အခါ ကျတော့၊ပုဏ္ဏားတို့ထုံးစံရှိတဲ့အတိုင်း၊ ထိမ်းမြားမင်္ဂလာသဘင် ကို ဆင်ယင် ကျင်းပပြီး၊ ပုဏ္ဏား သူဌေးအိုကြီးရဲ့ ဇနီး ကြင်ရာ အဖြစ်သို့၊ သုမုဒ္ဒာကလေးရောက်သွားရရှာပါရော။

ပုဏ္ဏားအိုကြီးရဲ့ဇနီးအဖြစ်သို့ရောက်သွားတော့၊သုမုဒ္ဒာမှာ အလွန်မချမ်းသာတဲ့ ဒုက္ခကြီးနှင့်တွေ့ရရှာတာပေါ့လေ၊ ပစ္စည်း ချမ်းသာတဲ့ခနဂုဏ်မှတပါး၊ စုံမက်နိုင်ဘို့ဆိုတာ ဘာတခုမှမရှိ တော့ဘူးတဲ့။ ။အရွယ်ကြီးသဖြင့်၊ ဆံဖြူ သွားကြွေနှင့် အသား အရေတွေကလဲ တွန့်လိမ်, နားထိုင်းပြီး, ခါးကုန်း၍ ကုန်းကွလို့

နေ၊ တောင်ဝှေးမပါဘဲနှင့် ဘယ်နေရာကိုမှ ဖြောင့်ဖြောင့်သွား
လို့မရ၊ မြင်ရတိုင်းမနှစ်မြို့စရာ၊ လွန်စွာစက်ဆုပ်ဘို့ကောင်းနေ
တာပေါ့။

မိန်းမတို့ဖွဲ့တာ ကျမ်းဂန်မှာလာတဲ့အတိုင်း ပြောရမည်ဆို
ပါလျှင်၊ ဖျိုရွယ်နုနယ်သော မိန်းမများဟာ အရွယ်မတူဘဲ ဆံဖြူ
သွားကြွေ၊ အနေယှင်းယို၊ ရွတ်တွအိုကြီးနှင့် ပေါင်းသင်းရခြင်း
ဟာ၊ အဆင်ရဲဆုံးဘဲတဲ့။ ။သုမုဏ္ဍာကလေးမှာ၊ မိဘနှစ်ပါးက၊
ထိမ်းမြားနှင်းအပ်၍၊ လက်ထပ်ပြီးထည့်လိုက်တဲ့အတိုင်း၊ ပုဏ္ဏား
ခါးကုန်းကြီးရဲ့အိမ်ကို လိုက်သွားရရှာတယ်။ "ချောင်နေခက်
ဆံထုံးမါ"ဆိုတဲ့စကားအတိုင်း၊ လင်၏နောက်သို့ လိုက်ရမယ်ဆို
တာ၊ မိန်းမတို့နှင့်ဆိုင်ရာဖြစ်တဲ့ အာဝေဏိက ဒုက္ခကြီး ငါးပါး
တွင်၊ တပါးအဝင်ဖြစ်ပေတယ်။

ပုဏ္ဏားအိုကြီးအိမ်သို့ ရောက်သွားသော်၊ အိမ်ထောင်ကြီးရှင်
ဖြစ်ပြီး၊ လင့်ဝတ်မှစ၍၊ ဆိုင်သမျှအမှုကိစ္စတွေကိုဝတ်ကျေအောင်
ဆောင်ရွက်ရရှာတယ်။ ။မြဲပွဲထာလူမျိုး အလေ့မှာလဲ၊ ဇာတ်
မတူသောသူတို့ချက်ပြုတ်တာကိုမစားရဘဲ။ ဇာတ်တူသောသူ
တို့၏ ချက်ပြုတ်ထာကိုမှ စားရမြဲထုံးစံရှိတဲ့အတွက်၊ ပုဏ္ဏားကြီး
စားဘို့ရန်အတွက်ကိုလဲ၊ အခြားသူများကိုမချက်ပြုတ်စေဘဲ၊ မိမိ
ကိုယ်တိုင် ချက်ပြုတ် လုပ်ကိုင်ရှာရတယ်။ ။ပုဏ္ဏားကြီးကလဲ
သုမုဏ္ဍာအပေါ်မှာ၊ လွန်စွာချစ်ခင်မြတ်နိုးတဲ့အတွက်၊ သူချက်တဲ့
ဘောဇဉ်ကိုမှမြိန်ရှက်တယ်လို့ ထင်ပြီး၊ အတွင်းသာချက်ပြုတ်ခိုင်း
တော့တာဘဲတဲ့။

ပုဏ္ဏားတို့ဖွဲ့တာ၊ အစားအသောက်နေရာမှာ၊ လွန်စွာဇာတ်
ကြီးတာကလား၊ စည်းပိုင်းလို့ချက်ပြုတ်ရတာကတမျိုး၊ သန့်ရှင်း
စင်ကြယ်အောင် အသွယ်သွယ်ဆေးကြော၍ တမောတပန်းကြီး
ထုထောင်းကြိတ်နယ်ရတာကတမျိုး သုမုဏ္ဍာကလေးမှာ လွန်
စွာ ဆင်းရဲနေရရှာတာပေါ့။

ပုဏ္ဏားကြီးကလဲ၊ အမှုရှာလိုက်ထာ လွန်ပါရော၊ သုမုဏ္ဍာ ကိုယ်တိုင်ထောင်းတဲ့ ဆန်ကိုမှ စားလိုတယ်လို့ ပြောသဖြင့်၊ သူ့ခြေမှာ ဆုံ နှင့် ကျည်ပွေ့ ကို လက် ကိုင် ပြီး၊ မနိုင့် တ နိုင် ထောင်းရ, ဖွတ်ရ, ရှာတယ်။ ။ပစ္စည်းမရှိသော်လဲ၊ မိဘတို့ အိမ်မှာ ငြိမ် ငြိမ် က လေး အေး အေး မြမြ နေခဲ့ရသော်လဲ၊ အိမ်ထောင်ကျတော့ လှလှကြီးဒုက္ခတွေ့တော့တာပေါ့။

ပုဏ္ဏားတို့ဇာတ်မှာ၊ ဇနီးမိန်းမများက၊ လင်ယောကျ်ားတို့၏ အလိုကို၊ပိုမိုသာလွန်စွာလိုက်ရမြဲဝမ္မတာ ရှိတဲ့အတိုင်း၊ စေခိုင်းသမျှ လုပ်ကိုင်နေရရှာတော့တာဘဲ။ လင့်အလိုကို တော်လှန်၍ ငြင်းဆန်ခြင်းမပြုနိုင်ရှာတော့ဘူး။ ။ထိုအခါသုမုဏ္ဍာမှာ၊လွန်စွာ ဆင်းရဲဘယ်လို့ စိတ်ပွဲနေတဲ့ အစွဲကြီးသုံးမျိုးရှိသတဲ့။ (၁) လင် ခါးကုန်းကြီး အဘွက်ကြောင့် ဆင်း ရဲ ရ ခြင်း။ (၂) လက်ဆုံ ထောင်းရတဲ့အခါ၊ မိမိကိုယ်အင်္ဂါကို ကိုင်းညွတ်ရတဲ့ အတွက် ဆင်းရဲရခြင်း။ (၃) လက်ကိုင်ကျည်ပွေ့ကိုကိုင်ပြီး၊ မနိုင့်တနိုင် ကုန်းကွ၍ ထောင်းရသဖြင့် ဆင်းရဲရခြင်း။ ၎င်း-သို့ကလို စွဲလမ်း နေတဲ့ အဆင်းရဲကြီးသုံးမျိုးရှိတယ်။ ။သို့ကလို မိမိကိုယ်အင်္ဂါ များကို၊ ကိုင်းညွတ်ကုန်းကွရခြင်းဖြင့်၊မိဘတို့အိမ်မှာနေစဉ်က၊ ဘယ်တော့မှ မပြုလုပ်ရဘူးတဲ့ အတွက်၊ အဆင်းရဲကြီး ဆင်းရဲ တယ်လို့ထင်တာပေါ့။

တနေ့သောအခါ၊သုမုဏ္ဍာသည် လွန်စွာစိတ်နှလုံးမချမ်းသာ လှသဖြင့် တကိုယ်တည်းငြိုးမှိုင်၍၊ စဉ်းစားရှာသည်မှာ။ ။ ''ဪ-အိမ်ထောင်ပြုရခြင်းဆိုတဲ့ဝတ်တရားကြီးဟာ၊မိန်းမတို့ ဘဝမှာ၊လွန်စွာဆင်းရဲတဲ့အဆင်းရဲကြီးပါတကား။ ။လင့်အသို ကိုလိုက်ပြီး သူတို့ကျွန်အောင်ရှက်ဆောင်ရခြင်းဟာ၊ဝဋ်မကင်း တဲ့ အဖြစ်မျိုးပါတကား''။ ။အမျိုရေကို မဖျက်ဘဲနေခဲ့ပါလျှင်၊ ဒီလို ဒုက္ခမျိုးနှင့် တွေ့ရမှာမဟုတ်ဘူး၊ မိမိကိုယ်ရယ်လို့ဆိုရ သော်လဲ၊ကိုယ်ပိုင်မဟုတ်ဘဲ၊လင်ပိုင်တဲ့ပစ္စည်းထဲသို့သာ၊ ပုံလွှဲ၍ စာရင်းသွင်းရတယ်။ ။မိန်းမအဖြစ်ဆိုတာ၊ ''အနခဘဂ္ဂသံသရာ''

တခွင်မှာ ကျွန်စာရင်းဝင်ပြီး၊ အစဥ်သဖြင့် ကျဉ်းကြပ်လှပါကလား။ ။ကိုယ့်လင်ရဲ့အလုပ်ကို၊ကြိုးကြိုးကုတ်ကုတ်၊ ဘယ်လိုပင် လုပ်သော်လဲ၊ မဟုတ်မဟတ်တဲ့ကိစ္စမျိုးမို့၊အကျိုးဘာတခုမျှမရှိတဲ့ သံသရာဝဋ်တွင်းသို့၊ ဖွတ်အတင်းဆွဲချတဲ့ အမှုတွေသာဖြစ်ပါတယ်။ ။အပင်အပန်းခံရလေသမျှ၊ အဆုံးဘဝမှာ၊ အသုံးမကျဘဲ ဆုံးရှုံး၍ လုံးလုံးကြီးနစ်နာရတော့တာဘဲ။ ။ကံကုသိုလ်အကြောင်းမလှသဖြင့်၊ ပေါင်းရတဲ့လင်အိုကြီးကလဲ၊ ငြိုးငွေ့တို့အလွန်ကောင်းသမို့၊အကြောင်းဖြင့်အတော်ဆိုးတာဘဲ၊ အကျိုးရှိတဲ့ဘက်ကို၊ကိုယ့်အတွက် ကြိုးစားမှ၊ ထွက်သားရ၍ အမြတ်ပေါ်တော့မယ်။ ။အဲ-သို့ကလို ဆင်ခြင်စဉ်းစားပြီး၊ သုမင်္ဂလာသည်၊လောကီရေးမှာ လွန်စွာငြီးငွေ့လှသဖြင့်၊ ဘုရားသာသနာတော်သောင်သို့ဝင်၍၊ဘိက္ခုနီမ-ပြုလုပ်ရန်၊ သန္နိဋ္ဌာန် ချမိလေသတည်း။

ထိုနောက်များမကြာမီ၊လင်ယောကျ်ားဖြစ်သူ၊ ပုဏ္ဏားအိုကြီးထံသို့ ကပ်ပြီး၊ "အရှင်" ကျွန်မအခွင့်တခု တောင်းပါရစေ၊ ကျွန်တော်မသည်၊ လောကအာရုံ၊ ကာမဂုဏ် စရိုက်တို့ဖြင့်၊ နှစ်ချိုက်မွေ့လျော်ခြင်းမရှိပါ။ ။အရှင်၏အိမ်မှာ၊ ပစ္စည်းဥစ္စာတွေလွန်စွာပေါများလှပါပေရဲ့။သို့ရာတွင်လောကီပစ္စည်းတို့ကိုအလိုမရှိပါ၊လောကုတ္တရာစီးပွါးရေးကိုသာ၊အားထုတ်၍ ရှာမှီးလိုပါသည်။ လောကီစီးပွါးဆိုတာ၊ အနမတဂ္ဂ သံသရာမှာ၊ ဘဝတိုင်းရှာ၍ လာခဲ့ရသော ပစ္စည်းမျိုးမို့ ရိုးလှပါပြီ။ ။လောကုတ္တရာ စီးပွါးဆိုတာကတော့၊ သာသနာတော်ကြီးနှင့်တွေ့မှ၊ရှာမှီးခွင့်ရပါသည်။ ။သို့ပါ၍ ကျွန်မကို ခွင့်ပြုတော်မူပါ။သာသနာတော်သို့ဝင်ပြီး လောကုတ္တရာပစ္စည်းကို ရှာမှီးရန်ဘိက္ခုနီမ-ပြုလုပ်ပါရစေ။

အဲ-သို့ကလိုခွင့်တောင်းတော့၊ပုဏ္ဏားအိုကြီးမှာ၊လွန်စွာမနှစ်ချိုက်နိုင်ဘဲဖြစ်နေတာပေါ့။ ။ဘယ်မှာ အခွင့်ပေးချင်မလဲ၊ အစွဲကြီးစွဲပြီး၊ ဟဲသဲမဲမဲ ချစ်တုန်း ခင်တုန်း ပေကိုး။ ။အဲ-သို့အတွက်

ကြောင့်၊ အခွင့်မပေးနိုင်ကြောင်းကိုပြောတော့၊ သုမုတ္တာမှာ သာလို့ပင် ဆင်းရဲရခြင်းဖြစ်ရှာသတဲ့။ ။သို့ကလို စိတ်မချမ်းသာတဲ့အတွက်ကြောင့် ''အရှင်'' အခွင့်မပေးလျှင်ဖြင့်၊ ကျွန်တော်မကျွန် သေရပါလိမ့်မယ်။ သေသည့်တိုင်အောင် နှိပ်စက်လိုပါလျှင်အခွင့်မပေးဘဲသာနေပါတော့'' လို့ပြောရှာတယ်။

ပုဏ္ဏားကြီးကလဲမဖြစ်နိုင်တဲ့အတွက်၊ ရုတ်တရက်အခွင့်မပေးသေးဘူးပေါ့။ ဒီလိုအခွင့်မပေးတဲ့အခါ၊ သုမုတ္တာမှာ အစာမစားဘဲ အိပ်ရာထဲမှာလှဲလို့သာနေရှာတော့တယ်။ ပုဏ္ဏားကြီးအနားသို့လာဘိုင်း,လာတိုင်း, အခွင့်တောင်းနေတော့တာဘဲတဲ့။ အစာအာဟာရကိုလဲမစား၊ အခွင့်တောင်းပန်များတော့၊ပုဏ္ဏားကြီးက အခွင့်မပေးဘဲ မနေသာသဖြင့်၊ မလွှဲသာ,လွှဲသာ,မလွှတ်ချင့်, လွှတ်ချင်နှင့်၊ သုမုတ္တာရယ်၊ သို့ဟာလောက် ဆန္ဒရှိလျှင်၊ ခွင့်လွှတ်ပါတော့မယ်၊ သေတာကိုတော့မမြင်ချင်ပါဘူး၊ အလိုရှိတဲ့အတိုင်း၊ ရဟန်းပြုလုပ်ပါတော့လို့ အခွင့်ပေးသတဲ့။

အဲ-သည်လိုအခွင့်ပေးတော့၊ သုမုတ္တာကလေးမှာ၊ အေးခဲဝမ်းမြောက်သဖြင့်၊ ငေါက်ခနဲထပြီး၊ ခဏချင်းအိမ်မှထွက်၍၊ ဘိက္ခုနီမတို့ ကျောင်းသို့သွားပြီး၊ ရဟန်းပြုရန် ခွင့်တောင်းပါရော။ ။ဘိက္ခုနီမကြီးများကလဲ၊ သနားသော ဂရုဏာဖြင့်၊ သုမုတ္တာကို ရဟန်းပြုပေးလိုက်ကြတယ်။ ။ဘိက္ခုနီမအဖြစ်သို့ရောက်တဲ့အခါ၊ ပါရမီရှင်ဖြစ်ခဲ့ဘဲ့အတိုင်း၊ လိမ်မာယဉ်ကျေးစွာနှင့်၊ဝတ်ကြီး, ဝတ်ငယ်, အသွယ်သွယ်တို့ကို၊ ပြုလုပ်ဆောင်ရွက်ပြီး၊ ဝိနည်းကျင့်ဝတ်နှင့် ညီညွတ်စွာ နေထိုင်နိုင်တယ်။

ဘိက္ခုနီမအဖြစ်သို့ ရောက်၍၊ များမကြာမီ အတွင်းမှာပင်၊ ဆိတ်ငြိမ်ရာ ဖြစ်တဲ့ ကမ္မဋ္ဌာန်း ကျောင်း သို့ ဝင် ပြီး၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်တဲ့အခါ၊ အာရုံအမျိုးမျိုးတွေကနှောက်ယှက်သဖြင့်၊ ရုတ်တရက်လျှင်မြန်စွာ၊ သမာဓိကို မရနိုင်ရှာဘူးတဲ့။ ။သမာဓိကို မရလျှင်လဲ၊ ဉာဏ်ပညာပွင့်လင်းခွင့်ကို မရနိုင်ဘူးပေါ့။ ဉာဏ်ဆိုတာက၊ သမာဓိတည်ကြည်မှ၊ ပွင့်ပွင့်

လင်းလင်း, ဝင်းဝင်းပြောင်ပြောင်, ထွန်းလင်းနိုင်ပေတယ်။ ။ သုမုတ္တာမှာ၊ လွယ်ကူစွာနှင့်၊ သမာဓိကို မရနိုင်သော်လဲ၊ရဟာန်း အဖြစ်သို့ ရောက်လာသည့်အတွက်၊ အနှစ်သက်ကြီးနှစ်သက်ပြီး အချမ်းသာကြီး ချမ်းသာနေသတဲ့။

လင်အိုကုန်းကုန်းကြီး အတွက် ကြောင့်၊ စိတ်မချမ်းသာခဲ့ ရခြင်း၊ကျည်ပွေ့နှင့်ဆုံတို့ကြောင့်မိမိကိုယ်ကိုညွတ်ကိုင်းသျက်၊ နေ့ရှိတိုင်းလက်နှင့် အလုပ် မပြတ်ရ သဖြင့်၊ စိတ်မချမ်းသာခဲ့ ရခြင်း၊၍ဒုက္ခကြီးသုံးမျိုးကိုတွေးတောပြီး၊ ယခုဖြင့် သည်ဒုက္ခ ကြီး သုံး ပါး မှ လွတ် ကင်း ရ ပေ ပြီ။ ချမ်းသာတဲ့ နယ်တွင်းသို့ ရောက်ခဲ့ရပေပြီ၊ ဤကဲ့သို့စဉ်းစားပြီး၊ များစွာဝမ်းမြောက်ခြင်း ဖြစ်နေရှာသတဲ့၊ သမာဓိမရနိုင်တာသဲ၊သို့ကလိုတွေးတောကာ၊ ဝမ်းသာခြင်းကများနေလို့ သမာဓိရနိုင်ဘို့လမ်းမပွင့်ဘဲ ဖြစ်နေ တာပေါ့လေ။ ။ကမ္မဋ္ဌာန်းခွင်မှာ မဝင်စားနိုင်တဲ့ စိတ်များကို၊ တဖြည်းဖြည်း ဆုံးမ၍၊ သမာဓိ ရအောင် ကြိုးစား၍ နေခဲ့ရာ၊ ထိုနောက်များမကြာမီ အတွင်းမှာပင်၊ ခိုင်ခန့်သော သမာဓိကို ရရှိပြီး၊ဝိပဿနာပညာ ထိန်ထွန်း၍လာသည့်အတွက်၊ရဟာန္တာမ အဖြစ်သို့ ရောက်သွားပါရော၊ ပါရမီရှင်ဆိုတော့၊ ရှေးဦးစွာ အခက်အခဲကြုံသော်သဲ၊ အတန်ကလေးကြာတော့၊ လွယ်စွာနှင့် လမ်းပေါက်သွားတာပေါ့လေ၊ရဟာန္တာမအဖြစ်သို့ရောက်တော့၊ ဝမ်းမြောက်ခြင်းကြီး ဝမ်းမြောက်တဲ့ အတွက်၊ ဥဒါန်းဂါထာ တပုဒ်ကို၊ သို့ကလိုရွတ်ဆိုကျူးရင့်သတဲ့။

(၁၀) သုမုတ္တာ သာဓု မုတ္တာမှိ၊ တီဟိခုဇ္ဇေဟိ မုတ္တိယာ။
ဥဒုက္ခလေန မုသလေန၊ ပတိနာ ခုဇ္ဇကေန စ။
မုတ္တာမှိ ဇာတိမရဏာ၊ ဘဝနေတ္တိ သမူဟတာ။

(၁၀) သုမုတ္တာ။ သုမုတ္တာ အမည်ရှိသော အကျွန်ုပ်သည်။ သာဓု။ကောင်းကောင်းမွန်မွန်၊သုမုတ္တာ။ အမျိုးမျိုးသောဆင်းရဲ ငြိုမှ၊ ကျွတ်လွတ်ချမ်းသာခဲ့သည်။ အမှိ။ဖြစ်ရပေ၏။ ။ဥဒုက္ခ လေန။ မောင်းဆုံ,ကြိတ်ဆုံ, ဘေးမှငုင်း။မုသလေန။ ကျည်ပွေ့

ဘေးမှငင်း။ ချန္ဒကေန။ ကုန်းကွရွတ်ရို၊ အိုကြီးအို၍ နေသော။ ပတိနာ။ လင်ယောကျ်ား တည်းဟူသော ဘေးမှငင်း။ ဝိဟိချေဇွေဟိ။ အကုန်း အကွ သုံးမျိုးတို့မှ၊ မုတ္တိယာ။ရှေးဦးစွာ ကျွတ်လွတ်ခဲ့ခြင်းကြောင့်၊ ဇူဒါနိ။ ယခုအခါ၌၊ ဇာတိမရဏာ။ ပဋိ သန္ဓေ နေရခြင်း၊ သေရခြင်း တည်းဟူသော သံသရာ ဝဋ်ဒုက္ခဘေးကြီးမှ၊ မုတ္တာ။ ရဟန္တာမအဖြစ်သို့ ရောက်သဖြင့်၊ လွတ်မြောက်ခဲ့ရ လေသည့် အမှို။ ဖြစ်ရပေ၏။ ဘဝနေတ္တိသမူဟာဘာ။ နွားကိုချည်နှောင်သောကြိုးပမာ၊ သံသရာ တခွင်ဝယ်၊ အစဉ်ချည်နှောင်၍ ထားသော တဏှာ နှောင်ကြိုး မှ လည်း၊ သုမုတ္တာ။ မဂ်ဉာဏ်ဖြင့် ဖြတ် တောက် ၍ လွတ်မြောက်ကုန်စင်၊ ကျွတ်တမ်းဝင်ရလေပြီတကား။

အဲ-ယခုပြဆိုခဲ့တဲ့ဂါထာကို၊မကြာမကြာရွတ်ဆိုကာ၊ ဥဒါန်း ကျူးရင့်တော်မူလေ့ရှိသတဲ့။ ။ရဟန္တာမအဖြစ်သို့ရောက်ပြီး တဲ့အခါ၊ နောက်နောက်ဘဝအစဉ်ကို၊ ဆင်ခြင် ရှုစားလိုက်ပြန် တော့၊ လွန်ခဲ့ဘဲ့ကမ္ဘာတသိန်းအခါ "ပဒုမုတ္တရဘုရား" ရှင်၏ လက်ထက်တော်ကစပြီး၊ မိမိ ပြုလုပ် ဆည်း ဘူး ခဲ့ သ မျှ သော ကုသိုလ်ကံများနှင့်တကွ၊ကျင်လည်ခဲ့ရတဲ့ ဘဝအမျိုးမျိုးတွေကို လဲ၊ မြင်တော်မူပြန်တယ်။ "ပုဗ္ဗေနိဝါသာနုဿတိဉာဏ်" ဖြင့်၊ ဘဝဟောင်းအတန်းကို ပြန်လှန်ရှုမြင်တော်မူရတဲ့အခါ၊ မိမိ အဖြစ် အပျက်များကို အမျိုးသို့အများတို့ မှတ်မှတ်သားသားနှင့်၊ သဒ္ဓါတရားတိုးတက်စေခြင်းအကျိုးငှာ ဇူပဒါန်ဂါထာတွေကို သို့ကလို ကျူးရင့်တော်မူပြန်လေသတည်း။

(က) ပဒုမုတ္တရောနာမဇိနော။ သဗ္ဗဓမ္မေသုစက္ခုမာ။
ပါကဋိနေ အနုဂ္ဂဏှနောာ။ ပိဏ္ဍာယ ပါဝိသိ ပုရံ။ ။

(က) သဗ္ဗဓမ္မေသု။တရားဥဿုံ၊အလုံးစုံတို့၌၊ စက္ခုမာ။တခု မကျန်၊ အမြင်သန်သည့်၊ ဉာဏ်တော်မျက်စိအလင်းနှင့် ပြည့်စုံ တော်မူသော၊ပဒုမုတ္တရောနာမ။ ပဒုမုတ္တရအမည်တော်ရှိသော၊ ဇိနော။ငါးမာရ်အောင်မြင်၊ဘုရားရှင်သည်၊ ပါကဋိနေ။ လူ,နတ်,

ဖြဟ္မာ၊သတ္တဝါအပေါင်းတို့ကို၊ အနုဂ္ဂဟကျေးဇူး၊ချမ်းသာခြင်းသို့ ရောက်အောင်၊ချီးမြှောက်တော်မူလိုသည်ဖြစ်၍၊ပုရံ၊ဟံသာဝတီ နေပြည်တော်ကြီးအတွင်းသို့၊ပိဏ္ဍာယ၊ဆွမ်းအလို့ငှာ၊ ပါဝိသိ။ တပည့်သံဃာ၊နောက်ပါများထွေ၊ခြံရံစေလျက်၊ ကြွက်သရေရှိ စွာ၊ ဝင်ရောက်ကြွမြန်းတော်မူလာပေသတည်း။

(၁) တဿ အာဂန္တွာတောသတ္တု။ သမ္ဗေ့ နဂရဝါသိနော။ ဟဋ္ဌတုဋ္ဌာ သမာဂတ္တွာ။ဝါလိကာအကရိံသုတော။

(၁) တဿသတ္တု။ ထိုပဒုမုတ္တရ ဘုရားရှင်သည်၊ အာဂန္တွာ တော။ ကြွလာတော်မူသည်ရှိသော်၊သဗ္ဗေ။အိမ်ရှိလူကုန်။ အလုံး စုံကုန်သော၊ တေနဂရဝါသိနော။ ထိုမြို့သူ မြို့သား၊ လူအများတို့ သည်၊ဟဋ္ဌတုဋ္ဌာ။ဘုရားအသရေကိုမြင်လျှင်၊ကြည်ရွှင်နှစ်သက်၊ စိတ်အားတက်ကြကုန်သည်ဖြစ်၍၊ မဂ္ဂေ။ ကြွတော်မူရာလမ်း ခရီး၌။ဝါလိကာ။သဲဖြူတို့ကို၊အကရိံသု။ သူတာငါ့တာ။ ဝေဘန် ခါလျှင်၊ကောင်းစွာ လောင်းဖို့ကြလေကုန်သတည်း။

(ဂ) ဥိထိံသမ္မဇ္ဇန္နံ ကတွာ။ ကဒလီ ပုဏ္ဏကဋ္ဌဓေ။ ရူပံ စုဏ္ဏံ့စ မာလံ့စ။ သက္ကာရံ ကစ္စသတ္တုနော။

(ဂ) တေ။ ထိုမြို့သူ, မြို့သား၊ လူအများ အပေါင်းတို့သည်၊ ဝိထိံ။ကြွတော်မူရာလမ်းခရီးကို၊ သမ္မဇ္ဇန္နံကတွာ။တံမြက်လှည်း ကြကုန်လျက်၊ ကဒလီပုဏ္ဏကဋ္ဌဓေ။ ငှက်ပျောပင် စိုက်ခြင်း၊ ရေပြည့်အိုးတည်ခြင်း၊ တံခွန် ကုက္ကား မုလေးပွားဆွဲခြင်းတို့ကို ၎င်း၊ ရူပံ။ အခိုးအထုံကို၎င်း၊ စုဏ္ဏံ့စ။ နံ့သာမှုန့်ကြဲမြှောက်ခြင်းကို ၎င်း၊ မာလံ့စ။ ပန်းကုံးပန်းဆိုင်းဆွဲခြင်းကို၎င်း၊ ကစ္စ-ကတွာန။ ပြုလုပ်ကြကုန်၍၊ သတ္တုနော။ မြတ်စွာဘုရားအား၊ သက္ကာရံ။ တင့်တင့်တယ်တယ်၊ကြီးကျယ်သော ပူဇော်ခြင်းကို၊အကံရိံသု။ ပြုလုပ်ကြလေကုန်သတည်း။

(ဃ) မဏ္ဍပံ ပဋိယာဒေတွာ၊ နိမန္တေတွာ ဝိနာယကံ။ မဟာဒါနံ ဒဒိတွာန။ သမ္ဗောဓိံ အဘိပတ္ထယိ။

(ဃ) တဒါ။ ထိုအခါ၌၊ ဗောဓိသတ္တော။ ဘုရားအလောင်း

တော်ဖြစ်သော ဇဋိလ သူဌေးကြီးသည်၊ မဏ္ဍပံ။ ကြီးစွာသော မဏ္ဍပ်ကို၊ ပဋိယာဒေတွာ။ အဆန်းတကြယ် ပြင်ဆင် ချယ်မှုန်း ပြီးသော်၊ ဝိနာယကံ။ လူတို့ရှေ့သွား၊ ရှင်တော်မြတ်ဘုရားကို၊ နိမန္တေတွာန၊ သံဃာတော်အများနှင့်တကွ ပင့်ဘိတ်၍၊ မဟာဒါနံ။ ကြီးစွာသောအလှူကြီးကို၊ ဒဒိတွာန။ ပေးလှူတော်မူပြီးလျှင်၊ သမ္ဗောဓိံ။ ဘုရားဆုကို၊ အဘိပတ္ထယိ။ တောင်းတော်မူလေသတည်း။

(င) ပဒုမုတ္တရော မဟာဝီရော၊ တာဒိကော သင်္ဃပါကဋံနံ။
အနုမောဒနိယံ ကတွာ၊ ဗျာကာသိ အဂ္ဂပုဂ္ဂလော။

(င) သံဃပါကဋံနံ။ ကျွတ်ထိုက်သသူ၊ နတ်လူ, ဥဿုံ၊ အလုံးစုံတို့ကို၊ တာဒိကော။ ကယ်တင်တော်မူသော၊ အဂ္ဂပုဂ္ဂလော။ လောကဓါတ် ဘုံအလုံးတွင်၊ အမြတ်ဆုံး,အထွဋ်ဆုံး ဖြစ်တော်မူသော၊ မဟာဝီရော။ လွန်ရဲရင့်၍၊ ကြီးမြင့်သော စွမ်းအန်ရှိတော်မူ ပေသော၊ ပဒုမုတ္တရော။ ပဒုမုတ္တရမြတ်စွာဘုရားသည်၊ အနုမောဒနိယံ။ ဝမ်းမြောက်ဘွယ်သော တရားစကားကို။ ကတွာ။ ဟောကြားခြင်းကို ပြုတော်မူပြီး၍၊ ဣဒံ။ ဤသို့၊ ဗျာကာသိ။ ဗျာဒိတ် စကား၊မိန့်ကြားတော်မူလေသတည်း။

(စ) သတသဟဿေ အတိက္ကန္တေ၊ ကပ္ပေါ ဟေဿတိ ဘဒ္ဒကော။
ဘဝါဘဝေ သုခံလဒ္ဓါ၊ ပါပုဏိဿသိ ဗောဓိယံ။

(စ) သတသဟဿေ။ ကမ္ဘာတသိန်းသည်၊ အတိက္ကန္တေ။ လွန်လေသည်ရှိသော်၊ ဘဒ္ဒကော။ ဘဒ္ဒကမည်သော၊ ကပ္ပေါ။ ကမ္ဘာကြီးသည်၊ ဟေဿတိ။ ဖြစ်ပေါ်လတ့ံ။ ဘဝါဘဝေ။ ဘဝကြီးငယ်၌၊ သုခံ၊ ချမ်းသာခွင့်ကို၊ လဒ္ဓါ။ ရရှိပြီး၍ သဏ္ဍီ။ ထိုဘဒ္ဒက-ကမ္ဘာ၌၊တွံ။သင်သည်၊ ဗောဓိရာ။ ဘုရားအဖြစ်သို့၊ ပါပုဏိဿသိ။မချွတ်ရောက်လိမ့်မည်သာတည်း။

(ဆ) ပုညကမ္မေန ယောကေစိ၊ ကတာပိ နရနာရိယော။
အနာဂတမှိ အဒ္ဓါနေ၊ သဗ္ဗေ ဟေဿန္တိ သမ္မုခါ။

(ဆ) စ။သည်သာမဟုတ်သေး၊ ဣဒါနိ။ဤယခုဗျာဒိတ်ပွဲကြီး

၌၊ ပုညကမ္မံ။ ကုသိုလ်ကောင်းမှုကို၊ ကတာ။ ပြုလုပ်ကြိုးစားကြကုန်သော၊ နရနာရိယော။ တိုင်းသူပြည်သား၊ ယောက်ျား, မိန်းမအပေါင်းတို့သည်လည်း၊ သန္တိ၊ ရှိကြလေကုန်၏ တေသဗ္ဗေ။ ထိုအလုံးစုံသော ယောက်ျား, မိန်းမအပေါင်းတို့သည်၊ အနာဂတမှိအဒ္ဓါနေ။ ရှည်လျားလှစွာ၊ နောင်ဘဒ္ဒကပ်အခါ၌။ သမ္မုခါ။ ဂေါတမမြတ်စွာဘုရား၏မျက်မှောက်တော်တွင် ကျွတ်တန်းဝင်ကြကုန်သည်၊ ဟောသန္တိ။ မဇ္ဈတ်ဇောန်၊ အမှန်ဖြစ်ကြကုန်မည်သာတည်း။

(၈) တေန ကမ္မဝိပါကေန၊ စေတနာ ပဏိဓိဟိစ။
ဥပ္ပန္နာ ဒေဝဘာဝန်၊ တုယှံတေ ပရိစာရိကာ။

(၈) အဟံ။ သုမုတ္တာမည်သော အကျွန်ုပ်သည်၊ တေန ကမ္မဝိပါကေနစ။ ထိုဗျာဒိတ်ပွဲ၌ ပြုခဲ့ရသော ကံ၏အကျိုးကြောင့်ရင်း၊ စေတနာပဏိဓိဟိစ။ ဆုတောင်းခဲ့သော စေတနာတို့ကြောင့်ရင်း၊ ဒေဝဘာဝန်။ ပျော်ခင်းပြည့်စုံ၊ နတ်တို့ဘုံ၌၊ ဥပ္ပန္နာ။ ဖြစ်ခဲ့ရပါသတည်း၊ တေတုယှံ။ အရှင်အလောင်းတော်မြတ်ဘုရား၏၊ ပရိစာရိကာ။ အလုပ်အကျွေးသည် အာသိံ။ ဖြစ်ခဲ့ရပေသတည်း။

(၉) ဒိဗ္ဗံ သုခံ အသင်္ချေယျံ၊ မာနုသဉ္စ အသင်္ခိယံ။
အနုဘောန္တိ စိရံကာလံ၊ သံသရိံ ဟံ ဘဝါဘဝေ။

(၉) အဟံ။ သုမုတ္တာမည်သော အကျွန်ုပ်သည်၊ အသင်္ချေယျံ။ မရေမတွက်နိုင်သော၊ ဒိဗ္ဗံသုခံ။ နတ်ချမ်းသာ အမျိုးမျိုးကိုရင်း၊ အသင်္ခိယံ။ ရေတွက်သောဂဏန်းဖြင့်၊ ကုန်ခန်းခြင်းသို့ မရောက်နိုင်သော၊ မာနုသဉ္စ။ လူ့စည်းစိမ်, လူ့ချမ်းသာ, အမျိုးမျိုးကိုရင်း၊ အနုဘောန္တိ။ အစဉ်သဖြင့် ခံစားခဲ့ရသည်ဖြစ်၍၊ စိရံကာလံ။ ရှည်မြင့်လှစွာ၊ ကမ္ဘာတသိန်းတိုင်တိုင်ကြာအောင်၊ ဘဝါဘဝေ။ ဘဝကြီးငယ်၌၊ သံသရိံ။ ကျင်လည်ခဲ့ရပါသတည်း။

(၁၀) ပစ္ဆိမေ ဘဝသမ္ပတ္တေ၊ ဇာတာမှိ၊ ဗြဟ္မဏေ ကုလေ။
သုခုမာလ ဟတ္ထပါဒါ၊ ရမဏီယေ နိဝေသနေ။

(၁၀) အဟံ။ အကျွန်ုပ်သည်၊ ပစ္ဆိမေ ဘဝသမ္ပတ္တေ။ အဆုံးစွန်သော ဤဘဝသို့ ရောက်ခဲ့သည်ရှိသော်၊ ဗြဟ္မဏေကုလေ။

မြင့်မြတ်သော ပုဏ္ဏားမျိုး၌၊ ဇာတာ။ ဖြစ်လာရသည်။ အဖို။ ဖြစ်ပါ၏။ ရမဏီယေ။ သန့်ရှင်းစင်ကြယ်၊ နှစ်သိမ့်ဘွယ်ဖြစ်သော။ နိဝေသနေ။ အိမ်တွင်း၌။ သုခုမာလဟာဠပါဒါ။ ခြည်သည့်အလုပ်အကိုင်နှင့်မျှ မတွေ့ရဘဲ၊ သိမ်မွေ့နူးညံ့သော လက်ခြေရှိသည်ဖြစ်၍။ သုခိတာ။ ချမ်းသာခဲ့ရပါပေသတည်း။

(၄) သဗ္ဗကာလံဒိ ပထဝိံ၊ နပဿာမိ နလက်တံ။
စိက္ခလ္လဘူမိံ အသုစိံ၊ နပဿာမိ ကုဒါစနံ။

(၄) ပစ္ဆိမေ။ အဆုံးစွန်သော ဤဘဝ၌။ အဘံ။ အကျွန်ုပ်သည်။ သဗ္ဗကာသံပိ။ အခါ ခပ်သိမ်းပင်လျှင်။ အနလက်ာတံ။ မပြုမပြင် တန်ဆာမဆင်ဘဲထားအင်သော၊ ပထဝိံ။ မြေကြီးကို။ နပဿာမိ။ မမြင်စဘူးပါ။ စိက္ခလ္လဘူမိံ။ ရွံ့ညွန်ရှိသောမြေကိုဓင်း။ အသုစိံ။ မစင်ကြယ်သော အရာဝတ္ထုကိုဓင်း။ ကုဒါစနံ။ တရံတဆစ်၊ ဘယ်ခါခေတ်မှ။ နပဿာမိ။ ရှေးကပြုခဲ့သော ကုသိုလ်ထူးကြောင့်၊ မမြင်ဘူးသည် အမှန်ပါတည်း။

(ဤဂါထာ(၁၁)ပုဒ်ကား သုမဂ္ဂလာထေရီ ဟောသောအပဒါန်ဂါထာတော်များဖြစ်ပေသည်။)

ကဿပတသိန်းအခါ၊ ပဒုမုတ္တရရှင်တော်ဘုရား၏ လက်ထက်က လမ်းပြင်ခဲ့ဘူးသော ကုသိုလ်ထူးကြောင့်၊ မည်မျှ လောက်အကျိုးပေး ကြီးကျယ်ကြောင်း များကိုလည်း၊ အမျိုး သို့ တို့ဆင်ခြင်ကြကုန်ရာသဘည်း။

(၁၁) သုမင်္ဂလာထေရီဝတ္ထုပြီးပြီ။

—0—

ဧကနိပါတ်

(၁၂) ဓမ္မဒိန္နာထေရီ-ဝတ္ထုကြီး။

ဓမ္မဒိန္နာဆိုတာ၊ ယခုဘုရားရှင်လက်ထက်တော်မှာ၊ အကျော်အမော်ခေါ်ရဘဲ့ မိန်းမမြတ်တဦးပေပေါ့၊ ရဟန်းပြုဘဲ့အခါမှာလဲ၊ ဓမ္မကထိကအရာတွင်၊ ဧတဒဂ်ဘင်ရတဲ့ထေရီမအကျော်ကြီးတပါးဖြစ်ပေတယ်။ ဘယ်ဘုရားလက်ထက်တော်ကစပြီး ပါရမီ

ကို ဆည်းဘူး၍၊ အထူးဆုတောင်းလာသလဲဆိုလျှင်၊လွန်ခဲ့သော ကမ္ဘာတသိန်းအခါ၊ ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်ကပင်။ လက်ဦးစတင်ပြီး၊ ဆည်းပူး ဆုတောင်းလာတဲ့ ပါရမီ ရှင်ကြီးဖြစ်ပေတယ်။ သာဝက ပါရမီဆိုတာ၊ ကမ္ဘာတသိန်း တိုင်တိုင်၊ ပါရမီ ဖြည့်ဆည်းပူးရတဲ့ ဓမ္မတာအတိုင်း။ ဓမ္မဒိန္နာ ဟာလဲ ပဒုမုတ္တရဘုရားလက်ထက်တော်ကစပြီး။ ယခုရှင်တော် ဘုရား ဖွေ့လက် ထက် တော် သို့ တိုင် အောင်၊ ပါရမီအထူးကို၊ ဆည်းပူးတော် မူခဲ့ရှာပေတယ်။ ။ကမ္ဘာတသိန်းအဘွင်းမှာ၊ လူ့ရွာနတ်ရပ် အထပ်ထပ်ကျင်လည်ခဲ့ရာ ပါ ရ မီ ရှင် ဖြစ် တဲ့ အဘိုင်း၊မြင့်မြတ်သောအမျိုးဇာတ်တို့၌သာ၊ချမ်းသာစွာဖြစ်လာ ရသတဲ့။

ထင်ရှားတဲ့ ဘ ဝ များ မှာ တော့၊ ဖု သ မြတ် စွာ ဘု ရား လက်ထက်တော် အခါတွင်၊ ဝါတွင်းသုံးလပတ်လုံး၊ ဆယ်ပါး သီလကိုဆောက်တည်ပြီး၊ဖန်ရည်ဆိုးတဲ့အဝတ်ကိုဝတ်ဆင်ကာ၊ ဖုဿမြတ်စွာဘုရားကို အမှူးထား၍၊သံဃာတော်နှစ်သောင်းတို့ အား၊ လုပ်ကျွေးပြုစုခဲ့ပေသည်၊အလှူခံပုဂ္ဂိုလ်များ ဆိုက်ရောက် လာပြီဆိုမှဖြင့်၊အသျှခံသမျှကိုမကဘဲ၊ ပိုမို၍ပေးလှူလေ့ရှိသတဲ့၊ သီလပြုစင်တဲ့အရာမှာလဲ၊လွန်စွာချီးမွမ်းလောက်ပေတယ်။

ထိုနောက်တဘာန်၊ယခုဘဒ္ဒကပ်ကမ္ဘာတွင်။ကဿပမြတ်စွာ ဘုရားပွင့်တော်မူတဲ့အခါမှာ၊ကိကီမင်းကြီးသွီးတော်ခုနစ်ပေါ်တို့ တွင် အပါအဝင်ဖြစ်ပြီး၊ အမည်သညာအားဖြင့်၊သုဓမ္မာရယ်လို့ အကျော်အမော် ဖြစ်ခဲ့တယ်။ ဒဲ-သည်အခါတုန်းက၊ တဘာဝလုံး အဖြပ္ပစရိယသိက္ခာပုဒ်ကို၊လုံခြုံစွာဆောက်တည်ပြီး၊ကောမာရ ဗြဟ္မစရိယဆိုဘဲ့ အကျင့်မြတ်ကို၊ အထူးကျင့်ဆောင်ခဲ့ပေတယ်။ ဆယ်ပါးသီလကို၊ တဘာဝလုံးဆောက်တည်ပြီး၊ ဖန်ရည်ဆိုးတဲ့ အဝတ်ကိုဝတ်ဆင်ကာ၊ အသက် နှစ်သောင်းတိုင်တိုင်၊ မြိုင်မြိုင် ဆိုင်ဆိုင်ကြီး၊ပါရမီစီးပွါးတွေကို၊ကြိုးစားကာစုဆောင်းနေတာ ပေါ့၊ ဖန်ရည်ဆိုးတဲ့ သူတော်ကောင်း အဝတ်ကို ဆင်မြန်းခဲ့တဲ့၊

အလေ့အကျင့်က၊အဆင့်ဆင့်ဝါသနာသုံလာတဲ့အတွက်၊ရဟန်းပြုလိုတဲ့စေတနာဟာ၊ အထုံပါလာသပေါ့လေ။ ။ဆဲ-သို့ကလိုကျင့်လေ့ရှိတဲ့ ဓမ္မဒိန္နာရဲ့ထုံးကို နှလုံးမူပြီး၊ သူတော်ကောင်းတို့၏အသွင်ဖြစ်တဲ့ဖန်ရည်ဆိုးအဝတ်များကိုလဲ၊အလေ့ဝါသနာစရိုက်ပါလာအောင်၊ အလောင်းအလျာ လုပ်ချင်တဲ့ အမျိုးသို့းများလဲ၊ ဝတ်ဆင်သင့်ကြပေတယ်လို့၊ တိုက်တွန်းဘို့ တာဝန်ရှိပေတယ်။

ကိကီမင်းကြီးရဲ့ သမီးတော် ဘဝက စတေတဲ့အခါ၊ ဂေါတမမြတ်စွာဘုရားပွင့်တော်မမူမှီအတွင်း ပါရမီရင့်၍ အခွင့်ကိုဆိုင်းနေရင်းအခိုက်မှာ၊ လူချမ်းသာ, နတ်ချမ်းသာတွေကိုသာကြိမ်ဘန်များစွာခံစား၍စံစားနေတော့တာဘဲ။ယုတ်နိမ့်တဲ့ဘဝသို့မကျမရောက်တော့ဘူး။ဆိုခဲ့တဲ့ခေတ်အတွင်းမှာ၊သိကြားမင်း၏မိဖုယားကြီး အဖြစ်က အကြိမ်ငါးဆယ် ဖြစ်တော်မူခဲ့ရတယ်။ ပဒေသရာဇ်, ဧကရာဇ်တို့ မိဖုယား သူဌေးကတော်၊ သူကြွယ်ကတော်,ဆိုဘာမှာတော့၊ ဘဝပေါင်းဘယ်မျှရယ်လို့၊ မရေနိုင်ဘူးလို့ကျမ်းဂန်များမှာထင်ရှားစွာ မိန့်ဆိုတော်မူကြတယ်။ ကုသိုလ်ရှင်ဆိုတာ၊ ချမ်းသာနှင့်မကင်းနိုင်ဘူးပေါ့။ ဆဲ-သို့ကြောင့်ရှေးဆရာကြီးများက။ ''ကုသိုလ်ဘန်,ဗိမာန်အသင့်,ဘုံအသင့်'' ရယ်လို့ မိန့်ဆိုတော်မူကြတာပေါ့။

''ရစနာဂါထာ''

ကုသလေဟိ နိမ္မိတာနိ။ သုခဘောဂါနိ ပိဏ္ဍရေ။

မဟာပုညာ အနာယာသာ။ ဘဝေသု စွေသု သမ္ဘဒါ။

မဟာပုညာ။ကုသိုလ်ဘုန်းကံ ထက်သန်ထူးလွန်၊သမ္ဘာချွန်ကြကုန်သောသူတို့သည်၊ သမ္ဘဒါ။ဖြစ်လေရာရာ၊ အခါခပ်သိမ်း၊ ကုသလေဟိ။ မိမိတို့ပြုခဲ့သော ကုသိုလ်တရားတို့က၊ နိမ္မိတာနိ။ အသင့်ခံစားရလေအောင်၊ တည်ထောင် ဘန်ဆင်း၍ ထားအပ်ကုန်သော၊ သုခဘောဂါနိ။ ကိုယ်ရောစိတ်ပါ၊ ချမ်းသာစေကြောင်း၊ စည်းစိမ်ကောင်းတို့ကို၊ ဥစ္စွေသုဘဝေသု။ သေးသိမ်ညံ့ဖျင်း လွတ်ကင်းကုန်လပ်၊လွန်မြင့်မြတ်သည့်၊ ဘုံဇာတ်စခန်း၊

အထက်တန်းတို့၌ အနာဂါမ်သာ-အနာဂါမ်သေန။ မငြိုမငြင်၊ မပင်မပန်း၊ လက်လှမ်းသင့်ရာ၊ လွယ်ကူစွာသာလျှင်၊ ဝိန္ဓရေ-ဝိန္ဓနို့။ လိုတိုင်းပိုင်ပိုင်၊ ရရှိခံစားနိုင်ကြလေကုန်သတည်း။

အဲ-သို့ကလို ထိုထိုများပြောင်၊ ထိန်ထိန်ပြောင်ဝင်း၊ အထက်တန်းစည်းစိမ်ချမ်းသာများကို၊ခံစားစံစားပြီးခဲ့မှ ယခုရှင်တော်ဂေါတမ မြတ်စွာဘုရား၏ လက်ထက်တော် အခါကျတော့၊ ရာဇဂြိုဟ်ပြည်ကြီးဝယ်၊ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးအမျိုး၌၊ ပဋိသန္ဓေတည်နေပြီး၊သူဌေး သမီးဖြစ်လာတယ်၊ အမည်သညာမှာတော့၊ ဓမ္မဒိန္နာတဲ့၊ တရားသဖြင့် ရအပ်၍ မြင့်မြတ်တဲ့ သမီးကလေးဖြစ်လို့၊ ဓမ္မဒိန္နာ ဆိုတဲ့ အမည်ကို မှည့်ကြတယ်။ ပဒုမုတ္တရဘုရား လက်ထက်တော်ကအစပြုပြီး အကျွတ်ဆုကြီးကို ပန်ဆင်လာခဲ့တာ၊ ဓမ္မဒိန္နာဘဝဟာ နောက်ဆုံးပေါ့လေ၊ အဆုံးစွန်ဘဝဖြစ်တဲ့အဘွက် ရှေးရှေးကကုသိုလ်တွေဟာလဲ၊အကုန်လွှတ်ပြီး အကျိုးပေးတဲ့အတွက်ကြောင့်၊ ရုပ်ဆင်းသဏ္ဌာန်၊ ကြန်အင် လက္ခဏာတို့မှာလဲ၊ လွန်စွာမြင့်မြတ်၍၊ မိန်းမဇာတ်ဘဝတွင် ဥက္ကဋ္ဌအမျိုးသမီးရယ်လို့ ဆိုရတာပေါ့။ တဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လာတဲ့အခါ၊ လွန်စွာ အဆင်းလှတဲ့အတွက်ကြောင့်၊ မဂဓတိုင်းတခုလုံး လွှမ်းမိုး ကျော်ကြားပြီး၊ များလှစွာသော သူဌေးသား အပေါင်းတို့က၊ လက်ဆောင်ကောင်းတွေတင်ပို့ကာ၊ ပဏ္ဏာစေလွှတ်ပြီး၊ နှုးညွှတ်၍မေတ္တာရှိလိုကြောင်းနှင့် အခွင့်တောင်း ရောက်လာကြတယ်။

သို့ရာတွင်ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးက၊အခြားအခြား သူဌေးတွေရဲ့ လက်ဆောင်ပဏ္ဏာများကို မခံယူစေဘဲ၊ ငယ်ရွယ်စဉ်အခါက တဘက်သိုလ်ပြည့်မှာ၊ ပညာသင်ဘက်ဖြစ်တဲ့ ဝိသာခသူဌေးနှင့်၊ ထိမ်းမြားရန် စီမံတော်မူပြီး၊ ဗိမ္ဗိသာရမင်းကြီးကိုယ်တော်တိုင်၊ အဆွေတော် ဝိသာခသူဌေးနှင့်၊ဓမ္မဒိန္နာသူသူဌေးသမီးကို၊ ထိမ်းမြားမင်္ဂလာပြုတော်မူတယ်။ ဓမ္မဒိန္နာသည်၊ ဘုရင်မင်းမြတ်၏အမိန့်တော်အတိုင်း၊ ဝိသာခသူဌေးနှင့်လောက

ခမ္မတာအလျောက်၊ ပေါင်းသင်းဆက်ဆံ၍နေရာ၊ စည်းစိမ် ချမ်းသာဆိုဘာမှ ၁၊ လွန်စွာကြီးကျယ်သပေါ့၊ ရှင်တော်ဘုရား လက်ထက်တော် အခါက၊ ရာဇဂြိုဟ်ပြည်မှာ လွန်စွာ သူဌေး ပေါတယ်၊ ကြီးကျယ်တဲ့သူဌေးတွေမှန်သမျှ၊ ရာဇဂြိုဟ်ပြည်က ချည်းသာ များတာပါဘဲ၊ ရာဇဂြိုဟ်ပြည်ဆိုတာ၊ တောင်ငါးလုံး ကာပြီး၊ လွန်စွာ နေခင်း, ထိုင်ခင်း, ကောင်းမွန်ဘဲ့ အဘွက် ကြောင့် သူဌေးကြီး, သူကြွယ်ကြီးတွေဟာ၊ ရာဇဂြိုဟ်ပြည်မှာ ပင် နေထိုင်လေ့ရှိကြတာကလား။

ဝိသာခသူဌေးဆိုတာ၊ ပါဠိနဲ့ ၇ သူ့ခဟုတ်ပေဘူး၊ ရာဇဂြိုဟ် ပြည်သို့ ရှင်တော်ဘုရားရှေးဦးစွာ ဆိုက်ရောက်တော်မူစဉ်အခါ ကပင်လျှင်၊ ဗိမ္ဗိသာရမင်းကြီးနှင့်အတူ သွားး၍ တရားနာတဲ့အခါ မှာ၊ သောတာပန်အဖြစ်သို့ ရောက်နေတဲ့ သူဌေးဖြစ်ပေတယ်။ အဲ-သို့ကြောင့် ဓမ္မဒိန္နာရဲ့ ခင်ပွန်းဖြစ်တဲ့ ဝိသာခသူဌေးဟာ၊ သောတာပန်တည်ပြီးရယ်လို့ မှတ်ကြရမယ်၊ သောတာပန်ဆို တဲ့ကာမတဏှာကိုမခွါနိုင်သေးတဲ့အတွက်ကြောင့်၊အိမ်ထောင် ပြုရေးကိုလက်မလွှတ်နိုင်ကြဘူးပေါ့လေ၊ ရှင်တော်ဘုရား လက် ထက်တော်က အိမ်ထောင်ပြုကါနေထိုင်ကြဘဲ့ သောတာပန် ယောကျ်ား၊ သောတာပန်မိန်းမတွေဟာ၊ အသင်္ချေနှင့် အနန္တ မရေမတွက်နိုင်အောင်ပေါတာပေါ့၊အလွန်ကျော်စောတဲ့ဝိသာခါ မယ်မယ်လဲ၊ခုနစ်နှစ်အရွယ်ကပင် သောဘာပန်အဖြစ်သို့ ရောက် ခဲ့တယ်။သို့ရာတွင်အချိန်အရွယ်တိုင်တော့၊ပုဏ္ဏဝဋ္ဋနသူဌေးနှင့် ထိမ်းမြားပြီး၊ သားသ္မီးပေါင်း နှစ်ဆယ်၊ မြေးပေါင်းလေးရာ၊ မြစ်ပေါင်းရှစ်ထောင်၊တိုက်အိမ်ကြီးဘေ္ဘ အဆောင်ဆောင်နှင့် ပြောင်ပြောင်လက်လက်ကြီး၊ စည်းစိမ်ကိုခံစား၍နေသေး သ ပေါ့။ ဝိသာခါက နာမည်ကြီးသလောက်၊ ပုဏ္ဏဝဒ္ဓနသူဌေးဟာ နာမည်မထွက်ရှာဘူး၊သူ့ခမြာသနားစရာဘဲ၊မိန်းမသြဇာ လွှမ်း မိုးလို့ တန်ခိုးမှိန်နေတော့သလား မပြောတတ်ဘူး။ ။ပုဗ္ဗာရုံ ကျောင်းကြီး ဆောက်တဲ့အခါမှာလဲ၊ဝိသာခါရဲ့ နာမည်ကသာ

ပေါ်လာတယ်၊ အလှူကြီးပေးတဲ့အခါမှာလဲ၊ ဝိသာခါရဲ့ အမည် ကသာ ကျော်စောတယ်၊ ဟို-လက်ထပ်တုန်း အခါကသာ၊ ပုဏ္ဏဝဍ္ဎနဆိုတဲ့ အမည်ကလေးပေါ်ပြီး၊ တော်တော်ကြာတော့ ငုပ်သွားရှာတာဘဲ။ ။သောတာပန်တည်တယ်၊ ဘယ်တရားကို ရသွားတယ်၊ ဘုရားရှင်ထံသို့ ဘယ်လို ဆည်းကပ်တယ်ဆိုတဲ့ အချက်များကိုလဲ၊ ကျမ်းဂန်မှာမတွေ့ရဘူး၊ သူ့အမျိုးအရိုးနှင့် ဘိုးဘွားဇာတိကလဲ ဗြိဟ္မအနွယ်အဆက်ဖြစ်လို့ ညှံ့နေရှာတယ် ထင်ပါရဲ့၊ အဲ-ထိုနည်းတူစွာ၊ ယခုလောကမှာလဲ မိန်းမဩဇာ လွှမ်းမိုး၍၊ ယောကျ်ားတန်ခိုးမှိန်နေတဲ့သူများလဲ၊အပုံကြီးရှိကြ ပေလိမ့်မယ်၊ မိန်းမလောက်မှ အကျိုးပေးမလှတဲ့ ယောကျ်ား ခပ်နုံ့နုံ့တွေဘဲလို့ဆိုလျှင် လွဲသွားမလားမဆိုနိုင်ဘူးနော်။

ဓမ္မဒိန္နာရဲ့အရှင်သခင်ဖြစ်တဲ့ ဝိသာခသူဌေးက၊သောတာပန် ဖြစ်တဲ့အတွက်၊ ရှင်တော်ဘုရား စံတော်မူရာဖြစ်တဲ့ ဝေဠုဝန် ကျောင်းတော်သို့၊မကြာမကြာသွားရောက်ပြီး၊ တရားတော်မြတ် ကို မပြတ်မပြတ်နာလေ့ရှိတယ်၊ ကျောင်းတော်သို့သွားတဲ့အခါ၊ ဗိမ္ဗိသာရမင်းကြီးနှင့်အတူတူပေါ့၊ငယ်ရွယ်စဉ်ကပင် ပညာသင် ဘက်ဖြစ်နေလို့၊အလွန် ချစ်ခင်ရင်းနှီးကြတာကိုး။ ဝိသာခသူဌေး က ကျောင်းတော်သို့သွား၍ တရားနာရအောင်၊ ဓမ္မဒိန္နာ လိုက်ခဲ့ ပါလို့ခေါ်သော်လဲ၊ အစပထမကတော့ လိုက်ချင်တဲ့ဆန္ဒများ မပေါ်လာဘူးတဲ့၊ ဆန္ဒမရှိဘဲ့အတွက်၊ ရှင်တော်ဘုရားထံသို့ မသွားဘဲ တရားဆိုတာ ဘာမှန်းမှမသိအောင် ဖြစ်နေတာပေါ့။ အချိန်အရွယ်ကလဲ ခပ်ပျိုပျို၊နဂိုရုပ်ကလဲချော၊စည်းစိမ်ဥစ္စာတွေ ကလဲပေါတော့၊တရားသဘောကို ဘယ်မှာသက်ဝင်နိုင်ပါတော့ မလဲ၊ကာမဂုဏ်ထဲမှာအရေးစိုက်ပြီး၊ကိလေသာမှောင်တိုက်မှာ ပျော်နေတာပေါ့၊အဲ-သို့ကလို စိတ်ပျို ကိုယ်နုဖြစ်နေတဲ့အတွက် ကြောင့်၊စည်းစိမ်ဂုဏ်တက်ပြီး မိမိကိုယ်ကို တိုး၍လှလိုတဲ့ရမက် နှင့်၊နှစ်သက်ဘွယ်ရှိအောင်၊ ပြင်ဆင်ဖီးလိမ်းနေတော့တာပေါ့။ ကိုယ်လုံးပေါ်မှန်ကြီးနားက ဘယ်မှာခွါတော့မှာလဲ၊အခြေအရံ

တွေကတဲ့ ဖိုးလိမ်းချယ်လယ်ခြင်းကိစ္စကို၊ ဆောင်ရွက်ရတဲ့အရေးနှင့်၊တထွေးလုံးလုံး အလုပ်ရှုပ်နေကြတာပေါ့၊ နဂိုမူလရင်းက လှပချောမွန်၍၊အလွန်ချစ်စဘွယ် ကောင်းလာတဲ့အပေါ်မှာ၊ ရတနာအမျိုးမျိုးနှင့်တကွ၊နံ့သာကတိုးမှစ၍၊အမွှမ်းတင်အသွယ်သွယ်နှင့်၊ ချယ်လယ်ပြုပြင်ထားပြန်တော့၊ ဓမ္မဒိန္နာရဲ့ အသွေးအဆင်းဟာ၊ ထိန်ထိန်လင်းပြီး ကြိုင်သျှိုင်နေတော့တာပေါ့၊ ဝိသာခသူဌေးကြီးဟာ၊အနာဂါမ်နိုင်ဘို့ အခက်ပေါ့လေ၊သို့ရာတွင် သောဘာပန်ကြီး ဖြစ်နေတော့၊ ပုထုဇန်တို့၏ စိတ်များလောက်၊ ကမောက်ကမ၊ဖြစ်နိုင်ပါ့ဦးလား၊ အနာဂါမ်ပြီး၊ မကြာမကြာ တရားနာသွားနိုင်တာဟာ၊ သောတာပန် စိတ်သဘော ရှိပေလို့ပေါ့။

ဝိသာခသူဌေးကြီးကလဲ၊ ဓမ္မဒိန္နာကို တရားနာစေလို၍၊ အကြံမ်ကြံမ် ခေါ်ပါသော်လဲ၊ "တရားတော်ကိုနာရတာ၊ ဘာစည်းစိမ်ရှိသလဲ" လို့၊လွှတ်ခနဲ့,လွှတ်ခနဲ့,ဓမ္မဒိန္နာကပြန်ပြောသတဲ့။ ။တရံတခါ ဝိသာခ သူဌေးကြီးက၊ တရားသဘောသက်ဝင်ပါစေတော့လို့ ချော့မော့ပြီး တရားဟော ရှာတယ်။ အနိစ္စဆိုတာဘယ်လို၊ ဒုက္ခဆိုတာဘယ့်နှယ်၊ အနတ္တဆိုတာဘယ်ပုံ အသုဘဆိုတာဘယ်သို့၊ ဇဲ-သို့ကလို ချော့မော့၍ ဟောပြန်တော့လဲ၊ ဓမ္မဒိန္နာက ဝါသနာ စရိုက်တမျိုး ဖြစ်နေတဲ့အတွက်၊ "ရှင်တို့တရားက ကြောက်စရာကြီးပါကလား မကြားဝံ့ပါဘူး၊ဒီလွန်လှပတဲ့ကိုယ်ကာယကိုပင်၊ စက်ဆုပ်ဘွယ် ထင်ရမယ်။မချစ်ခင်ရဘူး,မချမ်းသာရဘူး,ဆင်းရဲတယ်လို့ထင်ရမယ်။ သည့်လိုဟောတဲ့ တရားမျိုးကို ကျွန်မတို့ဘယ်မှာသဘောကျနိုင်ပမလဲ၊ ရှင်ဘဲကြည့်စမ်းပါ၊ ကျွန်မကိုယ်ဟာ စက်ဆုပ်စရာကောင်းသလား၊ ချစ်စရာကောင်းသလား လို့၊ ဆင်းရဲတယ်ဆင်းရဲတယ်လို့ပြောတာကိုလဲ၊သဘောမကျနိုင်ပါဘူး၊ကျွန်မတို့မှာ စည်းစိမ်ချမ်းသာတွေများလွန်းလို့၊ဆင်းရဲဘို့အချိန်တောင်မတွေ့ဘူးပါ၊ ပျော်လိုက်ထာလဲဘယ်မှာ စိတ်ညစ်ဘို့ အကွက်

ရှိသေးသလဲရှင့်။ တရားကိုရှင်သာ သွားချနေပါ၊ စည်းစိမ်ရှင်တွေကို ပြစ်တင်ကဲ့ရဲ့တဲ့ မုန်းစရာတရားကြီးကို၊ ကျွန်မတို့မနာနိုင်ဘူး။'' ဆဲသို့ကလို သူ့နဂို သဘောထားရင်း အတိုင်းပင်၊ ပြန်လှန်၍ပြောသတဲ့။ သည်လိုပြောတဲ့အခါ၊ ဝိသာခါသူဌေးကြီးကလဲ၊ သူ့ဘက်ကိုပါအောင် မဆွဲနိုင်သဖြင့်၊ မျက်နှာပြုံးပြုံးနှင့်အရှုံးပေးလိုက်ရတာပေါ့။

တခုံတခါ ညအိပ်ရာဝင်သည့်တွင်၊ ကြည် ကြည် နူး နူး နှင့်စကားစပြီး၊ ''ဓမ္မဒိန္နာရယ်'' တရားအရသာဆိုတာ၊ လွန်စွာမြိန်ရှက်၍နှစ်သက်ဘွယ် အကောင်းဆုံးဖြစ်ပါတယ်။ လူ့စည်းစိမ်တွေဆိုတာ အနှစ်သာရရှိတာမျိုး မဟုတ်ပါဘူး၊ တခါလောက်တရားနာကြည့်စမ်းပါ၊ ဘုရားသခင်လဲ၊ ပြိုင်ဘွဲ့ဘက်မရှိအောင်၊ ကြက်သရေထူး၍၊ ဖူးမြင်မိလျှင်။ မငြီးချင်အောင် ကြည်ညိုဘွယ်ကောင်းလှပါတယ်၊ တခါလောက်ကျောင်းတော်သို့ လိုက်ခဲ့လျှင်မကောင်းဘူးလား၊ သို့ကလို ချော့ မော့ ပြန် တော့၊ ဓမ္မဒိန္နာကသည်အချိန်မှာ၊ သည် တ ရား စ ကား တွေ ကို မ ပြော ပါ နှင့်၊ ရှင့်မိတ်ဆွေ ဗိမ္ဗိသာရမင်းကြီးနှင့် တွေ့တဲ့အခါမှ၊ သည်စကားမျိုး တွေ ကို ပြော ပါ အရာအခွင့်ကို ရှင်မသိတတ်ဘူး၊ တခါလာလျှင် တရားနာသွားရအောင် တခါလာလျှင် ကျောင်းတော်သွားရအောင်၊ ရှင်ပြောတာအကြိမ်ပေါင်းများလှပါပြီ၊ အားမနာဘူးလားဆိုပြီး၊ ညိုညင်စိတ်နှင့် ဓမ္မဒိန္နာက စိတ်ကောက်သွားပြန်တယ်။ ။ သည်လို စိတ်ကောက်ပြန်တော့၊ သောဘာပန်သူဌေးကြီးက၊ တဏှာပေမနှင့် ချစ်ခင်ရင်းရှိတဲ့အတိုင်း၊ စိတ်ကောက်တွေ ပျောက်အောင်ဟာ၊ ချော့ပြန်တာပေါ့လေ၊ သူတို့ ၈ နှီးမောင်နှံနှစ်ဦးဟာ၊ ပစ္စည်းဥစ္စာအတွက်၊ စကားများရတယ်လို့မရှိဘဲ၊ တရားနာခေါ်တဲ့အမှုနှင့်ပင်၊ ခဏခဏစကားများရတယ်။ ဓမ္မဒိန္နာက၊ ခဏခဏစိတ်ကောက်တယ်၊ ဝိသာခါသူဌေးကြီးက၊ ခဏ ခဏ ချော့ရတယ်။ သော တာ ပန် ကြီး လုပ် နေ သော် လဲ၊ အမှုရှုပ်နှင့်တော့ မကင်းနိုင်ဘူးပေါ့လေ။ ကာမတဏှာကိုမခွါနိုင်

သေးဘဲကိုး။ သဗ္ဗာဝါဆိုတာ တကျော်၏ ကျွန် တော် ရင်း တွေ ဖြစ်နေလို့ တ ကျော် သ ခင် ရှိ နေ သ မျှ၊ သို့ကလို ချော့မော့ရတဲ့ အမှုရှုပ်နှင့်၊အလိုလိုက်ရတဲ့ အလုပ်ဘွေကို မလွန်ဆံနိုင်ဘူးပေါ့၊ ဗိမ္ဗိသာရမင်းကြီးနှင့် ဝိသာခသူဌေးဟာ၊ သည့် နေ ရာ မျိုး မှာ အကျိုးပေးတူကြတယ်။ ခေမာမိဖုယားကြီးက စည်းစိမ်ယစ်ပြီး၊ တရားတော်ကိုမနာချင်ဘူး၊ မွေဒိန္နာကလဲ သည့်လိုနည်းအတိုင်း ဘဲ၊ အဲ သို့ကြောင့် အကျိုးပေးတူကြတယ်လို့ ဆိုရတာပေါ့။

ကဲ စဉ်းစားကြည့်ကြစမ်းပါ၊ ဘဝအဆုံးသို့ရောက်၍၊ ပွင့်လု ခါနီးဆဲဆဲမှာပင်၊ကာမဂုဏ်မှိုင်းမိ၍၊စည်းစိမ်ယစ်မူးပြီး၊တရား ထူး,တရားမြတ်တွေကိုရန်သူလုပ်နေတာ အံ့ဩဘွယ်မကောင်းဘူး လား၊ ပါချမ်ိနူသေးတဲ့ပုထုဇန်များကိုတော့၊ ပြောစရာမရှိဘူး ပေါ့။ကာမဂုဏ်စည်းစိမ်ဆိုတာ၊လွန်စွာယစ်မူးစေတတ်ဘယ်၊ စည်းစိမ်ယစ်မူးပြီ ဆိုမှဖြင့်၊ အရူးတမျိုး ဖြစ်တော့ဘာဘဲ၊ ရတနာသုံးပါးကို မျက်နှာလွှဲပြီး၊ကာမဂုဏ်ထဲမှာပင်၊ ပျော်မွေ့င် စွာနှင့် အရေးစိုက်နေကြတော့တာဘဲ၊လောကီစည်းစိမ်ဆိုတာ၊ ကောင်းမြတ်တဲ့အရာကို လွန်စွာ နှောက်ရှက်တတ်ထာကလား၊ ကာမအရှိန်နှင့် စည်းစိမ်တွေမှောင်ကြမှဖြင့်၊ သူတော်ကောင်း တရားဆိုတဲ့ လမင်းကြီးဟာ၊ အရောင်အဝါဖြင့် မသာနိုင်ရှာ တော့ဘူး၊

"ရတနာဂါထာ"

အဟ္ဘသမာ ကာမဘောဂါ၊သဒ္ဓမ္မောစ နိသာကရော။

ဘောဂဟ္ဘမှိ အဘိ ဟ္ဘ နွေ၊စန္ဒောသော နောဟိဘာသတော။

ကာမဘောဂါ၊ကာမအရှိန်၊လူစည်းစိမ်တို့သည် အဟ္ဘသမာ။ အရောင်ကိုဖုံးသော၊ တိမ်လုံး, တိမ်ခဲကြီးတွေနှင့် တူလှကုန်၏။ သဒ္ဓမ္မော။ထွန်းလင်း ထိန်ပြောင်၊ အရောင်ဓါတ်သား၊ သူတော် ကောင်းတို့၏ အမြတ်တရားသည်၊ နိသာကရော၊ စန်းပုဏ္ဏမိန်၊ ယုန်အိမ် လနန်းကြီးနှင့် တူလှပေ၏။ဘောဂဟ္ဘမှိ၊ကာမစည်းစိမ် တည်းဟူသော တိမ်ထွန့်,တိမ်တောင်,တိမ်မှောင်,တိမ်နက်များ

သည်၊ အဘိဓမ္မာ နွေ။ ရပ်ရှစ်မျက်နှာ၊ ကွယ်ကာအားလုံး၊ လွှမ်းပိတ်ဖုံးအပ်သည်ရှိသော်၊ သောစနွေ။ ထိုသူတော်ကောင်းတို့၏ တရားတည်းဟူသောလပြည့်ဝန်းကြီးသည်၊ နောဟိဘာသာ တော။ အရောင်မထိန်ဘဲ၊ မှောင်အိမ်မိ၍နေရှာလေတော့သတည်း။

ဓမ္မဒိန္နာဟာ၊ကာမဂုဏ်စည်းစိမ်ယစ်မူးနေတဲ့အခါ၊ သူတော်ကောင်းတရားကို ကြောပေးနောက်ခိုင်းနေတယ်ဆိုသော်လဲဘဲ၊ အခွင့်မကြုံသေးလို့ပေါ့၊တသက်လုံး သည်လို လမ်းမှားနေနိုင်ပမလား။ ကျွတ်လုနီးတဲ့ ပါရမီရှင်ကြီးကဘဲ၊ တချက် ချက်မှာတော့ အကွက် ပေါ်လာမှာပေါ့၊ ပါရမီရှင်ဆိုတာ တဘဝလုံးမှားနိုင်တာမျိုးမဟုတ်ဘူး၊သို့ကလိုခပ်မှားမှားဖြစ်ရခြင်းဟာလဲ၊ အခြားကြောင့်မဟုတ်ဘူး၊ မှူလက ဟောခဲ့တဲ့အတိုင်း၊ တရားဘက်မှာ၊ထက်ထက်မြက်မြက် စိတ်သန်တို့အချက်နှင့် မကြုံသေးလို့ပေါ့။ ။အရေးကြုံလာပြီဆိုတော့၊ အားကျမခံဆိုတဲ့ဇွဲနှင့်အကဲရောက်ပြီး၊ ရှေ့ဆုံးက ပထမပေါက်သွားပါလိမ့်မယ်။

"ဓမ္မဒိန္နာစိတ်မာန်တက်ခဏ်း"

ကဲ-အားကျမခံဆိုတဲ့စိတ်နှင့်၊ ဓမ္မဒိန္နာရဲ့ မာန်တက်ပုံများကိုဟောကြစို့၊တနေ့သောအခါ ဝိသာခသူဌေးကြီးသည်၊ ယာဉ်ရထားကိုစီးပြီး ဝေဠုဝန်ကျောင်းတော်ကြီးသို့၊ တရားနာ ထွက်သွားတယ်။ ထိုနေ့မှာ-ရပ်နာခံ ခန္ဓာနဲ့စပ်တဲ့၊ တရားအချက်တို့ကိုနက်နက်ကြီးနာရသဖြင့်၊တရားတော်နှင့်အသိဉာဏ်အခန့်သင့်စွာပဏာရပြီး အနာဂါမ်ပုဂ္ဂိုလ်ကြီးဖြစ်သွားတယ်။အခွင့်သင့်တဲ့အခါမှာတော့၊ တကြိမ်လောက် တရားနာရလျှင်၊ ဉာဏ်အမြင်ပွင့်လင်းသွားတာပေါ့။ ။အနာဂါမ်အဖြစ်သို့ ရောက်တဲ့အခါ၊ ကာမ တဏှာနှင့် ဒေါသကို၊ အရှင်း ခွါနိုင်ပြီဖြစ်သောကြောင့် သားမယားနှင့်အတူတကွ နေနိုင်ဘို့စိတ်မရှိတဲ့ပြင်၊ စကားများဘို့ ဆိုတဲ့ စိတ်တွေလဲ မရှိတော့ဘူးပေါ့၊ ရှင်တော်ဘုရားရှေ့တော်မှာ အနာဂါမ်အဖြစ်သို့ ရောက်တော့၊ ဘယ်လိုစိတ်အကြံပေါက်လာသလဲလို့ဆိုလျှင်၊ဩော်-ဓမ္မဒိန္နာကလဲ စည်းစိမ်မာန်

တက်ပြီး၊စိတ်ခပ်ထက်ထက်ကလေးရှိရှာတယ်။ယခုအခါ ငါ့မှာလဲ ကာမတဏှာကိုချုပ်နိုင်ပြီဖြစ်၍၊ သူ့အလိုသို့ မလိုက်နိုင်တော့ဘူး။သဘောချင်းမတူတော့၊သူနှင့်နေဘို့ အခက်ကြီး ဖြစ်နေတာပေါ့၊ယနေ့အိမ်ပြန်ရောက်တဲ့အခါမှာပင်၊ အဆင်မသင့်တဲ့ ကိစ္စမျိုးတွေနှင့် တွေ့ကြုံရတော့မယ်၊ သူ့ခမြာမှာလဲ သနားစရာဘဲ၊ တရားဟောသို့လဲ မရနိုင်ဘူး။အင်း-အိမ်ကိုရောက်တဲ့အခါကျမှ အခွင့်ဆိုက်သလို ပြောဆို ဆုံးမရတော့မှာဘဲ။ အဲ-သို့ကလို အကြံပေါက်လာသတဲ့။

ထိုနောက် ရှင်တော်ဘုရားကို၊ဝပ်တွားဦးခိုက်ပြီး၊ ရထားစီးကာအိမ်သို့ပြန်လာတယ်။ဓမ္မဒိန္နာနှင့်ဖြင့်တွေ့ကြတော့မှာဘဲနော်၊ အနာဂါမ် သူဌေးကြီးနှင့် သွေးကြီးနေတဲ့ဓမ္မဒိန္နာ၊ ဘယ်သူကသာမလဲ။ဘယ်သူကပထမပေါက်ပြီး၊ ပန်းတိုင်သို့ ရောက်သွားမယ်ဆိုတာ၊ စဉ်းစားလို့နာကြပေတော့။

ဓမ္မဒိန္နာရဲ့အလေ့က၊ ဘယ်လိုရှိသလဲလို့ ဆိုတော့၊ ဝိသာခသူဌေးကြီး အိမ်ကထွက်သွားတဲ့အခါ၊ ပြန်လာချိန်နီးပြီဆိုမှဖြင့်၊ လေသာပြူတင်းကိုဘွင့်ပြီး မျှော်လင့် စောင့်စား လျက်၊ အိမ်ဝင်းတံခါးကိုသာ ရှုနေတယ်။ သူ ဌေး အိမ် ကြီး ဆို တော့၊ လွန်စွာကြီးကျယ်တာပေါ့၊အုတ်တံတိုင်းကြီးခတ်ပြီး တံခါးမုတ်ကြီးနှင့်၊ တံခါးစောင့်တွေနှင့်ပေါ့လေ။ ။သူဌေးကြီးသည် ရထားစီး၍၊ တံ ခါး ကြီး အတွင်း သို့ ဝင် မိ လျှင်၊ ကြည်နူးသော မျက်နှာနှင့် ဓမ္မဒိန္နာကပြုံးပြီး၊ တိုက်ပေါ်က နှုတ်ဆက်လေ့ရှိတယ်။ ထိုအခါ သူဌေးကြီးကလဲ၊ ရ ထား ပေါ် က နေ ပြီး မျက်နှာပြုံးပြုံးနှင့်၊ အကြည်လိုးပေးကာ ပြန်၍နှုတ်ဆက်လေ့ ရှိတယ်၊ ဓမ္မဒိန္နာက လျှင်မြန်စွာတိုက်ပေါ်ကဆင်းပြီး၊ လှေကားရင်းက စောင့်နေရာ၊ သူဌေးကြီးရထားပေါ်က ဆင်းလာလျှင်၊ ဓမ္မဒိန္နာက လက်ဝဲကအသာကပ်ပြီး မိ မိ ၏ ညာ ဘက် လက် ကို ကမ်း လိုက် တယ်။ သူဌေးကြီး လက်ျာဘက်ကနေပြီး၊ မိမိလက်ဝဲလက်ဖြင့် ဓမ္မဒိန္နာရဲ့ ညာလက်ကို အသာကိုင်ဆွဲပြီး၊ နှစ်ကိုယ်တွဲကာ၊ တိုက်ပေါ်သို့

တက်သွားလေ့ရှိတယ်။ ဘိုက်ပေါ်သို့ရောက်တဲ့အခါ၊ မွှေဒိန္နာက၊ ၎င်းပြုံးသော မျက်နှာဖြင့် ဒီယာဝါစာတွေကိုပြောပြီး သဘောနှစ်ချိုက်စဘွယ် ရှိအောင်၊ သူ ဌေး ကြီး ကို ယပ်လေခပ်၍ပေးတယ်။ သူဌေးကြီးကယပ်လေကိုခံရင်း၊ ယနေ့သွားတာဘယ်ကိုရောက်ခဲ့တယ်၊ ဘယ်ဥယျာဉ်သို့ သွားခဲ့တယ်။ ဘယ်မိတ်ဆွေနှင့်တွေ့လို့ ဘယ်လိုစကားကိုပြောခဲ့တယ် စသည်ဖြင့်၊ အကြောင်းအရာများကို ပြောကြားပြီး၊ ဥယျာဉ်မှရူးလာတဲ့ ပန်းများကိုလဲ၊ မွှေဒိန္နာလက်သို့ ပေးလေ့ရှိဘယ်။ စားချိန်တန်တဲ့အခါ မွှေဒိန္နာကိုယ်တိုင် အနားကနေပြီး ချစ်ခင်ဘွယ် အမူအရာနှင့်၊ လေးမြတ်စွာ ကျွေးမွေးလေ့ရှိတယ်။ အဲ-သည်လို အလေ့ဟာ၊ မွှေဒိန္နာ၏ ပြုစမြဲဖြစ်တဲ့ ဝတ်တာရား အလေ့ အကျင့်များပေဘဲ။ မွှေဒိန္နာဟာသူဌေးသို့းဖြစ်၍ ဆွေကြီး, မျိုးကြီး,မှ ပေါက်ဘွားလာခဲ့တဲ့သူဖြစ်လေတော့။ ဇနီးမိန်းမတို့၏ ဝတ်တရားကို၊ ကျေကုန်စွာပြုလေ့ရှိတာပေါ့။ ထိုစဉ်အခါကတော့၊ မွှေဒိန္နာကသာ၊ သို့ကလို ဝတ်ကျေတာမဟုတ်ဘူး၊ လူကြီးလူကောင်းရဲ့ဇနီးတွေမှန်သမျှ ဆိုခဲ့တဲ့အတိုင်း၊ လင်ဝတ်ကျေစွာ ပြုလေ့ရှိကြတယ်။ လင်သားတို့၏အပေါ်မှာ ဝတ်တရားကျေကုန်စွာ ပြုလုပ်ခြင်းဟာ၊ မြင့်မြတ်တဲ့ မိန်းမတို့၏ အလေ့ကောင်းကြီးပေဘဲ။ ဝတ်တရားကျေတဲ့ မိန်းမဆိုလျှင် အရှင်သခင်တို့က ချစ်ခင်ပြီးမြတ်နိုးကြတာပေါ့။ အဲ-သို့ကြောင့် ဝတ်တရား ကျေပွန်စွာနှင့်၊ ချစ်ချစ်ခင်ခင် နေထိုင်ကြစေရန်၊ ရှင်တော်ဘုရားက လင်တို့၏ဝတ်တရား မယားတို့၏ဝတ်တရားကို၊ ဟောကြားတော်မူတာပေါ့။ကဲ-ဝတ္ထုကိုဆက်ကြစို့။ ။ဝိသာခသူဌေးကြီးသည်၊ ရထားစီး၍ တံခါးကြီးအတွင်းသို့ဝင်လာတဲ့အခါ မွှေဒိန္နာကပြုံး၎င်တဲ့မျက်နှာဖြင့်၊ထုံးစံရှိတဲ့အတိုင်း၊ တိုက်ကြီးပေါ်ကနှုတ်ဆက်လိုက်တယ်။သူဌေးကြီးမှာ၊ အနာဂါမ်ဖြစ်လာတဲ့ အတွက်၊ ရှေးကနှင့်မတူဘဲ၊ အမူအရာ ဣန္ဒြေတမျိုးပြောင်းလာတဲ့ အတွက်၊ အခါတိုင်းလိုမွှေဒိန္နာကိုမကြည့်တော့ဘူး။မွှေဒိန္နာကဣန္ဒြေကြီးတမျိုး

နှင့် သူ့မျက်နှာကိုပြန်၍မကြည့်ဘဲ၊အမူအရာ ထူးခြားတာကိုမြင် တော့ စိတ်ထဲမှာ ထိတ်ခနဲဖြစ်သွားပြီး ဘယ့်နှယ်ပါလိမ့်မလဲ၊ သူ့မွေးမင်းဟာ အမူအရာထူးလာပါတယ်။ရထားပေါ်ကနေပြီး ငှင်ပြုံးဘဲ့ မျက်နှာဖြင့် နှုတ်ဆက်စမြဲပါကို၊ ယနေ့ဘာကြောင့် မပြုံးဘဲနှင့်ဇာနွေကြီးလုပ်နေရပါလိမ့်မလဲ၊ သူတပါးနှင့်ရန်များ ဖြစ်လာလေတော့သလား။အဲ-သို့ကလို စဉ်းစားပြီး၊ ဝတ်တရား ရှိတဲ့အတိုင်း သွေ့ကားခုံသို့သင်းပြီး၊ လက်ဝဲဘက်က စောင့်ပြီး နေရှာတယ်။သူ့ခွဲကြီး လှေကားရုံသို့ရောက်လာတဲ့အခါ၊ အခါ တိုင်းလို မွှေ့ဒီနှာက လက်ျာလက်ကိုကမ်းလိုက်တော့၊ မွှေ့ဒီနှာ လက်ကို မကိုင်ဘဲ၊ဇာနွေကြီးစွာနှင့် တယောက်ထဲတိုက်ပေါ်သို့ တက်သွားပါရော။အခါဘိုင်းလို မွှေ့ဒီနှာနှင့်တွဲပြီး မတက်တော့ ဘူး။ ။သည့်အခါ၊မွှေ့ဒီနှာမှာလွန်စွာညှိုးနွမ်း၍စိတ်မချမ်းသာ ခြင်း ဖြစ်သွားရှာတာပေါ့၊ငါ့အပေါ်တွင်၊အလွဲထင်တဲ့ စိတ်တွေ များဖြစ်လာလေတော့သလား။ သူတပါးက ကုန်းဘိုက်လိုက် လေတော့သလား။ အ မူ အ ရာ ထူး ခြား ပါ ဘိ တော့ တယ်၊ ပေါင်းသင်းခဲ့ဘဲ့ နေ့ကစပြီး၊ ဘယ်တော့မှ သို့ဘလိုမဖြစ်စဘူး ပါဘူး။ အလွန်ထူးလှချည့်ရဲ့။ အဲ-သို့ကလို ကြံတွေးပြီး၊ အသာ ကလေးနောက်က ကပ်လိုက်သွားရတော့တာပေါ့။

တိုက်ပေါ်သို့ ရောက်ဘဲ့ အခါကျတော့၊ ယခင်က ပြုလုပ်မြဲ ဝတ်ဘရားရှိဘဲ့အတိုင်း မွှေ့ဒီနှာကရိုသေစွာထိုင်လျက်၊ နဝရတ် စီချယ်တဲ့ယပ်ကိုကိုင်ပြီး တငြိမ့်ငြိမ့် ယပ်လေခပ်ပေးပြန်တော့ ဂဲ၊အခါတိုင်းလိုမဟုတ်ဘဲ၊ စကားမပြော တုဏှိဘောကြီးလုပ် ပြီး၊ ငုတ်တုတ်ကြီးသာ နေတော့တာဘဲ။ မွှေ့ဒီနှာရဲ့ မျက်နှာကို တောင်မှ စေ့စေ့ မကြည့်တော့ဘူး။ အခါတိုင်းများ မှာတော့၊ အိမ်ပေါ်သို့ ရောက်ဟဲ့အခါ၊ မျက်နှာက ချိုချိုပြုံး၊ ပိယဝါစာ စကားလုံးနှင့် ချစ်စဘွယ် အမူအရာကိုသုံးပြီး၊ မဆုံးနိုင်အောင် ပြောလိုက်တဲ့ စကားတွေဟာ၊ အကြောင်းအရာ မျိုးစုံသွားတာ ပေါ့လေ။ ဥယျာဉ်က ပြန်လာဘဲ့အခါများမှာတော့၊ မွှေ့ဒီနှာဘို့

ရူးလာတဲ့ ပန်းတွေဟာ တပွေ့တပိုက်ကြီးမကဘူး၊ တခါတခါ ယပ်လေခပ်ရင်း ဓမ္မဒိန္နာကစကားပြောလိမ့်နိုးနိုးနှင့်၊မျက်နှာက ပြုံးပြီး၊ မခို့တရို့အမူအရာနှင့်၊ သူဌေးကြီးမျက်နှာ ကြည့်ပြန်ပါ တော့လဲ၊ ဘာကိုမှ နားမလည်တဲ့ လူကြီးကဲ့သို့၊ မလှုပ်မရှားဘဲ ကျောက်သားကိုထုတဲ့ အရုပ်ကြီးလို နေတော့တယ်။ ဓမ္မဒိန္နာရဲ့ အမူအရာတွေဟာ၊ ဘာမျှ အကျိုးမရှိရှာတော့ဘူးပေါ့။ အခါ တိုင်းများမှာတော့၊ ဓမ္မဒိန္နာက အသာကလေး ပြုံးလျှင်၊ ဝိသာခ သူဌေးက အပြုံးကြွေးဆပ်သလို၊ တဘန်ပြန်ပြီး ပြုံးလိုက်တာ အလွန်ဘရာအားရဘို့ကောင်းတာပေါ့။အဲ-သို့ကလိုမတုန်မလှုပ် နှင့် ကျောက်ရုပ်ကြီးလိုနေတဲ့အခါ၊ဓမ္မဒိန္နာကစဉ်းစားပြန်သည် မှာ''အကဲခပ်ဘို့အပုံကြီးကြပ်နေတာဘဲ။ သူ့မျက်နှာကိုသေသေ ချာချာ ကြည့်ပြန်တော့လဲ၊ စိတ်ဆိုးတဲ့ ရုပ်လက္ခဏာမျိုးတော့ မဟုတ်ဘူး။ တကယ်လို့ပင် စိတ်ဆိုးသော်လဲ၊ ဇာခြွေအဆောင် ကောင်းတာနှင့် ထင်ယောင်ထင်မှားဖြစ်အောင် စိတ်မဆိုးပုံကြီး နှင့် နေလေတော့သလား။ သည့်လို မဟုတ်လျှင်၊ သွားရောက် လယ်ပတ်တဲ့လမ်းခရီးမှာ၊ မကောင်းဆိုးဝါးကြီးများ ဘမ်းဆီး ၍ နှောက်ရှက်လေတော့သလား။ နှုတ်ဆက်တဲ့ စကားကလေး တခွန်းလောက်မျှ မပြောဘဲနေနိုင်တာ လွန်စွာအတွေးရခက်နေ တယ်။ ငါ့အပေါ်မှာပင် အလွဲထင်ပြီး၊ ခွဲချင်တဲ့စိတ်များပေါက် နေလေတော့သလား။ ကြောက်စရာကောင်းလိုက်တဲ့ သူ့ဇာခြွေ တော်ကြီးဟာ၊ လွန်စွာ ခိုင်ခံ့ပါပေရဲ့''။ အဲ-သို့ကလို အတွေး ပေါက်ပြီး၊ ကြောက်လန့်ခြင်းများတောင် ဖြစ်ရှာသတဲ့။ စိတ် မချမ်းသာနိုင်ဘူးပေါ့လေ၊ မိန်းမဆိုတာ လင်ယောကျ်ားအပေါ် မှာ အလွန်တရာအားကိုးနေကြရှာတာကိုး။ချစ်ခင်မိပြီဆိုမှဖြင့်လဲ ယောကျ်ားထက်ကဲရှာကြသေးတယ်။ ချစ်ခင်တဲ့ယောကျ်ားက စကားမပြောဘဲ၊ ရှုခြွေကြီးနှင့် မျက်မှောင်များ ကုပ်နေပြီဆိုမှ ဖြင့်၊ အသည်းနှလုံးကို မီးအုံး၍နှပ်သလို၊ တဖြုတ်ဖြုတ်လူးအောင် ဒုက္ခရောက်နေကြတာပေါ့၊ဝေသာန္တရာဇာတ်တော်မှာ၊မဒ္ဒီဒေဝီ

ဟာလဲ၊ ဝေဿန္တရမင်းကြီးကစကားမပြောဘဲ၊ တုဏှီဘောကြီး လုပ်နေတဲ့အတွက်ကြောင့်၊ ဖြေဆည်လို့မရနိုင်ဘဲ၊ ဘုံးဘုံးလဲ သည်တိုင်အောင် ဒုက္ခရောက်ရှာတာပေါ့။ ခမ္မဒ္ဒိန္နာမှာလဲ ဝိသာခ သူဌေးကြီးက စိတ်ထားပုံ တမျိုးနှင့် ပြောင်းပြီး၊ အကျိုး အကြောင်းကိုမျှမဟော်ပြဘဲ၊ သောကဖြစ်အောင်တမင်လုပ်သလို၊ ကျောက်ရုပ်ကြီးအသွင်နေတဲ့ အရေးကြောင့်၊ အဆွေးကြီးဆွေး ပြီး ငိုတော့မလိုဖြစ်ရှာတယ်၊ မိန်းမတို့ သဘောဟာ၊ သည်လို နေရာမျိုးနှင့်ကြုံလျှင် အပုံကြီးဆင်းရဲလေ့ရှိကြစမြဲပေပေါ့။

"ရစနာဂါထာ"

ဒုက္ခန္တိ နာရိယော ဘူသံ။ အနာလာပမှိ သာမိကေ။
ဟာဒယံ ဒယှမာနဝ။ ပိဇယ ဘာကုဋိကေ ဇ္ဈာဝ။

ဇ္ဈာဝ။ ဤလောကတပြင်၊ လူ့ရပ်ခွင်၌၊ ဣယော။ အိမ်ထောင်ရေးဓမ္မ တာဖြင့် လွန်စွာချစ်ခင်၍နေသော၊ သာမိကေ။ အရှင်သခင်မိမိ လင်သည်၊ အနာလာပမှိ။ နှုတ်ခွန်းချိုနွှာ၊ ဆိုပြောမဘွင့် ကြီးရင့် ဇ္ဈာနေ၊ နှုတ်မဖွက်ဘဲနေသည်ရှိသော်၊ ဘာကုဋိကေ။ စိတ်ဆိုး မာန်ဆိုး၊ ရန်ညှိုးကြမ်းကြုတ်၊ မျက်မှောင်ကုပ်၍နေသည်ရှိသော်၊ နာရိယော။ လင်ယောကျ်ားကို၊ အားထားသမှု၊ အလေးပြု၍နေရှာ ကြကုန်သောမိန်းမတို့သည်၊ ဟာဒယံ။ နှုးညွှံ့မွေ့သိမ်၊ နှလုံးအိမ်ကို၊ ဒယှမာနဝ၊ မီးပြင်းပြင်းဖြင့်၊ အတင်း လောင်အပ်လေသကဲ့သို့၊ ဘူသံ။ ဖြေဆိမသာ ပြင်းထန်စွာ၊ ဒုက္ခန္တိ။ အားကိုးရာမမြင်၊ ပူပင် လောင်မြိုက်၊ မီးတိုက်သလို၊ ငြိုငြင်လိုက်လှဲ၊ ဖုံးကနဲလျှင်၊ လဲ၍ သေတော့မလောက်၊ ဆင်းရဲကြီးရောက်ရှာကြကုန်သတည်း။

အဲ-သည်ဂါထာအဓိပ္ပါယ်အတိုင်းပင်၊ ဓမ္မဒိန္နာမှာလဲ လွန်စွာ ဆင်းရဲရှာသပေါ့။ သူဌေးကြီးကလဲ၊ နေဘဲ နေနိုင်လွန်းပါတယ်၊ စကားကလေးတခွန်းလောက်ပြောလျှင်၊ အနာဂါမ်သဘောက ပြုတ်သွားမှာလဲမဟုတ်ပါဘူး။ ဇာတ္တိမာန်အစွမ်းနှင့် ခပ်ကြမ်း ကြမ်း မိန်းမများဖြင့် သည်နေရာမှာ ဘာဘဲဖြစ်သွားသွား၊ စကား များပြီး၊ ရန်ပွဲကြီးဖြစ်တော့မှာပေါ့။ ဓမ္မဒိန္နာကတော့ မိန်းမ

လိမ်မာဖြစ်တဲ့အတွက် အချက်ကိုကြည့်ပြီး၊ အကဲခပ်နေရှာတော့တာဘဲ။အဲ-သို့ကလို ယပ်လေးခပ်ပေးနေရင်း၊ စကားမပြောဘဲနေပြီးနောက်၊ညစာထမင်းစားချိန်ရောက်တော့၊ နေ့တိုင်းလိုပင်ချစ်ခင်ယုယသော အမူအရာဖြင့်၊ ဓမ္မဒိန္နာက ထမင်းပွဲကြီးကိုပြင်ပြီး၊သူဌေးကြီးကို ထမင်းကျွေးတယ်။ ထမင်းကျွေးတဲ့အခါ၊စားမှစားပါ့မလားလို့၊ဓမ္မဒိန္နာက အစိုးရိမ်သားပေါ့။သူ့စိတ်ထဲမှာတော့၊စိတ်ဆိုးလို့ကောက်နေတယ်လို့ထင်တာကိုး။ ၊ဝိသာခသူဌေးကြီးမှာတော့၊ အနာဂါမိ သဘောအတိုင်း နေတာမို့၊စိတ်ထားတမျိုးပြောင်းတာမဟုတ်ဘူး။

ထမင်းပွဲကြီးကို ပြင်ကျွေးတဲ့အခါမှာ၊ဝိသာခသူဌေးကြီးက၊နေ့တိုင်းလိုပင် ထမင်းပွဲမှာထိုင်ပြီးစားတယ်။ဓမ္မဒိန္နာကလဲ ပြုနေကြ ဝတ္တရားအတိုင်း၊ ရသာချိုချဉ်၊ ဘောဇဉ်အာဟာရများကိုအနားကနေပြီး ရှိသေစွာညွှန်ပြ၍၊ ယုယု ယယ ကျွေးမွေးရှာတယ်။အခါတိုင်းများမှာတော့၊ ဓမ္မဒိန္နာကျွေးတဲ့ ထမင်းပွဲမှာထိုင်ပြီး၊ မျက်နှာချင်းဆိုင်ကာစားမှဖြင့်၊ ဝမ်းသာအားရနှင့်ပီယဝါစာ၊ သာယာချိုမြိန်စွာပြောပြီး၊ မြိန်ရေ, ရှက်ရေနှင့်သုံးဆောင်တာကလား၊ ဓမ္မဒိန္နာ၏မျက်နှာကိုမြင်လျှင်၊ ထမင်းဝင်ပြီး ကြည်လင် နှစ်ချိုက်စမြဲပေါ့။ သည်ယနေ့မှာတော့၊ဓမ္မဒိန္နာ၏ မျက်နှာကိုမကြည့်ဘဲ၊ စားမြဲတိုင်းသာ ထမင်းပွဲပေါ်မှာ မျက်နှာစိုက်ပြီး စားနေတယ်။ ထမင်းစားတဲ့အခါမှာ၊ အမူအရာထူးပြန်တော့ အလွန်အကြူးဒုက္ခရောက်ရပြန်တာပေါ့။ ။ သည်တော့ ဓမ္မဒိန္နာက ငါမမေးဘဲနေလို့ဖြင့်မတော်ဘူး၊ပြုံးစိစိနှင့် မသိမသာ၊တအုံနွေးနွေးကြီး နေရတာ ကြာလျှင် သေတော့မယ်။ဟောဟောဒိုင်းဒိုင်းနှင့် မှန်တဲ့အတိုင်းသိမှ ချမ်းသာခွင့်ရတော့မယ်။ အဲ-သို့ကလို သဘောထားပြီး၊ ထမင်းကျွေးရင်းသူဌေးမင်းကို၊သို့ကလိုခွင့်တောင်း၍ မေးမြန်းရှာသတဲ့။

**"အချင်းချင်းမေးမြန်းပြောဆိုကြပုံ"**

(ဓမ္မဒိန္နာ) **အရှင်သူဌေးမင်း၊ကျွန်မမေးပါရစေ၊ခွင့်ပြုတော်**

မူပါ၊ ထိုအခါဝိသာခသူဌေးကြီးက၊ သောမနဿမဟာကုသိုလ်စိတ်ဖြင့် ပြုံးပြီး၊ "အို-မေးလိုတာကိုမေးပါ၊ဘယ်လိုအကြောင်းအရာများလဲ၊ ထူးထူးဆန်းဆန်းလုပ်ပြီး၊ ခွင့်တောင်းနေရသေးသကိုး။"

(ဓမ္မဒိန္နာ) ရှင့်အမူအရာက ထူးဆန်းနေတော့၊ ကျွန်မကလဲ အထူးအဆန်းလုပ်ပြီး၊ခွင့်တောင်းရပြန်တာပေါ့ သူဌေးမင်း။

(ဝိသာခ) အင်း- ထူးဆန်းတယ်ဆိုလျှင်လဲ ဟုတ်ပေလိမ့်မယ်။အကြောင်းရှိသမျှပြောပြရတာပေါ့ မေးလိုသမျှမေးပါ။

(ဓမ္မဒိန္နာ) ယနေ့မေးစရာတွေအများကြီးပါဘဲ၊ အကြောင်းလုံလောက်စွာနှင့် ဖြေဆိုမှ၊ကျွန်မဖြင့်ကြေနပ်နိုင်တော့မယ်။ ။ အခါတိုင်းလို သူဌေးမင်းအိမ်ကိုပြန်လာတဲ့အခါမှာ၊ ဝင်းတံခါးကြီးကိုခင်မိလျှင်၊ပြုံးရွှင်တဲ့မျက်နှာထားနှင့် တိုက်ပေါ်ကနေပြီး ကျွန်မက လှမ်း၍ နှုတ်ဆက်လိုက်ပါတယ်။ သူဌေးမင်းက အခါတိုင်းများမှာ၊ ကျွန်မမျက်နှာကို မြင်လျှင် ပြုံးရွှင်တဲ့မျက်နှာနှင့် ပြန်၍နှုတ်ဆက်စမြဲမဟုတ်ပါလား။ မျက်နှာနှစ်ခုပွင့်ပြီးပြုံးလိုက်ကြတာ သုမသာ, ငါမသာ, ဆိုသလိုဖြစ်သွားစမြဲပါ၊ယနေ့မှာတော့ ထူးလိုက်တာ၊ ကျွန်မမျက်နှာကိုတောင်မှ၊ သူဌေးမင်းက ရှုတော်မမူတော့ဘူး ကျွန်မကပြုံး၍ထုံးစံရှိတဲ့အတိုင်းနှုတ်ဆက်လိုက်တာ၊ အကျိုးမဲ့ ရှက်စရာကြီး ဖြစ်သွားတာပေါ့။ အဲ-တာ ဘာ ကြောင့် လဲ ဆို တာ ကို မေး ချင် တယ်။ ထိုနောက်တဘန် လှေကားခုံသို့ရောက်၍၊ နှစ် ယောက် တွေ့ မိ တဲ့ အခါ၊ နှုတ်ခွန်းဆက်လိမ့်မယ်ဆိုတဲ့ စိတ်ဇောနှင့်၊ ပြု မြဲ ဝတ် တ ရား အ တိုင်း၊ လှေကားခုံသို့ဆင်းပြီး၊ သူဌေးမင်းဆီသို့ ညာလက်ကိုလှမ်းလိုက်တော့၊ ကိုင်နေကျဖြစ်တဲ့ ကျွန်မလက်ကိုမကိုင်ဘဲ ခပ်ဖယ်ဖယ်လုပ်လိုက်တယ် မဟုတ်လား။ အဲ-တာ ဘာကြောင့်လဲ မေးချင်တယ်။ ထို နောက် တ ဘန် လှေ ကား ပေါ်သို့ တက်ပြန်ဘော့၊ ဟို .....ယခင်ကလို နှစ်ကိုယ်သှဉ်တွဲ၍၊တက်စမြဲထုံးစံကိုဖြုတ်ပြီး ခပ်သုတ်သုတ်တယောက်ထဲတက်သွားတယ်၊ကျွန်မကိုတောင်မှ

သတိမရတော့ဘူး။အဲ-တာ ဘာကြောင့်လဲလို့ဆိုတာကို မေးချင်တယ်။ ထိုနောက်တဘန်၊ အိမ်ပေါ်သို့ရောက်ပြန်တော့၊ ယခင်အခါကာလများမှာ၊ စကားတွေ ပြောလိုက်တာ၊ အရာရာမှာ စုံနေတာပေါ့၊တွေ့ခဲ့ရပုံ ,မြင်ခဲ့ရပုံ,တွေကိုလဲ၊စုံအောင်ပြောလေ့ရှိတယ်။ ဥယျာဉ်ထဲက ကျွန်မ ဘို့ ခူး လာ တဲ့ ပန်းတွေကိုလဲ၊ ငွင်လန်းစွာပေးလေ့ရှိတယ်။ ။ကျွန်မကတိုက်ပေါ်သို့ကျလျှင်၊ စကားပြောလိမ့်မလားလို့ အနားကနေပြီး ရိုရိုသေသေယပ်ခပ်ပေးသော်လဲ၊ သူဌေးမင်းက စ ကား မ ပြော ဘဲ နေပြန်တယ်။ ဗုန္ဓြေတော်ကြီးကကျောက်ချပ်ထုကြီးကျနေတာပေါ့။ ။အဲ-တာ ဘာကြောင့်လဲဆိုတာကိုလဲမေးချင်တယ်။ ။ထိုပြီးတဘန်ယခုလို ထမင်းကျွေးတဲ့ အခါများမှာလဲ၊ ဝီယဝါစာ သာယာချိုမြိန်၍၊ နှလုံးငြိမ်တဲ့စကားများကို ပြောကြားလေ့ရှိပါတယ်။ သူဌေးမင်းကိုယ်တိုင်ဘဲ ပြောလေ့ရှိတယ်မဟုတ်လား၊ သူဌေးကတော်ရဲ့၊ သော်တာလစန်း၊ ကြာဖြူပန်းနှင့် တူတဲ့ မျက်နှာကို ကြည့်ပြီး၊ ထမင်းများစားရတဲ့အခါ၊ အရသာ တ မျိုး တက် ပြီး၊ မြိန်ရှက်တယ်ဆို။ ဒီလိုကိုယ်ပြောဘူးတဲ့ စကားတွေ မေ့ ကုန် ပ လား၊ ယနေ့တော့ ဘာစကားလုံးမျှ မထွက်ဘဲ ထမင်းဘက်ကိုသာ မျက်နှာလှဲပြီးစားနေတယ်။အဲ-တာ ဘာကြောင့်လဲ ဆိုတာကိုလဲ မေးချင်တယ်။ မေးရမလားလို့ ဝိတ်တော်များမဆိုးလိုက်ပါနှင့်၊ မေး လိုက် လို့ မေး ရ တာ ပါ၊ ရှေးအခါနှင့် မတူဘဲ။ အမူတွေ ကွဲလိုက်ထာက လွန်လွန်းလှပါတယ်။ ဟို........ယခင်က၊ အရှင်သူဌေးမင်းရဲ့သဘောကို၊ ဘယ်လိုနည်းဆိုတာကို၊ ကျွန်မထက်သိတာ ဘယ်သူရှိအုံးမှာလဲ၊ ရုတ်တရက် သဘောပြောင်းပြီး၊ အကြောင်းမဲ့ သက်သက် ထူး ခြား ရ တာ ကို၊ ကျွန် မ အ သဲ နာလွန်းလို့ မေးရတာပါ၊ ကျွန်မအပေါ်၌ အ ပြစ် ရှိ လျှင် လဲ၊ အတိအလင်းမိန့်တော်မူပ ါ၊လုံလောက်စွာပြောဘို့ အခွင့်တောင်းပါရဲ့ သူဌေးမင်း။

အဲ-သို့ကလို မေးတဲ့အခါ၊ သူဌေးမင်းက ရယ်ပြီး၊ မယ်မင်း

ကြီးမနှယ်၊အထင်တယ်လွဲပါကလား၊ဣန္ဒြေထူးခြားတာ။သူဌေးကတော် အပေါ်မှာ၊ အပြစ်ရှိတဲ့အတွက်၊ စိတ်ဆိုးတယ်ထင်လို့မေးတာပေါ့လေ။

(ဓမ္မဒိန္နာ) မှန်လှပါတယ်၊သည့်လိုမထင်ဘဲ နေနိုင်ပမလား၊ သူဌေးမင်းရဲ့ဟန်က အမြန်ကြီးထူးခြားလာတာကိုး။

ထိုအခါ ဝိသာခ သူဌေးကြီးက၊ ပြုံးရွှင်သောမျက်နှာဖြင့်၊ "ကဲ-ယနေ့ထူးခြားပုံပြောတော့မယ်။သင့်အပေါ်မှာ အထင်လွဲစရာ ဘာမှရှိလို့မဟုတ်ဘူး၊ အကြောင်းက သည့်လိုပါ၊ ယနေ့မြတ်စွာဘုရားထံတော်သို့သွားပြီး၊ တရားတော်ကိုနာတယ်။ နာရတဲ့ တရားတော်မှာ လွန်စွာနက်နဲသဖြင့်၊ ဥာဏ်နှင့် အဆင်သင့်ပြီး၊ ပွင့်ပွင့်လင်းလင်းကြီး အသိဥာဏ်ပေါက်သွားရာ၊ ရှင်တော်ဘုရား မျက်မှောက်တော်မှာပင်၊ အနာဂါမိ အဖြစ်သို့ရောက်သွားတယ်။ ဖြဲ-တာကြောင့် ရှေးကနှင့်မတူ၊ အမူအရာထူးထွေပြီး။ ဣန္ဒြေတမျိုး ပြောင်းလာတယ်လို့မှတ်ပါတော့။ ။

ဖြဲ-သို့ကလို ဖြေဆိုတဲ့အခါ၊ ဓမ္မဒိန္နာက၊ အနာဂါမိဆိုတာကို၊ ဘာမှန်းမှမသိသေးတဲ့အခိုက်မို့၊ အလိုက်မသိသလို ပြန်၍ပြောလိုက်ပြန်တယ်။ ဟော-တရားစကားတွေပြောပြန်ပြီ တခါလာလျှင် ဘုရားစကား၊ တခါလာလျှင် တရားစကား တခါလာလျှင် သံဃာစကား၊ သူဌေးမင်း ပြောတဲ့ စကားတွေကို၊ ကျွန်မနားမလယ်ပါဘူး၊အနာဂါမိဆိုတာ သည့်လိုဘဲ ဣန္ဒြေကြီးနှင့်နေရသတဲ့လား၊ စကားမပြောဘဲ၊ တုဏှိဘောကြီးလုပ်ပြီး၊ ကျောက်ရုပ်ကြီးလို နေရသတဲ့လား၊ မှန်တဲ့အတိုင်းဖြေစမ်းပါ၊ ကျွန်မနားမလယ်တဲ့စကားတွေကို မပြောစမ်းပါနှင့်။

သို့ကလို ပြန်၍ပြောပြန်တဲ့အခါ၊ အနာဂါမိပုဂ္ဂိုလ်ကြီးက ဓမ္မဒိန္နာ နားမလယ်တဲ့အရာကို ပြောရလျှင်လဲ၊ ဒုက္ခာ။ ဆင်းရဲခြင်း တမျိုးဘဲ၊တရားတော်နှင့် ဗိလာဆန့်ကျင်ဘက်ကြီး ဖြစ်နေတာကိုး၊ နားလည်အောင်ပြောတို့ အခက်သားပေါ့။ ကဲ- ကဲ- နားထောင်အုံး၊ အနာဂါမိပုဂ္ဂိုလ်ဆိုတာ၊ ကာမတဏှာကို

အလုံးစုံ ပယ်ခွါတယ်၊ ဒေါသတရားကိုလဲ အကြွင်းမရှိအောင် ပယ်ရှားနိုင်တယ်၊ ကာမတဏှာကို ခွါတယ်လို့ဆိုတော့၊ တိုင်းသူပြည်သား၊ ပုထုဇန်လူအများတို့လို၊ သားမယားနှင့် အတူတူ၊ ဆူဆူပူပူနေလို့ မဖြစ်တော့ဘူး။ သားမယားဆိုတဲ့စိတ်ဟာ၊ တခါတည်း ပျောက်သွားကုန်ရော၊ ကာမတဏှာကို အရင်းထားပြီး သားမယားစိတ်တွေကို မသုံးဘဲ၊ အမုန်းကြီးမုန်းပြီး၊ လုံးလုံး စွန့်တော့တာပေါ့၊ ဒါ့ကြောင့် ရှေးကနှင့်မတူဘဲ အမူအရာ ထူးရတာပါ၊ သူဌေးကတော်အပေါ်မှာ တစုံတရာအပြစ်မြင်လို့ မချစ်ခင်တဲ့ ဒေါသစိတ်မျိုးနှင့် ရန်ညှိုးထားပြီး၊ ဣန္ဒြေကြီးတာ မဟုတ်ပါဘူး၊ သူဌေးကြီး၏ စကားကို၊ ဓမ္မဒိန္နာက ကြားတော့။ ဘွားကနဲ ထိတ်လန့်ခြင်းဖြစ်သွားပြီး၊ သည့်လိုဖြင့် အခက်သားပါကလား။ သားစိတ်, မယားစိတ်, မရှိတော့ဘူးတဲ့။ သည့်လိုပြောတဲ့ အတိုင်းသာ သဘော မပြောင်းတော့ဘူး ဆိုပါလျှင်၊ ဓမ္မဒိန္နာမှာ အားကိုးရာမဲ့ ဖြစ်ရတော့မလိုလိုပါတကားဟု စဉ်းစားပြီး၊ သူဌေးမင်းပြောတဲ့အတိုင်း မှန်သလားဟု ဝမ်းနည်းသံနှင့် ထပ်၍ မေးပြန်တယ်၊ အနာဂါမ် သူဌေးကြီးကလဲ၊ အနာဂါမ်ဆိုတာ ဘယ်အခါမှ မုသား ပြောလေ့မရှိဘူးလို့၊ ထပ်မံကာပြောရပြန်တယ်၊ ဓမ္မဒိန္နာက၊ သည့်အတိုင်းမှန်လျှင် တဘဝလုံး သည့်လိုဣန္ဒြေကို သုံးပြီး၊ အုံပုန်းကြီးလုပ်ခါ၊ ကာမတဏှာကို အရှင်းခွါပြီး ဧကစာပုဂ္ဂိုလ်ကြီး လုပ်နေတော့မှာဘဲလားလို့ မေးမြန်းတယ်။ ဒါ့သည့်အခါကျတော့ ဝိသာခ သူဌေးမင်းက အလင်းဘွင့်ပြီး၊ သို့ကလိုပြောသတဲ့။

သုဏာမေ ဝစနံ အယျေ၊ အဟံဟိ ဆိန္နကာမကော။
ထွဒ္ဓေဝ ဝသိတုံ ဣစ္ဆေ၊ စရေသိ ဘဂိနီ သဒါ။
အညံစေ သာမိကံ ဣစ္ဆေ၊ ဂဏှာမေ သဗ္ဗသမ္ပဒံ။

အယျေ ဓမ္မဒိန္နာ။ သညာမည်ရ၊ အို-ရှင်မ။ မေ၊ ငါ၏။ ဝစနံ၊ မှန်တိုင်းဘွင့်၍၊ အသင့်ဆိုလတံ့သောစကားကို၊ သုဏ။ သဘောကျအောင်၊ စိုက်နားထောင်။ အဟံဟိ။ မောင်ကြီး တမူ ကား၊

ဆိန္နကာသမိကော။ ငါးပါးအာရုံ၊ ကာမဂုဏ်ကို၊ လုံးစုံဖြတ်တောက်၍၊ အနာဂါမ်အဖြစ်သို့ ရောက်ခဲ့လေပြီ၊ တွံ့။ ရှင်မနှိုင်းချိန်၊ သင်မွေ့ဒိန်သည်၊ ဣဓ။ ဤတိုက်အိမ်ကြီးပေါ်၌၊ ဝသိတုံ။ ငါနှင့်မလွဲ၊ အတူတွဲ၍နေခြင်းဌာ၊ ဣန္ဓေ-စေဣန္ဓေယျာသိ၊ စိတ်ကိုသာ ပိုင်းပေတော့ တရားအတိုင်းအလိုရှိမှုကား၊ သဒါ။ နေ့ရောညပါ၊ အခါမဆိုင်း၊ အချိန်တိုင်း၌ပင်လျှင်၊ ဘဂိနီ၊ မိစုံဘစုံ၊ ဒုရုတုံသက်ဆင်း၊ နှမအရင်းကလေးကဲ့သို့၊ စရေသိ။ စရေယျာသိ၊ မောင်ကြီးအပေါ်တွင်၊ ချစ်ခင်သဖြင့်၊ မောင်အရင်းကဲ့သို့ကျင့်ပါလော၊ အညံ့သာမိကံ။ မောင်ကြီးမှတပါး၊ အခြားချစ်ခင် တဦးလင်ကို၊ စေဣန္ဓေ- စေဣန္ဓေယျာသိ။ အရွယ်ရှိခိုက်တွင်၊ အကယ်၍ လိုချင်ပါသေးမှုကား၊ မေ။ ချစ်ခင်ခဲ့ပြီး၊ ငါမောင်ကြီး၏၊ သဗ္ဗသဓနံ။ စည်းစိမ်ရွှေငွေ၊ ကုဋေ ကုဋာ၊ များစွာခမ်းနား၊ စည်းစိမ်များကို၊ ဂဏှေ ဂဏှေယျာသိ၊ အကုန်သိမ်းပေတော့၊ ငြိမ်းငြိမ်းကလေး မောင်ကြီးနေရစ်တော့မည်တည်း။

အို-နှမဒိန္နာ၊ မချန်မချွင်း၊ အလင်းပြောရပါတော့မယ်၊ မောင်ကြီး၏စကားကိုနားစိုက်၍ထောင်ပေတော့၊ မောင်ကြီးမှာ ကာမတဏှာကင်းပြတ်၍၊ မြတ်သောအနာဂါမ် အဖြစ်သို့ ရောက်ခဲ့ပြီ၊ ဟို-ရှေးယခင်ကလို၊ အကြင်မယားသဘောဖြင့်၊ လောဘဇောတိုက်ခါနှင့်၊ နှစ်ချိုက်စွာနေလိုတဲ့အခြေမရှိတော့ဘူး။ နှမကလေးမွေ့ဒိန္နာသည်၊ ဤတိုက်အိမ်ကြီးပေါ်မှာ၊ မောင်ကြီးနှင့်အတူ နေလိုပါမှုကား၊ တအူတုံဆင်းနှမရင်းကလေးလိုကျင့်ပြီး၊ အခွင့်သိစွာ ပြုစု၍နေပါတော့၊ စိတ်လဲမရှိပါနှင့်၊ ပြောမိတဲ့ အချက်နှင့်ဆက်၍ ပြောရအုံးတော့မယ်။ လူဆိုတာ လောကမွေ့တာကို မလွန်ဆန်နိုင်သေးဘူး၊ မွေ့ဒိန္နာရဲ့၊ သင်နှမမှာလဲ၊ အချိန်အရွယ်နှင့် ငယ်ငယ်နုနုကလေးရှိရှာပေသေးတယ်။ ကာမတဏှာမကင်းတော့၊ အိမ်ထောင်ခြင်းအလုပ်ကို၊ ယုတ်ခနဲ မဖြတ်နိုင်သေးဘူး။ တကယ်လို့ အချိန်အရွယ်ကနိုးဆော်လို့၊ ကြင်ဘော် တယောက်ကို အလိုရှိပါတယ်လို့များ စိတ်ထားတမျိုး ဖြစ်ပေါ်လာပါ

လျှင်၊အားမနာပါနှင့်နှမရယ်။ လွယ်လွယ်ကလေးပါ၊ မောင်ကြီး ပိုင်တဲ့ဥစ္စာတွေ ကုဋေကဋာအလွန်အများသားကဘဲ၊ မဆင်းရဲ နိုင်ပါဘူး၊ ရှိသမျှပစ္စည်းတွေကိုပုံပြီး၊ အကုန်လုံး အပ်နှင်းလိုက် ပမယ်၊ အိုးသိး,အိမ်သိးထူထောင်ပြီး၊ ပြောင်ပြောင် လက်လက် ကြီးနေပါ၊မောင်ကြီးလဲစမ်းသာပါမယ်။ ယခုပြောတဲ့စကားကို ပျားလိုချိုပါ၊ အပိုမပါရိုး မှန်ပါရဲ့၊ အဲ-သို့ကလိုအလင်းဖွင့်ပြော တော့၊အငိုကြောကိုထိခိုက်၍ အရှိုက်ကြောကို ဆွဲသလိုဖြစ်သွား လေသောကြောင့်၊မြောတော့မလိုခိုက်ခိုက်တုန်ပြီး တဟုန်တည်း ဖိုးကနဲ လဲသွားရှာတယ်။မိန်းမဆိုတာ ဓါတ်သဘော နဂိုက အ လိုလို နူနေတဲ့အတွက်၊ မခံနိုင်တဲ့အချက်နှင့် တွေ့တော့ မေ့ကနဲ မြောသွားတာပေါ့။မြောနေတဲ့မေ့ဒိန္နာကို၊အနာဂါမ်သူဌေးကြီး က မြင်သော်လဲ၊ ပူပင်ခြင်းမရှိဘဲ၊ ပကတိ သဘောမျိုးနှင့် စိုက် ကြည့်နေတာပေါ့၊ ဘယ်မှာ ပူပင်တော့မလဲ၊ ဒေါသဂိုဏ်းကို ဖြတ်ပိုင်းပယ်သတ်ပြီးပေကိုး။ ကရုဏာမကင်းသေးလို့ သနား ခြင်းတော့ဖြစ်ပေမပေါ့လေ၊ အပူအေး၍၊သတိကလေးရလာတဲ့ အခါ၊ မေ့ဒိန္နာက အနာဂါမ်ပုဂ္ဂိုလ်ကြီးရဲ့ ခြေရင်းမှာ အတင်း လွတ်ပြီး ငိုရှာတော့တာဘဲ။ ။ပြောရက်ပါပေရဲ့ သူဌေးမင်း၊ အနာဂါမ်ဆိုဘာ သို့ကလောက် ရက်စက်နိုင်ပါသလား။ ကျွန်မ အပေါ်မှာ အထင်အမြင်သေးပြီး၊ သူတကာနှင့် ပေးစားတာ ကောင်းနိုင်သေးရဲ့လား။ သူဌေးမင်းမှတပါး၊ မိုးသိကြားကိုယ် တိုင်ချော့သော်လဲ မပြော့ဘူးဆိုတဲ့စိတ်မျိုး ရှိတာကို အသိသား မဟုတ်ပါလား၊ဟို-ရှေးအခါတုန်းကတော့၊သည့်ဘဝမှာ၊ဘယ် တော့မှ မခွဲပါဘူးဆို။ သည့်လို ပြောပုံမျိုးတွေကိုမေ့ကုန်တော့ သလား။ အနာဂါမ်ဆိုတာ သစ္စာကို ဖျက်ရတဲ့မေ့တာ ရှိသပေါ့ လေ။ ဟို-ရှေးတုန်းက ယုယုယယနှင့် ဂရုကထ စိုက်လေသမျှ၊ အနာဂါမ်ဘဝကျတော့မှ အတိုးနှင့်ချပြီးရက်စက်စိမ်းကားကုန် ပါပေါ့ကလား။ ။ကာမတဏှာကိုအကုန်ခွါတဲ့ အနာဂါမ်ကြီး၊ သူတကာနှင့်ပေးစားတာတော်ရဲ့လား၊ဒေါသကိုခွါတဲ့အနာဂါမ်

ကြီး၊ ရက်ရက်စက်စက် ပြောတာတော်ပါ့ရဲ့လား။ အဲ-သို့ကလို မြည်တွန်တောက်တီးပြီး၊ အငိုကြီး ငိုရှာတယ်။ မိန်းမတို့ဓမ္မတာပေကိုး၊ ပုထုဇန်ဖြစ်နေရှာတော့၊ ဘယ်မှာ ဆင်ခြင်နိုင်ရှာမလဲ၊ ပူပူပင်ပင်မို့ ထင်သလို ငိုတော့အာပေါ့၊ ဘယ်လို ငိုသော်လဲ၊ အနာဂါမ် ပုဂ္ဂိုလ်ကြီးက နေရာကတောင် မသဘူး။ ချော့မှာ ဝေးသို့၊ ဟို-ရှေးကလိုသာဖြင့်၊ပြာနိုးပြာရာနှင့် ချော့ရှာဘော်မှုမှာပေါ့လေ။

မိန်းမတို့သဘောဆိုတာ၊ ချစ်ခင်တဲ့လင်ယောကျ်ားကာ၊ခွဲခွါဘို့ စကားလုံးကို၊ ချစ်ခင်နေတုံး အသုံးပြုပြီး ပြောလိုက်လျှင်၊ မိုးကြိုးပစ်သလောက်မကနာကြီးလေ့ရှိတာပေါ့။အလိုရှိပါသေးလျှင် သခင် တယောက် ရှာအုံးဘော့သို့ထပ်၍ ဆိုပြန်တော့၊ ဘယ်မှာ ပြောစရာ ရှိတော့မှာလဲ။ အသဲ နှလုံး ကြွေပြုတ် ၍ ငုတ်တုတ်ကြီး သေသွားစရာ ရှိတော့ တာပေါ့။

"ရစနာဂါထာ"

ဝိပ္ပဝါသ ကထံ သုတွာ။ ဘာသိတံ ပိယဘဏ္ဍုနော။

အသနိသာ နိပါတောဝ။ ဒါရာနံ ဒုက္ခဒါယာနံ။

ပိယဘဏ္ဍုနော။ စွဲလမ်းခုံမင်၊ ကိုယ်ချစ်လင်၏၊ ဘာသိတံ။ ပြောဆိုမိန့်မြွက်အပ်သော၊ဝိပ္ပဝါသကထံ။ခွဲကြစို့-ကွာကြစို့ အလိုလို ထင်ဘွယ်ရှိသော စကားကို၊ သုတွာ။ ကြားရလေသည့်ရှိသော်၊အသနိသာ။ဝရဇိန်လက်နက်။ မိုးကြိုးစက်၏၊ နိပါတော။ ဦးခေါင်းကိုချိန်လျက်၊ ထိန်းခနဲပစ်ချလိုက်ဘိသကဲ့သို့ ဒါရာနံ၊ လင့်အပေါ်တွင် ချစ်ခင်အားထား၊မယားကြင်သူ၊ သဘောဖြူတို့၏၊ဒုက္ခဒါယာနံ။ဒုက္ခလောင်မီး၊ ထိန်ငြီးပြောင်ပြောင်၊ ကိုယ်လုံးလောင်ခြင်းသည်၊ဟောတိ။ ဓမ္မတာဓာတ်မျိုးရှိ၊ လမ်းရိုးအတိုင်းဖြစ်ရလေသတည်း။

လင်သားအပေါ်တွင်၊ ချစ်ခင်စိတ် များပြား၍၊ ဝတ္တရားကျေပြွန်တဲ့မိန်းမတို့မှာ၊ဖြစ်လေ့ရှိတဲ့ဓမ္မတာကိုပြဆိုခြင်းဖြစ်ပေတယ်။စိတ်သဘောအတွင်းဆိုးပြီး၊ မရိုးမသားဘဲ၊ တခြားကို

မျှော်လင့်နေတဲ့ မိန်းမဆိုးများ ဖြစ်လျှင်၊ ခွဲခွါတို့စကားကို၊ ယောကျ်ားက ဘယ်လိုပင်ပြောသော်လဲ၊ စိတ်သဘောတုန်လှုပ်ခြင်းမျှ မရှိတဲ့ပြင်။ ကြည့်နှင့် ဝမ်းမြောက်ပြီး၊ လမ်းတမျိုးပေါက်ပြန်ပဟဲ့ဆိုတဲ့စိတ်များပေါ်ချင်ပေါ် ကြမှာဘဲ။ ။ဝိသာခသူဌေးကြီးက၊အရွယ်ပျိုမြစ်သာဖြင့်၊အိုးသစ်,အိမ်သစ်,ထူထောင်လိုလျှင်၊ပစ္စည်းတွေအလုံးစုံကို၊ အကုန်သိမ်းပြီးယူပေတော့လို့အပ်နှင်းတဲ့အခါ၊ဓမ္မဒိန္နာ၏စိတ်ထဲမှာ၊အလွန်နစ်နာခြင်းဖြစ်သွားတယ်။ သဘောစိတ်ရင်းနှင့် အတွင်းကလိုက်ပြီး ချစ်နေတဲ့အတွက်ကြောင့်သာ နစ်နာခြင်းဖြစ်တာပေါ့။ စိတ်နေစိတ်ထားမရိုးဘဲ၊ အတွင်းဆိုး- ဆိုးနေတဲ့ မိန်းမမျိုး ဖြစ်ခဲ့ပါလျှင်၊ ဝမ်းမြောက်ဝမ်းသာနှင့် ပစ္စည်းဥစ္စာတွေယူပြီး၊ ပြောင်ပြောင်ကြီး ဆင်းသွားမှာပေါ့လေ။ မိန်းမဆိုတာ ပစ္စည်းဥစ္စာဆိုလျှင် လိုချင်မက်မောတဲ့ စိတ်သဘောမျိုးရှိတတ်ကြတာကိုး။

ဓမ္မဒိန္နာသည် အနာဂါမ်သူဌေးကြီး၏ စကားကို ဘွားခနဲကြားခါစတွင်၊ဒေါသမွန်တဲ့စိတ်နှင့်ဖိနှိပ်လို့မရအောင်ပူလောင်ခြင်းဖြစ်သော်လဲ၊ပါရမီရှင်ကြီးတဦးဖြစ်တဲ့အတွက် ကြာရှည်စွာမှောက်မှားခြင်း မဖြစ်ဘဲ၊ သူဌေးကြီး ရှေ့မှာပင်၊ မကြာခင်စိတ်တမျိုးပြောင်းပြီး အကျိုးအကြောင်း ကြံစည်တဲ့ဝိတက်တွေပေါ်လာတယ်။ ကဲ-သည်နေရာမှာ ဓမ္မဒိန္နာ၏ မာန်တက်ပုံတွေဟာ၊ ဘယ့်ကလောက်များ အထက်တန်းကျသွားသလဲဆိုတာ၊ စဉ်းစားပြီးနားထောင်လိုက်ကြစမ်းပါ။ကမ္ဘာတသိန်းတိုင်တိုင်၊ ဖြည့် ဆည်းဘူးခဲ့တဲ့ ပါရမီတွေက နှိုးဆော်၍၊ အကြံကောင်းတွေပေါ်လာတော့မယ်။ ပါရမီရင့်ပြီးတဲ့ မိန်းမမြတ် တ ဦး ဘဲ။ အဘယ့်မှာအောက်တန်းကျနိုင်ပမလဲ။ ။ကြံစည်ပုံကသည်လိုတဲ့၊ အရှင်သူဌေးမင်းလည်းမြတ်စွာဘုရား၏ တရားတော်နာရသဖြင့်၊ အနာဂါမ်ဘဝသို့ ဆိုက် ရောက် သွား တယ်။ ကာမ တဏှာ နှင့် ဒေါသစိတ်ကို ခွါနိုင်သတဲ့၊ ငယ်ရွယ်စဉ်က၊ အကြင်လင်မယားဖြစ်၍၊ အချစ်ဆုံးဖြစ်တဲ့ ငါ့ကိုတောင် မပေါင်းနိုင်ဘူးတဲ့။ အကြံ

တမျိုးပေါက်၍ ချစ်သူတယောက်အလိုရှိပါလျှင်၊ ကုဋေပေါင်း များစွာရှိတဲ့ ရတနာရွှေငွေစည်းစိမ်တွေကို၊ ယူသွားတော့တဲ့၊ အတော်အထက်တန်းရောက်တဲ့ စကားပေဘဲ။ ။တံထွေးပေါက် ကဲ့သို့ ရွံမုန်းပြီး၊အသုံးမကျထို့ စွန့်ပစ်လိုက်တဲ့သူ့ပစ္စည်းတွေကို၊ သည်မွေ့ဒိန္နာက ယူမတဲ့လား၊တကယ်လို့ယူပါလျှင်၊သူထွေးတဲ့ တံထွေးပေါက်ကို၊တဘန်ကောက်၍မြိုသလိုရှိမှာပေါ့၊ရှက်စရာ ကောင်းလိုက်တာ၊ မွေ့ဒိန္နာတယောက်ကို၊ သို့ကလောက်သူက အ ထင် သေး တယ် ထင် ပါ ရဲ့၊ ဈေးကုံပစ်ချလို့ မိန်းမဘာဝနှင့် ကြိုသော်လဲ၊အပုံကြီးစိတ်ထားသေးတဲ့ မိန်းမမျိုးမဟုတ်ပါဘူး။ မိန်းမဇာတ်ချင်း တူသော်လဲ၊ အမူအရာ အများကြီးခြားနားပါ သေးတယ်၊ မိန်းမနှင့် ယောကျ်ား ဇာတ်လောက်သာ ခြားပါ တယ်။ လူသားစင်စစ် လူ့ဘဝမှာ ဖြစ်ချင်းတော့ အတူတူပါဘဲ၊ သူကပြောလိုက်ပြန်သေးတယ်။ မခွဲဘဲအတူတူနေထိုင်လိုလျှင်၊ နှမ ကလေးအရင်းလို သဘောထားပြီး၊ ဝတ်တရားရှိတဲ့အတိုင်း ပြုစုရမယ်တဲ့။ သူ ကို ပြု စု နေ ရ အုံး မှာ တဲ့ လား၊ မခွါနိုင်ဘဲ တသက်လုံးတွဲပြီး၊ အစွဲအမြဲစားနေချင်တဲ့ မိန်းမမျိုး မှတ်လေ ဘော့သလား၊ မွေ့ဒိန္နာရဲ့အပေါ်မှာ သာ ယာ ချစ် ခင် တဲ့ ကာမ တဏှာကို၊ သူကခွါပြီးတဲ့နောက်၊ မွေ့ဒိန္နာမှာ အ ချစ် တ ဏှာ တန်းလန်းကြီးနှင့် နေရမှာတဲ့လား၊ သူကသာ ကာမတဏှာကို ခွါနိုင်တယ်။ သည် က တော့ မခွါနိုင်ဘူးဆိုတဲ့ အဓိပ္ပါယ် ပေါ့ လေ။ ။ကာမတဏှာကို စွန့်စားနိုင်ဘို့အစွမ်းဟာ၊ သူ့မှာသာ ရှိရမှာလား။သည်ကမွေ့ဒိန္နာမှာ၊ကာမတဏှာကို ခွါနိုင်ဘို့အစွမ်း မရှိရတော့ဘူးတဲ့လား၊ မိန်းမဖြစ်ပေတယ်လို့၊ အချစ်တဏှာကို ပယ်ခွါချတ်ထွင်နိုင်တဲ့ ဉာဏ်အမြင်သဘောမျိုးတော့ရှိပါတယ်။ သူကတော့ အချစ်တဏှာကို စွန့်ခွါ၍၊ သည်ကတော့ မခွါနိုင်ဘဲ အချစ်တဏှာတွဲလဲနေရတာ လွန်စွာရှက်ဘို့ကောင်းပါတယ်။ ။ သူကတော့သံသရာကထွက်ပြီး၊ သည်ကတော့သံသရာဘွက်ထဲ မှာ နစ်မျောပြီး၊ အမောတကြီးကျန်ရစ်ပါလျှင်၊ ခံနိုင်ဘို့ရာရှိပါ

တော့မလား။ ။သူထက် မသာလျှင် နေပါရိုးလား၊ အနာဂါမ် ပုဂ္ဂိုလ်ကြီး၏ ရှေ့ကနေပြီး၊ ပြောင်ပြောင်ကြီး တွက်လမ်းတွင် လိုက်စမ်းမယ်၊မိန်းမစွမ်းကိုသိကြရောပေါ့။အဲ-သို့ကလိုမာနကို အရင်းခံတဲ့အကြံကောင်းကြီးတွေ ပေါ်ပေါက်လာသတဲ့၊ သည် လိုမာနမျိုးကို၊မှိုဝဲအပ်,မွေးမြူအပ်တဲ့မာနရယ်လို့ ခေါ်ဆိုရမယ်။ မာနကိုအရင်းခံပြီး၊အကြံကောင်းတွေပေါ်ပေါက်၍၊ကုသိုလ်ရေး ကြီးတွေ ထမြောက်တော့မှာပေါ့။

အဲ-သို့ကလိုကြံစည်ပြီး၊ဓမ္မဒိန္နာက၊ဝိသာခသူဌေးကြီးကိုမေး ပြန်သတဲ့''အနာဂါမ်သူဌေးမင်း။ရှင်ဘို့ရတဲ့တရားမျိုးကို၊ကျွန်မ တို့လို မိန်းမများမရနိုင်ဘူးလား''သည်လိုမေးတော့၊သူဌေးကြီး က ဝမ်းမြောက်ဝမ်းသာနှင့် ''မြတ်စွာဘုရား၏ တရားတော်ဆို တာ၊ ပုဂ္ဂိုလ်မရွေးပါဘူး၊ ပညာဉာဏ်ဝါတ်ခံရှိလျှင်၊ ဘယ်သူ မဆို ရနိုင်တာချည်းပါဘဲ''လို့ ပြန်ပြောတယ်။ ဓမ္မဒိန္နာ က၊ တာဖြင့် ကျွန်မလဲ သည်တရားမျိုးကိုရအောင် အားထုတ်ချင်ပါ တယ်။ ကာမတဏှာကြီးတန်းလန်းနှင့် အိမ်ယာထောင်တဲ့ လူ့ ဘောင်မှာ နေထိုင်ရတာ၊ လွန်စွာ ရှက်ဘို့ ကောင်းလှပါတယ်။ ကျွန်မစိတ်ဟာ သည်တိုက်ပေါ်မှာ နှမရင်းလို သဘောထားပြီး၊ မောင်ကြီးအရင်းလို ကျွေးမွေးပြုစုကာ၊ အတူတကွ နေထိုင်ဘို့ ဝေးရော၊ ခဏကလေးမှ သည်တိုက်ကြီးပေါ်မှာ နေလိုတဲ့ဆန္ဒ မရှိတော့ဘူး၊အဲ-သို့ကလိုပြောကြားပြီး ဂါထာတပုဒ်ကိုရွတ်ဆို လိုက်သတဲ့။

ဆူမိနာ ပုတိကာယေန။ ကာမရာဂ ဝသံဂတာ။

အာဂါရေ ဝသိတုံ ဒါနိ။ လဇ္ဇာမိ ဂိဟိဝေသိကာ။

ပိယာ။ချစ်ခင်ခဲ့ပြီးသူဌေးကြီး၊ အှုမိနာပုတိကာယေန။ချယ်လယ် ရုပ်ဆောင်၊ဤကိုယ်အပုပ်ကောင်ကြီးဖြင့်၊ ကာမရာဂဝသံဂတာ။ ချစ်ဘွယ်ခင်ဘွယ်၊တွယ်တွယ်တာတာ၊ငါးဖြာကာမ၊ရာဂစရိုက် အလိုလိုက်လျက်၊ဂိဟိဝေသိကာ။ဆင်လား,မြန်းလား,ကြွားလိုက် မော်လိုက်၊ အပျော်လိုက်၍၊ နှစ်ချိုက်ခုံမင်၊လူ့အသွင်ကို၊ ပြုပြင်

ဆောင်ရွက်သည်ဖြစ်၍၊ အာဂါရေ။ ဤတိုက်အိမ်ကြီးအပေါ် ၌၊ ဒါနီ။ ယာခု၊ ဝသိတုံ။ အရှင်သူဌေးကို၊ လုပ်ကျွေး၍ နေခြင်းငှာ၊ လဗ္ဘာမိ။ ကိုယ့် လိပ် ပြာ ကိုယ်ရှက်၍၊ မ နှစ် သက် နိုင် တော့ ပြီ သူဌေးမင်း။

ကဲ- စဉ်းစားကြစမ်းပ ါ၊ ဓမ္မဒိန္နာရဲ့ ပြောပုံဟာ၊ ဘယ့်က လောက်အထက်တန်းရောက်သွားသလဲလို့၊စိတ်ကြီးဝင်တဲ့အရာ မှာ၊ အနာဂါမ် သူဌေးကြီးတောင် လိုက်လို့မမှီတော့ဘူးပေါ့။ အနာဂါမ်သူဌေးကြီးကအိမ်ကမခွါနိုင်သေးဘူး၊ဓမ္မဒိန္နာက၊ယာခု ချက်ခြင်း တိုက်ပေါ်ကဆင်းပြီး၊ ရှင်းရှင်းလင်းလင်းကြီး ထွက် မြောက်တော့မယ်၊ သည်လိုစိတ်ကြီးဝင်တဲ့မာနမျိုးဟာ၊ လွန်စွာ အဘိုးတန်သနေ၁်၊ သည်စကားကို ကြားတဲ့အခါ၊ အနာဂါမ် သူဌေးကြီးက၊ အတွေးဘယ်ပုံ ရောက်သလဲဆိုတော့။ ။အလို ဓမ္မဒိန္နာရဲ့ ပြောပုံ, ဆိုပုံတွေဟာ၊ လွန်စွာ အထက်တန်းကျပါ ကလား။ ကာမရာဂတန်းလန်းနှင့် လူ့ အသွင်ကိုဆင်ပြီး၊ သည် အိမ်ကြီးပေါ်မှာနေရတာ၊အလွန်ရှက်ရှာသတဲ့၊တကယ်ပြောတဲ့ စကားလေလား။ ငါပြောတဲ့စကားကို မခံချင်တဲ့အတွက်၊ မိန်းမ ဉာဏ်ဘက်ပြီးသက်သက်တမင်လုပ်၍ ပြောဘဲ့စကားလေလား။ မယ်မင်းကြီးမ သူပြောတဲ့အတိုင်းမှန်လျှင်ဖြင့်၊ အင်မတန် သာဓု ခေါ်ထိုက်ကောင်းပေတာပေါ့။ ဆဲ-သည်လို တွေးတောပြီး၊ နှမ ကလေးဓမ္မဒိန္နာ၊သည်တိုက်ကြီးပေါ်မှာမနေလိုလျှင်၊တောထွက် ချင်တဲ့ သဘောမျိုးလားဟု ပြုံး၍ မေးလိုက်တယ်။ အလိုစမ်းတဲ့ အမေးမျိုးပေါ့လေ။

ဓမ္မဒိန္နာကမှန်ပါတယ်၊ ထွက်လိုတဲ့သဘောမျိုးနှင့် ပြောတာ ပါဘဲ။သူဌေးမင်းမှာတော့၊အနာဂါမ်အဖြစ်သို့ရောက်ပြီးတောင် မှ၊ အိမ်ဘဆောင် မီးတပြောင်နှင့် နေလိုသေးတယ်၊ ကျွန်မ စိတ်ထဲမှာတော့၊သူဌေးမင်းနှင့်အတူတကွ၊ သည်အိမ်ကြီးပေါ် မှာ နေလို့ ဆန္ဒ မရှိတော့ဘူး၊ နှမကလေးလို နေထိုင်ပြီး၊ မောင်ကြီးအရင်းလို လုပ်ကျွေးပါလို့ သူဌေးမင်းက ဘယ်လိုပင်

တောင်းပန်သော်လဲ ကျွန်မကဖြင့်၊ ရှင့်ကိုလုပ်ကျွေးလို့ မနေအားဘူး၊ ကျွန်မမျက်နှာကိုကြည့်စမ်းပါ၊ တရားကိုအားမထုတ်ဘဲ၊ ရှင့်ကို လုပ်ကျွေးနေမဲ့ မိန်းမမျိုးလားလို့၊ ကဲ-ကဲ-ခပ်တိုတိုဘဲ ပြောကြစို့ရဲ့၊ ကျွန်မကို ဘိက္ခုနီမ-ပြုလုပ်ရန်ကိုသာအခွင့်ပေးပါတော့ သူဌေးမင်း။

သူဌေးမင်းကြီးက သို့ကလို ခွင့်တောင်းတဲ့စကားကိုကြားတော့ယုံကြည်ခြင်းမရှိသေးသဖြင့်၊ ဓမ္မဒိန္နာ၊ သင်တို့မိန်းမဆိုတာ ထင်မိထင်ရာ လွှတ်ခနဲပြုလုပ်တတ်ကြတယ်။ တကဲ့သဒ္ဓါတရားနှင့် အိမ်ကထွက်ပြီး၊ ရဟန်းပြုမှ သင့်လျော်တာမျိုးပါ။ သဒ္ဓါပဗ္ဗဇိတကိုမှ၊ ရှင်တော်ဘုရား ချီးမွမ်းတော်မူတယ်။ တကဲ့ သဒ္ဓါတရားနှင့် ပြုလုပ်တဲ့ရဟန်းမှလဲ၊ သာသနာဘောင်မှာ ရှည်ကြာအောင်နေနိုင်တယ်။ သဒ္ဓါတရားမရှိဘဲ၊ ထင်မိ ထင်ရာ လွှတ်ခနဲလုပ်ပြီဆိုမှဖြင့်၊ အတန်ကြာတော့၊ သာသနာဘောင်မှာ ငြီးငွေ့ပြီး၊ လူ့ဘောင်သို့ တဘန် လိမ့်ဆင်းလာတတ်ကြတယ်။ ရဟန်းအလုပ်ဆိုတာ လောကမှာ အကြီးအကျယ်ဆုံး အလုပ်ဖြစ်လို့၊ အစဉ်းစားကြီး စဉ်းစားရတယ်လို့၊ သနားတဲ့စိတ်နှင့် ပြောရှာတယ်။ ။သည့်တော့ ဓမ္မဒိန္နာက၊ သူဌေးမင်းဟာ ကျွန်မအပေါ်မှာဖြင့်၊ လွန်စွာ အထင်သေးတာပါကလား၊ သဒ္ဓါတရားမှိုးခေါင်တဲ့ မိန်းမမျိုးဆိုတာ၊ ကျွန်မလိုဟာမျိုးမဟုတ်ဘူး။ သဒ္ဓါမရှိဘဲနှင့် ထင်မိထင်ရာ လုပ်လိမ့်မယ်လို့များ မထင်ပါနှင့်။ သဒ္ဓါတရားရှိဘို့အတွက်ဟာက ကျွန်မတာဝန်ပါ။ ရှင်က စိုးရိမ်စရာမဟုတ်ပါဘူး၊ ရှင့်အလုပ်ကတော့ အခွင့်ပေးဘို့သာရှိပါတယ်၊ သည့်လိုပြန်ပြောတဲ့အခါမှာလဲ၊ ဝိသာခသူဌေးကြီးက မယုံကြည်သေးဘဲ နေပြန်သဖြင့်၊ စဉ်းစားရန် အချက်များကို ပြောဆိုသွန်သင်ပြန်သတဲ့။

ဓမ္မဒိန္နာ၊ ရဟန်းအဖြစ်ဆိုတာ လွန်စွာ ဖြစ်နိုင်ဘို့ခဲယဉ်းတယ်။ တယောက်ထည်းနေပြီး၊ တကိုယ်ရေကျင့်ရတယ်။ တထပ်ထည်း စားပြီး၊ သူတပါးကို အားမကိုးရဘူး။ သင်တို့လို အခြွေအရံ

အခိုင်းအစေတွေနှင့် နေခဲ့တဲ့လူများဟာ၊ ရဟာန်းဖြစ်တဲ့အခါ၊ သာလို့ပင် အခက်အခဲကြုံသေးသပေါ့၊ နူးညံ့သိမ်မွေ့တဲ့အခင်းအရုံတွေကိုလဲ၊မရှိမရုံရဘဲ ပယ်ရှားရတယ်။ နုံ့သာပန်းမာလ်နှင့်လိမ်းကျံချယ်လှယ်တဲ့ အလုပ်မျိုးတွေကိုလဲ ပယ်ရတယ်၊ မိမိခြေသလုံးကို အားကိုးပြီး၊ အမျိုးမျိုးသောအိမ်တို့က လောင်းတဲ့သောင်းပြောင်းအစာတွေကို စားရတယ်။ သင်ခမ္မဒိန္နာမှာတော့သူဌေးမျိုးကဆင်းသက်လာပြီး၊ချမ်းသာစွာကြီးပွါးလာသူဖြစ်သဖြင့်၊ သိမ်မွေ့နူးညံ့တဲ့အရာမှာ၊ သင့်ထက်သာတဲ့ မိန်းမမျိုးမရှိတော့ဘူး။ရဟာန်းပြုတယ်ဆိုတာ လွန်စွာသည်းခံနိုင်မှ တော်ရုံကလေးကျတယ်။ သည့်အရေးတွေကိုစဉ်းစားပြီး၊ ကိုယ့်အားကိုယ့်အင်ကိုလဲ ဆင်ခြင်စမ်းပါအုံး၊ ရဟာန်းပြုတယ်ဆိုတာကအလွယ်ကလေးပ၊ါ နေ့ခင်တသက်လုံး နေထိုင်တို့ဆိုတာတွေကလွန်စွာကျဉ်းကြပ်တယ်၊မိန်းမသဘောနှင့် ထင်တိုင်းလဲ မပြောပါနှင့်အုံး၊အဲ-သို့ကလို ပြောဆိုသွန်သင်ရှာတယ်။ရဟာန်းမပြုစေချင်လို့မဟုတ်ဘူး၊ ဓမ္မဒိန္နာအပေါ်မှာ ရဟာန်း ပြုချင်တာကိုများစွာ မယုံကြည်သေးဘူး၊ နူနူနယ်နယ်ကလေးမို့၊ တကယ်ရဟာန်းပြုသွားတဲ့အခါမှာ၊လွန်စွာ ဆင်းရဲနေမှာကိုလဲ သနား၊အဲ-သည် အတွက်တာကြောင့်၊ ကရုဏာနှင့် ပြောရှာတာပေါ့၊ ရှေးက ကျင်လည် ချစ်ခင်ဘူးတဲ့ သူ့အပေါ်မှာ၊ ကရုဏာနှင့်မကြင်နာမသနားဘဲ နေနိုင်ပါ့မလားလေ။

ထိုအခါ ဓမ္မဒိန္နာက၊ရဟာန်းပြုလုပ်နေကြတဲ့ဘိက္ခုနီမတွေကိုကျွန်မမြင်ဘူးပါတယ်၊မိထွေးတော်ဂေါတမီတို့၊နှမတော် ဇနပဒကလျာဏီ၊ယသောဓရာတို့ဟာ၊ သာကီဝင်အစစ်၊ မင်းမျိုးတွေဖြစ်လို့၊ကျွန်မထက်ပင်နူနယ်သိမ်မွေ့ကြပါသေးတယ်။ ။သခင်မဘုရားတွေတောင် ရဟာန်းပြုနိုင်ကြသေးတာ၊ ကျွန်မဟာ ဘာမို့လို့ ရဟာန်း-မပြုနိုင်ဘဲနေရမှာလဲ။ ။ရှင်နှင့်အတူ လူတို့အမှုဖြင့်နေထိုင်တဲ့အခါ၊တမင်တကာပင် သိမ်မွေ့အောင်၊ သင်နေရပါတယ်။ရဟာန်းပြုတဲ့အခါ၊ကျွန်မ၏အစွမ်းသတ္တိတွေ ထွက်လာမှာ

ပါဘဲ၊ ရှင်က ရဟာန်းဘဝကျအောင်လိုက်ပြီး၊ အစိုးရိမ်ကြီးမနေ စမ်းပါနှင့်၊ ရှင့်ကို အားကိုးလို့ များ နေလိမ့်မယ် ထင်သလား၊ အနာဂါမ်သဘောနှင့်အေးအေးနေစမ်းပါ။သည် အရာမှာ ဆရာ ကြီး လုပ်ပြီး၊သွန်သင်မနေစမ်းပါနှင့်၊ရဟာန်းပြုတို့သာ အမြန်ခွင့် ပေးပါ၊ ရှင်ကကြောင့်ကြနေစရာမဟုတ်ပါဘူး ရဟာန်းပြုပြီးတဲ့ အခါ၊ ကျွန်မ၏ ခြေသလုံးကို အားကိုးပြီး၊ အ မျိုး မျိုး အ စွမ်း ထုတ်ပုံကိုသာကြည့်ပါတော့၊ ရဟာန်းပြုတဲ့ပုဂ္ဂိုလ်ဘို့ စားဘို့ရာ၊ အိမ်တိုင်း အိမ်တိုင်း မှာ ဆွမ်းအသင့်ရှိပါတယ်။ ကျွန်မစားဘို့ ဝမ်းစာအတွက်ကိုလဲ မပူပါနှင့်၊ သို့ကလိုပြောဆိုပြီး၊ မွေ့ပဒပါဠိ တော်ကြီးမှာ ဟောတဲ့နည်းအတိုင်း၊ ဂါထာတပုဒ်ကို ရွတ်ဆို၍ ပြပြန်သဘဲ့။

ပဗ္ဗတိ မုနိနော ဘတ္တံ၊ ထောကံထောကံ ဃရေဃရေ။
ပိဏ္ဍိကာယ ဂမိဿာမိ၊ အတ္ထိ ဇင်္ဃဗလံ မမ။

အယျ။အရှင်သူမြွေးကြီး၊ မုနိနော၊ ရဟာန်းပြု၍ နေကြသော ပုဂ္ဂိုလ်တို့၏စားရန်အလို့ငှါ။ဃရေ-ဃရေ။အိမ်တိုင်းအိမ်တိုင်း။ ထောကံ-ထောကံ။တဇွန်းစာ တဇွန်းစာမျှလောက်သော (ဝါ) အနည်းငယ် အနည်းငယ်သော။ ဘတ္တံ။ ဆွမ်းသည်၊ ပဗ္ဗတိ။ ကျယ်ပြီးအသင့်ရှိနှင့်စမြဲဖြစ်ပါ၏။ ပိဏ္ဍိကာယ။ တထဝ်စားဘို့ ဆွမ်းအလို့ငှါ။ဂမိဿာမိ။လမ်းဝဉ်ကိုလျှောက်၍၊အိမ်ပေါက်မှ လှည့်လည်ပါအံ့။ မမ။ မွေဒိန္နာအမည်သမုတ်၊ အကျွန်ုပ်အား။ ဇင်္ဃဗလံ။ခြေသလုံးအင်းအားသည်။အတ္ထိ။အစိုးရိမ်မကြီးပါနှင့်၊ ရှိပြီးအသင့်ပင်တည်း။

မိန်း မ ဆို တဲ့ ဇာတ် ဟာ၊ လွန် စွာ စ ကား တတ် သ နော်၊ ဘယ်တော့မှ အရှုံးမခံဘူး၊မွေ့ဒိန္နာရဲ့ပြောပုံတွေကို သေချာစွာ စဉ်းစားကြစမ်းပါ၊ အနာဂါမ်သူမြွေးကြီးဟာ၊ ပြောစရာမရှိ အောင် ပိတ် သွား တာ ချည်း ဘဲ။ ဆဲ—သည်လိုပြောတဲ့ အခါ၊ အနာဂါမ်သူမြွေးကြီးက၊မွေ့ဒိန္နာ၏ အစွမ်းသတ္တိကို ယုံကြည်သ

ဖြင့်။ကဲ-ရှင်မ သဘောအတိုင်းပင်၊ ရဟန်းပြုရန်အခွင့်ပေးပါပြီ။ အလိုရှိသလိုပင် မယ်မင်းကြီးမ ပြုလုပ်ပေတော့လို့ အခွင့်ပေးတယ်။အခွင့်ပေးတဲ့ အခါ၊ ဓမ္မဒိန္နာက အလွန်ဝ ရာဝမ်းမြောက်သွားတာပေါ့။ ဝိသာခ သူဌေးကြီးကလဲ အနာဂါမ် ဘဝသို့ ရောက်ပြီးဖြစ်နေတော့။ ဘယ်မှာတားမြစ်တော့မလဲ၊ တကယ် ရဟန်းပြုလျှင် အပုံကြီးဝမ်းသာတာပေါ့၊ ဓမ္မဒိန္နာ ရဟန်းပြုပုံ အခမ်းအနား လွန်စွာ ကြီးကျယ်တယ်။ ဘယ်ပုံကြီးကျယ်သလဲ ဆိုတော့၊ ဝိသာခသူဌေးကြီးက ဗိမ္ဗိသာရမင်းကြီးထံသို့ ဝင်ပြီး၊ ဓမ္မဒိန္နာရဟန်းပြုမည့်အကြောင်းကို လျှောက်တင်တယ်၊ ရဟန်း ပြုတဲ့အခါ၊ခမ်းနားကြီးကျယ်စွာ၊ဘိက္ခုနီမကျောင်းသို့ ပို့ဆောင် လို ကြောင်း ကို လဲ လျှောက် ထား တယ်။ ဗိမ္ဗိသာရမင်းကြီးလဲ မိတ်ဆွေရင်း၏ ဇနီးဖြစ်သူ ရ ဟန်း ပြု မယ် ဆို တာ၊ လွန်စွာ ဝမ်းမြောက်တော်မူလှသဖြင့်၊ မင်းခမ်း မင်းနားနှင့် အကြီး အကျယ်ကူညီတော်မူမည်ဟု မိန့်ကြားတော်မူတယ်။ ယခုခေတ် အခါ၊ရှင်ပြုမင်္ဂလာပြုလုပ်ကြရာတွင်၊အလှူပွဲကြီးသဘင်ဆင်ယင် ကျင်းပတာလို၊ဝိသာခသူဌေးကြီးလဲ၊ပစ္စည်းဥစ္စာတွေကိုများစွာ စွန့်လွှတ်ပြီး၊ ဓမ္မဒိန္နာ၏ရဟန်းပြုပွဲကြီးကို ကျင်းပတယ်။ထိုအခါ ဗိမ္ဗိသာရမင်းကြီးကလဲ၊သားတော် သမီးတော် မှူးမတ်သေနာပတိ တို့နှင့်၊ ဝိုင်းဝန်းကူညီတော်မူတဲ့အတွက်၊ အလွန်တရာကြီးကျယ် ခမ်းနားတာပေါ့၊ မြတ်စွာဘုရားနှင့်တကွ၊ သံဃာတော် အရှင် မြတ်တို့ကလဲ၊ ဓမ္မဒိန္နာ၏ ရဟန်းပြုပွဲကြီးမှာ၊ဓမ္မဒေသနာပွဲကြီး ပြုလုပ်ပြီး၊ သာသနာရေးဖြင့် ကူညီတော်မူကြတယ်။ ဓမ္မဒိန္နာရဲ့ ရဟန်းပြုပွဲကြီးဟာ၊ ရာဇဂြိုဟ်တမြို့လုံး ခြိမ့်ခြိမ့်မွှမ်း သွားတာ ပေါ့။ သည်ကဲ့သို့ ရဟန်းပြုပွဲကြီးဟာ၊ လွန်စွာရှားသတဲ့၊ စွန့်ကြဲ ပေးကမ်း လှူဒါန်းလိုက်တဲ့ ပစ္စည်းတွေ ဟာလဲ၊ တောင်လိုပုံ သွားတာပေါ့လေ။ဓမ္မဒိန္နာက ပါရမီရှင်ကြီးဖြစ်တော့သူ့အတွက် ရဟန်းပြုတဲ့ အထိမ်းအမှတ်ပြုလုပ်တဲ့ပွဲကြီးဟာ၊ မကြီးကျယ်ဘဲ နေနိုင်ပါတော့ မလား၊ အနာဂါမ် ပုဂ္ဂိုလ်ကြီးက ကြီးမှူး၍

ပြုလုပ်တဲ့ပွဲဖြစ်တော့၊အခါက အချိန်အတိုးအမှတ်ဆိုတာတော့ မပါနိုင်ဘူးပေါ့။

အလှူပွဲကြီးနှင့်တရားပွဲကြီးပြီးစီးသောအခါ ဓမ္မဒိန္နာကိုရတနာ(၇)ပါးစီချယ်တဲ့၊ရွှေထမ်းစင်ကြီးပေါ်မှာတင်ပြီး၊ ဗိမ္ဗိသာရမင်းကြီးကကျည်းတဲ့ဗျူဟာသေနင်၊စစ်သဘင်တို့ဖြင့်ဝန်းရံပြီး၊ဘိက္ခုနီမကျောင်းတိုက်သို့ပို့ကြတယ်။ ထိုအခါ ရာဇဂြိုဟ်တမြို့လုံးမှာရှိကြတဲ့ သူဌေးသူကြွယ်မှစ၍၊ တိုင်းသူပြည်သားလူများအပေါင်းတို့လဲနောက်ကခြံရံ၍ လိုက်ပါကြတယ်။ဘိက္ခုနီမကျောင်းသို့ပို့တဲ့အခါ၊ရာဇဂြိုဟ်မြို့ကြီးကိုလှည့်လည်၍ပို့တာပေါ့။ဓမ္မဒိန္နာဆိုတဲ့ သူဌေးကတော်ကြီးဟာ၊ ရဟန်းပြုဖို့ ဘိက္ခုနီမ ကျောင်းသို့ထွက်တယ်လို့ ပြောဆိုလိုက်ကြတဲ့ ချီးမွမ်းသံတွေဟာလဲ၊ တမြို့လုံးသိမ့်သိမ့်ညံ့သွားဘာပေါ့လေ။ကြည့်လိုက်ကြတဲ့လူတွေဟာ၊ ရေတွက်လို့ ဘယ်မှာရနိုင်ပါတော့မလဲ၊ တမြို့လုံး သိမ့်သိမ့်တုံသွားရောပေါ့။ယခုအခါကြီးကျယ်စွာ ရှင်လောင်းလှည့်တဲ့ပွဲကြီးမျိုးနှင့် မခြားပါဘူး။ ထိုပွဲကြီးကို ဗိမ္ဗိသာရမင်းကြီး ကိုယ်တိုင်လိုက်ပါ၍ အုပ်ချုပ်တော်မူတယ်။ဝိသာခ သူဌေးကြီးကတော့၊ သပိတ်ပရိက္ခရာကိုလွယ်ပြီး၊ ရဟန်းတကာကြီးလုပ်ခါ၊ ဓမ္မဒိန္နာရဲ့ ရွှေထမ်းစင်ရှေ့ကသွားမှာပေါ့။

ဘိက္ခုနီမကျောင်းသို့ရောက်တဲ့အခါ၊ဓမ္မဒိန္နာသည်၊လူဝတ်ကိုလဲ၍၊သင်္ကန်းကိုဝတ်ဆင်ကာ၊ဘိက္ခုနီမ-ပြုလုပ်တယ်။ ။ရဟန်းပြုခြင်းကိစ္စပြီးတော့မှ ပရိသတ်တွေဟာအိမ်ကိုပြန်ကြတာပေါ့ ဝိသာခသူဌေးကြီးက အိမ်ပြန်ဖို့ နှုတ်ဆက်တဲ့အခါ၊ဓမ္မဒိန္နာက၊ ကဲ-ကဲ-ပြန်ပေတော့၊ရှင့်တိုက်ကြီးနှင့်ရှင်ပျော်ပျော်ရွှင်ရွှင်စံလေတော့လို့ အမိန့်ရှိလိုက်သတဲ့။ ဝိသာခဆိုတဲ့ သူဌေးကြီးဟာ၊ တကယ်လို့ အနာဂါမ်ဘဝသို့ မရောက်ဘဲနေခဲ့ပါလျှင်၊ ဓမ္မဒိန္နာရဟန်းအသွင်ကိုမြင်ရလျှင်၊မရွှင်မလန်းဘဲ ကျမျက်ရေတွေတွေဆင်း၍၊ ပူပြင်းလိမ့်မနေဘ်။ ကဲ-စဉ်းစားကြစမ်းပါ၊ ဓမ္မဒိန္နာရဟန်းပြုခြင်း၏အကြောင်းဟာ၊ အကြောမခံဆိုတဲ့ မာနမျိုးဘဲ

မဟုတ်လား၊သည့်လိုမ ၁နမျိုးကိုတော့၊အကျိုးရှိတယ်လို့မှတ်ကြ ရမယ်။

ဝိသာခသူဌေးကြီးမှာဖြင့်၊ ရဟန်း-မပြုနိုင်တဲ့အတွက်ကြောင့်၊ တိုက်ကြီးပေါ်မှာ လူဝတ်ကြောင်နှင့် နေရတော့ဘာပေါ့။ ရှင်ဘော် ဘုရားလက်ထက်တော်မှာ၊ အ နာ ဂါမ် အ ဖြစ် သို့ ရောက်သော်လဲ ရဟန်းမပြုနိုင်ဘဲ၊ လူဝတ်ကြောင်နှင့် နေကြဘဲ့ ပုဂ္ဂိုလ်တွေဟာ၊ အများပင်ရှိကြတယ်။ ။ဘာကြောင့်-ရဟန်း မပြုကြသလဲဆိုလျှင်၊ အဋ္ဌကထာဆရာကြီးများက၊ သို့ကလို အ ကြောင်းပြကြတယ်။ ရှေးရှေးဘဝက ရဟန်းပြုလေ့ မရှိဘူးတဲ့ ပုဂ္ဂိုလ်များ၊သင်္ကန်းကိုမလှူဘူးတဲ့ပုဂ္ဂိုလ်များ၊သည့်ပုဂ္ဂိုလ်များ ဟာ ရဟန်းဘဝနှင့် အဆက်ဝေး၊ သင်္ကန်းနှင့် အကျိုးမပေး သဖြင့်၊ ရဟန်းဘဝကိုမရနိုင်ကြဘူးလို့ အကြောင်းပြတော်မူကြ တယ်။ အဲ-သို့ကြောင့်ယခုအခါ၊တရားနာပုဂ္ဂိုလ်တွေလဲ၊ နောင် ကျွတ်တန်းဝင်တဲ့အခါ၊ ရဟန်းဘဝနှင့် ကျွတ်တန်းဝင်ကြရလေ အောင်၊သင်္ကန်းလှူခြင်း၊ရဟန်းပြုခြင်းအလုပ်များကို အားထုတ် ကြရမယ်လို့ တိုက်တွန်းလိုက်ပေတယ်။ သေချာစွာစဉ်းစားလို့ ကြည့်မယ်ဆိုလျှင်၊ ရဟန်းအဖြစ်နှင့် ကျွတ်တန်းဝင်တဲ့ ပုဂ္ဂိုလ် အနဲသားနေမှာဘဲ။ ဘာကြောင့်လဲသို့ဆိုတော့၊ နတ်ဗြဟ္မာ တွေ တရားနာပြီး ရဟန္တာဖြစ်၍ ကျွတ်လွတ်ကြတာ၊ ဘယ် မှာ သင်္ကန်း ဝတ်ခွင့်ကို ရ ကြ ပါ မ လဲ။ နတ် ဗြဟ္မာ များ ကို ရဟန်းပြုစေရန် ခွင့်မှ ပြုတော်မမူဘဲကိုး။ နတ်ဗြဟ္မာတွေ ကျွတ်တန်းဝင်ကြဘာက၊ လူတွေလောက်မကအောင် များပြား တယ်။အဲ သို့ကြောင့်၊ ရဟန်းအဖြစ်နှင့်၊ ကျွတ်တန်းဝင်ကြဘာ အနဲသားရှိမှာဘဲ။

ဓမ္မဒိန္နာ ရဟန်းပြုတဲ့ သတင်းကြီးဟာ၊ မဇ္ဈိမတိုင်းလုံး ကျော်စေသွားတယ်။ရှေးအခါက၊ ဓမ္မဒိန္နာကို သတင်းမျှသာ ကြားဘူး၍၊မမြင်စဘူးတဲ့သူတွေဟာ သူ့ထက်ငါ လာရောက်ပြီး၊ ဓမ္မဒိန္နာထေရီမကို၊ ဖူးမြင်ရန် လာလိုက်ကြတာ၊ ဘယ်အခါမှ

ပရိသာတ်မစဲဘူးတဲ့၊ လူတုန်းကတော့ အိမ်တွင်းပုန်း လုပ်နေရတဲ့အတွက်ကြောင့် မမြင်ရဘူးပေါ့၊ရဟန်းဖြစ်သွားတော့ ဖူးမြင်ခွင့်ရလို့ ပရိ သာတ် တွေ လာ ပြီး ဖူး ကြ တယ်။ ဓမ္မဒိန္နာ၏ လှကြောင်း, ချောကြောင်းနှင့်၊ ရှေးက ကျော်စောနေတာ ဘိက္ခုနီမဖြစ်မှ ထင်ရှားသွားတယ်။ နဂိုရင်းက အဆင်းလှတဲ့ ပါရမီရင်ဖြစ်တော့၊ ရဟန်းပြုတဲ့အခါမှာလဲ သင်္ကန်းဝါဝါကလေးနှင့် အသွေး အရောင်တိုးပြီး၊ တမျိုး လှပနေတာပေါ့။ ယခုခေတ်အခါ၊ သဒ္ဒါတရားရှိတဲ့ အမျိုးကောင်းသို့်းမျိုကလေးများ၊ သီလရင်အဝတ်ကို ဝတ်ဆင်လာတော့၊ အသွင်တမျိုးနှင့် တို ရှုံကြည်ညိုဘွယ်ကောင်းသလိုပေါ့လေ။ ။ဓမ္မဒိန္နာထေရီမကို ဖူးမြင်ရတဲ့ လူအပေါင်းတို့ဟာ စိတ်သတ်၍ လက်ဖျားခါပြီး၊ အလွန်တရာ လှပါပေတယ်။ ကျော် သ လောက် မ က ပါဘူး၊ ပါရမီထူးပါပေရဲ့၊ သို့ကလောက် လှချောပြီး၊ စည်း စိမ် တွေ ပေါပါလျက်နှင့်၊ လူ့ဘောင်ကို ခွါစွန့်ပြီး၊ ရ ဟန်း ပြု နိုင် တာ လွန်စွာအံ့သြဘွယ် ကောင်းပါပေတယ်လို့ ချီး မွမ်း ကြ တယ်။ ဓမ္မဒိန္နာကို ကြည်ညိုအားကျပြီး၊ အမျိုးသို့်းတွေ လူ့ဘောင်ကို စွန့်၍၊ရဟန်းပြုလိုက်ကြတာလဲ၊ အလွန်တရာများတာပေါ့၊ ဖူးမြင်ရန်လာရောက်ကြတဲ့ပရိသာတ်တွေကသဲ၊လှူဘွယ်ဝတ္ထုနှင့်တကွ လာရောက်ကြသဖြင့်၊ ဓမ္မဒိန္နာ၏ရှေ့မှာ၊ပစ္စည်းပရိက္ခရာတွေ အမျိုးစုံတောင်လိုပုံနေသတဲ့၊သိတင်းသုံးဘော်ဖြစ်တဲ့ဘိက္ခုနီမ တွေမှာဖြင့်၊ လာဘ်ကြီး တိုက်ကုန်တော့ တာဘဲ၊ ပါရမီရှိတဲ့ ပုဂ္ဂိုလ်ထူး တယောက်၊ သာသနာဘောင်သို့ ရောက်လာပြီဆိုမှ ဖြင့်၊ သာသနာကြီးဟာ အရောင်အဝါတိုးပြီး၊ တမျိုးအားတက်စပြုပေပေါ့။

ပရိသာတ်တွေလာလွန်းလို့၊ဓမ္မဒိန္နာ သူခမျာမှာလဲ၊ တရားအားထုတ်ဘို့ အချိန်ကိုတောင် မရနိုင်တော့ဘူး၊ပရိသာတ်တွေ မစဲနိုင်တဲ့အတွက်၊ ဘယ်လို ကြံစည်ရှာသသဲဆိုလျှင်၊ ငါသည် စည်းစိမ်တွေကိုခွါစွန့်၍၊ ရဟန်းပြုလာခဲ့သည်မှာ၊လာလာသမျှ

သော ပရိသာတ်တွေကို၊ ဖူးမျှော်စေတို့ မဟုတ်ဘူး၊ ကိုယ်ကျိုး ကိုယ့်အလုပ်ကို၊ အားထုတ်ရန် အချက်ကြောင့်၊ ထွက်မြောက် ခဲ့ခြင်းဖြစ်ပေတယ်။ သူဌေးကြီးရောက်တဲ့ အနာဂါမ်အဘန်းကို မသာလျှင်၊ ဘာအကျိုးရှိတော့မှာလဲ၊ ရဟန္တာအဖြစ်သို့မရောက် သမျှ'ပရိသာတ်တွေကိုလက်ခံဘို့မသင့်ဘူး။အဲ-သို့ကလို ကြံစည် ပြီး ဥပဏ္ဍာယ် ဘိက္ခုနီမကြီး ထံသို့ ကပ်၍၊ အရှင်ဘုရား၊ ဤကျောင်း၌ နေရသည်မှာ လွန်စွာ ပရိသာတ် များလှပါတယ်။ ပရိသာတ်တွေမရှင်းလျှင်၊အလင်းတရားကိုပေါက်ရောက်နိုင်မည် မဟုတ်ပါ၊ကိုယ့်ရေးကိုယ့်အတွက်ကို၊ ဆောင်ရွက်ဘို့အရေးက လိုပါသေးသည်။ ဆိတ်ငြိမ် ခေါင်းပါး၍၊ လူအများနှင့် မဆက် ဆံတဲ့ တောရွာကလေးသို့ထွက်ပြီး တရားအားထုတ် လိုပါသည် ဘုရားလို့၊ လျှောက်ထားရှာတယ်။ ။ဥပဏ္ဍာယ်ဆရာကြီးကလဲ၊ ဓမ္မဒိန္နာ၏ သဘောကို လိုက်သျှာပြီး၊ သူ့ကိုယ်တိုင် ဓမ္မဒိန္နာကို ချီးမြှောက်ရန်၊ တောရွာကလေးသို့ ထွက်လိုက်သွားတယ်။ ပြုစု လုပ်ကျွေးရန် ဖြစ်တဲ့၊ သိတင်းသုံးဘော် ဘိက္ခုနီမတွေလဲပါကြ သပေါ့လေ။ ပါရမီရှင်ဖြစ်တော့ တရားအားထုတ်ရန် ထွက်တဲ့ အခါမှာတောင်၊ ရွက်ဆောင်ကူညီတဲ့ အစောင့် အရှောက်တွေ မြိုင်လို့ပေါ့။

ခေါင်းပါးတဲ့ တောရွာကလေးကိုရောက်တဲ့အခါ ထိုရွာကို အမှီပြု၍၊ တောကျောင်းကလေးတခုကို မှီတင်းပြီး၊ အပူတပြင်း အားထုတ်လိုက်တဲ့အခါ ဓမ္မဒိန္နာထေရီမမှာ၊ ပါရမီရင့်သန်ခဲ့ပြီး သောအဘိုင်း၊ကာလရှည်မြင့်စွာ မဆိုင်းဘဲ ပဋိသမ္ဘိဒါလေးပါး နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်သွားတော်မူပါရော။

ရဟန္တာအဖြစ်သို့ ရောက်ပြီးတဲ့အခါ၊ ဓမ္မဒိန္နာ ထေရီမမှာ၊ သည်လိုအကြံ ပေါက်သတဲ့။ ယခုထွက်၍လာခြင်းမှာ ရဟန္တာ ဖြစ်ရန်အလို့ငှါထွက်ခဲ့ခြင်းဖြစ်ခဲ့ပေတယ်။ ကိစ္စတုံး၍ အဆုံးသို့ တိုင်ခဲ့ပြီ၊ သတ္တဝါတို့၏ အကျိုးကို သည်ပိုး ရွက်ဆောင်နိုင်တဲ့ အခြေကို ငါရခဲ့ပြီ၊ ယခုအခါ ရာဇဂြိုဟ်ပြည်သို့ပြန်ပြီး၊ ဘုရား

ရှင်၏ အထံမှာ၊ သာသနာပွင့်လင်းကြောင်းဖြစ်တဲ့အလုပ်တို့ကို၊ အားထုတ်မှ သင့်တော့မည်။ ဘိက္ခုနီမ အများကိုလဲ၊ ပဉ္စည်းလေးပါးဖြင့် ချီးမြှောက်တော့မည်။ အဲ......သို့ကလို ကြံစည်ပြီး၊ ရာဇဂြိုဟ်ပြည်ကြီးသို့ ပြန်လာခဲ့ကြတယ်။ ရှင်တော်မြတ် ဘုရားကလဲ၊ ငါ့သွီးတော်ကြီး ကိစ္စပြီးပေါ့လို့ ချီးမွမ်းတော်မူတာပေါ့၊ သာသနာတော်မှာလွန်စွာအားကိုးရတဲ့သွီးတော်ကြီးဖြစ်မှါကိုး၊

အနာဂါမ်ပုဂ္ဂိုလ်ကြီး ရောက်လာပြန်တော့မယ်။ ။ဓမ္မဒိန္နာသည်၊တောရွာကျောင်းမှ၊ ရာဇဂြိုဟ်ပြည်သို့ပြန်လာပြီဟူသောသတင်းသည်၊တမြို့လုံးနှံ့ပြား၍သွားလေရာ၊ ဝိသာခသူဌေးကြီးက၊ ထိုသတင်းကိုကြားသည့်တုင်၊ အလွဲထင်ပြီး အတွေးတမျိုးပေါက်ပြန်သတဲ့။'' တွေးပုံက'' ဓမ္မဒိန္နာသည် မကြာမှီကပင်လျှင်၊တရားအားထုတ်ရန်၊ ခေါင်းပါးတဲ့ တောရွာကလေးတခုသို့၊ထွက်သွားတယ်လို့ ကြားရတယ်။ထွက်သွားလို့ မကြာခင်ပင်ယခုပြန်လာပြီလို့သတင်းကြားရတယ်။ ။သည့်လောက်အတောအတွင်းကလေးမှာ၊သူတို့မိန်းမဉာဏ်မျိုးနှင့်၊တလျှာကိုနှုတ်ချိုးနိုင်တဲ့ တရားထူးကို ရနိုင်ပါ့မလား။ ပျင်းရိငြီးငွေ့တာနှင့်၊ ရာဇဂြိုဟ်မြို့သို့ပြန်လာဟန်တူတယ်၊ သူ့ခမြာမှာလဲ သနားစရာဘဲ ငါပြောတဲ့စကားအတွက်ကြောင့်၊အကြောမခံဆိုတဲ့သဘောပေါက်ပြီး စိတ်နောက် ကိုယ်ပါဆိုသလို၊ ရဟန်းပြုရှာတာထင်ပါရဲ့။ ။ယခု သူလုပ်ပုံဟာ၊ တောကျောင်းမှာ နေသလိုလို၊ မြို့ကျောင်းမှာနေသလိုလို၊ ကမောက်ကမနှင့် အတည်မကျပါဘူး။သာသနာဘောင်မှာငြီးငွေ့တဲ့အတွက်၊ လူများဘဲ ထွက်ချင်လေရော့သလား၊ ။သဒ္ဓါတရားမရှိဘဲနှင့်၊ သင်္ကန်းကိုဆင်ပြီး၊ ရဟန်းအသွင်ကြီးနဲ့နေတာလဲ မကောင်းပါဘူး၊ ထွက်ချင်လို့ရှိလျှင်င့်လဲ ထွက်ပါစေတော့၊ ကုဋေပေါင်းများစွာ အလွန်တရာ ပိုမောက်၍၊ လိုသလောက်မကာတဲ့ ပစ္စည်းတွေဟာလဲ၊ သူ့ပြင်မှတပါး ဘခြားသူပိုင်ဘို့မရှိပေဘူး၊ ။မိန်းမဆိုတာစိတ်ခိုင်တာမျိုးမဟုတ်လို့ သူ့အကဲကိုစမ်းကြည့်ရအုံးတော့မှာဘဲ၊

အကဲခပ်လို့ မဟာန်လျှင်၊ ခပ်မြန်မြန် သာသနာတော် ဘောင်က ထွက်စေမှ သင့်မယ်။ ။အဲ-သို့ကလိုအကြံပေါက်ပြီး၊ ဘိက္ခုနီမ ကျောင်းသို့လာပြန်တယ်။အနာဂါမ်ပုဂ္ဂိုလ်ကြီးဖြစ်ပေတယ်လို့၊ ရဟန္တာမဟုတ်သေးတော့၊ငယ်ချစ်ကို စိတ်မချနိုင်သေးဘူးပေါ့ လေ၊ စိတ်မချနိုင်ဘူးဆိုတာက၊ ရဟန်းဘဝမှာ သဒ္ဒါမရှိဘဲ ပျင်းတွဲတွဲကြီးပေနေမှာကို၊ စိတ်မချတာကိုဆိုလိုတာပါ။

ကျောင်းသို့ရောက်တဲ့အခါ၊ဓမ္မဒိန္နာအထံသို့ဝင်ပြီး၊ ရိုသေစွာ ရှိခိုး၍ အကဲခပ်တဲ့အခါ၊သိက္ခာဏ္ဍနွေ အပြည့်အစုံနှင့်၊ အပုံကြီး ကြည်ညိုဘွယ်တွေမြင်တော့၊ အလဲချလိုမြင်ရပုံမှာဖြင့်၊ အတော် သားပါကလား၊တရားထူးများကို အမှန်ရဟာန်ရှိပါရဲ့၊သို့ရာတွင် တရားထူး လက်ကိုင်နှင့်၊ ပိုင်ပိုင်နိုင်နိုင် ရှိ,မရှိကို သိရအောင် အရိယာပုဂ္ဂိုလ်တို့သာ ဖြေဆိုနိုင်တဲ့မဂ်ပုစ္ဆာ,ဖိုလ်ပုစ္ဆာများကို မေးစမ်းရအုံးတော့မှာဘဲ။အဲ-သို့ကလို ကြံစည်ပြီး၊ ရှေးဦးစွာ သောဘာပန်တို့သာဖြေဆိုနိုင်တဲ့ ပုစ္ဆာမျိုးကိုမေးလိုက်တယ်။ ။ ဓမ္မဒိန္နာ ထေရီမကလဲ၊ မေးလိုက်တဲ့ ပုစ္ဆာကို၊ မရပ် မဆိုင်း၊ မြင်းကောင်းစိုင်းသို့၊ပိုင်းပိုင်းခြားခြားကြီး ဖြေဆိုလိုက်ပါရော၊ သည်အခါ၊ အနာဂါမ်ပုဂ္ဂိုလ်ကြီးက၊ ''အင်း- ဓမ္မဒိန္နာဖြင့် သောတာပန်ဖြစ်တာအမှန်ဘဲ၊ ပထမမဂ်ဉာဏ်ကိုဖြင့် ပိုင်နိုင်ပေ ပြီ၊ အထက်မဂ်ဉာဏ်နှင့်ဆိုင်တဲ့ ပုစ္ဆာကိုလှမ်းပြီး၊ တစခမ်း မေးရအုံးတော့မှာဘဲဟုကြံပြီး၊သကဒါဂါမ်တို့သာဖြေဆိုနိုင်တဲ့ ပုစ္ဆာကို မေးလိုက်ပြန်တယ်၊ ထိုအခါမှာလဲ၊ ကြာစွယ်ကို သံချက်နှင့်ပိုင်းသလို၊မဆိုင်းမတွ၊တခဏခြင်း ဖြေဆိုလိုက်ပြန် တော့၊ ဝိသာခသူဌေးကြီးက၊ ''အင်း-ဒုတိယ မဂ်ဉာဏ်ကိုလဲ အမှန်ပိုင်နိုင်စွာရှိပြီ၊ တဆင့်တက်၍ မေးရအုံးတော့မှာဘဲဟု ကြံစည့်ကာ၊ အနာဂါမ်ပုဂ္ဂိုလ်တို့သာ ဖြေဆိုနိုင်တဲ့ ပုစ္ဆာကို မေးလိုက်ပြန်တယ်၊ ။ထိုအခါမှာလဲ တိမ်တိုက်ကို လေလွှင့်သ လို အဆင်သင့် ဖြုံးခနဲ ဖြေဆိုလိုက်ပြန်ပါရော။ ။ထိုအခါ အနာဂါမ် ပုဂ္ဂိုလ်ကြီးက၊ ''အင်း-အနာဂါမ်ဆိုတဲ့ တတိယ

မဂ်ဉာဏ်ကိုလဲ၊အမှန်ပိုင်နိုင်ပါပေါ့ကလား၊ငါနှင့်တော့ အတန်းတူနေပြီ၊ကံတူအကျိုးပေးဆိုသလို၊ မဂ်ဖိုလ်ရောက်ကြတဲ့ စခန်းမှာလဲ၊အတန်းတူအောင် အကျိုးပေးရှာပါပေတကား။အဲ-သို့က လို စဉ်းစားသတဲ့၊ ဝိသာခသူဌေးမှာ အနာဂါမ်မျှသာ ဖြစ်လေတော့၊ထိုစခန်းမှတဆင့်တက်ပြီး၊ အရဟတ္တမဂ်၊အရဟတ္တဖိုလ်နှင့်ဆိုင်တဲ့ ပုစ္ဆာများကိုတော့၊ မမေးနိုင်ရှာတော့ဘူးပေါ့။ဘယ်မှာ မေးနိုင်ပါတော့မလဲ၊သူကိုယ်တိုင်ကမှ ရဟန္တာ-မဖြစ်ရှာသေးဘဲကိုး။

တဆင့်တက်၍ မမေးနိုင်ဘဲ၊ ငေးတေးတေး ကြီး လုပ် ပြီး၊ ငုတ်တုတ်ကြီးထိုင်နေတဲ့အခါ၊ဓမ္မဒိန္နာက၊ရဟန္တာပုဂ္ဂိုလ်တို့သာ ဖြေဆို ဟောကြားနိုင်တဲ့ အထက်တန်း တရားကြီးများကို၊ ဟောကြားတော်မူပါရော၊ သို့ကလို ဟော ကြား တဲ့ အ ခါ၊ အနာဂါမ်ပုဂ္ဂိုလ်ကြီးဟာ၊ ရေနက်ရာမှာ ထိုးဝါးစိုက်၍ မမှီသလို၊ အလွန် နက်နဲတဲ့တရားတော်ဖြစ်လို့၊ သူပေါက်ရောက်တဲ့ အနာဂါမ်တို့၏ ဉာဏ်မျိုးဖြင့် လိုက်၍မမှီနိုင်အောင်ကျသွားတာပေါ့။ ။ကဲ-စဉ်းစားလိုက်ကြစမ်းပါ။ ဓမ္မဒိန္နာက ဘယ့်ကလောက် အတန်း သာသွားသလဲလို့၊အကြောမခံဆိုတဲ့မာနံစိတ်မျိုးနှင့် ကြိုးစားလိုက်ထာ၊ ရဟန္တာဖြစ်ရုံမျှမက၊ ဓမ္မကထိက ပုဂ္ဂိုလ်ကြီးတောင် ဖြစ်သွားတာပေါ့။

အဲ-သို့ကသို ဝိသာခသူဌေးကြီးမေးမြန်းချက်နှင့်စပ်လျဉ်းပြီး၊ ဓမ္မဒိန္နာ ထေရီမက၊ စူဠဝေဒလ္လ သုတ္တန်ကြီးကို ဟောတော်မူတယ်။ ။မူလပဏ္ဏာသ ပါဠိတော်မှာ၊ စူဠဝေဒလ္လ သုတ္တန်ကြီး အထင်အရှားရှိပေတယ်။ ။ဘိက္ခုနီမထဲက၊ ယခုလိုသုတ္တန်ကြီး တသုတ် အတည်ဖြစ်သွားအောင်ဟောတာမရှိပေဘူး။ ဓမ္မဒိန္နာ ထေရီမ တပါးသာ ဟောကြားတော်မူတယ်။ စူဠဝေဒလ္လသုတ် ဆိုတာ၊ ဓမ္မဒိန္နာထေရီမက၊ ဝိသာခသူဌေးကြီးကို အထူးသဖြင့် ဟောတော်မူအပ်တဲ့ သုတ္တန်ကြီး ဖြစ်ပေတယ်။ ဟို- ရှေးယခင် ပုထုဇန်အဖြစ်နှင့် ချစ်ခင်စွာ ပေါင်းသင်းခဲ့တဲ့သူဌေးကြီးအား၊

အထူးသဖြင့် ဟောကြားတော်မူအပ်တဲ့ သုတ္တန်ကြီးဖြစ်တဲ့အတွက် တရားအချက်တွေဟာလဲ လွန်စွာထူးမြတ်ပါပေတယ်။ အမျိုးသို့းတွေမှန်သမျှ မိမိဘို့နှင့်ဇာတ်တူဖြစ်တဲ့ဘုရားသို့းတော် အကျော်အမော်ကြီး ဖြစ်တဲ့ ဓမ္မဒိန္နာထေရီမ ဟောတော်မူအပ်သော စူဠဝေဒလ္လ သုတ္တန်ကြီးကို၊ အထူးသဖြင့် လေ့ကျင့်ဆောင်ရွက်ဘို့ကောင်းကြဘာကလား။

(မှတ်ချက်။ ။ဓမ္မဒိန္နာထေရီမ ဟောအပ်သော၊ စူဠဝေဒလ္လသုတ္တန်ကြီးကို၊ဤနေရာ၌ဘော်ပြရန်သင့်ပါပေသည်။ သို့ရာတွင် အလွန်ရှည်သွားမည်ဖြစ်၍၊ အဖြွက်မျှသာ ဘော်ပြလိုက်ရတော့သည်။ထိုစူဠဝေဒလ္လသုတ္တန်ကြီးကို၊ အဋ္ဌကထာနှင့်တကွ နှီးနှော၍၊ မြန် မာ လို ပြန်ဆိုထားပြီး အသင့်ရှိသဖြင့်၊ အခွင့်သင့်သောအခါ၊ ရိုက်နှိပ်ထုတ်ဝေပါမည်။)

အဲ သို့ဘလို၊ စူဠဝေဒလ္လ သုတ္တန်ကြီးကို၊ ဟောကြားပြီးဆုံးတော့မှ၊ စိတ်ဒုံးဒုံးချရှာသတဲ့၊ ဓမ္မဒိန္နာသည်၊ ရဟန္တာအစစ်ဖြစ်လေပြီ။ဓမ္မဒိန္နာသည်၊ ငါ့ထက်အတန်းသာ၍၊ တဏှာအလုံးစုံကို၊ အကုန် ပယ်ဖြတ်နိုင်လေပြီ။ ဓမ္မဒိန္နာသည်၊ ဇာတိ အညွန့်တုံး၍၊ ဘဝအဆုံးသို့ရောက်လေပြီ၊ အဲ-သို့ဘလို ဝိသာခသူဌေးကြီးက၊ စိတ်ဒုံးဒုံးချရှာတယ်။

“ ရစနဂါထာ ”

ပဥ္စ ပုစ္ဆို မဟာသေဋ္ဌိ၊ ဓမ္မဒိန္နာစ ဗျာကရိ။
စူဠဝေဒလ္လံ ဒေသေသိ။အဟော ဝိမုတ္တိ ထေရိယာ၊ ။

မဟာသေဋ္ဌိ၊ ဝိသာခဟု၊ နာမလျှံညီး၊ အံနာဂါမ် သူဌေးကြီးသည်၊ ပဥ္စ။မင်္ဂလိအချက်။လေးနက်လှစွာ၊မေးပုစ္ဆာကို၊ ပုစ္ဆိ၊ အထက်ဉာဏ်ကို၊ အမှန် ရပါလေ၏လောဟု၊ သဘောစုံစမ်းသလိုဖြင့်၊ မေးမြန်း ထောက်ချင့်လေ၏၊ ဓမ္မဒိန္နာစ၊ စတုတ္ထမဂ်၊ အချက်ပိုင်ပြီး၊ရဟန္တာပုဂ္ဂိုလ်ကြီးဖြစ်ပေသော၊ဓမ္မဒိန္နာထေရီမသည်လည်း၊ဗျာကရိ၊မေးတိုင်းခေးတိုင်း မဆိုင်းတုံချေ၊ခဏာခြင်း

ဖြေဆိုတော်မူလေ၏။ ရုဋ္ဌဝေဒလ္လံ၊ ရုဋ္ဌဝေဒလ္လ၊ ဝိသေသနည်း၊ သုတ္တန်ကြီးကိုလည်း၊ ဒေသေသိ၊ ဝိသာခသူဌေး၏ရှုပ်ထွေးသော အထင်ကို။ စင်စင်ကြီးပျောက်ကင်းအောင်၊ လင်းလင်းကြီး ဟော တော်မူပေသတည်း။ ထေရီယာ၊ ဓမ္မဒိန္နာ မဟာဉာဏ်ဓါတ်၊ ထေရီမြတ်၏၊ ဝိမုတ္တိ၊ သူထက်ထူးချွန်၍ သာလွန်ကဲမြင့်၊ ကျွတ် တန်းဘွင့်ခြင်းသည်၊ အဟော၊ ဂါထာတွေ့ သိကုံးသော်လည်း၊ မဆုံးနိုင်စဘွယ်၊ တကယ်ချီးမွမ်းထိုက်လှပေသည်တကား။

ဓမ္မဒိန္နာက ရုဋ္ဌဝေဒလ္လသုတ္တန်ကိုဟောပြပြီးတဲ့အခါ"တကာ ကြီး၊ ယခုအကျဉ်းချုပ်ဟောကြားဖြေဆိုတဲ့ အချက်များကို၊ နှစ်သက် တင်းတိမ်ခြင်း မရှိသေးပါလျှင်၊ ရှင်တော်ဘုရားထံသို့ ဝင်ပြီး၊ အကုန်အစင် လျှောက်ထားပါလေဒုံး၊" လို့ မိန့်တော်မူပြီး၊ တကာကြီးနှင့် စကားမပြောဘဲ၊ တုဏှိဘောနေတော်မူတယ်။

အဲ သည်တော့ ဝိသာခ သူဌေးကြီးက၊ ဓမ္မဒိန္နာ ထေရီမကို၊ ရိုသေစွာ ရှိခိုးပြီး၊ လက်ျာရစ် သုံးပတ်လှည့်ခါ၊ မြတ်စွာဘုရား အထံတော်သို့သွားတယ်။ ။အနာဂါမ်သူဌေးကြီးက၊ ဓမ္မဒိန္နာကို ရိုသေစွာ ရှိခိုးတယ်ဆိုတာ၊ ကျမ်းဂန်မှာပါတဲ့အတိုင်း၊ ဘော်ပြ ရခြင်းဖြစ်ပေသည်။

ဓမ္မဒိန္နာက၊ ရဟန္တာလဲဖြစ်ပေတယ်။ သာသနာတော်တွင်းသို့ ဝင်ပြီး၊ သင်္ကန်းကို ဝတ်ဆင်နေတဲ့ ဂုဏ်ထူးလဲရှိပေတယ်။ ။ အဲ–သို့ ဘလို အရာရာက သာလွန်နေတော့၊ ရှိမခိုးဘဲ နေနိုင် ပါတော့မလား။

အထခေါ် ဝိသာခေါ်ဥသပါကော၊ ယေနဓမ္မဒိန္နာဘိက္ခုနီ၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ၊ ဓမ္မဒိန္နံဘိက္ခုနိံ၊ အဘိဝါဒေ တွာ၊ ဧကမန္တံ့အဋ္ဌာသိ၊ ။ဝိသာခသူဌေးကြီးက၊ ဓမ္မဒိန္နာထေရီမ ကို၊ ရိုသေစွာ ရှိခိုးကြောင်း၊ သက်သေပြရန် ထုတ်ဆောင်အပ် သော၊ မူလပဏ္ဏာသ၊ ရုဋ္ဌဝေဒလ္လသုတ္တန်ပါဠိတော်ကြီး၊ အနက် လွယ်၏။

ကဲ-စဉ်းစားကြစမ်းပါ၊ ဒိမ်ရာထောင်ပြီး၊ လူ့ဘောင်မှာ နေကြစဉ် အခါတုန်း ကတော့၊ ဓမ္မဒိန္နာက ရှိရှိသေသေနှင့် ဝတ်တရားကျေအောင် ရှက်ဆောင်ရသပေါ့လေ။ ယခုတော့ ဘယ့်နှယ်ရှိစ၊ သူဌေးကြီးက ရှိခိုးနေရပါပကော၊ အနာဂါမ် ဖြစ်ပြီးတဲ့အခါ၊ သူဌေးကြီးက ငါ နှင့်အတူတကွ နေလိုလျှင်၊ နှမရင်းလို သဘောထားပြီးနေပေတော့၊ ငါ့ကိုလဲ မောင်ကြီး အရင်းလို လုပ်ကျွေးပေတော့လို့ ရင့်ရင့်သီးသီး အံထက်တန်း ကြီးစကားနှင့် အခန့်စားဆိုသပေါ့လေ၊ယခုတော့ဘယ့်နှယ်ရှိစ၊ ဓမ္မဒိန္နာ၏ ခြေတော်ရင်းမှာ၊ ဝပ်စင်းပြီးရှိခိုးနေရပါပဘော။ ။ ဒဲ-သည်အချက်ကို ထောက်ထားပြီး၊ သာသနာတော်ရိပ်ကို ခိုလှုံခြင်းဆိုတာ လွန်စွာထွတ်မြတ်၍ အပူဇော် ခံအပ်ကြောင်း ကိုလဲ၊ ကောင်းစွာ သဘောထားပြီး သာသနာတော်ကြီးကို အလေးပြုကြရမယ်။ ဓမ္မဒိန္နာရဲ့ ဆုမျိုးကို အလိုရှိတဲ့ အမျိုးသမီး များလဲ၊ ဓမ္မဒိန္နာရဲ့နည်းကို အတုခိုးပြီး လိုက်နာကြပေတော့။ ။ ဝိသာခသူဌေးကြီးသည်၊ ဘုရားရှင့်ထံသို့ရောက်တဲ့အခါ၊ဓမ္မဒိန္နာ ပြောလိုက်သမျှသောတရားအချက်တို့ကို၊ အစုံအလင်ပြန်ကြား ပြီး လျှောက်ထားတယ်။ ။ထိုအခါ ရှင်တော် မြတ်ဘုရားက၊ အားရနှစ်သက်တော် မူသဖြင့်၊ ရတနာကြုပ်၊ ကြာကမုဒ်နှင့် တူတဲ့ ရွှေနှုတ်တော်ကို ဘွင့်လှစ်ပြီး သို့တော်ကြီးကို သို့ကလို ချီးမွမ်းတော်မူတယ်။

ပဏ္ဍိတာ ဝိသာခဓမ္မဒိန္နာဘိက္ခုနီ၊ မဟာပညာ ဝိသာခ ဓမ္မဒိန္နာဘိက္ခုနီ။ မံစေပိဝိသာခ။ ဧတမတ္ထံပုစ္ဆေယျာသိ။ အဟံပိ တံ ဧဝမေဝ ဗျာကရေယျံ။ (ဗုဒ္ဓဝေဒလ္လသုတ် ပါဠိတော်ကြီး) ဝိသာခ၊ ဒါယကာဝိသာခသူဌေး။ ဓမ္မဒိန္နာ။ ဓမ္မဒိန္နာ အမည်ရှိ သော။ ဘိက္ခုနီ။ ငါ့သို့တော်ကြီးသည်။ ပဏ္ဍိတာ။ သူထက် ထူးချွန်၍၊အသွန်ပညာရှိပေစွတကား။ဝိသာခဒါယကာ ဝိသာခ သူဌေး။ ဓမ္မဒိန္နာ။ ဓမ္မဒိန္နာအမည်ရှိသော။ ဘိက္ခုနီ။ငါ့သို့တော် ကြီးသည်၊မဟာပညာ။ကောင်းကင်စဘွယ်၊ကြီးကျယ်မြင့်မြတ်

ပညာခါတ်ရှိပေစွ တကား။ ဝိသာခ။ ဒါယကာဝိသာခသူဌေး၊ တေမဏ္ဍုံ၊ထိုပုစ္ဆာအနက်သဘောကို၊မံ၊ငါ့ဘုရားသို့။ စေပိပုစ္ဆေယျာသိ။အကယ်၍ သင်မေးလာသည်ဖြစ်ငြားအံ့။အဟံပိ၊ငါဘုရားသည်လည်း။ တံ၊ ထိုသင်မေးလျှောက်သောပုစ္ဆာကို၊ဧဝမေဝ။ ဤသို့ထေရီကြီး ဖြေဆိုလိုက်သောအတိုင်းပင်လျှင်၊ဗျာကရေယျံ။ တသဝေမလွဲအောင်၊ သည်နည်း အတိုင်းဘဲ ဖြေဆိုတော်မူရလိမ့်မည်သာတည်း။

အို-ဝိသာခသူဌေး၊ထေရီကြီး-ဓမ္မဒိန္နာသည်၊လွန်စွာပညာရှိစွတကား။ အို-ဝိသာခသူဌေး၊ ထေရီကြီး ဓမ္မဒိန္နာသည်၊ လွန်စွာကြီးကျယ်သော ပညာနှင့်ပြည့်စုံစွတကား၊ ငါဘုရားသို့ မေးလျှောက်ပါလျှင်လည်း၊ ထေရီကြီး ဖြေဆိုသောအတိုင်းပင်၊ တသဝေမတိမ်းအောင်၊ ဖြေတော်မူလိမ့်မည်။ အို-ဝိသာခသူဌေး၊ ထေရီကြီးဓမ္မဒိန္နာဖြေဆိုသောအတိုင်းပင်၊မှတ်သားပေတော့။ ။အဲ-သို့ကလို ချီးမွမ်းတော်မူတဲ့အခါ၊ အနာဂါမ်သူဌေးကြီးကလဲ၊အလွန်ဝမ်းသာပြီး၊ဓမ္မဒိန္နာထေရီမကို၊အကြည်ညိုကြီး ကြည်ညိုခြင်းဖြစ်သွားတယ်။

ဓမ္မဒိန္နာထေရီမသည်၊ ရာဇဂြိုဟ်ပြည် ဘိက္ခုနီမကျောင်းတိုက်ကြီးအတွင်း သီတင်းသုံးနေစဉ်အခါ၊ လာလာသမျှသော ပရိသတ်တို့အား၊ အမြတ်တရားကို ဟောကြား ချွေချွတ်ခါ၊ သာသနာတော်၏ အကျိုးကို၊ သည်ပိုးဆောင်ရွက်တော်မူနေတယ်။ ။ရှေးလူဖြစ်စဉ်အခါကပင်၊နာမည်ကျော်၍ ဂုဏ်ကြီးတဲ့သူ ဖြစ်ခဲ့တဲ့အတိုင်း ဖူးမြင်ရန် ချဉ်းကပ်ပြီး၊ထူးမြတ်တဲ့ တရားတော်ကို နာကြတဲ့ပုဂ္ဂိုလ်တွေဟာ၊ ဘယ်အခါမှာမှ မစဲတော့ဘူးပေါ့လေ။ပစ္စည်း လာဘ်လာဘတွေဆိုတာမှာလဲ၊ လိုရာမတ, ပြည့်စုံ၍နေတော့တာဘဲ၊ဓမ္မဒိန္နာကို အမှီပြုရသဖြင့်၊ ဘိက္ခုနီမအပေါင်းတို့မှာလဲ၊ကောင်းစွာပြည့်စုံကုန်တာပေါ့။

ဓမ္မဒိန္နာထေရီမရဲ့ တရားတော်ကိုကြည်ညိုလို့ ကုပ္ပာဒိရှယ်၊ ယုဇတ်ရှယ်တွေဟာ၊ ငယ် ပြူ စင် စစ် ဖြင့် ရဟန်းအဖြစ်ကို

ခွင့်တောင်းပြီး၊ ဘိက္ခုနီမ- ပြုလုပ်ကြတာလဲ နေ့တိုင်းပင်မစဲဘူး။ ။အချို့ကတော်တွေဟာလဲ တရားတော်ကို နှစ်သက်သဖြင့် ချစ်ဘက်ဖြစ်တဲ့ လင်ယောကျ်ားတွေကို စွန့်စွန့်ပြီး၊ လူ၏အညွန့်ခေါ်တဲ့ ဆံပင် ရိတ်ခါ, ရိတ်ခါ,နှင့်၊ သာသနာတော်တွင်းမှာ ဘိက္ခုနီမ-ပြုလိုက်ကြတာများ တားမြစ်လို့တောင်မရနိုင်ဘူးတဲ့၊ အချို့လင်ယောကျ်ား၊ သဒ္ဓါတရားခပ်မှဲ့မှဲ့တို့ကဖြင့်၊ အ ရွဲ့တိုက်ပြီး၊တားဆီးကန့်ကွက်ချင်ကြသပေါ့လေ။ တားဆီးကန့်ကွက်လို့ ဘယ်မှာရနိုင်တော့မလဲ၊ တရားအရသာကို တကယ်သိလာပြီဆိုမှဖြင့် အောက်တန်းကျတဲ့ကာမဂုဏ်ကို၊ စုံစုံမက်မက်ရှိနိုင်ပါတော့မလား။

ဓမ္မဒိန္နာထေရီမမှာ၊ ရဟန္တာဖြစ်ပြီး၍၊ ကိုသင့်ကိစ္စကြီ တုန်းတော့၊ အမျိုးသမီးတို့၏အကျိုး သာသနာတော်ကြီး၏အကျိုးကိုသည်ပိုး ရွက်ဆောင်တို့၊အခွင့်အများကြီး ရနေတော့တာဘဲ၊ သာသနာတော်မှာ လွန်စွာ အားကိုးရတဲ့ သမီးတော်ကြီးပေပေါ့။ ။ဓမ္မဒိန္နာရဲ့အစွမ်းကြောင့်၊ ဘိက္ခုနီမ သာသနာကြီးဟာ လွန်စွာထွန်းတောက်လာတယ်၊ ရဟန်းဘောင်သို့ ရောက်ကြတဲ့ အမျိုးသမီးတွေဟာ၊ရေတွက်လို့တောင် မဖြစ်နိုင်တော့ဘူး။ ။ ဘုရားရှင်လက်ထက်တော်အခါ၊ ရဟန်းယောကျ်ားနှင့် ရဟန်းမိန်းမတွေဟာ၊ နေ့စဉ်ဆွမ်းခံ၍ မျှတတော်မူလေ့ရှိကြတယ်၊ ဘယ်လိုပင် ဘုန်းတန်ခိုး ကြီးသော်လဲ၊ ဆွမ်းခံဝတ်ကိုတော့ ဖြတ်တော်မူလေ့ မရှိကြဘူး၊ ရှင်တော် မြတ်ဘုရားကသဲ၊ ဆွမ်းခံတဲ့ကျင့်ဝတ်တရားကို များစွာ ချီးမွမ်းတော်မူလေ့ရှိတာကလား၊ရှင်တော်ဘုရားကိုယ်တော်တိုင်က ဆွမ်းခံ၍ မျှတတော်မူတယ်။

ဓမ္မဒိန္နာထေရီမလဲ၊ ရာဇဂြိုဟ် ပြည့်တွင်းသို့ အမြဲမပြတ် ဆွမ်းခံလှည့်လည်တော်မူတယ်၊သို့ရာတွင် ယခင်ကသူနေထိုင်ခဲ့ဘူးတဲ့ ဝိသာခသူဌေးကြီး၏ အိမ်ကိုတော့၊ဘယ်အခါမှ ဆွမ်းခံကြွတော်မူလေ့မရှိဘူးတဲ့၊ သူဌေးကြီးအိမ်ကိုမဆိုထားနှင့်တော့

သူဌေးကြီးအိမ်ရှိတဲ့ လမ်းကိုတောင် ကြွတော်မူလေ့ မရှိဘူး၊ ဘာကြောင့်လဲဆိုတော့ 'ရှေးအခါက ကျင်လည်ခဲ့ဘူး, နေထိုင်ခဲ့ဘူးတဲ့အတွက်ကြောင့်၊ ခဏ,ခဏ,ဆွမ်းခံကြွလျှင်၊ ဉာဏ်အမြင်နှင့် မပြည့်စုံတဲ့ ပုထုဇန်အနူတွေက၊ မေးငေါ့ပြီး ကဲ့ရဲ့မှာစိုးလို့တဲ့၊ကဲ့ရဲ့တာက ကိစ္စမရှိ၊ ကဲ့ရဲ့တဲ့သူအပေါင်းကို၊ မကောင်းမှုဘ်စီးကုန်မှာကို သာလွန်စိုးရိမ်တော်မူရှာတယ်၊ ပုထုဇန်ဆိုတာထင်မိထင်ရာပြောတတ်ထာကိုး။ အဲ-သို့ကြောင့်၊ ဝိသာခသူဌေးကြီးအိမ် ရှိတဲ့လမ်းကို ကြွမြန်းတော်မူလေ့မရှိဘူး။

အနာဂါမ်သူဌေးကြီးကဖြင့်၊ဓမ္မဒိန္နာကို လွန်စွာကြည်ညိုရင်းရှိဘဲ့အတိုင်း နေ့တိုင်း, နေ့တိုင်,ဆွမ်းလောင်းချင်ရှာပေသပေါ့လေ၊တနေ့တော့ ဘယ်လိုကြုံတွေ့သလဲ ဆိုလျှင်၊ ဝိသာခ သူဌေးကြီးဟာ ဘိက္ခုနီမကျောင်းသို့လာပြီး၊ဓမ္မဒိန္နာကို ဖူးမြင်တယ်။ ။ ဓမ္မဒိန္နာက တရားဟောပြီးတဲ့အခါ၊ "တကာကြီးပြန်ပေတော့" လို့ နှင်တယ်၊ သည်အခါ ဝိသာခသူဌေးကြီးက၊ သဒ္ဒါတရားအညွန့်ထွက်ပြီး၊ စကားဆက်၍ သို့ကလို လျှောက်ထားသဘဲ့၊ ' သျှင်မ-ဓမ္မဒိန္နာ၊အရှင်မအတွက် ဆွမ်းချက်လိုပါဘယ်၊ အိမ်မှာလဲ ပစ္စည်းတွေအများသားဘဲ၊တခြားအိမ်တွေရှောက်ပြီး ဆွမ်းခံနေဘို့မရှိပါဘူး၊တအိမ်ထဲကပင်လုံလောက်စွာလောင်းပါရစေ၊ နေ့စဉ်ဆွမ်းခံကြွတော်မူပါ၊ မကြွလိုလျှင်လဲ နေ့စဉ် ဆွမ်းပို့ပရစေ" လို့ လျှောက်လိုက် သတဲ့၊ အခ ငေါက် ခံ ရ တော့ မ နေ်၊ အနာဂါမ်သူဌေးကြီးက၊ ဓမ္မဒိန္နာရဲ့သဘောကို နားမလယ်ရှာဘဲကိုး၊ သည်နေရာမှာတော့၊ အနာဂါမ်ကြီးရိုးနေရှာတယ်။

သို့ကလို ဆွမ်းဝတ်ဘယ်ရန် ဘိတ်ကြားတဲ့အခါ၊ ဓမ္မဒိန္နာက၊ "တကာကြီး၊ယခုလိုရဟန်းပြုလာတာ သင်လှူတဲ့ပစ္စည်းမျိုးကို၊ အားကိုးမယ်လို့ ထင်သလား၊ ဆွမ်း, ကွမ်းတွေ မရှားပါဘူး။ သည်စကားမျိုးကို နောက်ထပ်၍ မလျှောက်ထားနှင့်။ ဘုရားရှင်ကလဲ အိမ်စဉ်အတိုင်း ဆွမ်းခံ၍ မျှတသည်ကို ချီးမွမ်းတော်မူကြောင်းကိုလဲ တကာကြီးသိပြီးမဟုတ်လား။" အဲ-သို့ကလို မိန့်

ကြားဘော့၊အနာဂါမ်သူဌေးကြီးဟာ ပိတ်သွားတာပေါ့၊ ဘယ်မှာ လျှောက်ထားတို့ အခွင့်ရှိတော့မှာလဲ၊ သနားစရာကြီးနေမှာဘဲနော်။

ထိုနောက်၊ ဓမ္မဒိန္နာကထပ်မံ၍ အမိန့်ရှိတော်မူပြန်သည်မှာ၊ အနာဂါမ် တကာကြီး၊ ငါ့၏အထံတို့ ခဏခဏ လာခြင်းဟာ မသင့်လျော်ဘူး၊ အခွင့်တော်,မတော်ကိုလဲ၊ တကာကြီးဆင်ခြင်ထိုက်တယ်၊ လူဝတ်ကြောင်နှင့် ရဟန်းဆိုတာ၊ ဓမ္မတာအတိုင်းခြားနားပြီးဖြစ်ကြဘယ်၊ ပုထုဇန်ကလေးတို့၏ အတွေးမှားမည်ကိုလဲ သနားညှာတာပါ၊ အကုသိုလ်မပွားကြပါစေနှင့်၊ သင့်အပေါ်မှာလဲ တရားဟောဘို့ မရှိတော့ပါဘူး၊ တကယ်လို့ တရားနာလိုလျှင်၊ ရှင်တော်ဘုရားသို့ခိုလှုံပြီး၊ အာရုံစိုက်၍ တရားကိုနာလေတော့၊ အနာဂါမ်ဘဝနှင့် ကိစ္စချောပြီလို့များ သဘောထဲကမှတ်စွဲ၍မထားနှင့်၊ရဟန္တာမဖြစ်သမျှ ဘုံဘဝနှင့်မကင်းနိုင်သေးဘူး၊တကာကြီးသန္တာန်မှာလဲ၊ ကိလေသာတွေကျန်သေးတယ်၊ ကိလေသာ မကုန်သေးလျှင်၊ အညစ်အကြေးမစင်ကြယ်ဘဲ၊ ရွံ့စဘွယ်ကြီး ဖြစ်နေတုံးလို့ မှတ်ပါလေ။ ကဲ-ကဲ-ယနေ့ကစပြီး တကာကြီးလဲအသွားအလာကိုဆင်ခြင်ပါ၊ တကာကြီးအိမ်ရှိတဲ့လမ်းကိုလဲ ဆွမ်းအလို့ငှာဖြစ်စေ၊ အခြားကိစ္စကြောင့် ဖြစ်စေ၊ ငါလဲမကြွတော့ဘူး။

ဪ- သို့ကလို ပြတ်ပြတ်ကြီး မိန့်တော်မူလိုက်တဲ့ အခါ၊ အနာဂါမ်ပုဂ္ဂိုလ်ကြီးမှိုင်သွားတာပေါ့၊ ပိုင်လိုက်တဲ့ပြောပုံများ ရဟန္တာပုဂ္ဂိုလ်ရဲ့ စကားပေကိုး။

ဝိသာခသူဌေးကြီးလဲ၊ နောက်ထပ်၍ မလျှောက်ဝံ့ဘဲ၊ ရှိသေစွာ ရှိခိုးဝပ်တွားပြီး သူ့တိုက်ကြီးသို့ပြန်ရရှာရတော့တာဘဲ၊ သူခမြာ သနားစရာကြီးပေါ့လေ။ ။ဪသည်နေ့ကစပြီး၊သူဌေးကြီးလဲ ဓမ္မဒိန္နာရဲ့အနားကို မကပ်ဝံ့တော့ဘူး။ ။ကဲ-စဉ်းစားကြည့်ကြစမ်းပါ၊ ဓမ္မဒိန္နာရဲ့အစွမ်းသတ္တိဟာ ဘယ်ကလောက်ထက်မြက်

သလဲလို့ သူဒွေးကြီးထက် သာလိုက်ထာကလဲ ပြောစရာ မရှိ တော့ပါဘူး။

ဓမ္မဒိန္နာရဲ့ပညာအစွမ်းသတ္တိဟာ၊ လွန်စွာကြီးကျယ်လှသဖြင့် ရှင်တော်ဘုရားက၊ သားတော်ကြီး ၊ သမီးတော်ကြီးများကို၊ အသီး အခြားရွေးကောက်၍၊ ချီးမြှောက်သောအားဖြင့်၊ ဧတဒဂ်ဘွဲ့ထူး ကိုသနားတော်မူသည့်တွင်၊ အသျှင်ဓမ္မဒိန္နာအား သို့ကလို မြှောက် စား၍ ဘွဲ့ထူးကိုသနားတော်မူတယ်။

ဧတဒဂ္ဂံ ဘိက္ခဝေ မမသာဝိကာနံ။ ဘိက္ခုနီနံဓမ္မကထိကာနံ။ ယဒိဒံဓမ္မဒိန္နာ။ ။ဘိက္ခဝေ။ချစ်သားရဟန်းတို့၊ မမ။ ငါဘုရား ၏၊ သာဝိကာနံ။ တပည့်မ ဖြစ်ကြကုန်သော၊ ဓမ္မကထိကာနံ ဘိက္ခုနီနံ။ တရားဟောဘိက္ခုနီမအပေါင်းတို့တွင်။ ယဒိဒံ-ယာ အယံဓမ္မဒိန္နာ။ အကြင်သမီးတော်ကြီး ဓမ္မဒိန္နာသည် အဂ္ဂ-အဂ္ဂေါ။ ထူးမြတ်ကဲလွန်၊ သာလွန်မြင့်မြတ်သောသမီးတော်ကြီးပေတည်း။

တရားဟောကောင်းတဲ့ အရာ၌ဖြင့်၊ သာလွန် မြင့်မြတ်တဲ့၊ ဘိက္ခုနီမကြီးတဦးပေပေါ့၊ ရှင်တော်ဘုရားရွှေလက်ထက်တော် အခါ၊ ဓမ္မဒေသနာဟောပြောရေးတွင်လဲ၊ ဓမ္မဒိန္နာဟာ အကျော် ဆုံး ဖြစ်ပေတယ်။ ဓမ္မဒိန္နာထေရီမက ဟောပြတော်မူလိုက်ပြီဆို လျှင်၊ မကြည်ညိုဘဲမနေနိုင်ကြတော့ဘူး။

ဆဲသို့ကလိုပြဆိုအပ်ပြီးသောအတိုင်း၊ ဓမ္မဒိန္နာထေရီ ဘိက္ခုနီမ သည်၊ သာသနာတော်တွင်အကျော်အစောဖြစ်ရခြင်းဟာ၊ ရင်းနှီး ရဆောင်းခဲ့တဲ့ ပါရမီအပေါင်းကြောင့်ဘဲလို့၊ အ မြဲ မှတ် သင့် ကြပေတယ်၊ လွယ်လွယ်ကူကူနှင့် သည်လိုထူးမြတ်တဲ့အဖြစ်သို့ ရောက်နိုင်ကြတာမျိုးမဟုတ်ဘူး။

ဓမ္မဒိန္နာသည်၊ မကြာမကြာ ရွတ်ဆိုလေ့ရှိတဲ့ ဂါထာမှာတော့၊ “ သေဒ္ဓိကျမ်း ” မှာလာသောအတိုင်း၊ ဘော် ပြ လိုက် ရ ပေ သတည်း။

(၁၂) ဆန္ဒဇာတာ အဝသာယီ၊ မနသာစ ဖုဋ္ဌာသိယာ။
ကာမေသု စပ္ပဋိဗဒ္ဓစိတ္တာ၊ ဥဒ္ဓံသောတာတိ ဝုစ္စတိ။

(၁၂) ဘောတိယော။အို-သျှင်မတို့။ယာ။အကြင်မိန်းမသည်၊ ဆန္ဒဇာတာ။ မဂ်ဖိုလ်စခမ်းကို တက်လှမ်းဘို့ရန် ထက်သန်သော ဆန္ဒလည်းရှိပေ၏။ အဝသာယီ။ ကိုယ့်ကိစ္စ မပြီးဆုံးလျှင်၊ လုံးလုံးကြီးအားမလျှော့ဟူသောစိတ်မျိုးဖြင့်၊အားကြိုးမာန်တက်၊ ဆောင်ရွက် ကြိုးစားလေ့ ရှိပေ၏။ မနသာစ။ စိတ်ဖြင့်လည်း။ ဖုဋ္ဌာသိယာ။ နိဗ္ဗာန်ကိုထိထိမြင်အောင်၊ ဆင်ခြင်ရှုစား၍လည်း နေ၏။ ကာမေသု။ လောကအကြိုက်၊ နှစ်ချိုက်ဘွယ်ရာ၊ ငါးဖြာအာရုံ၊ ကာမဂုဏ်တို့၌လည်း။ အပ္ပဋိဗဒ္ဓစိတ္တာ။ မငြိမတွယ်ဘဲ အကပ်ပြတ်တောက်နိုင်သော စိတ်မျိုး လည်း ရှိပေ၏၊ သာ။ ထိုမိန်းမကို။ဥဒ္ဓံသောတာတိ။အောက်သို့မစုန်ဘဲ။အထက်သို့သာ လှမ်း၍၊စခမ်းချီ လတံ့သော မိန်းမမြတ်ဟူ၍။ဝုစ္စတိ။ ရချမသွေ၊ ဆိုအပ်ပေသတည်း။

ဤ ထေ ရီ ဂါ ထာ ၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို၊ ဆိုက်ရန်ပေါက်ရန်၊ အမြဲရည်သန်တဲ့စိတ်ဆန္ဒလဲ ရှိစေရမယ်၊ ကိုယ့်လိုရင်းဖြစ်တဲ့ကိစ္စ မပြီးဆုံးသမျှဖြင့်၊ဝီရိယကို မလျှော့ဘူးဆိုတဲ့ ဇွဲမျိုးလဲ ရှိစေရမယ်၊ နိဗ္ဗာန်ကို မိမိစိတ်ဖြင့် ထိထိရောက်ရောက်၊ မျက်မှောက်ပြုမည် ဆိုသောရည်ရွယ်ချက် ကြီးလဲ အမြဲထားရမယ်။ လော ကီ လူ များ တို့၊ အားကိုးစုံမက်၊ နှစ်သက် မြတ်နိုးနေတဲ့ ကာမဂုဏ်ငါးပါးကိုလဲ မစင်ကျင်ကြီး ကဲ့သို့၊အပြီးတိုင်ဖုန်းနိုင်ရမယ်။ ဤကဲ့သို့သဘောထားရင်းရှိသော မိန်းမများသည်၊ သံသရာမှာ စုန် လမ်း မ ရှိ ဘဲ၊ ဆန်လမ်း, တက် လမ်း, သာ ရှိ တော့ တယ်၊ ဤ ကဲ့ သို့ ဆိုလိုရင်း ဖြစ်ပေ သတည်း။

ဓမ္မဒိန္နာသည်၊မိမိကိုယ်တိုင်က၊ဣတ္ထိဘာဝနှင့် မိန်းမဖြစ်နေကဲ့ အတိုင်း၊ အထက်၌ ဘော်ပြခဲ့သော ထေ ရီ ဂါ ထာ မှာ လည်း

အမျိုးသို့တို့အား ပေါကြားဆုံးမတော်မူအပ်သော ယုဝတိတို့၏လက်ကိုင် ဂါထာကြီးဖြစ်ပေသည်။

ပြဆိုခဲ့တဲ့ဂါထာဇာတိုင်း၊ ယခုအခါ၊ ဗုဒ္ဓသာသနာတော်ကြီးထွန်းလင်းတဲ့အခိုက်မှာ၊ ဓမ္မဒိန္နာ၏အလိုတော်ကျ၊ ရန်လမ်းသို့မရောက်ဘဲ၊ တဘဝထက်တဘဝမြင့်မြတ်၍ နိဗ္ဗာန်သို့တိုင်အောင်၊ အဆန်လမ်းသို့ လိုက်လိုကြတဲ့ အမျိုးသမီးများဟာ (၁) မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ကို ဆိုက်ရောက်ရန် ဆန္ဒရှိခြင်း။(၂)ဝီရိယကိုမလျှော့ခြင်း။(၃)နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် အမြဲရည်သန်ခြင်း။ (၄) ကာမဂုဏ်တို့ကိုမစုံမက်ခြင်း၊ ဤလေးချက်သော ဝါသနာကို၊ ကောင်းစွာမြဲစွဲသင့်ကြပေတာပေါ့။

ကဲ-ဓမ္မဒိန္နာရဲ့ အကြောင်း အထူးပွဲတွေကို၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ဓမ္မပဒ အဋ္ဌကထာ ထေရီအဋ္ဌကထာကြီးတို့မှာလာတဲ့အဓိပ္ပါယ်အမျိုးမျိုးကို ပေါင်းစု၍ပြခဲ့သဖြင့်၊ စုံစုံလင်လင်ကြီးရှိသွားပေါ့။

ထိုပြင်တဖြာ အပဒါန်ပါဠိတော်ကြီးမှာ၊ ဓမ္မဒိန္နာ ထေရီဘိက္ခုနီမ-ဟောတော်မူခဲ့တဲ့ဂါထာတွေကို၊ ထုတ်ပြရန် လိုပေသေးတယ်။ ဓမ္မဒိန္နာသည်၊ ရဟန္တာမအဖြစ်သို့ ရောက်တော်မူပြီးတဲ့အခါ၊ ရှေး ရှေး ဘဝတို့က၊ မိမိ၏ဖြစ်ပုံ, ပျက်ပုံများကို၊ စဉ်းစားဆင်ခြင်တော် မူသည်တွင်၊ သံသရာတလွှင်မှာ အစဉ်သဖြင့်ပါရမီဖြည့်ခဲ့ရတဲ့အကြောင်းများကို။ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် သိမြင်တော်မူတဲ့အတိုင်း၊ မိမိ၏အဖြစ်အပျက်များကိုတရားသဘင်၏ အလယ်မှာ၊ အကျယ် ထုတ်ဆောင်၍ ဟောတော်မူတယ်။ဓာတ်ချင်းတူတဲ့ အမျိုးသမီးများကို၊ အားကျအောင်ဟောတော် မူတာပေါ့လေ။ အဲ-သို့ကလို ဟောကြားတော်မူအပ်တဲ့ ဓမ္မဒိန္နာရဲ့ ဂါထာများကို၊ ကြည်ညိုကြရလေအောင်ဖော်ပြပါအံ့သတည်း။

(က) ပဒုမုတ္တရော နာမ ဇိနော၊ သဗ္ဗဓမ္မာန ပါရဂူ။
ဣတော သတသဟဿမှိ၊ ကပ္ပေ ဥပ္ပဇ္ဇိ နာယကော။

(က) ဣတော။ ဤဘဒ္ဒကပ်ကမ္ဘာမှ၊ သတ သဟဿမှိကပ္ပေ။ လွန်လေသော ကမ္ဘာတသိန်းထက်၌၊ သဗ္ဗဓမ္မာနပါရဂူ။ တရား အလုံးစုံကို အကုန်သိမြင်၊ အစဉ်ထွင်းဖောက်၊ တဘက်ကမ်းသို့ ရောက်တော်မူထသော၊ နာယကော။ လူနတ်ဗြဟ္မာတို့၏ ရှေ့သွား လမ်းညွှန်ကြီးလည်း၊ ဖြစ်တော်မူပေထသော။ ပဒုမုတ္တရောနာမ။ ပဒုမုတ္တရ အမည်တော်ရှိသော၊ ဇိနော။ ငါးမာရ်အောင်မြင်၊ ဘုရားရှင်သည်၊ ဥပ္ပဇ္ဇိ။ ပွင့်ထွန်းပေါ် ပေါက် တော်မူလာပေ သတည်း။

(ခ) တဒါဟံ ဟံသဝတိယံ၊ ကုလေ အညတရေ အဟုံ။
ပရကမ္မ ကာရီ အာသိံ၊ နိပကာ သီလသံဝုတာ။

(ခ) တဒါ။ ထိုခေတ်အခါ၌၊ အဟံ။ အကျွန်ုပ်ဓမ္မဒိန္နာသည်၊ ဟံသဝတိယံ။ ဟံသာဝတီ နေပြည်တော်ကြီး၌၊ အညတရေ ကုလေ။ မထင်ရှားသောအမျိုး၌၊ အဟုံ။ ဖြစ်ခဲ့ပေသတည်း၊ တဒါ။ ထိုသို့ဖြစ်သော အခါ၌၊ ပရကမ္မကာရီ။ သူတပါးတို့၏အမှုကို၊ ပြုလုပ် ရွက်ဆောင်ရသော အစေခံမသည်၊ အာသိံ။ ဖြစ်ရပါ သတည်း၊ နိပကာ။ မြော်မြင်တတ်စွာ ဉာဏ်ပညာနှင့်လည်း ပြည့်စုံခဲ့ပါ၏။ သီလသံဝုတာ။ မကျိုးမပြတ်၊ မြင့်မြတ်သော သီလနှင့်လည်း ပြည့်စုံခဲ့ပါ၏။

(ဂ) ပဒုမုတ္တရ ဗုဒ္ဓဿ၊ သုဇာတော အဂ္ဂသာဝကော။
ဝိဟာရာ အဘိနိက္ခမ္မ၊ ပိဏ္ဍပါတာယ ဂစ္ဆတိ။

(ဂ) တဒါ။ ထိုအခါ၌၊ ပဒုမုတ္တရဗုဒ္ဓဿ။ ပဒုမုတ္တရ မြတ်စွာဘုရား၏၊ အဂ္ဂသာဝကော။ တပည့်မြတ်ကြီး ဖြစ်တော် မူပေသော၊ သုဇာတော။ သုဇာတအမည်ရှိသော၊ ရဟန္တာ အရှင်မြတ်ကြီးသည်၊ ဝိဟာရာ။ ကျောင်းတော်ကြီးမှ၊ အဘိနိက္ခမ္မ၊

ထွက်တော်မူ၍၊ ပိဏ္ဍပါတာယ။ ဆွမ်းခံခြင်းအလို့ငှာ၊ ဂန္တွတိ။ ကြွတော်မူလာပေသတည်း။

(ဃ) ဃဋံ ဂဟေတွာ ဂန္တွာန်၊တဒါ ဥဒကဟာရိကာ။
တံဒိသွာ အဒဒိံ ပူဝံ၊ပသန္နာ သေဟိပါဏိဘိ။

(ဃ) တဒါ။ ထိုအခါ၌၊အဟံ။ အကျွန်ုပ်သည်၊ ဥဒကဟာရိကာ။ ရေခပ်ခြင်းအကျိုးငှါ၊ ဝါ- ရေခပ်လိုသည်ဖြစ်၍ ဃဋံ။ ရေအိုးကို၊ ဂဟေတွာ။ ယူဆောင်၍၊ ဂန္တွာန်။ ရေတွင်းသို့ ထွက်လာခဲ့သည်ရှိသော်၊တံ။ ထိုသုဇာတမည်သော ရဟန္တာ အရှင်မြတ်ကို ဒိသွာ။မြင်ရလေသည်ရှိသော်၊ပသန္နာ။ ကြည်ညို လှ၍ွာ၊ စေတနာ ထက်မြက်လာသောကြောင့်၊ ပူဝံ။မိမိစားရန် အလို့ငှါ၊ယူဆောင်၍လာသော မုန့်ကို၊ သေဟိပါဏိဘိ။ မိမိ လက်တို့ဖြင့်၊အဒဒိံ။နှစ်သက်ဝင်လန်း၊လှူဒါန်းဆက်ကပ်လိုက်ရ ပါသတည်း။

(င) ပဋိဂ္ဂဟေတွာ တဗ္ဗောဝ၊နိသိန္နော ပရိဘုဉ္ဇိသော။
တတော နေတွာန တံဂေဟံ၊အဒါသိ တဿ ဘောဇနံ။

(င) သော။ထိုရဟန္တာအရှင်မြတ်ကြီးသည်။ပဋိဂ္ဂဟေတွာ။ လှူသောမုန့်ကိုခံယူတော်မူပြီး၍၊ တဗ္ဗောဝ။ ထိုလှူရာအရပ်၌ပင် လျှင်၊ ပရိဘုဉ္ဇိ။ ဘုဉ်းပေး သုံးဆောင်တော်မူလေ၏။ တတော။ ထို့နောက်မှ၊ အဟံ။အကျွန်ုပ်သည်၊ တံ။ ထိုရဟန္တာအရှင်မြတ် ကို၊ဂေဟံ။ မိမိနေအိမ်ကလေးသို့၊ နေတွာန။ ပင့်ဆောင်ခဲ့၍၊ တဿ၊ ထိုအရှင်မြတ်ကြီးအား၊ ဘောဇနံ။ ဆွမ်းဘောဇဉ်ကို၊ အဒါသိ။လှူဒါန်းလိုက်ပါသတည်း။

(စ) တတောမေ အယျကော တုဋ္ဌော၊အကာရိ သုဏိသံသကံ။
သဿုယာ သဟ ဂတွာန၊သမ္ဗုဒ္ဓံ အဘိဝါဒယိံ။

(စ) တတော။ ထိုကဲ့သို့သော ကုသိုလ် ကောင်းမှုများကို၊ ပြုလိုက်ခြင်းကြောင့်၊ မေ။အကျွန်ုပ်၏၊အယျကော။ အရှင်သခင် သည် တုဋ္ဌော။ နှစ်သက်အားရ၊ သာဘောကျလေသောကြောင့်၊

သက်သုဟိသံ။ သူ့သားနှင့် ထိမ်းမြား၍၊ သူ့ချွေးမအဖြစ်ကို၊ အကာဒိ။ ချီးမြှောက်သမှု ပြုရှာပေသတည်း၊ တဒေါ။ ထိုသို့ သူဌေး၏ ချွေးမအဖြစ်သို့ရောက်ပြီးသောနောက်၌၊ သသုယာ။ ယောက္ခမကြီးနှင့်၊သဟာဂတ္တွာန၊ ကျောင်းတော်သို့အတူသွား၍၊ သမ္ဗုဒ္ဓံ။ပဒုမုတ္တရ မြတ်စွာဘုရားကို၊အဘိဝါဒယိံ။ရှိသေမြတ်နိုး ရှိခိုးပူဇော်ပါသတည်း။

(၅)ဂါထာ၏အဓိပ္ပါယ်မှာ၊ရဟန္တာအရှင်မြတ်ကြီးအားပင့်၍ ဆွမ်းလှူသည်ကိုမြင်ရာအရှင်သူဌေးကဝမ်းမြောက်အားရသော ကြောင့်၊သူ့သားနှင့်ထိမ်းမြား၍ သူ့ချွေးမ ပြုပေသည်၊ထိုနောက် ယောက္ခမကြီးနှင့်အတူ၊ ကျောင်းတော်သို့သွား၍၊ ဘုရားဖူးကြ သည်ဟုဆိုလိုသည်။ ။ဆင်းရဲသူဖြစ်သောဓမ္မဒိန္နာအလောင်းမှာ၊ စေတနာကောင်းသောကြောင့်၊ လက်ငင်း အကျိုးပေးသည်ဟု ဆိုလို၏၊)

(၆) တဒါသော ဓမ္မကထိကံ၊ဘိက္ခုနိံ ပရိကိတ္တယံ။
ဌပေသိ ဧတဒဂ္ဂသ္မိံ တံသုတွာ မုဒိတာအဟံ။

(၆) တဒါ။ ထိုသို့ ဘုရားဖူးသွားသောအခါ၌၊ သော။ ထိုမြတ်စွာဘုရားသည်၊ဓမ္မကထိကံ။ တရားဟောကောင်းသော ဘိက္ခုနိံ။ဘိက္ခုနီမတပါးကို၊ပရိကိတ္တယံ။ချီးမွမ်းတော်မူလျက် ဧတဒဂ္ဂသ္မိံ။ဧတဒဂ်ရာထူး၌ ဌပေသိ။မြှောက်တင်ချီးမြှင့်တော်မူ၏၊ တံ။ထိုဧတဒဂ်အမိန့်တော်စကားကို၊ သုတွာ။ ကြားနာရ သည့်ရှိသော်၊အဟံ။အကျွန်ုပ်သည်၊မုဒိတာ။ထိုကဲ့သို့ပင်ဖြစ်ခြင်း ကို စိတ်ရောက်၍၊ဝမ်းမြောက်ခြင်းဖြစ်မိပါသတည်း။

(၇) နိမန္တယိတွာန သုဂတံ၊သသံဃံ လောကနာယကံ။
မဟာဒါနံ ဒဒိတွာန၊ တံဌာန မဘိပတ္ထယိံ။

(၇) တေန၊ထို့ကြောင့်၊သုဂတံ။ ကောင်းသောစကားကို မိန့်ကြားတော်မူပေတတ်သော၊လောကနာယကံ။ မြတ်စွာဘုရား ကို သသံဃံ။ သံဃာတော်အပေါင်းနှင့်တကွ၊ နိမန္တယိတွာန။

အိမ်သို့ ပင့်ဘိုတ်ပြီးသော်၊ မဟာဒါန်၊ ကြီးစွာသော အလှူကို၊ ဒဒိတွာန၊ ပေးလှူ၍၊တံဗွာနံ၊ ထိုမွေ့ကထိက တေဒဂ်ရာထူးကို၊ အဘိပဋ္ဌယိံ၊ဆုတောင်းလိုက်ပေသတည်း၊

(ဈ) သတသဟာသိတော ကပ္ပေ၊ပြဏ္ဍာကာ ကုလသမ္ဘဝေါ၊ ဂေါတမေါနာမ နာမေန၊သတ္ထာ လောကေဘဝိဿတိ၊

(ည) တဿ ဓမ္မေသုဒါယာဒါ၊ဩရသာ ဓမ္မနိမ္မိတာ၊ ဓမ္မဒိန္နာတိ နာမေန ဟေဿသိ သတ္ထုသာဝိကာ၊

(ဈ) တဒါ၊ ထိုသို့ ဆုတောင်းလိုက်သောအခါ၌၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ တော၊ဤသို့သော ဗျာဒိတ်တော်စကားကို၊ အဗြဝိ၊မြွက်ကြားတော်မူပေသတည်း၊ ရှုတော၊ဤကပ်ကမ္ဘာမှ၊ သတသဟာဿေကပ္ပေ၊ နှောင်ကမ္ဘာတသိန်းအခါ၌၊ ဩက္ကာက ကုလသမ္ဘဝေါ၊ ဩက္ကာကရာဇ် မင်းမျိုးမှဖြစ်သော၊ နာမေန၊ အမည်တော်အားဖြင့်၊ဂေါတမောနာမ ဂေါတမအမည်ရှိသော၊ သတ္ထာ၊ မြတ်စွာဘုရားသည်၊ လောကေ၊ လောကသုံးခွင်၊ ဘုံအပြင်၌၊ဘဝိဿတိ၊ထင်ရှားပွင့်တော်မူလတ့်၊

(ည) တွံ၊သင်သည်၊ တဿ၊ ထိုဂေါတမမြတ်စွာဘုရား၏၊ ဓမ္မေသုဒါယာဒါ၊ တရား အမွေ ခံ ဖြစ် သော၊ ဓမ္မနိမ္မိတာ၊ တရားတော်ဖြင့် ဘွားမြင်လာသော၊ ဩရသာ၊ သွီးတော်အစစ် သည်၊ဟေဿတိ၊ဖြစ်ရပေလတ့်၊ ဓမ္မဒိန္နာတိနာမေန၊ဓမ္မဒိန္နာဟူ သောအမည်ဖြင့်၊ သတ္ထုသာဝိကာ၊ ရှင်တော်ဘုရား၏ ထင်ရှား သော တပည့်မတဦးသည်၊ဟေဿတိ စင်စစ်မသွေ ဖြစ်ရလေ အံ့သတည်း၊

(ဋ) တံသုတွာ မုဒိတာ ဟုတွာ၊ယာဝဇီဝံ မဟာမုနိံ၊ မေတ္တာစိတ္တာ ပရိစရိံ၊ပစ္စယေဟိ ဝိနာယကံ၊

(ဋ) တံ၊ထိုဗျာဒိတ်တော်စကားကို၊သုတွာ၊ ကြားရသည့်ရှိ

သော်၊ အဟံ။ အကျွန်ုပ်သည်၊ မုဒိတာဟုတွာ၊ ရွှင်လန်းဝမ်းမြောက်သည်ဖြစ်၍ ယာဝဇီဝံ။အသက်ထက်ဆုံး၊ဝိနာသကံ။နတ်လူအများတို့၏၊ ရှေ့သွား လမ်းညွှန် ဖြစ်တော်မူသော၊ မဟာမုနိံ။ ရှင်တော်မြတ်စွာဘုရားကြီးကို၊ မေတ္တာစိတ္တာ။ စိတ်ထားပိုမို၊ ကြည်ညို ချစ်ခင်ခြင်းရှိသည်ဖြစ်၍၊ ပစ္စယေဟိ၊ပစ္စည်းလေးပါးတို့ဖြင့်၊ပရိစရိံ။ လှူဒါန်းလုပ်ကျွေးခဲ့ပါသတည်း။

(၆) တေနကမ္မေန သုကတေန၊ စေတနာ ပဏိဓိဟိ စ။
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသမဂစ္ဆဟံ။

(၆) သုကတေန၊ ကောင်းစွာပြုလုပ်သော။ တေနကမ္မေန စ။ ထိုကုသိုလ်ကံ ကြောင့် ၎င်း။ စေတနာပဏိဓိဟိ စ။ ဆုတောင်း စေတနာတို့ကြောင့်၎င်း၊ မာနုသံဒေဟံ။ လူ့ဘဝကို၊ ဇဟိတွာ။ စွန့် လွှတ် ခဲ့ သည်ရှိသော်၊အဟံ။ အကျွန်ုပ်သည်။ တာဝတိံသံ။ တာဝတိံသာနတ်ပြည်သို့။ အဂစ္ဆိံ။ ဆိုက်ရောက် ခံစားခဲ့ရပေသတည်း။

(၇) ဉာမသ္မိံ ဘဒ္ဒကေကပ္ပေ၊ ဗြဟ္မဗန္ဓု မဟာယသော။
ကဿပေါနာမ နာမေန၊ ဥပ္ပဇ္ဇိ ဝဒတံဝရော။

(၇) ဉာမသ္မိံ။ ဤယခုရောက်ဆဲဖြစ်သော။ ဘဒ္ဒကေကပ္ပေ။ ဘဒ္ဒကပ်ကမ္ဘာ၌၊ ဗြဟ္မဗန္ဓု။ ဗြဟ္မာမင်း၏၊ အဆွေတော်ကြီးဖြစ်ပေထသော၊ (ဝါ-ပုဏ္ဏားမျိုးဖြစ်တော် မူပေသော။) မဟာယသော၊များသောအခြံအရံနှင့်လည်းပြည့်စုံပေထသော။ဝဒတံ-ဝဒန္တာနံ။ ဆုံးမစကား၊ ပြောကြားမိန့်ဆိုသော ပုဂ္ဂိုလ်အပေါင်းတို့ထက်။ ဝရော။အမြင့်မြတ်ဆုံးဖြစ်တော် မူပေထသော။နာမေန။အမည်ဘော်အားဖြင့်။ ကဿပေါ။ကဿပမြတ်စွာဘုရားသည်။ ဥပ္ပဇ္ဇိ၊ ပွင့်တော်မူလေသတည်း။

(၈) ဥပဋ္ဌကော မဟေသိဿ၊ တဒါအာသိ နရိဿရော၊
ကာသိရာဇာ ကိကီနာမ၊ ဗာရာဏသိ ပုရုတ္တမေ။ ။

(ဎ) တဒါ။ ထိုအခါ၌၊ ဗာရာဏသိပုရုတ္တမေ။ ဗာရာဏသီပြို
တော်မြတ်ကြီး၌။ နရိဿရော။ လူတို့ကို အစိုးရသော။ ကိကီနာမ။
ကိကီအမည်တော်ရှိသော။ ကာသိရာဇာ။ ကာသိကရာဇ် ဘုရင်
မင်းတရားကြီးသည်။ မဟေသိဿ။ ကဿပမြတ်စွာဘုရား၏။
ဥပဋ္ဌာကော။ အလုပ်အကျွေးဒါယကာကြီးသည်။ အာသိ။ ဖြစ်လေ
သတည်း။

(ဏ) ဆဋ္ဌာဘာသ အဟံ ဓီတာ၊ သုဓမ္မာဣတိ ဝိဿုတာ၊
ဓမ္မံ သုတွာ ဇိနဂ္ဂဿ၊ ပဗ္ဗဇ္ဇံ သမရောစယိံ။ ၊

(ဏ) အဟံ။ အကျွန်ုပ်သည်။ တဿ။ ထိုကိကီမင်းတရား
ကြီး၏။ ဆဋ္ဌာ။ ခြောက်ယောက်မြောက် ဖြစ်သော။ ဓီတာ၊
သမီးတော်သည်။ အာသိံ။ ဖြစ်ခဲ့ဘူးလေပြီ။ သုဓမ္မာဣတိ။ သမီးတော်
သုဓမ္မာဟူ၍။ ဝိဿုတာ။ ကျော် စော ထင် ရှား ခဲ့ ပေ ၏။ တဒါ။
ထိုသို့ကိကီမင်းကြီး၏သမီးတော်ဖြစ်သောအခါ၌။ အဟံ။ အကျွန်ုပ်
သည်။ ဇိနဂ္ဂဿ။ အမြတ်ထွတ်တင်၊ ဘုရားရှင်၏။ ဓမ္မံ။ တရားတော်
မြတ်ကို။ သုတွာ။ ရိုသေမှတ်သား၊ နာကြားသင်ယူပြီး၍။ ပဗ္ဗဇ္ဇံ။
ရဟန်းအဖြစ်ကို။ သမရောစယိံ။ နှစ်သက်သည့် အရေးကြောင့်၊
အခွင့်ပေးရန် တောင်းပန်ခဲ့ပါသတည်း။

(တ) အနုဇာနိ န နော တာတော၊ အာဂါရေဝ ဝသာမဟံ၊
ဝီသဝဿ သဟဿာနိ၊ ဝိစရိမှ အတန္ဒိတာ။ ။

(တ) နော။ အကျွန်ုပ်တို့၏။ တာတော။ ခမည်းတော်မင်း
တရားကြီးသည်။ နအနုဇာနိ။ ရဟန်းပြုဘို့အရေးနှင့်၊ ခွင့်ပေး
တော် မ မူ ချေ။ တေန။ ထို့ကြောင့်။ အဟံ။ အကျွန်ုပ်သည်။
အာဂါရေဝ။ ရွှေနန်းတော်ကြီး အတွင်း၌ သာလျှင်။ ဝသာမိ။
နေထိုင်ခဲ့ပါ၏။ ဝီသဝဿ သဟဿာနိ။ နှစ်ပေါင်းနှစ်သောင်းတို့
တိုင်တိုင်။ အတန္ဒိတာ။ ပျင်းရိငြီးငွေ့ခြင်းမရှိဘဲ။ ဝိစရိမှ။ ဘုရား
ရှင်၏ အကြိုက်ဖြင့်၊ လိုက်၍ကျင့်ကြံနေထိုင်ခဲ့ပါသတည်း။

(ထ) ကောမာရ ဗြဟ္မစရိယံ။ ရာဇကညာ သုခေဓိတာ။
ဗုဒ္ဓေါပဋ္ဌာန နိရတာ၊ မုဒိတာ သတ္တမိတရော။ ။

(ထ) ရာဇကညာ။နန်းကညာဖြစ်ကြကုန်သော။သတ္တမိတရော။ ညီအမ (၇) ဘောင်၊ ဘွီးတော်တို့သည်။ ကောမာရဗြဟ္မစရိယံ။ ကောမာရီဗြဟ္မစရိယအကျင့်မြတ်ကို။စရိတွာန။ သဘောတူတူ၊ စိတ်နှလုံးဖြူဖြူနှင့်။ ကျင့်ကြကုန်သည်ဖြစ်၍။ သုခေဓိတာ။ရွှေနန်းတော်ပေါ်တွင်၊ ပျော်ပျော်ရွှင်ရွှင်ကြီး စံမြန်း၍၊ နေခဲ့ကြပါကုန်သတည်း။မုဒိတာ။ဝမ်းမြောက်ဝမ်းသာ၊ စေတနာထက်မြက်ကြလျက်။ဗုဒ္ဓေါပဋ္ဌာနနိရတာ။ရှင်တော်ဘုရားကိုဆည်းကပ်၍၊မြတ်သောလုပ်ကျွေးခြင်းဖြင့်၊ လုပ်ကျွေးကာ အမြဲနေကြပါကုန်၏။

(မှတ်ချက်။ ။ဤဂါထာ၌ပါသော ကောမာရီ ဗြဟ္မစရိယဆိုသည်မှာ၊ ကုမ္မာရီရွယ်၊ငယ်ငယ်အပျိုပေါက်ကစ၍၊ တသက်ပတ်လုံးအိမ်ထောင်မပြုဘဲ၊အဗြဟ္မစရိယသိက္ခာပုဒ်ကို ဆောက်တည်သောအကျင့်ကိုဆိုလိုသည်။ ။ထိုအကျင့်သည်၊အမျိုးသမီးတို့အတွက် လွန်စွာမြင့်မြတ်လှပေ၏။)

(ဒ) ပန္တို့ မေဘာဝေဒါနို၊ ဂိရိဗ္ဗဇေပုရုတ္တမေ။
ဇာတာသေဋ္ဌိကုလေဗိတော။ သဗ္ဗကာမသမိဒ္ဓိနီ။

(ဒ) ပန္တို့မေ။အဆုံးစွန်ဖြစ်သော၊ဣဒါနိဘဝေ၊ ဤယခုဘဝ၌၊ ဂိရိဗ္ဗဇေ၊ တောင်ငါးတန်တို့သည်၊ နွားခြံကဲ့သို့ဝိုင်းဝန်း၍နေသော၊ ပုရုတ္တမေ၊ ရာဇဂြိုဟ်မြို့တော်မြတ်၌၊ ဗိတော။ ကြွယ်ဝချမ်းသာသော၊ သေဋ္ဌိကုလေ၊ သူဌေးမျိုး၌၊ အဟံ။ အကျွန်ုပ် ဓမ္မဒိန္နာသည်၊ ဇာတာ။ ချမ်းချမ်းသာသာ ဝင်စား၍ လာခဲ့ရပေ၏၊ သဗ္ဗကာမသမိဒ္ဓိနီ၊ အလိုရှိသမျှအာရုံကို၊အလုံးစုံပြည့်ဝနိုင်ပေ၏။

(ဓ) ယဒါရူပ ဂုဏူပေတာ။ ပထမေ ယောဗ္ဗနေဋ္ဌိတာ။
တဒါပရ ကုလံ ဂန္တွာ။ ဝသိံ သုခသမပ္ပိတာ။ ။

(ဓ) ယဒါ၊ အကြင်အခါ၌၊ အပဟံ၊အကျွန်ုပ်သည်၊ ရူပဂုဏ္ဍ ပေတာ၊ အဆင်းတည်းဟူသော ဂုဏ်ရောင်ဖြင့်၊ လူ့ဘောင်ထွင် ထင်ရှားသည်ဖြစ်၍၊ ပထမေယောဗ္ဗနေ၊ ပျိုတုန်း အရွယ်၊ နုနယ် သစ်သစ်၊ အရွယ်ခေတ်၌၊ ဋ္ဌိတာ၊ တည်၍နေ၏၊ တဒါ၊ထိုပျိုရွယ် စဉ် ခေတ်အတွင်း၌၊ ပရကုလံ၊ လင်၏အိမ်သို့၊ ဂတ္ဝာ၊ မိဘတို့ ထိမ်းမြား၍ လိုက်သွားရသည်ရှိသော်၊ သုခသမပ္ပိတာ၊ ဆင်းရဲ သည်ဟူသော အသံကို၊ တခါတဆစ်မျှမကြားရဘဲ၊ များလှသော စည်းစိမ်ကိုခံစားလျက်၊ ဝသိံ၊ နေထိုင်ခဲ့ရပါသတည်း။

(နဲ) ဥပေတွာ လောကာသရဏံ၊ သုနိတွာ ဓမ္မဒေသနံ၊
အနာဂါမိဖလေ ပတ္တော၊သာမိကော မေ သုဗုဒ္ဓိမာ။ ။

(န) မေ၊အကျွန်ုပ်၏၊သာမိကော၊လင်ယောကျ်ားဖြစ်သော ဝိသာခသူဋ္ဌေးကြီးသည်၊ သုဗုဒ္ဓိမာ၊ ဥာဏ်ကြီးရှင်တယောက်ပါ ပေတည်း၊ သော၊ ထိုအကျွန်ုပ်၏ ခင်ပွန်းလင်သည်၊ ၄ က သိင်္ ဒိဝသေ၊တခါသောနေ့၌၊လောကသရဏံ၊တလောကလုံး၊ ညွှတ် ရှိုးမှီခိုရာကြီးဖြစ်တော်မူသော၊ဗုဒ္ဓံ၊မြတ်စွာဘုရားကို၊ဥပေတွာ၊ ဆည်းကပ်၍၊ဓမ္မဒေသနံ၊ အမြိုက်တရားတော်မြတ်ကို၊ သုနိတွာ၊ ကြားနာလေသည် ရှိသော်၊ အနာဂါမိဖလေ၊ အနာဂါမိဖိုလ်၌၊ ပတ္တော၊ ဆိုက်ရောက် တည်တန့်လေသတည်း။

(ပ) တဒါဟံ အနုဇာနေတွာ၊ ပဗ္ဗဇိံ အနဂါရိယံ၊
နိစ္စရေနေဝ ကာလေန၊ အရဟတ္တ မပါပုဏိံ၊

(ပ) တဒါ၊ထိုအခါ၌၊အဲဟံ၊အကျွန်ုပ်သည်၊ အနုဇာနေတွာ၊ ရဟန်းပြုရန်၊အနာဂါမ်ခင်ပွန်းထံ၌၊ ခွင့်ပန်ခဲ့ပြီး၍၊ အနဂါရိယံ၊ အိမ်ရာမထောင်သော သာသနာတော်ဘောင်၌၊ ပဗ္ဗဇိံ၊ရဟန်း ပြု၍လာခဲ့ပေသတည်း၊ နိစ္စရေနေဝကာလေန၊ ရဟန်းပြု၍ များ မ ကြာ မီ အ တွင်း ၌ ပင် လျှင်၊ အရဟတ္တံ၊ ရဟန္တာ အဖြစ်သို့၊ အပါပုဏိံ၊ ရောက်ခဲ့ပေသတည်း၊

(၇) တဒါ ဥပါသကော သာမံ၊ ဥပဂန္တွာ အပုစ္ဆထ။
ဂန္တ္တာရေ နိပုဏော ပဉှေ၊ တေသမ္မေ ဗျာကရိံ အဟံ။

(၇) တဒါ။ ထိုသို့အကျွန်ုပ်ရဟန္တာမ-ဖြစ်သောအခါ၌၊ ဥပါသကော။ ရှေးခင်ပွန်းဖြစ်ခဲ့ဘူးသောဥပါသကာကြီးသည်၊ သာမံ။ ကိုယ်တိုင်၊ ဥပဂန္တွာန။ ကျွန်ုပ်ထံသို့လာ၍၊ ဂန္တ္တာရေ။ နက်နဲကုန်သော။ နိပုဏော။ သိမ်မွေ့ခက်ခဲကုန်သော၊ ပဉှေ။ အမေးပုစ္ဆာ၊ ပြဿနာတို့ကို၊ အပုစ္ဆထ။ မေးရှာလေသတည်း။ အဟံ။ အကျွန်ုပ်သည်၊ တေသမ္မေ။ ထိုမေးသမျှဥဿုံ၊ အလုံးစုံတို့ကို၊ ဗျာကရိံ။ မကြာမဆိုင်း၊ ပြင်းကောင်းစိုင်းသကဲ့သို့၊ စိတ်တိုင်းကျ ဖြေဆိုလိုက်ပေသတည်း။

(၈) ဇိနေသ တသ္မိံ ဂုဏော တုဋ္ဌော၊ ဝေဒဂ္ဂေ ဠ္မ ပေဿိမံ၊
ဘိက္ခုနိံ ခမ္မကထိကံ၊ နုဉ္ဉ ပဿာမိ ဧဒိသံ။

(၈) ဇိနေသ။ ဘုရားရှင်သည်၊ တသ္မိံ ဂုဏော။ ထိုပုစ္ဆာကိုဖြေကြား၍ တရားဟောသောဂုဏ်ကျေးဇူး၌၊ တုဋ္ဌော။ နှစ်သက်တော်မူသည်ဖြစ်၍၊ ဧတဒဂ္ဂေ။ ဧတဒဂ်ရာထူး၌၊ ဌပေဿိ။ ချီးကြူးမြှောက်စားတော်မူပေသတည်း၊ ဧဒိသံ။ ဤခမ္မဒိန္နာနှင့်အတူ၊ ခမ္မကထိကံ။ တရားဟောစွမ်းနိုင်သော၊ ဘိက္ခုနိံ။ ရဟန်းမိန်းမကို၊ အညံ။ ခမ္မဒိန္နာမှတပါး၊ နပဿာမိ။ ငါဘုရား မြင်တော်မမူ၊ ဣတိစ။ ဤသို့လည်း၊ ဗျာကာသိ။ မြွက်ကြားချီးမွမ်းတော်မူပေသတည်း။

(၉) ဧဝံ ဒိသုစ ဝသိဟောမိ၊ ဒိဗ္ဗာယ သောတခါတုယာ။
ပရစိတ္တာနိ ဇာနာမိ၊ သတ္ထုသာသန ကာရိကာ။

(၉) အဟံ။ အကျွန်ုပ်သည်၊ ဧဝံ ဒါနိ။ ယခုအခါ၌၊ သတ္ထုသာသနကာရိကာ။ မြတ်စွာဘုရား၏ ဆုံးမတော်မူသော အတိုင်းလိုက်နာ ကျင့်ကြံသည်ဖြစ်၍၊ ဧဝံ ဒိသုစ။ တန်ခိုးအမျိုးမျိုးတို့၌လည်း၊ ဝသိဟောမိ။ အလိုရှိတိုင်း ပိုင်နိုင်၍နေခဲ့လေပြီ ဒိဗ္ဗာယ

သောတဓာတုယာ။အသံအမျိုးမျိုးကိုကြားနိုင်သော ဒိဗ္ဗသောတ အဘိညာဉ်စခမ်း၌၊ဝသီဟောမိ။ အလိုရှိတိုင်း ပိုင်နိုင်၍နေခဲ့လေပြီ၊ ပရစိတ္တဉ္ဉူနိ၊ သူတပါးတို့၏ စိတ်အကြံအစည်တို့ကိုလည်း၊ ဇာနာမိ။မကြွင်းမကျန်၊အမှန်သိမြင်၍နေခဲ့လေပြီ။

(မ) ပုဗ္ဗေနိဝါသံ ဇာနာမိ၊ ဒိဗ္ဗစက္ခု ဝိသောဓိတံ။
ခေပေတွာ အာသဝေသဗ္ဗေ၊ ဝိသုဒ္ဓါမှိ သုနိမ္မလာ။

(မ) အဟံ။အကျွန်ုပ်သည်၊ပုဗ္ဗေနိဝါသံ။ ရှေး၌ ဖြစ်ဖြစ်သမျှသော ဘဝအမျိုးမျိုးတို့ကိုလည်း၊ဇာနာမိ။အလိုရှိတိုင်း၊သိမြင်နိုင်ပါ၏၊ ဒိဗ္ဗစက္ခုဝိသောဓိတံ။ အဆင်းအမျိုးမျိုးကို မြင်နိုင်သော ဒိဗ္ဗစက္ခုအဘိညာဉ်သို့လည်း၊စင်ကြယ်စွာ ပေါက်ရောက်ခဲ့လေပြီ။သဗ္ဗေ။ခပ်သိမ်းကုန်သော၊အာသဝေ။ကိလေသာ အာသဝေါတရားတို့ကို၊ခေပေတွာ။မကျန်မကြွင်း၊ ရှင်းလင်းကုန်စင်စေပြီး၍၊သုမ္မနိမ္မလာ။ကိလေသာမှု အညစ်အကြေးတို့ဖြင့်၊ညစ်မွေးခြင်းမရှိဘဲ။ဝိသုဒ္ဓါ၊ပုလဲလုံး,စိန်လုံး,ကဲ့သို့၊အဖြူဆုံးဖြူစင်သည်၊ အမှိ။ဖြစ်ရပေသတည်း။

(မှတ်ချက်) ဘော်ပြခဲ့သော ဂါထာများသည်၊ ဓမ္မဒိန္နာထေရီ အပဒန်ပါဠိတော်ကြီးမှ လိုရင်းကိုထုတ်၍၊ဘော်ပြလိုက်သော ဂါထာများ ဖြစ်ပါသည်။ ။မိမိ၏ အဖြစ်အပျက်များကို ဓမ္မဒိန္နာကိုယ်တိုင် ဟောသောဂါထာများပေတည်း။

ဘော်ပြခဲ့သော ဓမ္မဒိန္နာထေရီ၏၊ဘာသာပြန်အချက်များကို နှစ်သက်စွာ ဘတ်ရှုကြပြီးလျှင်၊ ထိုဓမ္မဒိန္နာ ထေရီမကဲ့သို့၊ ဘုရားရှင်တို့၏ လက်ထက်တော်မှာ၊ အကျော် အမော်ဖြစ်၍၊ ကျွတ်တမ်းဝင်လိုသော အမျိုးသ္မီးတို့သည်၊ ဓမ္မဒိန္နာ၏ ပါရမီဖြည့်ပုံနည်းကို၊အတုယူကာ တွေ့ကြုံခဲဖြစ်သော သာသနာမှာ၊ ကောင်းမွန်စင်ကြယ်စွာကြိုးစားအားထုတ်သင့်ကြပေသတည်း။

(၁၂) ဓမ္မဒိန္နာထေရီဘာသာပြန်ပြီး၏။

—၀—

(မှာထားချက်။ ။ထေရီဂါထာ ဧကနိပါတ်၌ပြဆိုခဲ့ပြီးသော ဝတ္ထုများကို၊အဋ္ဌကထာဆရာကြီးက၊ကျယ်ဝန်းစွာ မဖွင့်တော့ဘဲ၊ရှေးရှေးဝတ္ထုများနှင့် တူပြီဟူ၍ သိမ်းရုံး၍ ဖွင့်ဆိုတော်မူသည်၊ သို့ဖြစ်၍ ဤထေရီဘာသာပြန်၌လည်း၊ ကြွင်းကျန်သော ဧကနိပါတ် ထေရီဝတ္ထုများကို မဖော်ပြတော့ဘဲ ဒုကနိပါတ် ဝတ္ထုများကိုသာ ဖော်ပြရပါတော့မည်။ ။ဤမှ နောက်၌၊ အဋ္ဌကထာတွင် ထင်ရှားကျယ်ဝန်းစွာ ဖွင့်ပြသော ဝတ္ထုများကိုသာ ဖော်ပြပါမည်။)

## ဒုကနိပါတ်။

### (၁) အဘိရူပနန္ဒာဝတ္ထု။

ရှေးလွန်လေပြီးတဲ့ (၉၁) ကိုးဆဲ့တကမ္ဘာထက်မှာ၊ သစ္စာလေးပါးကို သိမြင်သော ဝိပဿီဘုရားရှင် ပွင့်တော်မူတယ်။ ထိုအခါ၊ဗန္ဓုမတီနေပြည်တော်ကြီးမှာ၊ အလွန်တရာကြွယ်ဝတဲ့ ဂဟပတိ မဟာသာလသူဌေးကြီးမှာ သမီးကလေးတယောက် ထွန်းကားလာတယ်၊ အမည် သညာ ကို တော့၊ အဋ္ဌကထာမှာ သေချာစွာမပြဆိုဘူး။ အဲ-သည်သူဌေးသမီးကလေးဟာ ရုပ်ဆင်းရောင်ဝါ လွန်စွာတင့်တတ်တဲ့အတွက် မိမိအဆင်း၌ တပ်မက်ပြီး၊ အလှဂုဏ်တက်နေလိုက်တာကလဲ လွန်ပါရော လောကထဲမှာ သူနှင့်ထိုက်တန်တဲ့ ယောကျ်ား တယောက် မျှ မ ရှိ ဘူး လို့ ထင်သတဲ့။ ။ပစ္စည်းကလဲပေါ၊ အမျိုးကလဲကောင်း၊ ရုပ်ဆင်းအင်္ဂါနှင့် လဲ ပြည့် စုံ၊ အလိမ္မာဂုဏ်ကလဲ ရှိ၊ အ ဓိ ပ တိ ရဲ ရဲ တောက် ကလေးပေါ့လေ။ ဂုဏ်ရောက်လျှင်လဲ ရောက်သင့်ပါပေတယ်။

ကမ္ဘာမြေပြင်ထက်မှာ၊ သူ နှင့် ထိုက် တန် တဲ့ ယောကျ်ား တယောက်မျှမရှိဘူး၊ငါနှင့်ဘုန်းချင်း,ကံချင်း,မျှတတဲ့ယောကျ်ား တယောက်မျှမရှိဘူး။ ငါ ၏ ရုပ် အ ဆင်း ဟာ သည်ကမ္ဘာနှင့် မထိုက်တန်ဘူး၊သည်ကမ္ဘာမြေပေါ်မှာရှိတဲ့ ယောကျ်ားများရဲ့ လက်တွင်းမှာ ငါ့အရုပ်အဆင်းကို အသုံးမချထိုက်ဘူး။ အဲ-သို့

ကလိုအထင်ရောက်နေတဲ့အတွက်ဘယ်ယောကျ်ားနှင့်မျှရလျှား ရစ်ပတ်၍ လက်ဆပ်ခြင်းအမှုကိုမပြုဘဲ၊ အာဂုံကညာအစစ်ဖြင့်၊ တသက်ပတ်လုံး စင်ကြယ်စွာနေမယ်ဆိုတဲ့ နှလုံးကို၊ အံမြဲ သုံးထားသတဲ့။

ကြီးမယ်လို့ကြီးလျှင်၊သို့ကလို မာနကြီးတာလဲ၊ အကျိုးအရှိ သားဘဲ၊အိမ်ထောင်မပြုတော့၊လင်မှုလင်စတ်တွေဖောက်သိမ်း၍၊ ဒုက္ခအမျိုးမျိုးငြိမ်းတာပေါ့။ ။အမျိုးသမီးများမှာ၊ ယောကျ်ား ယူမိတဲ့အခါကစပြီး၊ ဒုက္ခမီးအမျိုးမျိုး ဝိုင်း တော့ တာ ပါဘဲ။ အပျိုစင်စင်နှင့်၊မပူမပင်နေရတာ မိန်းမများမှာ အချမ်းသာဆုံး ဆိုမှာဘဲ။သို့ရာတွင် မွေ့တာဝန်ကို မလွန်ဆန်နိုင်ကြတဲ့အတွက်၊ ဘိသုက်သားနှင့် ဇွတ်တိုးပြီး ဒုက္ခအိုးကြီးထဲသို့ဆင်းကြတယ်။

ဇာတ္တိနံ့။ မိန်းမတို့၏။ ခနံ၊ ဥစ္စာကား၊ ရုပ်၊ ရုပ်အဆင်း၊ လှပခြင်းတည်း။ ။ဤသို့ဆိုတဲ့အတိုင်း၊ မိန်းမများမှာ၊ ရုပရုံ အဆင်းလှလျှင်၊ဥစ္စာနေနှင့်ပြည့်စုံ၍၊ကုံလုံကြွယ်ဝတယ်လို့ ဆိုရ ပေလိမ့်မယ်။

ကြွယ်ဝရုံ ကြွယ်ဝတာက ကိစ္စမရှိပါဘူး၊ မိမိအဆင်းကို၊ တဝင်းဝင်းအချောတိုက်ပြီး၊ လောကီစရိုက်၊ ထကျွာအကြိုက် နှင့် အသုံးချလိုက်ချင်တဲ့ စိတ်မျိုးတွေပေါ်လာမှဖြင့်၊ ဒုက္ခရောက် ဘို့သာ မှတ်ကြပေတော့။ ကိုယ့်အဆင်းကို အရင်းအနှီးလုပ်ပြီး၊ ကိုယ့်ဒုက္ခ ကိုယ်ရှာတာပေါ့လေ။ ။ကိုသို့ အရုပ်အဆင်းကို လောကအတွင်းမှာ အသုံးချချင်လေလေ၊ ဒုက္ခအမျိုးမျိုးကိုစိုက် ပျိုးလေလေ ဖြစ်ထာမျိုးဘဲ။

ပြဆိုခဲ့ပြီးတဲ့ သူဌေးသမီးရဲ့ အလိမ်မာဂုဏ်၊ အဆင်းဂုဏ် များကို၊ဗန္ဓုမဘိဘုရင်မင်းမြတ်ကြားသိတော်မူတော့၊မဟောသီ မိဖုယားခေါင်ကြီးမြှောက်ရန် ကြံစည်တော့တယ်။ ။ရှူးတော်, မတ်တော်ကြီးများက၊ သူဌေးသမီးရဲ့မိဘများကို၊ပြောကြားလမ်း ညွှန်တော့၊ မိဘများက အလွန်သဘောကျသ ပေါ့၊ တောင်ညာ တင်ထားတဲ့ မိဖုယားအထွတ်အမြတ်ကိုတော့ မိန်းမတို့ဘဝမှာ

အမြင့်ဆုံးဖြစ်တဲ့ အတွက်၊ မိဘများက မနှစ်သက်ဘဲ နေနိုင်ပါ့ တော့မလား။

အဲ-သို့ကလို နှစ်သက်ဝမ်းမြောက်တဲ့အတွက်၊ သွီးကို နားချ တော့။ ''သ ဘော မ ကျ ကြောင်း၊ လောကမှာ မိန်းမဘဝကို၊ ကံဆိုးလို့ရလာတဲ့အခါ၊ ယောက်ျားတို့၏ ကျွန်-မခံလိုပါဘူး။ ယခုလို အပျိုအဖြစ်နှင့်သာ တသက်လုံး နေထိုင်ပါရစေ'' လို့၊ တောင်းတောင်း ပန်ပန်နှင့်ငြင်းဆန်တယ်။

သို့ရာတွင်၊ ဘုရင်မင်းမြတ်ဆိုတာ လွန်ဆန်သာဘဲ့ပုဂ္ဂိုလ်မျိုး မဟုတ်တဲ့အတွက်၊ အဆုံးတရက်သို့ရောက်တော့၊ ဘုရင်မင်းမြတ် ၏ အာဏာနှင့်၊ မိဘဘို့ဩဇာကိုခံပြီး၊ မိဖုယားကြီး အရာကို ယူရရှာတယ်။ ။မိဖုယားခေါင်ကြီး အဖြစ်သို့ ရောက်တဲ့အခါ၊ ဝိပဿိရှင်တော်ဘုရားကို၊ ဝပ်တွားဆည်းကပ်ပြီး၊ တရားတော် ကို ကြားနာခြင်း၊ ကု သိုလ် ကောင်း မှု ကို ပြု လုပ် ခြင်း မှ စ ၍၊ နောင်သံသရာ ဘဝအဆက်ဆက်၊ မိမိကောင်းဘို့ အတွက်များ ကိုသာ၊ ကြိုးစားနေသတဲ့။

ဗန္ဓုမတိမင်းကြီးထံမှာ အခွင့်ပန်ပြီး၊ ရဟန္တာ အရှင်မြတ် တပါးကိုလဲ။ အ မြဲ ဆွမ်း လုပ် ကျွေး ၍၊ အဘိုးထိုက်တန်သော သက်န်းအစုံကိုလဲ လှူဒါန်းတယ်။ ။ထို့နောက် ဝိပဿိမြတ်စွာ ဘုရားသခင်၊ ပရိနိဗ္ဗာန်စံတော် မူသဖြင့်၊ ဓါတ်တော်များကို ရတနာ (၇) ပါးတို့ဖြင့်ပြီးတဲ့ စေတီတော်ကြီး တည်တဲ့အခါ၊ မိဖုယားခေါင်ကြီးက၊ ရွှေသားဘင်းကိုပြုလုပ်ပြီး၊ ရတနာအမျိုးမျိုး ချယ်စီကာ လှူဒါန်းတယ်၊ ရွှေထီးအမကြီးပေပေါ့။

အဲ သို့ကလို ကုသိုလ်ကောင်းမှုများကို၊ တဘဝလုံး ကြိုးစား ကာ၊ အသက်အတိုင်းနေ၍ ရတေသွားတော့၊ ကုသိုလ်အဟုန် ကြောင့် နတ်ဘုံမှာ နတ်သွီး ဖြစ်သွားတယ်။ ။ဝိပဿိမြတ်စွာ ဘုရားလက်ထက်က၊ ဆည်းပူး အားထုတ်ခဲ့တဲ့၊ ကုသိုလ်အရှိန် ကြောင့် သေးသိမ်တဲ့ဘဝသို့မရောက်ဘဲ၊ မြင့်မြတ်တဲ့ လူချမ်းသာ နတ်ချမ်းသာ, တို့ကိုသာလျှင်၊ လူးလားစံစား၍နေရသတဲ့။

ကိုးဆယ့်တကမ္ဘာ အတွင်းမှာ၊ နတ်မင်းဘို့၏မိဖုယားကြီး ဖြစ်ရတာကအကြိမ်ပေါင်းတထောင်၊စကြာမင်း၏မိဖုယားကြီး ဖြစ်ရတာကအကြိမ်ပေါင်းတထောင်။ အခေါင်အဖျား ထူးမြတ်တဲ့ ချမ်းသာများကိုသာ၊ ခံစားမွေ့ပျော်ကာ နေရသတဲ့။ ။ပဒေသရာဇ်၊ ဧကရာဇ်တို့၏မိဖုရားအဖြစ်မှာတော့၊ ရေတွက်နိုင်ဘွယ်ရာမရှိအောင် များပြားတာပေါ့။

အဲ သို့ကလို ကောင်းကျိုးချမ်းသာတို့ဖြင့်၊ မြင့်မြတ်စွာ ကျင်လည်ခဲ့ပြီးနောက်၊ ယခုဘုရားရှင်၏လက်ထက်သို့ ရောက်တော့၊ ကပိလဝတ်နေပြည်တော်ကြီးမှာ "ခေမကာ"မည်တဲ့ သာကီဝင်မင်းသားကြီး၏ သမီးတော် ဖြစ်လာတယ်။ ရှင်တော်ဘုရားရဲ့ဆွေတော် မျိုးတော် နှမတော် တပါးပေပေါ့။ ။ထိုသာကီဝင်မင်းသမီး ကလေးကို၊ ရုပ်ဆင်းရောင်ဝါဖြင့် လွန်စွာနှစ်သက်ဘွယ်ရှိတဲ့အတွက်ကြောင့်၊ "နန္ဒာ"ရယ်လို့ အမည်ပေးကြတယ်။ ။အရွယ်ရောက်လာတဲ့အခါ၊ ရူပလက္ခဏာများသည်၊ ထူးခြားပေါ်လွန်စွာ လှပချောမွန်လာတဲ့အတွက်။ "အဘိရူပနန္ဒာ" ရယ်လို့ခေါ်ကြပြန်တယ်။

အရုပ်အဆင်း လှပခြင်းရှိတဲ့အတွက်၊ မာန်တက်တဲ့ အရာမှာလဲ၊ လွန်စွာနာမည်ကြီးတဲ့ မင်းသမီးတပါးပေပေါ့။ ။အမျိုးကလဲ သာကီဝင်ဖြစ်၍ ဇာတိမာန်တက်ကြွနေတဲ့အပေါ်မှာ၊ ရုပ်ဆင်းရောင်ဝါက လွန်စွာလှပပြန်တော့၊ မာနတက်ဘို့အကြောင်းတွေစုံနေသပေါ့လေ။ ။မယ်တော်၊ ခမည်းတော်များက၊ အချိန် အရွယ်သို့ရောက်တဲ့အခါ၊ သာကီဝင်မင်းသားပျိုကလေးတပါးနှင့်စုလျားရစ်ပတ်၍ လက်ထပ်ထိမ်းမြားရန်၊ ကြောင်းလမ်းမေ့စပ်ပြီး၊ နေ့ရက်များ ချိန်းဆိုထားကြသတဲ့။ ။အစီအစဉ်တံ၌၊ မကြာမချင်ပါသော်လည်း၊ ဘဝတိ၊ ဖြစ်ခြောက်တတ်၏၊ စီစဉ်တံ၊ အသေအချာကြံစည်ချိန်းချက်၍ ထားပါသော်လည်း၊ ဝိနသတိ၊ မအောင်မြင်ဘဲ ပျက်စီး၍ သွားတတ်၏။ ။ဤကဲ့သို့ ရှင်ဘောင်ဘုရားဟောကြားတော်မူတဲ့အတိုင်း၊ အဘိရူပနန္ဒာနှင့် လက်ထပ်

ရန် ချိန်းဆိုထားတဲ့နေ့မှာပင်၊ သာကီဝင် မင်းသားကလေးဟာ၊ ရောဂါဘိစီးတဲ့အတွက်၊ ရုတ်တရက်သေဆုံး၍ သွားရှာပါရော။

အလွန်သနားစရာ ကောင်းသ ပေါ့နော်။ တကဲ့အရေးထဲမှာ၊ ခဲလို့ထားတဲ့အကြံများ မအောင်မြင်ဘဲ သေခြင်းသို့ရောက်ရှာရ တယ်။ ။လောကမှာ သို့ကလို ထူးဆန်းတဲ့ အရေးများကိုလဲ တခါတခါ တွေ့ကြုံဘတ်ကြသပေါ့။

ထို့နောက်၊ မယ်တော်, ခမည်းတော်ကြီးများက၊ သာကီဝင် တို့၏ဓမ္မဘာ၊ ရည်မှန်းပြီးသောလင်ယောကျ်ားမှတပါး အခြား သူနှင့် ထိမ်းမြားရန် ထုံးစံမရှိဘဲအတိုင်း၊ သွီးဖြစ်သူရူပနန္ဒာကို၊ ဘယ်လိုတိုက်တွန်းကြသလဲသို့ဆိုတော့၊ ''သွီးတော်၊ ဟိုရှေးက ကံ၊ အကျိုးပေးမဟာန်တဲ့အတွက်ကြောင့်၊ လက်ထပ်ရန် အသေ အချာ ချိန်းချက်ပြီးပင်ပျက်စီးရပြီ။ သာကီဝင်တို့ဓမ္မဘာ၊ နောက် ထပ်၍ လက်ထပ်ရန် ထုံးစံလဲမရှိဘူး။ ။ယခုအခါ၊သာကီနွယ် မျိုးမှတောထွက်၍၊ လောကသုံးပါးတွင်၊ ဘုရားရှင် တဆူဟူ၍၊ နတ်လူအပေါင်းတို့ ဦးခိုက်နေရတဲ့ ဂေါတမမြတ်စွာဘုရားလဲ၊ အထင်အရှား ရှိတော်မူတယ်။ ။မိထွေးတော် ဂေါတမိမှစ၍၊ သာကီဝင်မင်းသွီးတွေဟာလဲ သာသနာတော်ဘောင်သို့ဝင်ပြီး၊ ဘိက္ခုနီမ-ပြုလုပ်ကြတာတွေလဲ အလွန်ပင် များပြားတယ်။ ။ ချစ်သွီးလဲ ထိုနည်းတူစွာ သာသနာတော်ဘောင်သို့ဝင်ပြီး၊ဆွေ တော်, မျိုးတော်များနှင့် အတူ ပျော်ပျော် ပါးပါး၊ သိုက်သိုက် ဝန်းဝန်း ဆိုသလို၊ ဘိက္ခုနီမ ပြုလုပ်လျှင် သင့်လျော်လိမ့်မယ် ထင်တယ်''။ ။အဲ- သို့ က လို ပြောဆို တိုက်တွန်းတော်မူကြ တယ်။ ။ပထမ ရှေးဦးစွာမှာတော့၊ အဘိရူပနန္ဒာက ငြင်းဆန် သပေါ့။ သူ့စိတ်ထဲမှာ ဘိက္ခုနီမ-ပြုလုပ်ချင်တဲ့စိတ်ဟာ၊ ဘယ် မှာ ရှိနိုင်ပါ့မလဲ၊ အဆင်းဂုဏ်အတွက်၊ အလွန်မာန်မာနတက် တာကိုး။

· သာသနာဘောင်ဝင်လျှင်၊ ဆံပင်ကို ရိတ်ပစ်ရလိမ့်မယ်၊ ပိုး,ပဲ,ကမ္ဗလာ,မှစ၍၊ လွန်စွာကောင်းမြတ်တဲ့ အထည်တန်းဆာ

တွေကိုပယ်ပြီး၊ဖန်ရည်ဆိုးတဲ့ သင်္ကန်းကို ဝတ်ဆင်ရလိမ့်မယ်။ အခြွေအရံတွေကိုပယ်ပြီး၊ တကိုယ်ထည်း နေထိုင်ရလိမ့်မယ်၊ သပိတ်ကိုလက်စွဲပြီး၊ တောင်းရမ်းတဲ့ အလုပ်ကြီးနှင့် အသက်မွေးရလိမ့်မယ်။အဲ သည့်လိုဇချက်ကြီးတွေကို ဆင်ခြင်စဉ်းစားမိလေလေ၊ဘိက္ခုနီမ- ပြုလုပ်ဘို့ စိတ်ပျက်လေလေ ဖြစ်သွားတာပေါ့။

မယ်တော်, ခမည်းတော်, များကလဲ၊ သာသနာဘောင်သို့ဝင်စေလိုတဲ့ဆန္ဒ ရှိတဲ့အတွက်ကြောင့်၊ မကြာမကြာတိုက်တွန်းတော်မူကြတယ်။သို့ကသိုတိုက်တွန်းဘန်များတော့၊ မိဘစကားကိုမပယ်ဘဲ၊မိထွေးတော်ဂေါတမီရဲ့ ကျောင်းတော်သို့သွားပြီး၊ ဘိက္ခုနီမပြုလုပ်ပါရော။ ။ဆံပင်ကိုရိတ်ပယ်၍၊ ဖန်ရည်ဆိုးတဲ့သင်္ကန်းကို ဆင်မြန်းတယ်။ ဘိက္ခုနီမ-ဖြစ်ပြန်တော့လဲ၊ တမျိုးပင် တင့်တယ်၍၊ရှုချင်စဘွယ်ကောင်းအောင် လှပြန်သတဲ့။ ။ပင်ကိုယ်ဇာတိက အဆင်းရှိလာတဲ့သူများဆိုတော့၊ဘယ်အဝတ်ကို ဆင်၍ ဘယ်အသွင်ကို ပြောင်းပြောင်း၊ အမျိုးမျိုး ကြည့်လို့ကောင်းတာပေါ့။အဘိရူပနန္ဒာဆိုတဲ့ ဘိက္ခုနီမကို၊ မကြည်ညိုတဲ့ သူရယ်လို့မရှိဘဲ မြင်မြင်သမျှ ငေးစိုက်လို့သာ ကြည့်ရှုကြရတယ်၊အလွန်ပါရမီထူးတဲ့ ဝိသေသပုဂ္ဂိုလ်တဦးပေပေါ့။

ရှင်တော်ဘုရားကလဲ၊ ရုပ်တရားကို ကဲ့ရဲ့တော်မူလေ့ရှိတဲ့အတိုင်း၊ "သည့်ကိုယ်ကြီးဟာ၊ အပုပ်ကောင်ကြီး အစစ်ဖြစ်တယ်၊သာယာဘွယ်မရှိဘူး၊သည့်ကိုယ်ကြီးတွေကို တွယ်တာ၍သာယာနှစ်သက်နေလျှင်၊ သံသရာမှာ နစ်မွန်းလိမ့်မယ်၊ အရုပ်အဆင်းအတွက် မာန်မာန တက်ခြင်းဆိုတာလဲ၊ အလွဲကြီးလွဲ၍အမှားကြီး မှားတာဘဲ၊ အဆင်း၌ သာယာတဲ့ ရူပတဏှာကိုပယ်ကြရမယ်၊အဆင်းအတွက် မာန်မတက်ကြနှင့်၊ အဲ-သို့ကလိုဟောကြားတော်မူလေ့ရှိတာများကိုလဲ၊ အဘိရူပနန္ဒာက မနှစ်သက်နိုင်ဘူးတဲ့၊သူ့စိတ်နေ စိတ်ထားနှင့်၊များများကြီး ဆန့်ကျင်နေတာကိုး၊ဘယ်မှာနှစ်သက်နိုင်ပါ့မလဲ၊

ဆဲ-သို့က လို တ ရား တော် ကို မနှစ်သက်နိုင်တဲ့အတွက်၊ အဘိရူပနန္ဒာက၊ ရှင်တော်ဘုရားရဲ့ ထံပါးသို့၊ ခစားဝင်ရောက်ခြင်းမရှိဘဲ ရှောင်နိုင်သမျှ ပုန်းရှောင်၍နေသတဲ့။ ။သို့ရာတွင် ဝိနည်း ဒေသနာတော်မှာ၊ ဘိက္ခုနီမများသည်၊ တလလျှင် တကြိမ်ကျ၊ဩဝါဒဆုံးမခံရန်၊ဘုရားရှင့်အထံသို့ကိုယ်တိုင်တော်ဝင်ရမည်။ကိုယ်စားမစေလွှတ်ရ၊ဤကဲ့သို့ပညတ်တော်ကြီးရှိနေတဲ့အတွက်၊မရှောင်နိုင်တဲ့ အချက်ကြီးကလဲ ရှိနေပြန်တယ်။ ။ တနေ့တော့ အဘိရူပနန္ဒာသည်၊ အပါးတော်သို့ဝင်၍၊ဩဝါဒကို နာခံရန် အလှည့်ကျနေရော၊ မရှောင်သာဘဲ့အရေး ဖြစ်နေလို့၊ ရှင်တော်ဘုရား ထံသို့ ဝင်ရပါရော၊ ကျွတ်တမ်း ဝင်ခွင့်ကို အဆင်သင့်တွေ့ရတော့မယ်။

ရှင်တော်ဘုရား၏ထံတော်ပါးသို့ရောက်တော့၊အဘိရူပနန္ဒာက၊ပုန်းလျှိုး,ကွယ်လျှိုးနှင့်၊ရှင်တော်ဘုရားမြင်တော်မမူအောင်၊ ဘိက္ခုနီမတို့အကြားမှာ မထင်မရှားနေသတဲ့။ ။ထိုနေ့မှာပင် ကျွတ်တမ်း ဝင်ရမည့်အချိန်သို့ ဆိုက်ရောက် ကြောင်းကို ရှင်တော်ဘုရား မြင်တော်မူသဖြင့်၊ စရိုက်နှင့် လျော်အောင်၊ ဘယ်လိုကြီဆောင်တော်မူရသလဲလို့ဆိုတော့၊ အပါးတော်မှာ လွန်စွာလှပတဲ့ အပျိုကညာကလေး၏ အသွင်ကို၊ ဘန်ဆင်း၍ ပြတော်မူသတဲ့။

အဘိရူပနန္ဒာက၊ဘန်ဆင်းတဲ့အပျိုကညာကလေးကို၊ စိန်းစိန်းရှုပြီး "ဩော်-အလွန်တရာလှပပါကလား လောကကြီးထဲမှာ ငါဟာ အလွန်တရာ လှတယ်လို့ထင်နေမိဘယ်၊ ငါ့ထက်ပင် လှပါသေးကလား" သို့ကလိုစဉ်းစား၍ ကြည့်ရှုနေတုန်းမှာပင်၊ တဖြည်းဖြည်း အရွယ်ကြီးပြီးလျှင်၊ ရှု မြင်သို့ မကောင်းအောင်၊ အိုမင်း ရွတ်တွခြင်းသို့ ရောက်သွားတယ်။ ။အိုမင်း ရွတ်တွ၍၊ မကြာမီအတွင်းမှာပင်၊ မရှုမလှသေခြင်းသို့ ရောက်သွားတယ်။ သေပြီး၍ မကြာမီ ဖူးဖူးယောင်တဲ့ အခေကာင်ပုပ်ကြီးဖြစ်ပြီး ၊ပိုး

လောက်တွေ တဖွားဖွားနှင့် ကြည့်ဝံ့စရာမရှိဘဲ့ အခြေသို့ ဆိုက်ရောက်သွားပါရော။

ဪ-သို့ကလို၊အပျိုကညာကလေးဘောက်ပြန်ပုံကို၊ အဘိရူပနန္ဒာကမျက်မှောက်ဒိဋ္ဌတွေ့မြင်တော့၊ သံဝေဂစိတ်တွေပေါ်လာပြီး၊ ''ဩော်-သည့်ကိုယ်ကောင်ကြီးဟာ၊ ဘာမျှအသုံးမကျပါဘဲကလား။ဘယ်လိုပင်လှသော်လဲ၊ အဆုံးကျတော့၊ အသုံးမကျတဲ့ ရွံစရာကောင်ကြီး ဖြစ်သွားပါကလား။ ။အရုပ်အဆင်းကို အလေးပြုပြီး၊ ဂရုတစိုက် နေခြင်း ဟာ၊ ဘာမျှ အကျိုးမရှိပါဘဲကလား။ ။ငါ့ကိုယ်ခန္ဓာဟာလဲ သည့်နည်းအတိုင်းပင်ဖြစ်ရမှာပါကလား။ ဪ-သို့ကလို သံဝေဂဉာဏ်ဖြင့်၊ဆင်ခြင်နေတဲ့အခါ၊ ရှင်တော်ဘုရားက၊တရားဟောချိန်တန်ပြီဟု၊ ရွှေဉာဏ်တော်မှာထင်မြင်လာသောကြောင့်၊ စက်ဆုပ် ရွံရှာဘွယ်ရာ၊ အသုဘကထာကို၊ပန်းရွှေကြာနှုတ်ခွန်းဖြင့်၊ မိန့်ညွှန်း ဟောကြားတော်မူလေသတည်း။

(က) အာတုရံအသုစိံ ပုတိံ၊ ပဿ နန္ဒေ သမုဿယံ၊
အသုဘာယ စိတ္တံ ဘာဝေဟိ၊ဧကဂ္ဂံ သုသမာဟိတံ၊

(က) နန္ဒေ၊ချစ်သို့ဒ်းနန္ဒာ၊ အာတုရံ၊ ကိုးဆဲ့ခြောက်ဖြာ၊ ဘေးရောဂါတို့ဖြင့်၊ ကျင်နာ နှိပ်စက်အပ်သော၊ အ သု စိံ၊ စက်ဆုပ်စဘွယ် မစင်ကျယ်သော ၄၀ တွေ့တို့ဖြင့်၊ ပြည့်လျှံ၍ နေထသော၊ ပုတိံ၊ ညှီဟောင် သိုးပုပ်စွာထသော၊ သမုဿယံ၊ ကိုယ်,ခန္ဓာအကောင်ပုပ်ကြီးကို၊ ပဿ၊ ဧှေဧှေ့ထင်ထင်၊မြင်အောင်ရှုကြည့်စမ်းပါလော၊ တွံ၊ သင်ချစ်သို့ဒ်းနန္ဒာသည်၊အသုဘာယ၊ မတင့်မတယ်၊စက်ဆုပ်ဘွယ်ဖြစ်သော၊အ သု ဘသ ညာ၊ ဖြစ်ပေါ်ခြင်းဌာ၊ သုသမာဟိတံ၊ ကောင်းစွာတည်ကြည်သော၊ ဧကဂ္ဂံ၊ အာရုံတခုတည်းသာ ရှုးစိုက်၍နေသော၊စိတ္တံ၊ စိတ်ကောင်း စိတ်မြတ်ကို၊ဘာဝေဟိ၊ ပွားများလိုက်ပါလော၊

ဒို ချစ်သို့ဒ်းအဘိ ရူပနန္ဒာ၊ သည့်ကိုယ်ကောင်ကြီးဟာ၊ အနာ

ရောဂါအမျိုးမျိုးတို့ဖြင့်တည်ရာဌာနကြီးဖြစ်တယ်။ စက်ဆုပ်ဘွယ်တွေ၊ အပုပ်အသိုးတွေအလုံးစုံဖြင့်၊ အကုန်ပြည့်နေတယ်။ သို့က လောက် မတင့်တယ်တဲ့ကိုယ်ကြီးကို သေချာစွာ ကြည့်ရှုစမ်းပါလေ။ အသုဘထင်မြင်အောင်၊ ရှုးစိုက်တည်တန့်တဲ့ သမာဓိစိတ်ကိုပွားများပါလော။

ဗုဒ္ဓ- သို့ကလို ဟောကြား တော့၊ တရားအာရုံကို စိုက်ပြီး၊ ရူပနန္ဒာက ကြားနာနေတယ်။ သူ့စိတ်ထဲမှာ။ အသုဘ ဘာဝနာ ထင်မြင်လာလို့၊ စိတ်တည်တန့်လာတဲ့အခါ၊ ဝိပဿနာနှင့်ဆိုင်တဲ့ ဒေသနာကို၊ သို့ကလိုဟောကြားတော်မူပြန်လေသတည်း။

(ခ) အနိမိတ္တဉ္စ ဘာဝေဟိ။ မာနာနုသယ မုဇ္ဇဟ။
တတော မာနာဘိသမယာ။ ဥပသန္တာစရိဿသိ၊

(ခ) နန္ဒေ။ချစ်သို့နန္ဒာ၊ အနိမိတ္တဉ္စ၊ အမြဲမရှိသောအနိစ္စသညာကိုလည်း၊ ဘာဝေဟိ။ ပွားများလိုက်ပါလော။ မာနာနုသယံ၊ ငါ ငါကားဟု။ ထောင်လွှားသော မာနာနုသယကိုလည်း၊ ဥဇ္ဇဟ။ စွန့်လိုက်ပါလော။ တတောမာနာဘိသမယာ။ ထိုမာနကို လွှန် မြောက်ခြင်းကြောင့်၊ ဥပသန္တာ။ ကိလေသာဘေးငြိမ်း၊ အေး ချမ်းငြိမ်သက်သည်ဖြစ်၍၊ စရိဿသိ၊ သွားလာကျက်စားရလတ့ံ သတည်း၊ ချစ်သို့။

အို-ချစ်သို့ အဘိရူပနန္ဒာ၊ အလုံးစုံသောတရားတို့၏ အမြဲမရှိ ခြင်းဆိုတဲ့ အနိစ္စသညာကို ပွားများလိုက်ပါလော။ ငါငါဟူ၍ တလူလူ တက်ကြွနေတဲ့ မာန်မာနကိုလဲ၊ စွန့်ပယ်လိုက်ပါလော။ မာနကို လွှန်မြောက်ပါလျှင်၊ ကိလေသာကင်းဝေး၍၊ ချမ်းအေး ငြိမ်သက်ခွင့်ကို ရလိမ့်မယ်-ချစ်သို့။

ဗုဒ္ဓ သို့ကလိုဝိပဿနာတရားကိုဟောကြားတော်မူပြီးတဲ့အဆုံး မှာပင်၊ အဘိရူပနန္ဒာသည်၊ ပါရမီဉာဏ် ရင့်သန်ခဲ့ပြီးသူဖြစ်တဲ့ အတိုင်း၊ ငုံဆိုင်းလေးဖင့်ခြင်းမရှိဘဲ၊ အရဟတ္တဖိုလ်သို့ရောက်၍၊

ရဟာန္တာဖြစ်သွားပါရော။ ။လွှယ်မယ်လို့လွှယ်တော့လဲ၊အတော်ဘဲလွှယ်တာပေါ့နော်၊ပါရမီရှိပြီးသဲ့သူပေကိုး၊အလွှယ်တကူနှင့်ကျွတ်တမ်းကိုယူနိုင်တာပေါ့။

အဘိရူပနန္ဒာသည်၊ ရဟန္တာဖြစ်ပြီးတဲ့ အခါ၊ ပုဗ္ဗေနိဝါသဉာဏ်ဖြင့်၊ ရှေးရှေးဘဝ အဖြစ်အပျက်တွေကို ဆင်ခြင်တော်မူသည်တွင်၊ အမှန်အတိုင်းသိမြင်တဲ့ အတွက်၊ အမျိုးသို့မျိုးကို သဒ္ဓါတရား ဖြစ်ပေါ် ကြစေရန်၊ မိမိကိုယ်တိုင် ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်များကို၊ ဥဒါန်းကျူးရင့်ကာ ဟော ကြား တော် မူသတဲ့။ ။ဤကဲ့သို့ အဘိရူပနန္ဒာကိုယ်တိုင်၊ ဥဒါန်း ကျူးရင့်၍ ဟောတော်မူတဲ့ အပဒါန်ဂါထာများကို၊ သဒ္ဓါတရား တိုးတက်ကြစေရန်၊ ဆိုင်ရာ,ဆိုင်ရာ,လိုရင်းကို ကောက်နှုတ်၍ ဘော်ပြလိုက်ပါသတည်း။

(၁) နဂရေ ဗန္ဓုမတိယာ၊ ဗန္ဓုမာနာမ ခတ္တိယော။
တဿရညော ဟံ ဘရိယာ၊ ဝါရိတံ ဝါရယိ မဟံ။

(၁) အတိတေ။ ရှေးလွန်လေပြီးသောအခါ၌။ ဗန္ဓုမတိယာ။ ဗန္ဓုမတီအမည်ရှိသော။ နဂရေ။ မြို့တော်ကြီး၌။ ဗန္ဓုမာနာမ။ ဗန္ဓုမာအမည်ရှိသော။ခတ္တိယော။ ဘုရင်မင်းမြတ်သည်။အာသိ။ ဖြစ်ခဲ့လေသတည်း။ တဒါ။ ထိုအခါ၌။ အဟံ။ အကျွန်ုပ်သည်။ တဿ ရညော။ ထိုဗန္ဓုမတီမင်းကြီး၏။ ဘရိယာ။ တောင်ညာတင်ထား၊ မိဖုယားကြီးသည်။ အာသိံ။ ဖြစ် ခဲ့ ပါ သ တည်း။ ဝါရိတံ။ မိန်းမအပေါင်းတို့ စောင့်ရှောက်လိုက်သော အကျင့်များကိုလည်း။ ဝါရယိံ။စောက်ရှောက်ကျင့်သုံးခဲ့ပါသတည်း။

(၂) ရဟောဂတာ နိသီဒိတ္ဝာ၊ ဧဝံစိန္တေသိံ တာဝဒေ၊
ကုသလံ မေ ကတံ နတ္ထိ၊ အာဒါယ ဂမိယံ မမ။

(၂) တာဝဒေ။ ထိုအခါ၌။ အဟံ။ အကျွန်ုပ်သည်။ ရဟောဂတာ။ဆိတ်ငြိမ်ရာသို့ကပ်လျက်။နိသီဒိတွာ။ထိုင်၍။မေ။ငါအား။

ကတာံ၊ ကောင်းစွာပြုအပ်သော၊ ကုသလံ၊ ကုသိုလ်ကောင်းမှုသည်၊ နတ္ထိ၊ မရှိပါတကား၊ မမ၊ ငါ့အား၊ အာဒါယ၊ နောင်သံသရာသို့ ယူဆောင်၍၊ ဂမိယံ၊ ခရီးဆောင်ရိက္ခာသည်၊ နတ္ထိ၊ မရှိပါတကား၊ ဧဝံ၊ ဤသို့၊ စိန္တေသိံ၊ ကြံစည်မိပါသတည်း။

(၃) ဧဝါဟံ စိန္တယိတွာန၊ ပဟံသေတွာန မာနသံ။
ရာဇာနံ ဥပဂတွာန၊ ဣဒံ ဝစန မဗြဝိံ။

(၃) အဟံ၊ အကျွန်ုပ်သည်၊ ဧဝံ၊ ဤသို့၊ စိန္တယိတွာန၊ ကြံစည်ပြီး၍၊ မာနသံ၊ မိမိစိတ်နှလုံးကို၊ ပဟံသေတွာန၊ ရွှင်လန်းစေ၍၊ ရာဇာနံ၊ ဗန္ဓုမတီ မင်းကြီး ထံ သို့၊ ဥပဂတွာန၊ ချဉ်းကပ်၍၊ ဣဒံ ဝစနံ၊ ဤစကားကို၊ အဗြဝိံ၊ လျှောက်တင်ပါသတည်း။

(၄) ဣတ္ထိနာမ အဟံ ဒေဝ၊ ပုရိသာနုဂတာ သဒါ။
ဧကံမေ သမဏံ ဒေဟိ၊ ဘာဝယိဿာမိ ခတ္တိယ။

(၄) ဒေဝ၊ အရှင်မင်းကြီး၊ အဟံ၊ အကျွန်ုပ်သည်၊ ဣတ္ထိနာမ၊ မိန်းမဖြစ်ရပါသဖြင့်၊ သဒါ၊ အခါခပ်သိမ်း၊ ပုရိသာနုဂတာ၊ ယောကျ်ားအလိုသို့သာ၊ လိုက်ပါ၍နေရပါသတည်း၊ ခတ္တိယ၊ အရှင်မင်းမြတ်၊ ဧကံသမဏံ၊ ရဟန္တာ အရှင်မြတ် တပါးကို၊ ဒေဟိ၊ သနားချီးမြှင့်တော်မူပါ၊ ဘာဝယိဿာမိ၊ ဆွမ်းကျွေးလှူဒါန်းလိုပါသည်ဘုရား။

(၅) အဒါသိ မေ တဒါ ရာဇာ၊ သမဏံ ဘာဝိတိန္ဒြိယံ။
တဿ ပတ္တံ ဂဟေတွာန၊ ပရမန္နေန ပူရယိံ။

(၅) တဒါ၊ ထိုသို့လျှောက်ထား၊ တောင်းပန်သောအခါ၌၊ ရာဇာ၊ မင်းကြီးသည်၊ မေ၊ အကျွန်ုပ်အား၊ ဘာဝိတိန္ဒြိယံ၊ ပွါးများဆုံးမအပ်ပြီးသောဣန္ဒြေရှိသော၊ သမဏံ၊ ရဟန္တာ အရှင်မြတ် တပါးကို၊ အဒါသိ၊ သနားချီးမြှင့်တော် မူပေးသတည်း၊ အဟံ၊ အကျွန်ုပ်သည်၊ တဿ၊ ထိုရဟန္တာအရှင်မြတ်၏၊ ပတ္တံ၊ သပိတ်

တော်ကို၊ ဂဟေတွာန၊ ယူ၍၊ ပရမန္နေန၊ မွန်မြတ်သောဆွမ်း ဖြင့်။ ပူရယိံ။ လောင်းလှူလုပ်ကျွေးပါသတည်း။

(၆) ပူရေတွာ ပရမံအန္နံ၊ သဟဿဂ္ဃနကေန တာ။
ဝတ္ထယုဂေန ဆာဒေတွာ။ အဒါသိံ တုဋ္ဌမာနသာ။

(၆) ပရမံအန္နံ၊ မွန်မြတ်သော ဆွမ်းဘောဇဉ်ကို၊ ပူရေတွာ၊ လောင်းလှူပြီး၍၊ အဟံ၊ အကျွန်ုပ်သည်၊ သဟဿဂ္ဃနကေန၊ အသပြာ တထောင်ထိုက်သော၊ ဝတ္ထယုဂေန၊ သင်္ကန်းလျာ ပုဆိုး အစုံဖြင့်၊ ဆာဒေတွာ၊ ဖုံးလွှမ်း၍၊ တုဋ္ဌမာနသာ၊ ရွှင်လန်း ဝမ်းမြောက်သောစိတ်ဖြင့်၊ အဒါသိံ၊ ပေးလှူခဲ့ပါသတည်း။

(၇) တေနကမ္မေန သုကတေန၊ စေတနာ ပဏိဓီဟိ စ။
ဇဟိတွာ မာနုသံဒေဟံ၊ တာဝတိံသ မဂစ္ဆဟံ။

(၇) သုကတေန၊ ဝမ်းမြောက်ဝမ်းသာ ကောင်းစွာပြုလုပ်ခဲ့သော၊ တေနကမ္မေန စ၊ ထိုကုသိုလ်ကံကြောင့်ရင်း၊ စေတနာ ပဏိဓီဟိ စ၊ ဆုတောင်းစေတနာတို့ကြောင့်ရင်း၊ မာနုသံဒေဟံ၊ လူ့ဘဝကို၊ ဇဟိတွာ၊ စုတေကာပယ်စွန့်ခဲ့၍၊ အဟံ၊ အကျွန်ုပ်သည်၊ တာဝတိံသံ၊ တာဝတိံသာ၊ နတ်တို့ရွာသို့၊ အဂစ္ဆိံ၊ သွားရောက်ခံစားရပေသတည်း။

(၈) သဟဿ ဒေဝရာဇူနံ၊ မဟေသိတ္တ မကာရယိံ။
သဟဿ စက္ကဝတ္တီနံ မဟေသိတ္တ မကာရယိံ။
ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနတော အသင်္ခိယံ။

(၈) တေနကမ္မေန၊ ထိုကုသိုလ်ကောင်းမှုကြောင့်၊ သဟဿ ဒေဝရာဇူနံ၊ တထောင်သော နတ်မင်းကြီးတို့၏၊ မဟေသိတ္တံ၊ နတ် မိဖုယား ကြီးအ ဖြစ် ကို၊ အ ကာ ယိံ၊ ပြု ခဲ့ ရ ပေ ၏၊ မဟောသစက္ကဝတ္တီနံ၊ တထောင်သော စကြ ဝတေးမင်းတို့၏၊ မဟေသိတ္တံ၊ အသျှင်မိဖုယားခေါင်ကြီးအဖြစ်ကိုလည်း၊ အကာရယိံ

ပြုခဲ့ရပေသတည်း၊ပဒေသရဇ္ဇံ၊ ပဒေသရာဇ်မင်းဘို့၏၊မိဖုယားကြီး အဖြစ်သည့်မှုကား၊ ဝိပုလံ၊အလွန်တရာများလှပါ၏၊ဂဏန တော၊ တွက်ကိန်းသင်္ချာအားဖြင့်၊ အသင်္ချယံ၊မကုန်ခန်းအောင်ပင်ဖြစ်ပါ သတည်း။

(၉) ဥပ္ပလသောဝ မေဝဏ္ဏော၊အဘိရူပါ သုဒဿနာ။
ရှတ္တိ သဗ္ဗင်္ဂသမ္ပန္နာ၊အဘိဇာတာ ဇုတိန္ဓရာ။
ပစ္ဆိမေ ဘဝသမ္ပတ္တေ၊ဇာတာယံ သာကိယေ ကုလေ။

(၉) မေ။အကျွန်ုပ်၏၊ ဝဏ္ဏော။ အဆင်းသည်၊ ဥပ္ပလသ။ ကြာပန်း၏၊ဝဏ္ဏောဣဝ။ အဆင်းနှင့်တူသည်သာတည်း။ သဗ္ဗင်္ဂသမ္ပန္နာ။ ကောင်းမွန်မြင့်မြတ်စွာ၊ အင်္ဂါလက္ခဏာအမျိုးမျိုးနှင့်ပြည့်စုံသော၊ရှတ္တိ။မိန်းမမြတ်သည် ဟုတ္တာ။ဖြစ်ရ၍၊ အဘိရူပါ။လွန်စွာအဆင်းလှပေ၏။ သုဒဿနာ။ မြင်တိုင်း ရှုချင်စဘွယ်၊တင့်တယ်သောကြက်သရေနှင့်လည်းပြည့်စုံပေ၏။အဘိဇာတာ၊အမျိုးကောင်းတို့၌သာ ဖြစ်ရသည်ဖြစ်၍၊ဇုတိန္ဓရာ။ကိုယ်ရောင်၊ဂုဏ်ရောင်, ကိုလည်း၊ ဘဝတိုင်း ဆောင်ခဲ့ရပေ၏။ ပစ္ဆိမေ ဘ ဝ သ မ္ပ တ္တေ။ အဆုံး စွန် ဘ ဝ သို့ ရောက် သော အ ခါ ၌၊ သာကိယေကုလေ၊ သာကီဝင်အမျိုး၌၊ အဇာယိံ။ ဖြစ်ခဲ့ရပေသတည်း။

(၁၁) ဘဝါဘဝေ သံသရိတွာ၊သုက္ကမူလေန စောဒိတာ။
အမနာပံ နပဿာမိ။သောမနဿ ကတပ္ဖလံ။

(၁၀) သုက္ကမူလေန။ဖြူစင်သန့်ရှင်း၊ ဈေးကုသိုလ်ကံအရင်းသည်၊ စောဒိတာ။ နှိုးဆော်ချီးပင့်အပ်သည်ဖြစ်သောကြောင့်၊ ဘဝါဘဝေ။ ဘဝအမျိုးမျိုး၌၊ သံသရိတွာ။ ကျင်လည်ခဲ့သည်ရှိသော်၊အမနာပံ။မနှစ်သက်ဘွယ်တည်းဟူသော အနိဋ္ဌာရုံများကို၊နပဿာမိ။ တရန်တဆစ်မျှ မမြင်ခဲ့စဘူးပါ။ဤကား၊ ဤသို့မနှစ်သက်ဘွယ် မမြင်ရခြင်းသည်။သောမနဿကတပ္ဖလံ။ ငွင်လန်းဝမ်းမြောက်စွာ ပြုလုပ်ခဲ့သော ကုသိုလ်ကံ၏ အကျိုးထူးပေတည်း။

ဤဂါထာများကား၊ အဘိရူပနန္ဒာထေရီဥဒါန်းကျူးရင့်သော အားဖြင့်၊ ဟောကြားအပ်သော အပဒါန်ဂါထာတော်များပေတည်း။

### (၁) အဘိရူပနန္ဒာထေရီ ပြီး၏။

(မှာထားချက်)။ ။ဤဝတ္ထုသည်၊ ဘုရားရှင်၏ နှမတော် "ရူပနန္ဒာ"မည်သော ဇနပဒကလျာဏီဝတ္ထုနှင့် ခပ်ဆင်ဆင်တူ၏။ ဇနပဒကလျာဏီ ဝတ္ထုမှာ၊ နောက်၌ထင်ရှားစွာ ပါရှိလတ္တံ့။

---

ဒုကနိပါတ်

### (၂) အဍ္ဎကာသီဝတ္ထု။

ယခုဘဒ္ဒကပ်ကမ္ဘာ၊ ကဿပရှင်တော်ဘုရား၏၊ ဖွဲ့လက်ထက်တော်အခါ၊ အမျိုးသမီးကလေး တယောက်ဟာ၊ အချိန်အရွယ်ရောက်လာတော့၊ သာ သ နာ တော် ကို ကြည် ညို တဲ့ အတွက်၊ အိမ်ရာမထောင်ဘဲ၊ လူ့ဘောင်မှခွါရှောင်ပြီး၊ ဘိက္ခုနီမပြုလုပ်သတဲ့။ သဒ္ဒါတရားနှင့်ပြည့်စုံစွာ ရ ဟန်း ပြု လာ တဲ့ အတွက်။ အ ကျင့် သိ က္ခာ မှာ လဲ လွန် စွာ ပြည့် စုံ တယ်။ ။သို့ ရာ တွင် စိတ်ကလေးကခပ်ထက်ထက်၊ နှုတ်ကလေးက ခပ်သွက်သွက်ဖြစ်နေတော့ အပြောအဆိုများကတော့ ဖိုးဖိုး ဇတ်ဇတ်နှင့် ခပ်ထန်ထန်ပြောဆိုလေ့ရှိသတဲ့။

တနေ့သောအခါ၊ အာသဝေါကုန်ခန်း၍၊ ရဟန္တာအဖြစ်သို့ ရောက်တဲ့ ပဋိသမ္ဘိဒါပတ္တ ဘိက္ခုနီမကြီး တပါးအပေါ်မှာ၊ အမျက်ဒေါသဖြစ်ပွားလေရာ၊ မိမိနှုတ်ကို မစောင့်စည်း, မချုပ်တည်း,နိုင်ဘဲ၊ လွှတ်ခနဲ "ပြည့်တန်ဆာမကြီး" ရယ်လို့ ဆဲဆိုလိုက်မိသတဲ့။

အလွန် ဆိုးဝါးတဲ့ ဝစီကံကြီးပေါ့၊ ရဟန္တာအစစ်ဖြစ်တဲ့ ဘိက္ခုနီမကြီး ကို၊ ဒေါသ စိတ် နှင့် စွပ် စွဲ မိ တာ ဖြစ် တော့ "အရိယူပဝါဒ" ကံကြီး သင့်သွားတာပေါ့။ ။ရဟန္တာကို

ဆဲဆိုစွပ်စွဲတဲ့ အရိယူပဝါဒကာံဆိုတာ၊ လွန်စွာ ကြီးကျယ်တာကလား၊ မဂ်ဖိုလ်ကိုလဲ တားဆီးနိုင်တယ်၊ သေသည့်မှနောက်၊ ယုံမှားဘွယ်မရှိဘဲ၊အပါယ်ငရဲသို့ အတင်းဆွဲချနိုင်တယ်၊ လွန်စွာကြောက်ဘို့ ကောင်းပေတာပေါ့၊ ဝစီကံထဲမှာဖြင့် အဆိုးဝါးဆုံးကြီးပါဘဲ။

အဲ-သို့ကလို ရဟန္တာဘိက္ခုနီမကို ''ပြည်တန်ဆာမကြီး'' လို့၊ စွပ်စွဲ ဆဲရေးမိတဲ့ ကံကြောင့်၊ ထိုဘိက္ခုနီမကလေးမှာ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို မရနိုင်ဘဲ၊ ပုထုဇန်အဖြစ်နှင့်သား၊ အသက်အတိုင်းနေ၍၊ စုတေသွားရရှာတယ်။ ။သေသည့်မှနောက်၊ မိမိကြူးလွန်မိခဲ့တဲ့ ဝစီကံဆိုးကြီးက၊ အပါယ်ငရဲသို့ အတင်းဆွဲချနိုင်တဲ့ အတွက်နှစ်ပေါင်းကြာရှည်စွာ၊ အပါယ်ငရဲမှာတရှဲရှဲနှင့် ခံနေရရှာသတဲ့။ ။ကံအရှိန်ကုန်လို့ အပါယ်ငရဲမှလွတ်ပြန်တော့လဲ နှုတ်ကြူး နှုတ် လွန် ဖြစ် တဲ့ ဝစီကံ အကျက်ကြောင့်၊ဘဝတိုင်း,ဘဝတိုင်းမှာ။ပြည့်တန်ဆာမ အဖြစ်သို့သာ၊ ရောက်ရရှာတော့တယ်။ စကားတခွန်း မှောက် မှား တာ နှင့်၊ များလှစွာသောဘဝတို့ပတ်လုံး၊ရှုံးခြင်းကြီးရှုံးရရှာတာပေါ့နော်။

ကြောက်စရာ အလွန်ကောင်းစွတကား၊မိမိတို့နှုတ်လျှာများဟာ၊မိမိကိုပြန်ပြီး ဒုက္ခကြီးကို ပေးတတ်တယ်။ ။သူတပါးတို့အား၊မဟုတ်မတရား စွပ်စွဲခြင်း၊ကြမ်းတမ်းယုတ်မာစွာ ဆဲရေးခြင်း၊ အပျက်အချော်၊ သရော်ပြောင်လှောင်၍ ပြောဆိုခြင်းကို၊ အလျှဉ်းပင် ရှောင်သင့်ကြပေတယ်။ ။မိမိတို့ဝစီကံက မိမိဘက်ကိုပြန်၍ အကျိုးပေးပြီဆိုမှဖြင့်၊ လှလှကြီး ဒုက္ခတွေတတ်ထာမျိုးဘဲ၊

သူတပါးကို ဒေါသစိတ်နှင့်၊ကျွန်ရယ်လို့ဆိုလျှင်၊ နောင်အခါမိမိကိုယ်တိုင် ကျွန်ဖြစ်တတ်တယ်၊ခွေးရယ်လို့ ဆိုလျှင်၊မိမိကိုယ်တိုင် ခွေးဖြစ်တတ်တယ်။ ။ဒွန်း စ ဏ္ဍား ရယ် လို့ ဆို လျှင်၊ မိမိကိုယ်တိုင် ဒွန်းစဏ္ဍားဖြစ်တတ်တယ်၊ ''တူသောအကျိုးကိုပေးတယ်''ဆိုတာ ၊သည်လိုသဘောမျိုးတွေကို ဆိုတာပေါ့။

''ဝင်္ဂအမြဲ-ငရဲအပ''ဆိုတဲ့ ရှေးလူကြီးတို့၏မှတ်တမ်းစကား တခုလဲရှိဘယ်၊ မိမိ ပြုလုပ် ပြောဆိုတဲ့ အကုသိုလ်များဟာ၊ ဂုဏ်အားလျော်စွာ အခွင့်သာလျှင် ငရဲဘေးမှ လွတ်ချင် လွတ်လိမ့် အုံးမယ်။ ဝင်္ဂပိပါက်ကတော့ မလွတ်နိုင်ဘူးတဲ့။ ။အခြား ပုဂ္ဂိုလ်ကို မဆိုထားပါနှင့်၊ သုံးလောကထွတ်ထား၊ ရှင်တော် မြတ်ဘုရားကြီးသော်မှ ပိပါက်တော်(၁၂)ပါးကို ခံရကြောင်း များနှင့် အပဒါန်ပါဠိတော်ကြီးမှာ၊ ထင်ရှားစွာ ပြဆိုထားတာ ကလား''။

အထူးသတိပြုသင့်တာက၊ သက်ကြီး, ဝါကြီး,တို့အား၊ထိထိ ပါးပါးမပြောဘို့၊ရဟန်းတော်အရှင်မြတ်တို့အား၊ ထိထိပါးပါး မပြောဘို့၊ သည်အရေးအရာကို များစွာ သတိပြုသင့်ကြပေ တယ်။ဝစီကံဆိုတာ လွန်စွာကြောက်ဘို့ကောင်းသနေဘ်။

ပြည့်တန်ဆာမဝင်္ဂလိုက်လာတဲ့ အမျိုးသွီးကလေးဟာ၊ ယခု ရှင်တော်မြတ်ဘုရား လက် ထက် တော် သို့ ရောက် လာ တော့၊ ကဿပတိုင်း၊ ဗာရာဏသီမြို့တော်ကြီးမှာ၊ ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးရဲ့သွီးကလေးဖြစ်လာတယ်။ ကဿပရှင်တော်ဘုရား လက်ထက်တော်ကဘိက္ခုနီမပြုလုပ်ပြီး သီလသိက္ခာကိုကောင်း စွာ စောင့်သုံးခဲ့ဘူးတဲ့ကံကြောင့်၊ သူဌေးသွီးကလေး ဖြစ်လာတဲ့ အခါ၊ ရုပ်ဆင်းအင်္ဂါနှင့်ပြည့်စုံ၍၊ အပုံကြီး ချောမွန်လှပတယ်။ ဗာရာဏသီ မြို့တော်မှာ အကျော်အမော်တဦးပေပေါ့၊ မြင်မြင် သမျှ လူတိုင်းကပင်၊ ပိုင်းလို့အံသြကြရသတဲ့။

သည်နေရာမှာ ပြည့်ဘန်ဆာမအကြောင်းကို၊ပြဆိုရန် ရှိပေ သည်။ ။ရှေးအခါ ဇမ္ဗူဒီပနိုင်ငံကြီးမှာ၊ ထင်ရှားတဲ့မြို့ကြီးတွေ မှန်သမျှ၊ ပြည့်ဘန်ဆာမများကို၊ ထားကြစမြဲ ဖြစ်တယ်။ ။ ကျော်စောတဲ့ ပြည့်တန်ဆာမ ရှိတဲ့မြို့များဟာ သာယာစည်ပင် ခြင်းသို့ရောက်သတဲ့။

သာမညမိန်းမများကိုလဲ၊ ပြည့်တန်ဆာမ အရာကို ပေးပြီး၊ ထားရတာမျိုးမဟုတ်ဘူး၊ အမျိုးလဲ ကောင်း ရ မယ်၊ ပဥ္စည်းလဲ

ပေါ်ရမယ်၊ပြောလောက်,ဆိုလောက်,ချီးမွမ်းလောက်,အောင်လဲ၊ လှပချောမွန်ရမယ်၊ ယောကျာ်းတို့နားမှာ၊ ပျားသကာလိုချိုမြိန် နူးညံ့တဲ့စကားကိုလဲ၊ ပြောဆိုတတ်ရမယ်၊ အမူအရာယဉ်ကျေး သိမ်မွေ့ရမယ်။ အဲ—သည့်လိုဂုဏ်နှင့်ပြည့်စုံတဲ့ သွီးကညာကိုမှ၊ ပြည့်တန်ဆာမရာထူးဖြင့်၊ ချီးကျူးမြှောက်တင်ကြရတယ်။ ။ သည့်တုန်းအခါကတော့၊ ပြည့်တန်ဆာမတို့ခေတ်ဟာ၊ လွန်စွာ ကောင်းတာပေါ့။ ။သာမန်မျှဂုဏ်ရှိတဲ့ ယောကျာ်းများလဲ၊ ပြည့်တန်ဆာမ အနားသို့ မကပ်နိုင်ကြဘူး၊ မင်းဧကရာဇ်များ၊ မင်းသားများ၊ သူဌေးကြီးများ သည့်လို ဂုဏ်ရှိတဲ့ လူများမှ၊ ပြည့်တန်ဆာမအနားသို့ကပ်နိုင်ကြတယ်။

နိုင်ငံတကာက၊လာလာသမျှ ဂုဏ်အရှိဆုံးဆိုတဲ့ အညွန့်အဖူး တွေနှင့် ဆက်ဆံနေရတဲ့အတွက်ကြောင့်၊ ပြည့်တန်ဆာမများ ဟာလဲ၊ လွန်စွာဂုဏ်ရှိကြတာပေါ့။ ။''အမ္ဗပါလိကာ'' မှစ၍၊ ပြည့်တန်ဆမတို့၏ အကြောင်းတွေကို၊ ကျမ်းဂန်တို့၌ ဆိုကြ တာတွေ ဲ၊ အထင်အရှားပေပေါ့၊ ''ဇီဝက''ဆိုတဲ့ နိုင်ငံကျော် ဆေးဆရာကြီးဟာ ဲ၊ပြည့်တန်ဆာမရဲ့သားပေါ့။ ။ပြည့်တန် ဆာမများကိုလဲ တန်ဘိုးထားပြီး၊ တနေ့လျှင် မည့်ရွေ့ မည့်မျှ ရယ်သို့၊ ပြဋ္ဌာန်းချက်နှုန်းများ ဲ ရှိတယ်။ နှုန်းဆိုတာ ဲနဲတာ မဟုတ်ဘူး၊ ငါးရာ, တထောင်မှစ၍၊ ပြည့်တန်ဆာမ၏ ဂုဏ် ကြက်သရေကို ထောက်ထားပြီးဆုံးဖြတ်ကြရတာ်။

ပါဠိဘာသာ အားဖြင့်၊ ပြည့် တန် ဆာ မ များ ကို ''နဂရ သောဘိနီ'' လို့ ခေါ်တယ်။ ။ဝိဂြိုဟ်ဆိုရပါလျှင်။ ။နဂရံ သောဘေတီတိ နဂရ သောဘိနီ။ ။ယာ၊ အကြင် သွီးကညာ သည်၊ နဂရံ၊မြို့ကို၊ သောဘေတိ၊ တင့်တယ်စည်ကားစေနိုင်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်၊ သာ၊ ထို သွီး ကညာ သည်၊ နဂရ သောဘိနီ၊ နဂရသောဘိနီမည်သတည်း။

အဲ့ သို့ကလို ဝိဂြိုဟ်ဆိုပြီး၊ မြို့ကိုတင့်ဘယ် စည်ပင်စေတတ် သော တန် ဆာ သ ဘွယ် ဖြစ် သော ကြောင့်၊ ပြည့် ထန် ဆာ မ

ရယ်လို့ ခေါ်သတဲ့၊မြန်မာဘာသာအားဖြင့်၊ရှေးဆရာကြီးများ၊ ပြည်ကြီးမျက်ရှု, ပြည့်ကြီးဒါသီ, ရယ်လို့ ခေါ် ဆိုသ မှတ် ကြပေတယ်။ ။ပြည့်တန်ဆာမခေတ်ကောင်းတဲ့အခါမှာ၊တိုင်းရှင်, ပြည့်ရှင်, ဘုရင်မင်းများကပင်၊ မြိမြိ စံ နေ တဲ့ မြို့ ကို၊ စည်ပင်သာယာစေလိုတဲ့ အတွက်၊ပြည့်တန်ဆာမများကို၊အထူးသဖြင့် ရွေးချယ်ကာ၊ ခန့်ထားလေ့ရှိကြပေသပေါ့။

လက်စရှိခဲ့တဲ့ ဝတ္ထုကြောင်းကို ဆက်အုံးစို့၊ ဗာ ရာ ဏ သီ နေပြည်တော်ကြီးမှာ၊ ပြည့်တန်ဆာမ–ဖြစ်ထိုက်တဲ့ သို့ကညာကို၊ ရွေးချယ်တဲ့အခါ၊ ပြ ဆို ခဲ့ တဲ့ အမျိုးသို့ကို၊သဘောတူကြသဘဲ့။ ။အများသ ဘော တူပေမယ်လို့၊ သို့ကညာက ငြင်းပယ်လျှင်လဲ၊ အတင်းပြည့်တန်ဆာမ လုပ်ရန်တိုက်တွန်းရတာမျိုးလဲ မဟုတ်ပေဘူး၊ ကာယကံရှင် ကိုယ်တိုင်က သဘောကျမှလဲ၊ ပြည်တန်ဆာမအဖြစ်သို့တင် မြှောက်ခန့်ထားလေ့ရှိကြပါတယ်။

အဲ-သို့ကလို ပြည်တန်ဆာမဖြစ်ရန် ရွေးချယ်ကြတော့၊ မိဘလုပ်လဲ့သူဌေးများကတော့ မနှစ်သက်ဘူးပေါ့လေ။ သို့ရာတွင်၊ သို့ကို မေးမြန်းကြည့်တော့၊ ငြင်းပယ်ခြင်းမရှိဘဲ၊ ‘ကျွန်မ-ပြည့်တန်ဆာမဖြစ်လိုပါတယ်’’ လို့ ပြောသတဲ့။ ။ကဲ-စဉ်းစားကြည့်စမ်းပါ။ ဟို-ရှေးတုန်းက၊ ကံအငွေ့အသက်က နှိုးဆော်တော့၊ သူ့ကိုယ်တိုင်ကပင် သဘောကျရတယ်။ ။ဘဝဘဝက ပြည့် တန် ဆာ မ လုပ် ခဲ့ တဲ့ အထုံပါလာ‌တော့၊ ဝါသနာလဲ မကင်းဘူးပေါ့လေ။

အဲ သို့ကလို သူဌေးသို့ကိုယ်တိုင်က၊ သဘောတူဝန်ခံချက်ပေးတဲ့အတွက်ကြောင့်၊ဘုရင်မင်းမြတ်နှင့်တကွ၊ တပြည်လုံးကပင် သူဌေးသို့ကို ပြည့်တန်ဆာမအဖြစ်ဖြင့်၊ သမုတ်လိုက်ကြတယ်။ပြည့်တန်ဆာမရဲ့ အဆောင်အရွက်များဟာလဲ သေးသိမ်တာမဟုတ်ဘူး။မင်းညီမင်းသား, ဆွေတော်,မျိုးတော်များ စံနေတဲ့ ဘုံနန်းပြာသာဒ်နှင့်တူစွာ၊ ကြီးကျယ်ခန်းနားတဲ့ ဘုံဗိမာန်ကိုလဲ ပေးရတယ်။ မြူးတူးပျော်ပါး လှည့်လည်သွားလာရန်။ လှပ

ဆန်း ကြယ် တဲ့ ဥယျာဉ်ကြီးကိုလဲ ပေးရတယ်။ ယာဉ်ရထား, အစေခံ,ကျေးကျွန်များကိုလဲ ပေးရတယ်။ အတော်ကြီးကျယ်တဲ့ အဆောင် အရွက်ဘွေပေါ့။

ထိုသူဌေးသို့းရဲ့တန်ဘိုးနှုန်းကို ဆုံးဖြတ်ကြတော့၊ တိုင်းသူပြည်သား၊လူအများသို့က ဘယ်လိုပြောဆိုကြသလဲလို့ဆိုတော့၊ ''သည့်-သူဌေးသို့းဟာ၊ ချပ်ဆင်းအင်္ဂါနှင့် လွန်စွာ ပြည့်စုံ၍ နတ်သို့းပမာ၊ မိန်းမရတနာ ဆိုထိုက်ပါပေတယ်။ ကာသိတိုင်းကြီး တတိုင်းလုံး၏ အဘိုးနှုန်းကို ထားသင့်ပါတယ်။ ပြည်တန်တဲ့ မိန်းမရတနာ ဖြစ်ပါပေတယ်''လို့ တညီ တညွတ် တည်း ပြောဆိုကြသတဲ့။

သည့်လိုပြောဆိုကြတော့ ''ကဲ-သည့်အတိုင်းပင် အဘိုးဖြတ်ကြရို၊ကာသိတိုင်းသည်၊ တနေ့-တနေ့လျှင် ဘုရင်မင်းမြတ်၏ အတွက်၊ အခွန်တော် ဘယ်မျှ ဆက်နိုင်သလဲ'' သို့အတွက်စစ်ကြတဲ့အခါ၊ ဘုရင်မင်းမြတ်၏ သုံးစွဲရန် ဘဏ္ဍာတော်အဖြစ် ဆက်သရသော အခွန်တော်မှာ၊ တနေ့-တနေ့လျှင်၊ တထောင်, တထောင်ဖြစ်သောကြောင့်၊ သူဌေးသို့းကိုလဲ နာရီ(၆၀)ဖြစ်တဲ့ တနေ့နှင့်တညဉ့်အတွက်၊ အဘိုးနှုန်းအသပြာတထောင် ထားရမယ်လို့ ဆုံးဖြတ်လိုက်ကြတယ်။ ။ထိုနေ့ကစပြီး သူဌေးသို့း ဖြစ်တဲ့ပြည်ဘန်ဆာမကို''မယ်ကာသိ''ရယ်လို့ခေါ်ဆိုကြသတဲ့။

(မှတ်ချက်။ ။ကာသိ-သဒ္ဒါသည်၊ တထောင်ကို ဟော၏။ တနေ့လျှင် အဘိုးတထောင်ထိုက်သောပြည်တန်ဆာမဟု ဆိုလိုသည်။) မယ်ကာသိနှင့်အတူတကွ၊ မြူးတူးလိုကြတဲ့ ယောကျ်ားများဟာ၊တနေ့-တနေ့အဘိုးနှုန်းအားဖြင့်၊ တထောင်,တထောင် ပေးပြီး မွေ့လျော်ကြရသတဲ့။ ။ထို ခေတ် ကာ လ မှာ၊ ဘုရင်မင်းမြတ်မှာလဲ၊တနေ့ တနေ့လျှင် အခွန်ဘဏ္ဍာတော် တထောင်, တထောင် ရတယ်။ မယ်ကာသိမှာလဲ တထောင်, တထောင် ရတယ်ဆိုတော့၊ ဘုရင်နှင့် မယ်ကာသိဟာ၊ အသပြာငွေဝင် အားဖြင့် အတူတူဖြစ်နေတာပေါ့လေ။)

သည့်နေရာမှာအခွန်ဘဏ္ဍာနှင့်စပ်လို့ အနည်းငယ်ပြောဘို့ရှိပေတယ်။ ။ဤထေရီကျမ်း အလိုအားဖြင့်၊ ရှင်တော်ဘုရားလက်ထက်တော်အခါ၊ ကာသိတိုင်းကြီးမှ၊ တနေ့-တနေ့လျှင်အခွန်တထောင်, တထောင် ထွက်သည့်ဆိုသဖြင့်၊ တနှစ်လျှင်သုံးသိန်း ခြောက်သောင်းမျှသာ ဖြစ်တယ်။ ယခုခေတ်ကာလအခွန်တော်တွက်ပုံနှင့်စာလျှင်၊ လွန်စွာနဲနေတာပေါ့။ ။သို့ရာတွင် ရှေးလက်ထက်အခါများမှာ အခွန်တော်အကွက်နဲ့လို့ လူမွဲတွေရယ်လို့လဲမထင်မြင်ကြနှင့်၊ ထိုစဉ်အခါ၊ ဘုရင်မင်းမြတ်တို့သည်၊တိုင်းသူပြည်သားလူအများတို့အပေါ်မှာ၊ ရှာရှာဖွေဖွေအခွန်ခွဲလေ့မရှိဘဲ၊ ဉာဏ်တာလေ့ရှိတဲ့အတွက် အခွန်ဘဏ္ဍာတော်နဲတယ်လို့သာမှတ်ကြရမယ်။ အခွန်ဘဏ္ဍာတော်ခွဲခန့်ခြင်းနဲလေလေ၊တိုင်းသူပြည်သားတွေ ချမ်းသာလေလေ၊ တိုင်းနိုင်ငံသာယာလေလို့သာမှတ်ကြရမယ်။ ။နိုင်ငံမှာ ဘဏ္ဍာတွက်တိုင်းတိုင်းသူပြည်သား လူအများဆင်းရဲ၍တိုင်းနိုင်ငံညှိုးနွမ်းလေလေဖြစ်ကြောင်းကို၊သတိထားကြရမယ်။

ဒွဲ-ပြဆိုခဲ့တဲ့မယ်ကာသိဟာ၊တနေ့တနေ့လျှင် တထောင်ကိန်းတထောင်ကိန်း,နှင့် ပြည်တန်ဆာမ ရာထူးကို ခံယူ၍နေခဲ့ရာ၊ကာလ အတော်ကလေးကြာတော့၊ သူဌေး, သူကြွယ်,မင်းညီ,မင်းသား ဘိုကာ၊ညှိနှိုင်းတိုင်ပင်ပြီး၊ "တနေ့တထောင်ဆိုသည့်မှာလွန်စွာများလွန်းပါတယ်၊ ကာလကြာကြာလာတော့ မပေးနိုင်ကြတော့ဘူး။ သို့အတွက် နာရီခြောက်ဆယ်ဖြစ်တဲ့ တနေ့နှင့်တညဉ့်အတွက်၊ တထောင်ဆိုသောနှုန်းမှ ထက်ဝက်လျှော့၍ညဉ့်အချိန်ကို ဖွတ်ထားပြီးလျှင် နေထွက်, နေဝင်အထိ၊တနေ့၏ထက်ဝက်ဖြစ်သော နေ့အချိန်၌သာ၊မွေ့လျော်ကြရမယ် အချိန်ကိုထက်ဝက်လျှော့ချလိုက်တဲ့အတိုင်း၊ အဘိုးနှုန်းကိုလဲ ထက်ဝက်လျှော့၍ ငါးရာမျှသာ နှုန်းထားကြဘို့ရဲ့လို့ တိုင်ပင်ကြပြန်တယ်။

တိုင်ပင်တဲ့အတိုင်း အညီအညွတ်ပြဋ္ဌာန်းပြီး၊ ကာသိမယ်ကို၊နေ့အဘို့အတွက်၊ အသပြာငါးရာဖြင့်၊ အဘိုးနှုန်း ထားကြပြန်

တယ်။ ။ကာသိမယ်ကလဲ၊အများတို့ပြတ်ဆိုသောနှုန်းအတိုင်း အသပြာ ငါးရာနှင့်ပင် ပြည်တန်ဆာမ အလုပ်ကို၊ ဆက်လက်၍ ဆောင်ရွက်ပြန်သတဲ့။ ။အဘိုးနှုန်းထားလျှော့ချလိုက်တဲ့ အတိုင်း၊ ပြည်တန်ဆာမနှင့် ဆိုင်ရာအလုပ်ချိန်လဲ၊ လျှော့ကျသွားသဖြင့်၊ နေ့အခါ၌သာ ပြည်တန်ဆာမကိစ္စကိုဆောင်ရွက်၍၊ ညအခါမှာ တော့ ပြည်တန်ဆာမအဖြစ်မှ ကင်းလွတ်နေတယ်။ ။တနည်း အားဖြင့် တွက်ကိန်းထုတ်လိုက်တော့၊ အလုပ်ကိစ္စဝန် ပေါ့သွား တာပေါ့လေ။

အလွန်သနားစရာကောင်းတာဘဲ၊ အဘိုးနှုန်း ထား လျှော့ကျ သွားသော်လဲ၊ ပြည်တန်ဆာမအဖြစ်ကို၊ မငြီးငွေ့နိုင်သေးဘဲ၊ အလုပ်ခွင်ကိုဝင်၍ ဆက်လက် လုပ်ကိုင်လျက်ပင် ရှိရှာသေး တယ်။ရှေးကံအတွက်၊ရှေးဝိပါက် မကောင်းသဖြင့်၊ရှောင်ကွင်းလို့ မလွတ်နိုင်ဘူးပေါ့လေ။ ။ အဲ-သို့ကလို အဘိုးနှုန်းငါးရာပြင်လိုက် တော့၊ကာသိမယ်ဆိုတဲ့ ရှေးအမည်ဟောင်းမှ၊တမျိုးပြောင်းပြီး ''အဍ္ဍကာသိ'' ရယ်လို့၊ အမည်သစ်တခု တွင်လာပြန်သတဲ့။ အဍ္ဍကာသိဆိုတာ၊တထောင်ရဲ့ထက်ဝက်ဆိုလိုတာပေါ့။

အဲ-သို့ကလို ကာသိတိုင်းမှာ နှစ်လကြာရှည်စွာ ပြည်တန် ဆာမ အလုပ်ဖြင့်၊နေထိုင်တဲ့အတောအတွင်း၊ ရာဇဂြိုဟ်ပြည်က အဍ္ဍကာသိရဲ့ ဂုဏ်သတင်းကိုကြားပြန်တော့၊ သူတို့မြို့ကိုပြောင်း ၍ ပြည်တန်ဆာမရာထူးကို လက်ခံ ဆောင်ရွက်စေချင်ကြောင်း နှင့်၊တောင်းပန်ကြပြန်တဲ့အတွက်၊ ကာသိတိုင်းနှင့် ကြေနပ်စွာ ပြောဆိုပြီး၊ ရာဇဂြိုဟ်မြို့သို့ ပြောင်းရွှေ့ရပြန်တယ်၊ ရှေးကံ အကျိုးပေးများဟာအလွန်ဆန်းကျယ်တာကလား၊ပြည်တန်ဆာ မ ဘဝကပင် မလွတ်နိုင်ရှာသေးဘူး။ ကာသိတိုင်း, မဂဓ တိုင်း,တိုင်းကြီးနှစ်တိုင်း၌ ရှိကြတဲ့ မင်းညီမင်းသား, သူဌေးကြီး, များရဲ့ အလိုဆန္ဒကို၊ ပြည့်ဝအောင် ရွက်ဆောင်နေရတာပေါ့ လေ။ ။အဆင်း လှပတဲ့အတွက်၊ တပ်မက်ခြင်း တိုးပွါး၍၊ ယောက်ျားတို့ကလဲ လက်မလွှတ်နိုင်ဘဲနေကြတာဘဲ။

နိတိကျမ်းများမှာ ''အဆင်းလှတဲ့ယောက်ျားများဟာ၊ မိန်းမတို့၏ အစာ၊ အဆင်းလှတဲ့ မိန်းမများဟာ၊ ယောက်ျားတို့၏ အစာ'' သို့ကလို ပြဆိုတဲ့အချက်ဟာ၊ လွန်စွာမှန်ကန်တာကလား။

''နိတိဂါထာ''

သံရတ္တော ဝဏ္ဏဝါ ပေါသော၊ ဣတ္ထိဘက္ခော စ ဒါသကော။
သံရတ္တာ ဘိရူပါ နာရီ၊ ပုမဘက္ခာ စ ဒါသိကာ။

ဣဓ။ ဤလောက၌၊ သံရတ္တော။ တပ်မက်စဖွယ်၊ ဝဏ္ဏဝါ။ အဆင်းလှပသော၊ ပေါသော။ ယောက်ျားသည်၊ ဣတ္ထိဘက္ခော စ။ မိန်းမတို့၏အစာလည်းဖြစ်၏။ ဒါသကော စ၊ မိန်းမတို့၏ အစေခံကျွန်လည်း ဖြစ်ရချေ၏။ သံရတ္တာ။ နှစ်သက်စဖွယ်၊ အဘိရူပါ။ လွန်စွာ အဆင်းလှပသော။ နာရီ၊ မိန်းမသည်၊ ပုမဘက္ခာ စ။ ယောက်ျားတို့၏အစာလည်းဖြစ်၏။ ဒါသိကာ စ။ ယောက်ျားတို့၏ အစေခံကျွန်မလည်း ဖြစ်ရချေ၏။

အဋ္ဌကာသိ အမည်ရှိတဲ့ ပြည်တန်ဆာမဟာ၊ မိမိဆိုင်ရာ အလုပ်ကိုဆောင်ရွက်၍၊ ကာလအတော်ကြာလာတော့၊ ဝိပါက ဝဋ်မှကျွတ်လွတ်ဖို့။ အခွင့်ဆိုက်လာတဲ့အတွက် သူတော်ကောင်း တရားကို ကြားနာလိုတဲ့ဆန္ဒများ ပေါ်ပေါက်လာသတဲ့။

ထိုအခါ ဘုန်းတော် ကြီးမြတ်လှသော ရှင်တော်ဘုရား ကလဲ ထင်ရှားရှိတော်မူသဖြင့်။ တရားတော် ရောင်တို့ကလဲ ပြောင်ပြောင် ထိန်ထိန် ထွန်းလင်းနေတဲ့ အတွက်။ သူတော် ကောင်းတရားကို။ နာကြားဖို့လဲ များစွာမခဲယဉ်းလှဘူးပေါ့၊

တနေ့သောအခါ၊ အဋ္ဌကာသိပြည်တန်ဆာမသည်၊ ဘိက္ခုနီမ တို့ကျောင်းသို့သွားပြီး၊ တရားကိုနာခဲ့တဲ့အခါ၊ ကာမဂုဏ်တို့၏ အပြစ်ပေါ်၍ ဒုက္ခတောကြီးထနေပုံ၊ ကာမဂုဏ်ကို ခွါရှောင်လျှင် ချမ်းသာတောင်သို့ ဆိုက်ရောက်ပုံများကို ဟောကြားသဖြင့်၊ ပြည်တန်ဆာမကကြားနာရတဲ့တရားကို များစွာနှစ်သက်သတဲ့။

တရားကိုကြားနာပြီးတော့ ဘယ်လိုဆင်ခြင်သလဲလို့ဆိုလျှင်၊ ရှိရှိသမျှယောကျ်ား,မိန်းမ,တွေဟာ၊ကာမဂုဏ်ငါးပါးအတွက် နှစ်သက်ပွဲလမ်း၍ ငန်းငန်းတက် ဖြစ်နေကြသော ကြောင့်၊ ဒုက္ခတောကိုတိုးပြီး အမျိုးမျိုး ဆင်းရဲနေကြတာ အမှန်ဘဲ။ ကာမဂုဏ်ကိုစွန့်လျှင် ချမ်းသာခြင်းကို လက်ငင်းပင် ရရှိတော့တာဘဲ။ ။အိမ်ယာတည်ထောင်တဲ့ လူတို့ဘောင်ကို စွန့်ခွာ စွန့်ပစ်ပြီး၊ဖန်ဝါသက်န်းနှင့် ရှင်ရဟန်းပြုလုပ်နေကြတဲ့ ပုဂ္ဂိုလ်တို့မှာတော့ ပူစရာ, ပင်စရာ, ခင်မင်စရာ မရှိဘဲ၊ အဓိပတိ ချမ်းသာခြင်းသို့ ရောက်ကြပုံများလဲ အထင်အရှားကြီးဘဲ။ ။ ဩော် -ကိုယ့်အဖြစ်များကို သေချာစွာ စဉ်းစား လိုက်တော့၊ လူ့ဘောင်တွင် သူရာမဝင်အောင် ယုတ်နိမ့်တဲ့အဖြစ်ကြီးပါကလား။ ကာမဂုဏ်ကျော့ကွင်းတို့ဖြင့် အတင်းထောင်ဘမ်းနေတဲ့ အသရမ်းအလုပ်ကြီးပါကလား။ အယုတ်မာ စခမ်းမှာတော့ကမ်းကုန်အောင် ယုတ်မာတယ်။ ။ယုတ်မာတဲ့အလုပ်ကို စက်ဆုပ်ခြင်းမရှိဘဲ၊ သာယာ၍ ကြာရှည်စွာ ရွက်ဆောင်နေခဲ့ခြင်းဟာ ရှေးဝိပါက်ပါလို့ထင်ပါရဲ့။ ။သည် အဖြစ်မျိုးနှင့် သေလျှင် ငရဲကျ အပါယ်လေးတန်သို့ ငုံမ်းပြန်လို့ဆင်ရတော့မှာဘဲ၊တန်ပြီသည်ယနေ့ကစပြီး ယုတ်မာတဲ့အလုပ်ခွင်ကို သုတ်သင်ပယ်ရှား၍ ရှင်တော်မြတ်ဘုရား၏ သာသနာတော် ရိပ်ကိုခို၍ ကိုယ်ကျိုး, ကိုယ်စီးပွါးဖြစ်တဲ့ လောကုတ္တရာ အလုပ်ကိုသာ အားထုတ်လို့ နေပါတော့မယ်။ စက်ဆုပ်ဘွယ်ကောင်းတဲ့ လူဝတ်ကိုပယ်ပြီး ဖန်ရည်ဆိုးတဲ့ သက်န်းဖြင့် ရဟန်းပြုပါတော့မယ်။ ။သံသရာ တခွင်မှာ ခန္ဓာအစဉ်ကိုဖြတ်၍ ဇာတိချုပ်တဲ့ နိဗ္ဗာန်သို့ပေါက်အောင် အစွမ်းရှိသလောက် အားထုတ်ပါတော့မယ်။အဲ-သို့ဘလို "သမ္မာသင်္ကပ္ပ စေတနာ"ဖြင့်၊ကောင်းစွာ ကြံစည် ဆင်ခြင်ပြီးလျှင်၊ ဘုရားရှင်၏ အထံတော်သို့ သွားရောက်ရန် စိမ်၍ နေရှာတယ်။

"ကျွတ်ချိန်သင့် ကျွတ်ခွင့်ရှာ၊ လွတ်ချိန်သင့် လွတ်ခွင့်ရှာ" ဆိုသောအတိုင်း၊ အဇုကာသိမည်သော ပြည်တန်ဆာမသည်၊ အလွန်ယုတ်မာသော မိမိအလုပ်ကြီးနှင့်တကွ၊ လူ့ဘဝကိုပင် ငြီးငြွေ့စက်ဆုပ်လှသောကြောင့်၊ "ယခုငါ့စိတ်သန္တာန်၌ အကြံ ပေါ် ပေါက်၍ လာသည့်မှာ၊ လွန်စွာ ထူးမြတ်ပါ တကား၊ ကောင်းတဲ့အကြံများကို ပျောက်ပျက်သွားအောင် မပြုစကောင်း ဘူး။ ယနေ့ပင်လျှင် အိမ်မှထွက်၍၊ ဘိက္ခုနီမတို့ကျောင်းသို့ သွားမှတော်မယ်" အဲ-သို့ကလိုဆုံးဖြတ်ချက်ချပြီး၊ အခြွေအရံ များကိုပြောကြားတိုင်ပင်ခြင်းမပြုဘဲ၊ ဘကိုယ်တည်း ဘိက္ခုနီမ ကျောင်းတိုက်သို့ ထွက်သွားသတဲ့၊ စိတ်ကောင်း, စိတ်မြတ်, ပေါ်တော့လဲ အတော်သားဘဲနော်။

ဘိက္ခုနီမကျောင်းသို့ရောက်တဲ့အခါ၊ ပြည်ဘန်ဆာမဘဝက လာခဲ့သူဖြစ်တဲ့အတွက်၊ ရုတ်တရက်ရဟန်းပြုလုပ်ပေးဘို့ မစွမ်း နိုင်ကြဘူးပေါ့။ ။ဘိက္ခုနီမကြီးများက သိက္ခမာန်အဖြစ်နှင့် သီလသိက္ခာပုဒ်များကို အစောင့်ခိုင်းထားကြတယ်။ ပြည်တန် ဆာမ ကလေးမှာလဲ ရဟန်းပြုလုပ်ရန် စိတ်ထက်သန် နေတဲ့ အတွက် ဝမ်းမြောက်ဝမ်းသာစွာ ကျင့်ကြံလို့နေရှာတယ်။

ကာ သိ မယ် က လေး၊ ဘိက္ခုနီမ-ပြုလုပ်ရန်၊ သူ ပိုင် တဲ့ စည်းစိမ်ကြီးတွေကို စွန့်ပြီး၊ ထွက်သွားတယ်လို့ ကြားတော့၊ မင်းညီ, မင်းသား, မှူးမတ်, များတို့နှင့်၊ သူဋ္ဌေးသားအပေါင်း တို့က၊ အးလွန်နှမြောကြတာပေါ့။ ။ကာသိမယ် ထွက်သွားတဲ့ သတင်းဟာ၊ မကြာမှီအတွင်း၊ နိုင် ငံ အ နှံ့ အ ပြား ကျော်စော သွားတော့၊ လူများအပေါင်းတို့က၊ တအံ့တသြ-ပြောလို့ မပြီး အောင် ချီးမွမ်းကြတယ်။ နာ မည် ကြီး တဲ့ မိန်းမတယောက်၊ ထွက်မြောက် သွားတယ် ဆိုတော့၊ မ ကျော် စော ဘဲ နေနိုင်ပါ တော့မလား။ ။အချိုကလဲ "တော်ပါပေတယ်။သည်လိုအလုပ် ကို လုပ်နေရင်း၊ ငြီးငွေ့ခြင်းသံဝေဂနှင့်၊ ထရားရတယ်ဆိုတာ၊

ချီးမွမ်းစရာပေဘဲ'' ဆဲ-သည့်လို ချီးမွမ်းပြီး၊ သာရခေါ်လိုက်ကြတဲ့ လူတွေလဲ အလွန်များသပေါ့။

ကာသိမယ်သည်၊ဘိက္ခုနီမ ကျောင်းမှာ အတန်ကြာနေထိုင်ပြီးနောက်၊ ဥပသမ္ပဒ ရဟန်းခံခြင်းကိစ္စကို ဆောင်ရွက်ရန်၊ ဘုရားရှင်ထံသို့ သွားလိုတဲ့ ဆန္ဒများ ဖြစ်ပေါ်လာတယ်။ ။ ဥပဇ္ဈာယ်ပြုလုပ်ဘဲ့ ဘိက္ခုနီမကြီးများကလဲ၊ ''ကာသိမယ်မှာ၊ ဘုရားမနှစ်ချိုက်တဲ့အလုပ်မျိုးကို လုပ်ကိုင်လာသူဖြစ်၍၊ရှင်တော်ဘုရားထံမှ အမိန့်မရဘဲ ရဟန်းခံလို့မပေးနိုင်ကြဘူး၊ ရှင်တော်ဘုရားထံမှာ၊ အမိန့်တော်ကိုခံယူပါ''လို့ တိုက်တွန်းကြတယ်။

ထိုအခါမှာ၊ ရှင်တော်ဘုရားကလဲ အလွန်ဝေးကွာတဲ့ အရပ်ဌာနမှာ၊ သီတင်းသုံးနေတော်မူတဲ့ အခိုက်ဖြစ်၍၊ ရုတ်တရက်ထံတော်ပါးသို့၊ သွားရောက်လျှောက်ထားခြင်းငှါ အခွင့်မရဘဲ အခက်အခဲ ကြုံနေပြန်တယ်။ ဆဲ-သို့ကလို ဖြစ်နေတဲ့အတွက်၊ ကာသိမယ်မှာလဲ၊ ရဟန်းပြုလုပ်ရန် အလွန်စိတ်ထက်သန်နေသဖြင့်၊ရှင်တော်ဘုရားထံသို့အလျင်အမြန်ကြီးကိုယ်တိုင်သွားပြီး။ လျှောက်ထားမယ်ဆိုတဲ့ အကြံဖြစ်ပေါ်လာတယ်၊ ။ဘိက္ခုနီမကြီးများက '' ကိုယ်တိုင်သွား၍ ရှင်တော်ဘုရားထံ အသနားခံလျှင် အကောင်းဆုံးပါဘဲ အမြန်သွားပါ'' လို့ တိုက်တွန်းကြပြန်တယ်။

ရှင် တော် ဘု ရား ထံ သို့ သွားရမှာကလဲ၊ ကန္တာရခရီး၊ တောလမ်း, တောင်လမ်း, မြောင်စခန်းကို၊ ဖြတ်သန်းလို့ သွားရမည့်အတွက်၊ အတော်ကြီးခက်နေသတဲ့။ ။သို့ပင်ခက်သော်လဲ၊ ရဟန်းပြုလိုဘဲ့ အတွက်၊ အခက်ကို အလွယ်ထင်ပြီး၊ မကြာခင်သွားပါမည်လို့ စိတ်ကိုဆုံးဖြတ်လိုက်တယ်. သံဝေဂဉာဏ် ရင့်သန်ထက်မြက်လာပြီဆိုမှဖြင့်၊ ဘာကိုမှ အရေးမစိုက်နိုင်ဘူးပေါ့လေ။

သို့ကလိုကန္တာရခရီးကို ဖြတ်သန်း၍သွားမည်ဆိုတဲ့သတင်းဟာလဲ၊ အနှံ့အပြား ကျော်စောသွားပြန်ပါရော။ ။သည့်အခါ၊

ဘယ်လို အန္တရာယ်များ ဖြစ်ပေါ် လာပြန်ပါသလဲ ဆိုတော့၊ သေသောက်ကြူးခေါ်တဲ့ အမှုးသမားများ၊ လူဆိုး,သူခိုး,များက၊ သည့်သတင်းကို ကြားကြတော့၊ "ငါတို့အချက်ဖြင့် ပေါ်တော့ မယ်" ဟို ရှေး အ ခါ တုန်း က တော့၊ ကာသိမယ်ထံသို့ ငါတို့ သွားခွင့် မရကြဘူး၊မင်းညီမင်းသား သူဌေး သူကြွယ်,များသာ၊ သွားခွင့် ရကြတယ်၊ ငါတို့မှာ ငွေ အ သ ပြာ ကို လဲ မပေးနိုင်၊ ဂုဏ်ရေကလဲ နိမ့်လျော့သဖြင့်၊ ကာသိမယ်နားကိုမှ မကပ်နိုင် ကြဘူး၊ ယခုမှ လှ လှ အ ချက် ကောင်း ကို တွေ့ ရ တော့ မယ်၊ ကာသိမယ်သည့်၊ကန္တာရလမ်း၊ တောစခမ်းကို ဖြတ်သန်းသွား တဲ့ အခါ ၊ ငါတို့က အတင်းဘမ်း၍၊ အ ကြမ်း ဆောင်ယူမယ်၊ အဲ-သည့်လိုကြံစည်ပြီး၊ အသီးအသီး ကာသိမယ် သွား မဲ့ လမ်း စခမ်းကစောင့်လျှံနေကြသတဲ့။ ။အဘော်ဆိုးတဲ့လူတွေဘဲနော်၊ ရွှေ ငွေ ဘဏ္ဍာ ကို မတိုက် ခိုက်၊ လူကိုတိုက်ခိုက်ဘို့ ကြံကြဘာ အလွန်ယုတ်မာတဲ့သတ္တဝါမျိုးတွေပေါ့။

သည့်လိုဖြစ်ပုံများကို တွေးလိုက်တော့၊ ဂုဏ် သ တင်း နှင့် အရုပ်အဆင်း လှပခြင်းဆိုတာ၊ လွန်စွာကြောက်ဘို့ ကောင်းပါ ကလား။ ကိုယ့်ဂုဏ်သတင်းနှင့်ကိုယ့်အရုပ်အဆင်းက၊ကိုယ့်ကို ပြန်လှန်ပြီး၊ အန္တရာယ် ပြုတတ်ပါကလား။ ။အရုပ်အဆင်း လှပခြင်းဟာ၊ တခါ တခါ ချမ်း သာ ခွင့် သို့ ရောက် အောင် ရှက်ဆောင်သော်လဲ၊ တခါ တခါကျတော့၊ ဒုက္ခအလွန်ပေး သကိုးနော်။ ။ယောက်ျားများအဆင်းလှတာထက် မိန်းမများ အဆင်းလှတာက၊ သာလို့ပင်ခက်သေးတယ်။

အဲ-သို့ကလိုလူဆိုးအသင်းက၊အတင်းဘမ်းရန်၊တောခရီးက ချောင်းမြောင်းနေတဲ့သတင်းကို၊ ကာသိမယ်ကြားတော့၊မသွား ဝံ့အောင် ဖြစ်နေတာပေါ့။ ဘာသွားဝံ့ပါတော့မလဲ။ တကယ်လို့ သွားလျှင်၊ လူဆိုးတို့လက်တွင်းမှာ၊ မြုပ်ခြင်းကြီးမလှ နစ်မြုပ် ရမှာကို ၊ လူဆိုးတို့လက်သို့ ရောက်လျှင်၊ ထွက်မြောက်ဘို့လမ်း ကြီးလဲ ပိတ်ရှာတော့မယ်။ ။ဘိက္ခုနီမကြီးများကလဲ၊သွားလို့

မတော်ဘူးလို့ တား မြစ် ကြ တယ်။ ။ကာသိမယ်မှာ၊ လွန်စွာ အနှောက် အရှက်တွေ များရှာတယ်။ လောကုတ္တရာ လမ်းမှာ တောင်၊ စခမ်းဖြောင့်ဖြောင့် မသွားရရှာဘူး။ ရှေးရှေး ဘဝက ဝိပါက်မကင်းလို့ပေါ့။

သို့ကလို ဇကြွပ်ကြုံနေတော့၊ ကာသိမယ်ကလဲ၊ ရဟန်း-မပြုရ လျှင် မနေနိုင်တဲ့အတွက်၊ "ရှင်တော်ဘုရားကို လျှောက်ထားနိုင် အောင် လျှောက်ထားမယ်" သည်လိုကြံပြီး၊ စွမ်း ရည် သတ္တိရှိ သော လူများကိုငှါးရမ်း၍၊ ရှင် တော် ဘု ရား ထံသို့ စေ လွှတ် လျှောက်ထားခိုင်းတယ်။

စေလွှတ် လျှောက်ထားခိုင်းတဲ့လူများ၊ ရှင်တော်ဘုရားထံသို့ ရောက်၍၊ အကြောင်းမျိုးစုံကို လျှောက်တင်တဲ့အခါ၊ဘုန်းတော် ကြီးလှသောရှင်ပင်ဘုရားက၊ "ဩော်-ငါ့သို့းတော်ကလေးမှာ၊ လွန်စွာကြပ်တဲ၍ နေပါကလား၊ အ ခွင့် သာ အောင် အာဏာ ပညတ်တမျိုးကို၊ထုတ်ဆင့်မှတော်မယ်"သို့ကလို ဆင်ခြင်တော် မူပြီး၊ ရဟန်းတို့ကိုစည်းဝေးစေ၍ ဝိနည်းပညတ်ချက်တပါးကို၊ ဤကဲ့သို့ မိန့်ကြားတော်ထုတ်ပြန်တော်မူလေသတည်း။

အနုဇာနာမိဘိက္ခဝေ၊ ဒူတေန ဥပသမ္ပါဒေတုံ။ ။ဘိက္ခဝေ။ သာသနာတော်ထမ်း၊ချစ်သားရဟန်းတို့၊ဒူတေန၊တမန်စေလွှတ် သဖြင့်၊ ဥပသမ္ပါဒေတုံ။ ရဟန်းခံ စေခြင်းငှါ၊ ဝါ၊ ရဟန်းဖြစ် စေခြင်းငှါ၊ အနုဇာနာမိ။ ငါဘုရားခွင့်ပြုတော်မူ၏။

ချစ်သားရဟန်းတို့ တမန်စေလွှတ်၍ ရဟန်းခံရန်၊ငါဘုရား ခွင့်ပြုတော်မူ၏၊ သည်လိုဝိနည်းသိက္ခာပုဒ်တော်ကြီးကို၊ ခွင့်ပြု တော်မူရတာက၊ ကာသိမယ်ကို အကြောင်းပြု၍ ခွင့်ပြုတော်မူရ တဲ့ သိက္ခာပုဒ်ကြီးပေါ့။

တမန်စေလွှတ်၍ ရဟန်းခံမှုကို၊ ဒူတေနဥပသမ္ပဒါရယ်လို့ ဝိနည်းဘောင် ဒေသနာအားဖြင့် ခေါ်ဆိုရတယ်။ ။ထိုသိက္ခာပုဒ် တော်ကြီးရဲ့ အဓိပ္ပါယ်ကတော့၊တကယ်လို့အ နှ ရာယ်အနှောက် အရှက်များ၊ တွေ့ကြုံနေလို့ရှိပါလျှင်၊ ရှင်တော်ဘုရား၏ အမိန့်

တော်ဖြင့်၊ တမန်စေလွှတ်၍ "ရဟန်းဖြစ်စေ" ဟူသော အမိန့်တော်ကို၊ ချမှတ်တော်မူခဲ့ပါလျှင်၊ သိမ်ကိုမဝင်ရဘဲ၊ အလိုလိုကိစ္စပြီး၍ အမိန့်တော်ကြီးကြောင့်၊ ရဟန်းအဖြစ်သို့ရောက်သွားတယ်။ ။ရှင်တော်ဘုရားတို့၏ အာဏာဒေသနာတော် ဆိုတာ၊ လွန်စွာထက်မြက် ရှုး၍တာကလား၊ ထိုအာဏာမျိုးကို၊ တရားအပေါင်းကို အစိုးရတော်မူတဲ့ ရှင်တော် ဘုရားတို့မှသာလျှင်၊ ထုတ်ပြန်တော် မူနိုင်တယ်။ မည်သည့်ပုဂ္ဂိုလ်ကမှ ထုတ်ဆောင်နိုင်တာမျိုးမဟုတ်ဘူး။

အဲ-သို့ကလို၊ ဝိနည်းသိက္ခာပုဒ်အသစ်ကို၊ပညတ်တော်မူပြီး၊ "ကာသိမယ်ရဟန်းဖြစ်စေ" ဆိုတဲ့ အမိန့်တော်ကြီးကိုထုတ်ပြန်၍၊ တမန်များကို စေလွှတ်လိုက်တယ်။ ။ရှင်တော်ဘုရားထံက၊ တမန်များ ပြန်လာတော့၊ ရဟန်းပရိသတ်, ရဟန်းမိန်းမပရိသတ် အလယ်မှာ "ကာသိမယ် ရဟန်းဖြစ်စေ" ဆိုတဲ့အမိန့်တော်ကြီးကိုပြန်ပါရော၊ အမိန့်တော်ကြီး ထုတ်ပြန်သည်နှင့်တပြိုင်နက် ကာသိမယ်လဲ ဘိက္ခုနီမအဖြစ်သို့ ရောက်သွားပါရော။ ။သိမ်ဝင်ခြင်း, ကမ္မဝါစာဘတ်ခြင်း, ကိုမပြုရတော့ဘူးပေါ့လေ၊လွယ်လွယ်ကူကူနှင့် ရဟန်းအဖြစ်သို့ ရောက်သွားတာပေါ့။

ကာသိမယ်ဟာ၊ သာသနာတော်မှာ၊ ထူးဆန်းတဲ့ အမျိုးသ္မီးတယောက်ပေါ့၊ ရဟန်း မဖြစ်မီ၊ လုပ်လာတဲ့ အလုပ်ကလဲ ထူးဆန်းတယ်။ရဟန်းအဖြစ်သို့ရောက်ရပုံကလဲထူးဆန်းတယ်။ သူ့အတွက် သိက္ခာပုဒ်အသစ်တခုကို ထုတ်ပြန်တော်မူရတယ်။ ။ရှင်တော်ဘုရား၏ သနားခြင်း မဟာကရုဏာ ကိုလဲ၊ လွန်စွာကြည်ညိုဘို့ကောင်းပါပေတယ်။ ထွက်မြောက်ရေး ကိစ္စတွင်၊ အခက်အခဲကြုံနေရာ လွယ်ကူစွာ ဖြစ်မြောက် အောင်၊ စောင့်ရှောက်ချီးမြှင့်တော်မူပါပေတယ်။

ကာသိမယ်သည်၊ နူတေနဥပသမ္ပဒါခေါ်သောအမိန့်တော်ကြီးဖြင့်၊ရဟန်းအဖြစ်သို့ရောက်သွားတဲ့အခါ၊လွန်စွာဝမ်းမြောက်လှ

သဖြင့်၊ ''လူ့ဘဝ, လူ့ဝန်နှောင်မှာ၊ ကျွတ်လွတ်ခွင့်ကိုရပေပြီ။ သို့ရာတွင် ရဟန်းကိစ္စတော့ မပြီးသေးဘူး၊ မကြာခင်အတွင်း ကိလေသာ ညွတ်ကွင်းမှ၊ လွတ်ကင်းအောင် ကြိုးစားမယ်'' အဲ သို့ကလိုဖွဲ့ကောင်းကောင်းနှင့်၊အားတက်သရောကြံစည်ပြီး၊ ဘိက္ခုနီ ရဟန္တာမကြီးများထံမှ၊ နည်းခံသင်ယူပြီး၊ တကိုယ် တည်း ဆိတ်ငြိမ်ရာသို့ကပ်၍၊ ထူးမြတ်တဲ့ ဝိပဿနာအလုပ်ကြီး ကို၊မနေမနား ကြိုးစားအားထုတ်ဘဲ့အခါ၊ပါရမီအထုံပြည့်စုံပြီး သော ပုဂ္ဂိုလ်ထူးဖြင့်တဲ့အတိုင်း၊ ဆိုင်းတွနှောင့်နှေးခြင်းမရှိဘဲ၊ ဝိပဿနာအဟုန်၊ အစွမ်းကုန်ထက်သန်သဖြင့်၊ ကိလေသာ ကုန်ခန်း၍၊ရဟန္တာအဖြစ်သို့ ဆိုက်ရောက်လေသတည်း။

ရဟန္တာဖြစ်ပြီးသောအခါ၊ကိလေသာဝန်ပြတ်၍ ထွတ်မြတ် တဲ့ အခြေကို ပိုင်ပြီဖြစ်သောကြောင့်၊ ပီတိအရသာဖြင့်၊ လွန်စွာ နှစ်သိမ့်လှသဖြင့်၊ မိမိအဖြစ်များကို စဉ်းစား တွေးတောကာ၊ ဥဒါန်းဂါထာကို၊သို့ကလို့ရွတ်ဆိုတော်မူတယ်။

(၁) ယာဝ ကာသိဇနပဒေါ၊သုင်္ကော မေ တတ္တကော အဟု။
တံကတွာ နေဂမောအဂ္ဃံ၊အဇ္ဈေ အဂ္ဃံ ဌပေသိ မံ။

(၁) ကာသိဇနပဒေါ။ ကာ သိ က ရာဇ် တိုင်း ကြီး သည်၊ ယာဝသုင်္ကော။ အကြင်မျှလောက်၊ အခွန်ပေါင်း တထောင် ထွက်၏။မေ။ငါ၏။သုင်္ကော၊ပြည့်တန်ဆာမ အလုပ်ဖြင့်၊ နေ့စဉ် ရရှိသော အခွန်သည်လည်း၊တတ္တကော။ထိုမျှလောက်ပင် ဖြစ်ခဲ့ ပေသတည်း။ ပစ္ဆာ။ နောက်ကာလ၌၊ နေဂမာ။ တိုင်းသား, မြို့သား, နိဂုံးသားတို့သည်၊ တံအဂ္ဃံ၊ ထိုအခွန်တထောင်ကို၊ အဇ္ဈေအဂ္ဃံ။ ထက်ဝက်သောအဘိုးကို၊ဝါ။ နေ့စဉ် ငါးရာသော အဘိုးကို၊ ကတွာ။ ပြု၍၊မံ။ငါ့ကို၊ဌပေသိ-ဌပေသုံ။ ပြည့်တန် ဆာမ အရာ၌ ထားကြကုန်၏။

ဆိုလိုရင်းအဓိပ္ပါယ်မှာ၊ ၊ကာသိတိုင်းကြီးသည်။ တနေ့လျှင် အခွန်တော် တထောင်ထွက်၏ ငါ၏ ပြည့်တန်ဆာမအလုပ်ခွန်

သည်၊ ထိုမှုလေးကပ်ပင်၊ တနေ့သျှင် တထောင်ပင်တွက်၏၊ နောက်အခါ ၾဘိုး များလှပါသည်ဆို၍၊ တိုင်းသား,မြို့သား, နိဂုံးသားတို့က၊ .တထောင်၏ ထက်ဝက်ဖြစ်သော ငါးရာမျှဖြင့်၊ ငါ့ကို အဘိုးပြတ်၍ ပြည်တန်ဆာမဒ္ဒရာ၌ ထားကြကုန်၏ဟူ၍ ဆိုလိုသည်။မိမိအဖြစ်ကို၊မှန်သောအတိုင်း ဘွင့်လှစ်၍၊ ကျူးရင့်သော ဥဒါန်းစကားဖြစ်ပေသည်။

(၂) အထ နိဗ္ဗိန္ဒံ ဟံ ရူပေ၊နိဗ္ဗိန္ဒံစ ဝိရဇ္ဇဟံ။
မာ ပုန ဇာတိသံသာရံ၊သန္ဓာဝေယျံ ပုနပ္ပုနံ၊
တိဿောဝိဇ္ဇာ သစ္ဆိကတာ၊ကတံ ဗုဒ္ဓဿ သာသနံ။

(၂)အထ။ ထိုသို့ပြည်တန်ဆာမ အဖြစ်ကို ပြုလုပ်၍နေစဉ်၊ အဟံ။ အကျွန်ုပ်သည်၊ ရူပေ။ လူတိုင်း နှစ် သက် ၍ နေ သော ရုပ်ကောင်ကြီး၌၊နိဗ္ဗိန္ဒံ။ အလွန်ဆိုးယုတ်ပါကလား။ စဉ်းစား ဉာဏ် သက်ဝင်၍၊ဉာဏ်အမြင်ဖြင့် ငြီးငွေ့၍လာခဲ့ပါသတည်း။ အဟံ။အကျွန်ုပ်သည်၊နိဗ္ဗိန္ဒံစ။ ငြီးငွေ့စိတ် ပေါ်လာသောကြောင့် ၎င်း။ ဝိရဇ္ဇံစ။ ကိုယ့်အလုပ်နှင့် ကိုယ့်ရုပ်ကို မသာယာခြင်း ကြောင့်၎င်း။ပုန။နောက်ခါတဘန်၊ဇာတိသံသရာရံ။အဖြစ်မပြတ် နိုင်တဲ့၊ ဤသံသရာဝဋ်ဖဲာတ်ကြီးထဲ၌၊ ပုနပ္ပုနံ။ အဘန်ဘန်၊ မာသန္ဓာဝေယျံ။ကျင်လည်၍မနေတော့ပြီ။ဣတိ။ဤသို့၊ စိန္တယိံ။ အကြံကောင်းအကြံမြတ် ပေါ်ပေါက်၍လာတတ်သတည်း။ ။ ဣဒါနိ။ ယခုအခါ၌. တိဿောဝိဇ္ဇာ။ ဝိဇ္ဇာဉာဏ်သုံးပါးတို့ကို၊ သစ္ဆိကတာ။ကိုယ်စိုးကိုယ်ပိုင်၊လက်ကိုင်ရောက်မှု၊ မျက်မှောက် ပြုအပ်လေပြီ။ဗုဒ္ဓဿ။ရှင်တော်ဘုရား၏၊သာသနံ။ မြင့်မြတ်သော အဆုံးမတော်ကြီးများကို၊ ကတံ။ရွက်ဆောင်သမှု၊ ပြုခြင်းကိစ္စ ပြီးဆုံးလေပြီ။ .

ဤဂါထာ၏ ဆိုလိုရင်းအဓိပ္ပါယ်မှာ။ ။အ ကျွ န်ုပ် သည် ပြည်တန်ဆာမအလုပ်၌၊နစ်မြုပ်၍နေစဉ်အခါ၊ ဤကိုယ်ကာယ ကြီး၌၊ငြီးငွေ့မှုဖြစ်ပေါ်ကာ သာယာခြင်းကင်း၍လာခဲ့ပါသည်။

ထိုအခါ ဤသံသရာကြီးထဲမှာ၊အဘန်ဘန်မကျင်လည့်တော့ပြီဟု ကြံစည်ပြီးလျှင်၊ မိမိအလုပ်ခွင်မှ ရှောင်၍၊ ရဟန်းဘောင်သို့ ဝင်လာခဲ့ပါသည်။ ။ယခုအခါ ဝိဇ္ဇာ၃ပါးကို သုံးပါးကိုဒိုင်၍၊ အထွတ်ဦးခိုင်ဖြစ်သော ရဟန္တာအဖြစ်သို့ရောက်ခဲ့ပြီ၊ ရှင်တော်မြတ်ဘုရား၏ သာသနာမှာ၊ ပြုဘွယ်ရာကိစ္စအလုံးစုံကို၊ ပြီးဆုံးအောင် ပြုလုပ်ခဲ့ပြီဟူ၍ ဆိုလိုသတည်း။

အစုကာသိမည်သော ရဟန္တာ ဘိက္ခုနီမသည်၊ တခံသောအခါ အမျိုးသမီးပရိသတ်တို့၏အလယ်တွင်၊ ရှေးရှေးဘဝတို့က၊ မိမိ ဖြစ်ခဲ့သော အဖြစ်များကို ဟောကြားပြီးလျှင်၊ အမျိုးသမီး အပေါင်းတို့အား၊ အသိဥာဏ် ပွားများ၍၊ သတိတရားရကာ၊ သဒ္ဓါစေတနာတိုးတက်စေခြင်း အကျိုးငှာ၊ အပဒါန်ဂါထာများကို၊ ဟောကြားတော်မူလေသတည်း။

{ပြဆိုလတ္တံ့သောဂါထာများကား၊ထေရီအပဒါန်ပါဠိတော်မှ၊ လိုရင်းကိုထုတ်၍ပြဆိုအပ်သော ဂါထာများဖြစ်ပေသတည်း။}

(က) ဣမမှိ ဘဒ္ဒကေကပ္ပေ။ ဗြဟ္မဗန္ဓု မဟာယသော။
ကဿပေါနာမ နာမေန။ ဥပ္ပဇ္ဇိ ဝဒတံဝရော။

(က) ဣမမှိ ဘဒ္ဒကေကပ္ပေ၊ ဤဘဒ္ဒကပ် ကမ္ဘာအတွင်း၌၊ ဗြဟ္မာဗန္ဓု၊ ဗြဟ္မာမင်း၏ အဆွေတော်ကြီး ဖြစ်တော် မူပေထသော၊ ဝါ၊ ပုဏ္ဏားမျိုး ဖြစ်တော်မူပေထသော၊ မဟာယသော၊ ဂုဏ်သတင်း ကျော်စော၍၊ ပြန့်ပြော များပြားသော အခြံအရံလည်း ရှိပေထသော၊ ဝဒတံဝရော၊ ဟောကြား ဆုံးမသောသူ အပေါင်းတို့ထက် မြင့်မြတ်ထူးလွန်တော်မူပေထသော၊နာမေန၊ အမည်တော်အားဖြင့်၊ကဿပေါနာမ၊ကဿပအမည်ရှိတော်မူသော၊ ဗုဒ္ဓေါ၊ ရှင်တော်မြတ်ဘုရားသည်၊ ဥပ္ပဇ္ဇိ၊ပွင့်တော်မူလေသတည်း။

(ခ) တဒါဟုံ ပဗ္ဗဇိတွာန၊ တဿ ဗုဒ္ဓဿ သာသနေ၊
သံဝုတာ ပါတိမောက္ခေသု၊ ဣန္ဒြိယေသုစ ပဉ္စသု၊

တဒါ၊ ထိုရောအခါ၌၊ တဿ ဗုဒ္ဓဿ၊ ထိုကဿပ မြတ်စွာဘုရား၏၊ သာသနေ၊ သာသနာတော်အတွင်း၌၊ အဟံ၊ အကျွန်ုပ်သည်၊ ပဗ္ဗဇိတွာန၊ ရဟန်းပြု၍၊ ပါတိမောက္ခေသု၊ ပါတိမောက်ခါသော ရဟန်းကျင့်ဝတ်တရားတို့၌၊ သံဝုတာ၊ လုံခြုံစွာစောင့်ထိန်းကျင့်သုံးခဲ့ပါ၏၊ ပဉ္စသု၊ ငါးပါးကုန်သော၊ ဣန္ဒြိယေသုစ၊ ဣန္ဒြေတရားတို့၌လည်း၊ သံဝုတာ၊ လုံခြုံစွာ စောင့်ထိန်းခဲ့ပါသဘည်း၊

(ဂ) မတ္တညုနီစ အသနေ၊ ယုတ္တာ ဇာဂရိယေပိစ၊
ဝသန္တိ ယုတ္တယောဂါဟံ၊ ဘိက္ခုနီ ဝိဂတာသဝံ၊

(ဃ) အက္ကောသိံ ဒုဋ္ဌစိတ္တာ ဟံ၊ ဂဏိကေတိ ဘဏိံ တဒါ၊
ဘေနပါပေန ကမ္မေန၊ နိရယမှိ အပစ္စိသံ၊

(ဂ-ဃ) တဒါ၊ ထိုရောအခါ၌၊ အဟံ၊ အကျွန်ုပ်သည်၊ အသနေ၊ အစားအစာ စာ သုံးရာ၌လည်း၊ မတ္တညုနီ၊ လောဘကိုချွေတာ၍၊ မျှတစွာသုံးဆောင်ပါသတည်း၊ ဇာဂရိယေဒိစ၊ အအိပ်နည်းပါး၍ နိုးကြားစွာနေမှု၌လည်း၊ ယုတ္တာ၊ အားထုတ်ခဲ့ပါ၏၊ ယုတ္တယောဂါ၊ ရဟန်းတို့၏ အလုပ်ကို၊ အားထုတ်ကြိုးပမ်းလျက်၊ ဝသန္တိ၊ နေ ထိုင်လျက် ရှိသော၊ အဟံ၊ အကျွန်ုပ် သည်၊ ဝိဂတာသဝံ၊ အသဝေါကင်းရှင်းပြီးသော၊ ဘိက္ခုနိံ၊ ရဟန္တာမကြီးတပါးကို၊ ဒုဋ္ဌစိတ္တာ၊ ပြစ်မှားရက်စက် အမျက်ထွက်သောစိတ် ရှိသည်ဖြစ်၍၊ အက္ကောသိံ၊ နှုတ်ထွက်ရိုင်းလျက်၊ တိုင်းထွာ ဆဲရေးခဲ့မိပါသတည်း၊ တဒါ၊ ထိုအခါ၌၊ တံ၊ ထို ရဟန္တာမ ကြီးကို၊ ဂဏိကေတိ ပြည်တန်ဆာမကြီးဟူ၍၊ ဘဏိံ၊ စွဲစွပ်ဆဲဆိုခဲ့ပါသတည်း၊ ပါပေန၊ယုတ်မာ ရိုင်း စိုင်း လှ သော၊တေနကမ္မေန၊ ထိုမကောင်းမှုကံကြောင့်၊ နိရယမှိ၊ အပါယ် ငရဲ၌၊ အပစ္စိသံ၊ ကျ ရောက်ခဲ့ရပါသတည်း၊

(င) တေနေဝ ကမ္မသေသေန၊ အဇာယိံ ဂဏိကာ ကုလေ၊
ဗဟုသောပရိဒ္ဓတ္တာနိ၊ ပစ္ဆိမာယဝိဇာတိယံ။

(င) တေနေဝ ကမ္မသေသေန၊ ထိုမကောင်းမှုကံ အကြွင်းကြောင့်။ အဟံ။ အကျွန်ုပ်သည်။ ဂဏိကာကုလေ။ ပြည့်တန်ဆာမအမျိုး၌။ အဇာယိံ။ ကြိမ်ဘန်များစွာ၊ ငါးရာဘဝ၊ ငါးကမ္ဘာမကအောင်၊ ဖြစ်ခဲ့ရပါသတည်း။ ဗဟုသော။ ဘဝပေါင်း များစွာပရိဝတ္တာနိ။ ကျင်လည် ရ သည် ဖြစ် ၍၊ ပစ္ဆိမာယဝိဇာတိယံ၊ အဆုံးစွန်ဘဝ၌ပင်သော်လည်း၊ ဂဏိကာ။ ပြည့်တန်ဆာမသည်။ အဇာယိံ။ ဖြစ်ခဲ့ရပါသတည်း၊

(စ) ကာဿပ သေဋ္ဌိကုလဇာ၊ ဖြဟ္မစာရိဖလေန ဟံ၊
အန္တရာဝိယ ဒေဝေသု၊ အဟောသိံ ရူပသမ္ပဒါ။

(စ) ပစ္ဆိမေ။ အဆုံးစွန်သောဘဝ၌။ ကာသိသု။ ကာသိကရာဇ်တိုင်းတို့၌။ အဟံ။ အကျွန်ုပ်သည်။ သေဋ္ဌိကုလဇာ။ သူဌေးသမီးဖြစ်ခဲ့ပါသတည်း။ ဖြဟ္မစာရိဖလေန။ ကဿပ ရှင်တော်ဘုရားလက်ထက်တော်အခါ၊ ရဟန်းပြုကာ ကောင်းစွာ ကျင့်သုံးခဲ့ဘူးသောကြောင့်။ ဒေဝေသု။ နတ်ပြည်ခြောက်ထပ်တို့၌၊ အန္တရာဝိယ။ ရောင်ဝါထိန်ညီး၊ နတ်သမီးကဲ့သို့။ ရူပသမ္ပဒါ။ မြင်သူတိုင်းနှစ်သက်၍၊ တပ်မက်လောက်သော အဆင်းဂုဏ်နှင့်၊ ပြည့်စုံ ချောမွန်ခဲ့သည်။ အဟောသိံ။ ဖြစ်ရပါသတည်း။

(ဆ) ဥဿဝ္ဂန ဒဿနီယံ မံ၊ ဂိရိဗ္ဗဇ ပုရုတ္တမေ၊
ဂဏိကတ္တေ နိဝေသေသုံ၊ အဂ္ဃေဿသနဖလေန မေ။

(ဆ) ဒဿနီယံ။ မြင်သူစွဲသမ်း၍၊ အဆန်းတကြယ် တင့်တယ်လှပသော။ မံ။ အကျွန်ုပ်ကို။ ဂိရိဗ္ဗဇ ပုရုတ္တမေ။ တောင်ကြီးငါးတန်၊ ပတ်ခြံမှိုင်းညို၊ ရာဇဂြိုဟ်မည်၊ မြတ်သောပြည်၌။ ဂဏိကတ္တေ။ ပြည့်တန်ဆာမအရာ၌။ နိဝေသေသုံ။ ခန့်ထားကြလေကုန်

သတည်း။ ထုန်၊ ဤကဲ့သို့ ပြည်တန်ဆာမ-ဖြစ်ရခြင်းသည်၊ မေး။ အကျွန်ုပ်၏၊အကျော်သနပလေန၊ ရှေးသောအခါ ရဟန္တာမကို ပြည်တန်ဆာမကြီးဟူသော စကားဖြင့် ကြိမ်းဝါးဆဲရေးခြင်း၏ အကျိုးကြောင့် ပင်တည်း။

(ဇ) သာဟံသုတွာန သဒ္ဓမ္မံ၊ ဗုဒ္ဓသေဋ္ဌေန ဒေသိတံ။
ပုဗ္ဗေ ဝါသန သမ္ပန္နာ၊ ပဗ္ဗဇိံ အနဂါရိယံ။

(ဇ) သာဟံ၊ ပြည်တန်ဆာမဖြစ်၍ နေရသော ထိုအကျွန်ုပ်သည်၊ ဗုဒ္ဓသေဋ္ဌေနဒေသိတံ၊ ရှင်တော်မြတ်ဘုရား၊ ဟောကြားတော်မူအပ်သော၊သဒ္ဓမ္မံ၊သူတော်ကောင်းတို့၏ တရားမြတ်ကို၊ သုတွာ၊ ကြား ရ လေ သော ကြောင့်၊ ပုဗ္ဗေ ဝါသနသမ္ပန္နာ၊ ရှေး ဝါသနာ ဓာတ်ခံနှင့်ပြည့်စုံခဲ့ပါသဖြင့်၊အနဂါရိယံ၊ကာမငါးသီး အညီခွါရှောင်၊ ရဟန်းဘောင်၌၊ ပဗ္ဗဇိံ၊ စိတ်ဖွဲ့သန်သန်ဖြင့်၊ အမြန် ရဟန်းပြုရန် ထွက်ခဲ့ပါသတည်း။

(ဈ) တဒုပ သမ္ပဒတ္တာယ၊ ဂစ္ဆန္တိ ဇိနသန္တိကံ။
မဂ္ဂေ ရတ္တေ မွိတေ သုတွာ၊ လဘိံ ဒူတောပသမ္ပဒံ။

(ဈ) တဒါ၊ ထိုသို့ ရဟန်း ပြု ရန်၊ ထွက်လာသောအခါ၌၊ ဥပသမ္ပဒတ္ထာယ၊ရဟန်းခံခြင်းအကျိုးငှါ၊ဇိနသန္တိကံ၊ ရှင်တော်ဘုရား၏ အထံတော်သို့၊ ဂစ္ဆန္တီ၊ သွားရောက်မည် ကြံပါသော်လည်း၊ မဂ္ဂေ၊ လမ်းခရီး၌၊ ဌိတေ၊ ရအောင်ဘမ်း၍၊ အကြမ်းကိုင်မည်၊ ရပ်တည်ချောင်းမြောင်း၍ နေကြကုန်သော၊ ဓုတ္တေ၊ ထားပြခိုးမှူး၊ သေ သောက် ကြူး တို့ ၏ သတင်းဘိုကို၊ သုတွာ၊ ကြားရလေသောကြောင့်၊ ဒူတောပသမ္ပဒံ၊ စေတမန်စေလွှတ်သဖြင့်၊ထွတ်မြတ်သောရဟန်းအဖြစ်ကို၊လဘိံ၊လွယ်လွယ်ကူကူ ရယူဖြစ်မြောက်ခဲ့ပေသတည်း။

(ည) သဗ္ဗံကမ္မံ ပရိက္ခိဏံ၊ ပုညပါပံ တထေဝစ၊
သဗ္ဗသံသာရ မုတ္တိဏ္ဏာ၊ ဂဏ္ဍိကာဌုဥ္ဆ ခေပိတံ။

(ည) ရူဒါနီ၊ ယာခုအခါ၌၊ မေ၊ အကျွန်ုပ်အား၊ သဗ္ဗကမ္မံ၊ အလုံးစုံသော ရှေး ကံ အ ဟောင်း စု သည့်၊ ပရိက္ခီဏံ၊ မကျန် မကြွင်း၊တျင်းတျင်းကုန်စင်ခဲ့လေပြီ၊ တထေဝစ၊ ထိုနည်းအတူ ပင်လျှင်၊ ပုညာပ ါပံ၊ ရှိရှိပေါင်းစု၊ ကောင်းမှု, မကောင်းမှု, အလုံးစုံသည့်၊ ပရိက္ခီဏံ၊ မကြွင်းမကျန်၊အမှန်ကုန်ဆုံးခဲ့လေပြီ၊ သဗ္ဗသံသာရံ၊ အလုံးစုံသော သံသရာရေတကြောကို၊ဥတ္တိဏ္ဏာ၊ တဘက်ကမ်းသို့ရောက်အောင်၊ကူးမြောက်ခဲ့လေပြီ။ဂတိကဉ္စ၊ ယုတ်ညံ့လှစွာ၊ ပြည့်တန်ဆာမအဖြစ်ကိုလည်း၊ ခေဒိတံ၊ နောင် တဘန်အသစ် ဘယ်ခါမှ မဖြစ်ရအောင်၊စင်စစ်ကုန်ခဲ့ပြီ တကား၊

ဤအဖုဿာသိသေရီ ဝတ္ထုဖြင့်၊ဥပဒေသပြလိုသည့်အချက် မှာ၊နှုတ်ကြူးနှုတ်လွန်မှုဖြစ်သော ဝစီကံများသည် ဆိုးဝါးသော အကျိုးကို၊ဘဝပေါင်းများစွာ ပေးတတ်လေကြောင်း ထင်ရှား သဖြင့်၊ သူတပါးတို့အပေါ်မှာ၊ နှုတ်လျှာ ကြူးလွန်ခြင်းဖြင့်၊ ထိသိပါးပါး ပြစ်မှားပြောဆိုခြင်းအမှုကို၊ဂရုစိုက်၍ရှောင်ကြဉ် သင့်လှပေသည်၊ နှုတ်လျှာကို မထိန်းသိမ်းနိုင်ပါလျှင် သံသရာ၌ အခက်ကြုံဘတ်သည်၊ ၊ဟော့ ဟော့ ရမ်း ရမ်း နှုတ်သရမ်း ခြင်းကို မပြုကြပါကုန်လင့်၊ ၊သူတပါးလည်းနားသက်သာ၊ ကိုယ့်မှာသည်း အကျိုးရှိစေနိုင်သော၊ ပိယဝါစာစကားမျိုးကို ပြောကြားသင့်ကြပေသတည်း၊

(၂) အဖုဿာသိထေရီဝတ္ထုပြီး၏၊

——၀——

ဒုကနိပါတ်၊

(၃) စိတ္တာသေရီဝတ္ထု။

ဂေါတမမြတ်စွာဘုရားလက်ထက်တော်အခါ''စိတ္တာထေရီ'' ဆိုတဲ့ အမည်နှင့်၊ ကျော်တန်း ဝင်သွားတဲ့ အမျိုးသမီး တဦး၏ အဘွဲ့ပတ္တိမှာတော့ သည့်လိုတဲ့၊ ၊ဘုံ သုံး ပါး အ စဉ် မှာ၊ ကျင်လည်ပြေးသွား၍၊သံသရာသား, သံသရာသမီး, ဖြစ်ကြသော

သတ္တဝါတို့၏ ဓမ္မတာ၊ အဆုံးမရှိတဲ့ဝဋ်ဘွေ ပင်လယ်ကြီးထဲမှာ၊ မျောပါး၍နေစဉ်အခါ၊ ဤကမ္ဘာမှပြန်၍ ရေတွက်လိုက်သည် ရှိသော်၊ (၉၄)ကိုးဆယ့်လေးကမ္ဘာထက်၌၊ ထိုအမျိုးသွီးကလေးဟာ၊ စန္ဒဘာဂ အမည်ရှိတဲ့ မြစ်၏အနီး၊ တခုသော တောကြီးအတွင်းမှာ၊ ကိန္နရာမကလေး ဖြစ်နေရှာသဘဲ့။ ။သတ္တဝါတွေဆိုတာ ကံအားလျော်စွာ၊ ကံစီမံရာအတိုင်း၊ ဖြစ်ချင်သလိုဖြစ်နေကြဘာကလား။

ထိုကိန္နရာမကလေးဟာ ရှေးဘာ၁ အစဉ်အဆက်က၊ အသိအလိမ္မာနှင့်၊ သဒ္ဓါစေတနာခေါ်တဲ့ မျိုးစေ့ကလေး ပါလာသူ ဖြစ်တဲ့အတွက်၊ အဟိတ်တိရစ္ဆာန်ပင် ဖြစ်သော်လဲ၊ စိတ်နေစိတ်ထား၊ ယဉ်ကျေးသိမ်မွေ့စွာနှင့်၊ အလိမ္မာကိန္နရာမကလေး ဖြစ်နေတယ်။ တနေ့သောအခါ၊ ကံကုသိုလ် လာဘ်တိုက်၍၊ အမြိုက်မျိုးကို စိုက်ပျိုးရန်၊ဘယ်လို အခွင့် ကြုံလာသလဲလို့ဆိုတော့၊ အရှင်ပစ္စေကဗုဒ္ဓါတပါးသည် တခုသောသစ်ပင်ရင်းမှာ၊ ဈာန်သမာပတ်ကို ဝင်စားပြီး၊ ခန့်ညားတည်ငြိမ်သော ရုပ်ရွှေတော်ဖြင့် ကြည်ညိုစဘွယ်၊ တင့်တင့်,တယ်တယ်, စံနေတော်မူနေခိုက်နှင့်ကြုံ၍ အဆင်သင့်စွာ ကိန္နရာမကလေးမြင်ပါရော။

ကိန္နရာတို့ဓမ္မတာ၊ လူးလာ ပျံသန်း၍ တောတန်းတခုမှ-တောတန်းတခုသို့ တောင်တခုမှ- တောင်တခုသို့၊ ပန်းပွင့်ဝတ်လုံကို၊ဆန်းကြယ်စွာခြုံရုံပြီး ကွန့်မြူး၍နေစဉ် အရှင်ပစ္စေကဗုဒ္ဓါကိုမြင်တော့၊ ကြည်လင်မြတ်နိုးစွာ၊ စေတနာသဒ္ဓါတရားဘွားကနဲ ဖြစ် ပေါ် လာ သည် တွင်၊ လှူဒါန်း ပူဇော် ချင် တဲ့ စိတ်ကောင်း, စေတနာကောင်း, ပေါ်ပေါက်လာတယ်။ ။ အဟိတ်တိရစ္ဆာန် များပေတယ်လို့၊ အလိမ္မာခါတ်- ဓါတ်ခံပါလျှင် တခါတခါတော့ ကုသိုလ်ဖြစ်ဘို့ကြုံသေးသပေါ့။

အဲ-သည်အခါ၊ ကိန္နရာမကလေးက၊ အရှင်ပစ္စေကဗုဒ္ဓါကို ပူဇော်ရန်အတွက်၊အသူပစ္စည်းရှာဖို့စုံစမ်းတဲ့အခါ၊ မနီးမဝေးမှာ ဖြူဖြူဖွေးဖွေး ပွင့်နေတဲ့ ကျူ တောကြီးကိုမြင်ပါရော။ ။

မြင်လျှင် မြင်ခြင်း၊ကျူ တောသို့ အမြန်သွားပြီး၊လှငထွားကျိုင်းတဲ့ ကျူပန်းခိုင်ကြီးတွေကို ချိုးယူ၍၊ ဈာန်ဝင်စားနေတဲ့ ပစ္စေက ဗုဒ္ဓါ အရှင်ဘုရားကို၊ စေတနာအားသန်သန်နှင့် ပူဇော်လိုက်သ တဲ့။ပူဇော်ပြီးတဲ့အခါ၊ ရှိဦးနှိမ်ပြီး အကြိမ်ကြိမ် ရှိခိုးတယ်၊ အားရ အောင် ရှိခိုးပြီးတော့၊အရှင်ပစ္စေကဗုဒ္ဓါကို၊လက်ျာရစ် သုံးပတ် လှည့်ပြီးမှ၊ သူ့အလိုရှိရာဒွါနသို့၊ ပျံသန်း ကွန့်မြူး၍သွားတယ်။ သည့်အခါမှာ လွန်စွာထူးမြတ်တဲ့ ကုသိုလ်ဇောတွေ၊ အလော လော ဖြစ်ပွါးတာပေါ့လေ၊ မြစ်ရေအယဉ် စီးဆင်းသလိုပေါ့။

သံသရာခရီးသမားလုပ်နေကြတဲ့သတ္တဝါများမှာ တခါဘခါ သည့်လို ကုသိုလ်ဇောမျိုးတွေ၊ ဖြစ်ပေါ်ခွင့်ကို ရရှိပြီဆိုမှဖြင့်၊ လာဘ်ကြီးတိုက်၍၊ အစဉ်တစိုက် ချမ်းသာတို့ အခြေခံကြီးကို၊ ရတော့တာပေါ့။

ပစ္စေကဗုဒ္ဓါရှင်ရဟန်းကို၊ကျူပန်းဖြင့်ပူဇော်ခဲ့ပြီးတဲ့နောက်၊ ကိန္နရာမကလေးမှာ၊ ပရစေတနာ အဟုန်အားဖြင့်၊ မြူးချွန်ဝမ်း မြောက်ပြီး၊ အစဉ်မပြတ် ထိုကုသိုလ်ကို အမှတ်ရနေသတဲ့။ ။ အဲသို့ကလိုကုသိုလ်အဟုန်၊ ကိုယ်လုံးလုံပြီး၊ကိန္နရာဘုံ၏ အသက် တမ်းအတိုင်းနေ၍ စုတေသွားတဲ့အခါ။ ကျူပန်းလှူတဲ့ စေတနာ က၊ အခြားမဲ့ဘဝမှာ အကျိုးပေးသဖြင့်၊ တာဝတိံသာနတ်ပြည် မှာ၊ ရုပ်ဆင်းရောင်ဝါ၊ လွန်စွာလှပတဲ့ နတ်သမီးကလေးဖြစ်သွား ပါရော။

ထိုကုသိုလ်၏အကျိုးဆက်ဟာ၊ ပြတ်လတ်ခြင်းမရှိဘဲ၊အစဉ် သဖြင့်ဆက်သွယ်လျက်၊ယခုဂေါတမရှင်တော်ဘုရားလက်ထက် တော်သို့တိုင်အောင်'လူ့ပြည်,နတ်ပြည်ဆိုတဲ့သုဂတိသံသရာမှာ လူးလာစုန်ဆန် ပျော်စံမွေ့လျော်၍၊အကျော်အမော်ဘဝတွေကို သာ အစဉ်အတိုင်းရရှိသတဲ့။ ။ကိုးဆဲ့လေးကမ္ဘာ အတွင်းမှာ၊ နတ်မင်းတို့၏မိဖုယားကြီးဖြစ်ရတဲ့အကြိမ်ပေါင်းက(၃၆)ကြိမ် စကြာဝတေးမိဖုယားကြီးဖြစ်ရတဲ့အကြိမ်ပေါင်းက (၁၀) ကြိမ် ဖြစ်ရကြောင်းကို၊ အပဒါန်ပါဠိတော်ကြီးမှာ ပြဆိုလျက်ရှိတယ်။

အဲ-သို့ကလို၊ ကျူပန်း၏တန်ခိုးကြောင့်၊ ချမ်းသာအမျိုးမျိုး၊ ကောင်းကျိုးအထွေထွေကို၊လိုလေသေးသည်မရှိရအောင်စံစား ပြီး၍၊ အဆုံးဘဝသို့ ရောက်လာတော့၊ ယခုရှင်တော်ဘုရား ရွှေလက်ထက်တော်အခါ၊ ရာဇဂြိုဟ် မြို့တော်ကြီးမှာ၊ ဂဟပတိ မဟာသာလခေါ်တဲ့ သူဌေးကြီး၏သို့ ဖြစ်လာပါရော။

အမျိုးကြီး, အဆွေကြီး, ပစ္စည်းဥစ္စာ အလိမ်မာနှင့်၊ ရုပ်ဝါ တင့်တယ်ပုံများကို အထူးပြောဆို ချီးမွမ်းဘွယ် မလိုတော့ဘူး ပေါ့။ အဆုံးစွန်သော ဘဝ၌၊ လှလှပပကြီး အကျိုးပေးလာတဲ့ ပုဂ္ဂိုလ်ထူးများ ဆိုတာ၊ နေရာတကာတိုင်းက ပြည့်စုံ လာစမြဲ ပေဘဲ။

သူဌေးကြီးသို့းလေးရဲ့အမည်ကို၊ ရုပ်ဆင်းရောင်ဝါ လွန်စွာ ဆန်းကြယ်တဲ့အတွက်“ဝိတ္တာ”ရယ်လို့ခေါ်ဆိုသမုတ်ကြတယ်။ ဝိတ္တာ သဒ္ဒါက ဆန်းကြယ်ခြင်း အနက်ကို ဟောတာကိုး။ ။ မြန်မာလိုခေါ်ရပါလျှင်“မလှဆန်း”ရယ်လို့ ခေါ်ရမှာပေါ့။

အရွယ်သို့ ရောက်လာဘဲ့အခါ၊ အလိမ္မာဓါတ်ခံ ရင့်သန်လာခဲ့ တဲ့ ပါရမီရှင်ကလေး ဖြစ်တဲ့ အတိုင်း၊ ချစ် သူ နှင့် တွဲနှောင်၍၊ အိမ်ထောင်ပြုရခြင်းဆိုတဲ့ ဃရာဝါသအမှုတွေကို ရွံမုန်းသဖြင့်၊ လိမ္မာသည်ထက်လိမ္မာအောင်၊စာပေပညာများကိုသာ ကြိုးစား ပြီး၊ တရားတော်ကိုသာ နာနေသတဲ့။

လောကုတ္တရာ ဗဟုသုတတို့နှင့် ပညာရည်ဝ၍ ဓမ္မကထာ၊ တရားနာသဖြင့်၊များစွာဉာဏ်ပွင့်လာတော့၊လူ့ဘောင်လောက တွင်၊နေချင်တဲ့စိတ်မရှိဘဲ၊ရဟန်းပြုရန်သာ စိတ်အတင်းပါလာ တယ်။ ။ထိုအခါ၊ မိဘများထံ ခွင့်တောင်းပန်ပြီး၊မိထွေးတော် ဂေါတမီထံသို့ကပ်၍၊ မြင့်မြတ်တဲ့ ရဟန်း ဘဝသို့ ရောက်သွား ပါရော။

ဘိက္ခုနီမ အဖြစ်သို့ ရောက်သွားတဲ့ အခါ၊ တရားဘာဝနာ အလုပ်ကိုသာ၊ အားထုတ်ရန် ဝတ်တရားရှိတဲ့ အတိုင်း၊ အဲရေး တကြီးကိလေသာမီးကိုငြိမ်းစေရန်၊ဖွဲသန်သန်ကြီးနှင့်အားထုတ်

ရှာသတဲ့။ ။အလွန်ချမ်းသာတဲ့ သူဌေးသမီးအဖြစ်နှင့် နုနုနယ်နယ် ကြီးပွားလာခဲ့ရာမှ၊ ရုတ်တရက် ရဟန်းအဖြစ်သို့ ရောက်တဲ့ အတွက်၊ အစားခက်,အသွားခက်,အနေခက်ဆိုတဲ့ အခက်အမျိုးမျိုးနှင့်တွေ့ကြုံရရှာတယ်။ သို့ရာတွင် နေထိုင်စားသောက်ရေးတို့ကို အလေးမမူဘဲ၊ကိလေသာမြန်မြန်ပြုတ်အောင်၊ ရဟန်းတို့အလုပ်ကိုသာ၊ကြိုးကြိုးကုတ်ကုတ်နှင့်အားထုတ်၍နေခဲ့ရာ၊ မကျန်းမမာခြင်း ဖြစ်လာသတဲ့။

နေပူမှာလှမ်းထားတဲ့ ပန်းများသဘွယ်၊ ညှိုးငယ်ကြုံလှီခြင်းများလဲ တနေ့တခြားတိုးတက်ပြီး၊ရုပ်ပျက်, ဆင်းပျက်နှင့်အသက်အန္တရာယ် စိုးရိမ်ဘွယ် ရှိသည့်တိုင်အောင်၊ တရှောင်ရှောင်ရောဂါတိုးလာတယ်။ ။သို့ရာတွင်၊ ရောဂါကို အလေးမမူဘဲ၊ ''တရားအားထုတ်ရင်း၊ ငုတ်တုတ်ကြီး သေချင် သေသွားပလေစေ၊ ရဟန္တာမှမဖြစ်လျှင် ငါမနေဘူးဆိုတဲ့ဖွဲ့နှင့် နောက်မဆုတ်ဘဲ တိုးလို့သာ အားထုတ်သတဲ့။

ထိုအခါ ဘိတင်းသုံးဘော်ဖြစ်တဲ့ ဘိက္ခုနီမများက၊ သနားကြင်နာကြသဖြင့်၊ ''ရှင်မစိတ္တာ၊ သင့်ကိုယ်အဘွင်းမှာ၊ ရောဂါစွဲကပ် လို့နေ ပြီ၊ တနေ့ထက်တနေ့၊ တ ရွေ့ ရွေ့ ညှိုးနွမ်း ၍၊ ပန်းကလေးများလို ခြောက်ခြောက် သွားပါပေါ့ ကလား။ ။ တရားကို သို့ကလောက် အားမထုတ်ပါနှင့်၊ ''မလျှော့မတင်း၊ စောင်းကြိုးညှင်း''ဆိုသလို၊ ကိုယ့်အား ကိုယ့်အင်,နှင့် တန်ရုံကြိုးစားပါ၊ ဝိရိယဆိုတာ ရှော့ တန် တဲ့ အ ခါ မှာလဲ ရှော့ပေးရတယ်၊ တကယ်သို့မျှား သေ၍သွားလျှင်၊ တ ဘ ဝ လုံး ဆုံးရှုံးနစ်နာဘို့ ဖြစ်တော့မှာဘဲ။အဲ-သို့ကလိုပြောဆိုသွန်သင်ကြသတဲ့၊

ထိုအခါ စိတ္တာထေရီမလေးက၊ ဘယ်လို ပြန်ပြောသလဲဆိုတော့၊ ရော ဂါ ဘေး ဆို တာ၊ ကိလေသာ ရန်သူကြီးလောက်မဆိုးဝါးပါဘူး။ ကိလေသာရန်ကို တွန်းလှန်ဖြိုဖျက်တဲ့အခါမှာ၊ ရောဂါကို အမှုမထားနိုင်ဘူး၊ ကိလေသာရန်သူနှင့် ဘက်ပြိုင်၍၊ အနိုင်ရအောင် တိုက်ခိုက်တုန်းမှာ ဗုံးခနဲလဲ၍သေချင်သေပါစေ၊

No 21

ကိလေသာနှင့်ပြိုင်၍ ဆိုင်နေရသောစစ်ပွဲမှာ၊ လဲ၍သေရခြင်းက မြတ်ပါသေးတယ်။ ကိလေသာကို မတိုက်ခိုက်ရခင်၊ အသက်ရှင်၍ နေခြင်းဟာ မမြတ်ဘူး။ အစွမ်းရှိသမျှ ကြိုးစားပရစေ၊ တားမြစ်တော်မမူကြပါနှင့်လို့ ပြောဆိုသတဲ့။

"ရစနာဂါထာ"

ယုဇ္ဈမာနေ ကိလေသေဟိ၊ သစေမရေယျ နိဗ္ဗလော။
တဒေဝမရဏံ သေယျော၊ နောစေ စလော ပဋိက္ကမော။

ဘောန္တော၊အို-သူတော်ကောင်းအပေါင်းတို့။ကိလေသေဟိ။ ကိလာသာရန်သူတို့နှင့်၊ ယုဇ္ဈမာနေ။ အရှုံးအနိုင်၊ ပြိုင်ဆိုင် စစ်ထိုး၍နေစဉ်။ နိဗ္ဗလော။ မတုန်မလှုပ်၊ နောက် မ ဆုတ် ဘဲ။ သ စေ မ ရေ ယျ။ တ ကယ် လို့ ပင် သေ ၍ သွား စေ ဦး တော့။ တဒေဝမရဏံ။ ထိုကိလေသာစစ်ပွဲ၌၊ လဲ ၍ သေ ရ ခြင်း သည်။ သေယျော။ စင်စစ်ကေန်' အ မှန် မြတ် ပါ သေး ၏။ စလော။ ကြောက် ရွံ့ တုန် လှုပ် သည် ဖြစ် ၍၊ ပဋိက္ကမော။ နောက်ဆုတ်, နောက်ဆုတ်,နှင့်၊ ကြောက်ရုပ် ကြောက်သွေး၊ ပြန်၍ပြေးခြင်း သည်၊ နောစေ သေယျော။ စင်စစ် မမြတ်သည်သာလျှင်တည်း။

အဲ-သို့ကလို ရဲဝံ့စွာပြောဆိုတဲ့ အတွက်၊ သီတင်းသုံးဘော် ဖြစ်တဲ့ ဘိက္ခုနီမများတို့ကလဲ "ကောင်းတဲ့စကားကို ပြောပေတာကိုး တားမြစ်စရာမရှိဘူးဆိုပြီး၊ ချီးမွမ်းလို့ နေကြရသတဲ့။

ထို့နောက် စိတ္တာထေရီက၊ ဘယ်လိုပြောပြန်သလဲဆိုတော့၊ "အို သီတင်းသုံးဘော်အပေါင်းတို့၊ကိလေသာဝဋ်မှ ကျွတ်လွတ် လေအောင်၊ အားထုတ်ကြိုးပမ်းတဲ့အရာမှာ၊ ဘာကိုမှဂရုမစိုက် သင့်ပါဘူး။ရောဂါရှိတယ်လို့ အားမထုတ်ဘဲနေလျှင်၊ အချိန်တွေ ကုန်ဆုံးရုံရှိတော့တာပေါ့။ ။သာသနာတော်ကြီးနှင့် ကြုံကြိုက်၍ အား ထုတ် ကြိုး စား ရ ခြင်း ဆို တဲ့ အချိန်ကာလဟာ၊ လွန်စွာ ရှာ ပါးလှ ပါ တယ်။ ကြုံကြိုက်တဲ့ ခေတ်အတွင်းမှာ၊ အတင်း ကြိုးစားမှ တော်တော့ မ ပ။ ။ရော ဂါ ဥ ပါဒ် စွဲ ကပ် ခြင်း

ဆိုဘာလဲ၊ ထူးဆန်းတာ မဟုတ်ပါဘူး။ အနမတဂ္ဂ သံသရာ၊ ဖြစ်လေရာဘဝတိုင်းမှာ ရောဂါတွေ ဝိုင်းနေကြတာဘဲ မဟုတ်လား၊ ရောဂါအမျိုးမျိုးနှင့်သာ၊သတ္တဝါလုပ်၍လာကြရပါတယ်။ တွေ့နေကျ, ကြုံနေကျ, ဘုံဘဝ ဓမ္မတာ စွဲကပ် တဲ့ ရော ဂါ ကို၊ ဘာကြောင့် အထူးတဆန်းကြီး ထင်ရမှာလဲ၊ အားထုတ်နိုင်တဲ့ အခိုက်မှာ၊ ဂရုစိုက်ပြီး ကြိုးစားမှပေါ့၊ ဆဲ-သို့ကာလို ထပ်မံ၍ ပြောဆိုပြန်တော့၊ သီတင်းသုံးဘော် အများမှာ၊ စကားဝင်ခွင့် မရနိုင်ကြတော့ဘူး။

မိတ္တာထေရီသည်၊ မိမိ၌စွဲကပ်တဲ့ ရောဂါကို ဘာလောက် မှု အရေးမစိုက်ဘဲ ဝိပဿနာအလုပ်ထဲမှာသာ၊စွဲစွဲမြဲမြဲကြီးကြိုးစား၍နေခဲ့လေရာ၊ ရောဂါများဟာလဲ၊ တနေ့တခြား တိုးတက်လို့ လာဘော့တာဘဲတဲ့။ ။မစားနိုင်, မအိပ်နိုင်, ဖြစ်တဲ့ အတွက်၊ တနေ့ထက် တနေ့ဘဲ ကြုံ လို့ ဖြော့ တော့ ၍၊ အား ပြော့ ခွေ ယိုင် ခြင်းသို့ ရောက်သွားရှာတယ်။ သည်လိုအခြေကိုဆိုက်တောင်မှ အားမလျော့ဘူး။

တနေ့တော့ ဘယ်လိုကြံသလဲလို့ဆိုတော့ "သည့်ရောဂါမှ ထမြောက်နိုင်တို့မရှိတော့ဘူး၊အမှန်မုချ ငါသေရတော့မယ်။ ။ သေရမဲ့အတူတူဖြင့်၊ မည်သူမျှမသိရလေအောင်၊ လင်းတငှက် တွေနေတဲ့ ဂိဇ္ဈကုဋ်တောင်ပေါ်သို့တက်ပြီး၊ တရားအားထုတ် ရင် းသေလိုက်မယ်၊ငါ့ကိုယ်ကောင်ဟာလဲလင်းတအစာဖြစ်စေ တော့" ဆဲ သည့်လို အကြံဖြစ်ပြီး၊ တယောက်ထည်းအည်း၊ ဂိဇ္ဈကုဋ်တောင်ကြီးပေါ်သို့ တက်သွားတယ်။

အားကလဲမရှိ။ကိုယ်ကလဲချိနေလို့၊ ရုတ်ရက် မတက်နိုင်ဘူး ပေါ့၊ တောင်ပေါ်သို့တက်တဲ့အခါ၊ သပိတ်သင်္ကန်းကို လွယ်ရ သေးသဖြင့် ဝန်လေးသည်ထက် ဝန်လေးရှာပြန်သတဲ့။ ။ တဖြည်းဖြည်း အတော်ကလေး မြင့်အောင် တက်သွားမိတော့၊ မောဟိုက်လာသဖြင့်၊ တောင်ခါးပန်းမှာ မလှမ်းနိုင်ဘဲ လဲနေ ပါရော။ လဲဘဲ့နေရာမှာ အတန်ကြာရပ်ဆိုင်း၍ အမောပြေ

လာတော့၊ ''ဂိဇ္ဈကုဋ်တောင်ကြီးပေါ် သို့မရောက်လျှင် ငါမနေ၊ ရောက်အောင်တက်မယ်'' ဆဲ-သို့ကလို စိတ်ဖွဲ့တဘာန်ထက်သန်လာတဲ့အတွက်၊ ပေါ့ပေါ့ပါးပါးတက်သွားနိုင်အောင်၊ တောင်ခါးပန်းမှာ ဒုကုဋ်သင်္ကန်းကြီးနှင့် သပိတ်ကိုထားခဲ့ပြီး အသားနွဲ့နွဲ့နှင့် တောင်ဖွေးထောက်လျက် တက်သွားလေရာ။ စိတ်ဆောင်တဲ့ အစွမ်းကြောင့်၊ အလွန်ကြီး မမောမပန်းဘဲ၊ တောင်ထိပ်ပေါ် သို့ရောက်သွားသတဲ့။ အလွန်ဖွဲ့ကောင်းတဲ့ ထေရီမကလေးပေါ့။ ချီးမွမ်းဘွယ်ကောင်းပါပေတယ်။

တောင်ထိပ်ပေါ် သို့ရောက်သွားတော့။ ''ကဲ-တောင်တက်ခြင်းကိစ္စဖြင့်ချောခဲ့ပေါ့၊ ဝိပဿနာအလုပ်ကိုသာ အားထုတ်ဘို့လိုတော့တယ်၊ ရဟန္တာ-မဖြစ်သမျှ သည့်တောင်ကြီးပေါ်က ငါဆင်းတော့ဘူး။ ဖွေးပါရမီ မရှိသဖြင့်၊ ရဟန္တာ-မဖြစ်လျှင်လဲ သည့်တောင်ထိပ်ပေါ်မှာ သေပေစေတော့။ ဆဲ-သို့က လိုမ်မြှာန်ပြီး စိတ်သန်သန်ကြီးနှင့်ထိုင်၍ တရားအားထုတ်လေရာ၊ မျှားမကြာခင် အာသဝေါကင်းစင်၍၊ လေးအင်သောသစ္စာပန်းခိုင်ကို လက်ကိုင် ဆွတ်ခူးပြီးခါ၊ ရဟန္တာ အဖြစ်သို့ရောက်လေသတည်း။ ရဟန္တာ အဖြစ်သို့ ရောက်တဲ့ အခါ၊ တောင်စောင့်နတ် တောစောင့်နတ် အပေါင်းတို့က၊ ကောင်းချီးပေးကာ သာဓုခေါ် ကြသတဲ့။

စိဿာထေရီ ဘိက္ခုနီမသည် အာသဝေါကင်းပျောက်၊ ဉာဏ်အရောင်ထွန်းတောက်၍၊ ရဟန္တာအဖြစ်သို့ ရောက်တဲ့အခါ၊ လွန်စွာဝမ်းမြောက်လှသဖြင့်၊ မိမိအဖြစ်ကိုဆင်ခြင်ပြီး၊ ရွှင်ရွှင်လန်းလန်းနှင့် ဥဒါန်းကျူးလေသတည်း။

''စိဿာထေရီ၏ ဥဒါန်းဂါထာများ''

(၁) ကိဉ္စာပိ ခေါမှိ ကိသိကာ၊ ဂိလာနာ ဗာဠှဒုဗ္ဗလာ၊
ဒဏ္ဍမောလုမ္ဗ ဂစ္ဆာမိ ပဗ္ဗတံ အဘိရူဟိယ။

(၁) အဟံ။ အကျွန်ုပ်သည်။ ခေါ။ စင်စစ်။ ဂိလာနာ။စွဲကပ်ရောဂါ၊ ဝေဒနာခံစားရသည်ဖြစ်၍၊ ကိသိကာ။ အရိုးပေါ်ထွင်၊

အရေတင်၍၊ မြင်၍မကောင်းအောင် ပိန်ကြုံလျက်၊ဗာဠူဒုဗ္ဗလာ၊
အပြင်းအထန် အားအင်လျော့ပါး၍ နေသည်။ ကိဋ္ဌာဒ်အမှိ၊
အကယ်၍ပင် ဖြစ်ပါသော်လည်း။ ပဗ္ဗတံ။ ဂိဇ္ဈကုဋ်တောင်ကြီး
ပေါ်သို့။ အဘိရုဟိယ အဘိရုဟိတ္တံ။ တက်ခြင်းငှါ၊ ဒုက္ခံ။
တောင်ပေ့းကို။ ဩလုမ္ပ။ ထောက်၍။ ဂစ္ဆာမိ။ တောင်ခါးပန်း
တွင်၊တဖြည်းဖြည်း လှမ်းသွားရပါသတည်း။

(၂) သဃာဋိံ နိက္ခိပိတွာန၊ ပတ္တကဉ္စ နိကုဇ္ဇိယ။
သေလေ ခမ္ဘေသိ မတ္တာနံ၊ တမောခန္ဓံ ပဒါလယိံ။

(၂) အဟံ။ အကျွန်ုပ်သည်၊ သဃာဋိံ၊ ဒုကုဋ်သင်္ကန်းကြီး
ကို၊ နိက္ခိပိတွာန၊တောင်ခါးပန်း၌ချထားခဲ့၍၊ ပတ္တကဉ္စ၊ လွယ်ခဲ့
သောသပိတ်ကိုလည်း၊ နိကုဇ္ဇိယ၊ မှောက်ထားခဲ့၍၊ သေလေ၊
တောင်ထိပ်ပေါ်၌၊ အတ္တာနံ၊ မိမိကိုယ်ကို၊ ခမ္ဘေသိံ၊ကဲလေသာ
တို့မှ၊လွတ်ကင်းအောင် ခွါခဲ့ရပေသတည်း။ တမောခန္ဓံ၊မောဟ
ဘိစီး၊ မှောင်တိုက်ကြီးကို၊ ပဒါလယိံ၊ ဉာဏ်မီးအလင်းဖြင့်
အတင်းဖေါက်ခွဲခဲ့ရပေသတည်း။

စိတ္တာထေရီ ဘိက္ခုနီမသည်၊ ပြဆိုခဲ့ပြီးသော အတိုင်း၊
ဂိဇ္ဈကုဋ်တောင်ကြီးပေါ်မှာ၊ ရဟန္တာအဖြစ်သို့ ရောက်သော
အခါ၊ နှစ်သိမ့်ငမ်းသာ၍ အရသာရှိလှသော ပီတိခါတ်အစွမ်း
ကြောင့်၊ စွဲကပ်သောဝေဒနာများလည်း ခဏခြင်းပျောက်ကင်း
စင်ကြယ်ပြီးလျှင်၊ အားအင်ပြည့်စုံစွာနှင့်၊ ဂိဇ္ဈကုဋ်တောင်ကြီး
ပေါ်မှ ဆင်းသက်ခဲ့လေ၏။ တောင်ခါးပန်းတွင် မိမိထားခဲ့သော
သင်္ကန်းသပိတ်များကိုယူခဲ့ပြီးလျှင်၊ နေရင်းဖြစ်သော ဘိက္ခုနီမ
ကျောင်းသို့ ပြန်လာခဲ့လေသည်။

အားအင်သန်စွမ်း၊ မျက်နှာရွှင်လန်း၊ကျန်းကျန်းမာမာနှင့်ပင်
ရဟန္တာအဖြစ်သို့ ရောက်လာသော စိတ္တာထေရီ ဘိက္ခုနီမကို
သီတင်းသုံးဘော်အပေါင်းတို့က တွေ့မြင်ကြသောအခါ၊ ရဟန်း
ကိစ္စတုံး၍ အပြီးအဆုံးတိုင်ကြောင်းကို သိရှိကြသဖြင့်၊ စိတ္တာ

ထေဒိမအား များစွာချီးမွမ်းကြလေသတည်း။ ဤစိတ္တာထေရီ ဂတ္ထာ၌၊ နည်းယူဘွယ်အချက်မှာ၊ မဘျန်းမမာ အေးရောဂါ စွဲကပ်သည်ဟူ၍သဘောမထားဘဲ၊တကဲ့ကိုယ်ကျိုး,ကိုယ်စီးပွါး ဖြစ်တဲ့ ရဟန်းတို့ အလုပ်ကို မတွန့်မဆုတ် အားထုတ်သော အချက်ပင်ဖြစ်လေသည်။ ။ထို့ပြင်လည်း၊ မိန်းမဇာတိဖြစ်ပါ လျက်၊ ယောကျ်ားတို့စွမ်းအားကဲ့သို့ ရဲရဲရင့်ရင့် ပြုမူပုံအချက် ဖြစ်လေသည်။

ဤစိတ္တာထေရီ၏ နည်းကိုပုံစံထား၍၊ တရားဘာဝနာအလုပ် ကို အားထုတ်ကြသောအခါ၊ တွန့်ဆုတ်သောစိတ်မျိုးကို ပယ် သင့်ကြလေသည်။ ။အမျိုးသားများသည်လည်း ယောကျ်ား တို့စွမ်းအင်ကဲ့သို့ စွန့်စွန့်စားစား၊ ရဲအား, ရဲမာန် လွန်စွာထက် သန်သင့်ကြပေသတည်း။

(၃) စိတ္တာထေရီဂတ္ထာပြီး၏။

—— ၀ ——

ဒုကနိပါတ်

(၄) အဘယမာတာဂတ္ထာ။

ရှေးလွန်လေပြီးဖြစ်တဲ့ကပ်ကမ္ဘာပေါင်းများစွာတို့၌။အမျိုးသမီး ကလေးတယောက်ဟာ သဒ္ဓါစေတနာ မျိုးစေ့ရင်း ပါလာတဲ့ အတိုင်း၊ ကြုံကြိုက်တဲ့ ဘုရားရှင်တို့၏ ထံတော်ပါးမှာ၊ နောင် အခါ လွယ်ကူစွာ ကျွတ်တန်းဝင်တို့ဖြစ်တဲ့ ကုသိုလ်ကောင်းမှု ပါရမီအခြေစုကို ပြုစုပျိုးထောင်လာခဲ့သတဲ့။

ကုသိုလ်ထူးတခု မှတ်မှတ်သားသားကြီး ပြုလုပ်ဆည်းဘူး ခဲ့ဘာ ကတော့ .သည်လိုတဲ့။ လွန်ခဲ့သော (၉၂) ကိုးဆယ့် နှစ်ကမ္ဘာထက်တွင်၊ တိဿအမည်တော်ရှိတဲ ရှင်တော်ဘုရား ပွင့်တော်မူတယ်။ ထိုလက်ထက်တော်အခါ၊ ပြဆိုခဲ့ တဲ့ အမျိုးသမီး ကလေးဟာ၊ မထင်မရှားတဲ့ အမျိုးအနွယ်မှာဖြစ်လာ၍၊ ပစ္စည်း ဥစ္စာအားဖြင့် ကြွယ်ကြွယ်ဝဝမရှိရှာဘူး။

တနေ့တော့ တိဿအမည်တော်ရှိတဲ့ မြတ်စွာဘုရားသည်

ကိုယ်တော်တပါးတည်း ဆွမ်းခံကြွတော်မူလာတယ်။ ။ဆွမ်းခံကြွတော်မူလာတဲ့တိဿမြတ်စွာဘုရားကို အမျိုးသွီးကလေး မြင်တဲ့အခါ။ "ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါတကား"ဟု သဒ္ဓါတက်ကြွပြီး၊ တတ်စွမ်းသမျှ လှူဒါန်း၍ ကျွတ်ဘန်းဝင်တို့အား ထုတ်မှုတော်မယ်၊နေ့ခင်သံသရာအဘွက် ချမ်းသာမျိုးကိုစိုက်မျိုးမှုတော်မယ်။ ဤကဲ့သို့သော ဘုရားရှင်တို့အား လှူဒါန်းရတယ်ဆိုဘာ လွန်စွာခဲယဉ်းပေတယ်" အဲ-သည်ကဲ့သို့ တွေးတောဆင်ခြင်ပြီး၊ ပစ္စည်းဥစ္စာ များစွာ ကြွယ်ဝခြင်း မရှိတဲ့ အတွက် ချက်ပြီးအသင့်ရှိတဲ့ ထမင်းအိုးထဲမှ တနှန်းစာမျှလောက် ရှိဘဲ့ ဆွမ်းဦးကိုချူးပြီး လောင်းလိုက်သဘဲ့။

ပစ္စည်းဥစ္စာကြွယ်ဝတဲ့သူချားမှာတော့ ဆွမ်းကလေးတဇွန်းဟာ ဘာမျှမပြောလောက်ဘူးပေါ့။ ပစ္စည်းဥစ္စာ မချမ်းသာတဲ့ သူခမြာကလေးမှာတော့၊ ဆွမ်းတဇွန်းစာကိုပင် အတော်များတယ်လို့ ထင်ရှားပေလိမ့်မယ်။ များတယ်လို့ထင်တဲ့အတွက် သူ့စေတနာဟာ များစွာဖြစ်ပွားတာပေါ့။ ဒါနအရာမှာ စေတနာ သိရင်းဖြစ်တဲ့ အတွက်၊ အလှူဝတ္ထုပင် နည်းပါးစေကာမူ၊ စေတနာ သဒ္ဓါတရား ကြီးကျယ် များပြားပြီဆိုမှဖြင့်၊ ဒါနရဲ့ အကျိုးဟာလဲ ဖွံ့ဖွံ့ပြိုးပြိုးကြီး ဖြစ်ပေါ်လာတတ်ထာဘဲ။

အလှူဝတ္ထုနည်းပါးလို့၊စေတနာသဒ္ဓါများလျှင်။ 'ညောင်စေ့လောက်လှူသော်လဲ၊ညောင်ပင်ကြီးလောက်အကျိုးပေးတယ်" ဆိုတဲ့စကားနှင့် ညီညွတ်သွားတာပေါ့၊ အလှူဝတ္ထုတွေများပြား၍၊ စေတနာ သဒ္ဓါတရားက နည်း ပါး ချို့ ငဲ့ ၍ နေ ခဲ့ ပါ လျှင်၊ "ညောင်ပင်ကြီးလောက် လှူသော်လဲ၊ ညောင်စေ့လောက် အကျိုးပေးဘယ်" ဆိုတဲ့ စကားနှင့် ညီညွတ်သွားတယ်။ ။အဲ-သို့ကြောင့် ဒါနအရာမှာ၊ စေတနာသဒ္ဓါပိုပြီး၊ ကြည်ကြည်ညိုညိုကြီး လှူဒါန်းကြသို့ တိုက်တွန်းရမှာပေါ့။

ဤကဲ့သို့ ဆွမ်းတဇွန်း လှူဒါန်းခဲ့ကြောင်းကို၊ အဘယမာဘာ အပဒါန်ပါဠိတော်ကြီး၌၊ သို့ကလို ဟောတော်မူခဲ့ပေသတည်း။

(က) ပိဏ္ဍစာရံ စရန္တဿ၊ တိဿဿနာမ သတ္ထုနော။
ကဋုစ္ဆုဘိက္ခံ ပဂ္ဂယှ၊ ဗုဒ္ဓသေဋ္ဌဿ ဒါသဟံ။

(က) တိဿဿနာမ။တိဿ ဟု အမည်တော်ရှိသော။သတ္ထုနော။ ရှင်တော်မြတ်ဘုရားသည်။ ပိဏ္ဍစာရံစရန္တဿ။ဆွမ်းခံကြွတော်မူလာစဉ်။ အဟံ။ အကျွန်ုပ်သည်။ ကဋုစ္ဆုဘိက္ခံ။ တဖွန်းစာမျှ လောက် သော ဆွမ်း ကို။ ပဂ္ဂယှ။ ချီး ယူ ၍။ ဗုဒ္ဓသေဋ္ဌဿ။ သုံးလောက ထွတ်ထား၊တိဿ ရှင်တော်မြတ်ဘုရားအား။အဒါသိံ။ သဒ္ဓါရောင်ရှိန်၊ ပြောင်ထိန်ထူးမြတ်၊တလျှပ်လျှပ်ဖြင့်၊ဆက်ကပ် လောင်းလှူခဲ့ပါသတည်း။

(မှတ်ချက်။ ။အပဒါန် ပါဠိတော်များကို, ဝတ္ထုအသွားထဲတွင် ဆိုင်ရာ, ဆိုင်ရာ, သွတ်သွင်း၍ဘော်ပြပါမည်။)

အဲ-သို့ကလို ထက်သန်သော စေတနာနှင့်၊ တဖွန်းစာမျှသော ဆွမ်းကို လှူဒါန်းတဲ့အခါ၊ တိဿရှင်တော်မြတ်ဘုရားက၊ ဤဒါန တန်ခိုးကြောင့်။ အကျိုးမည်မျှလောက် ကြီး ကျယ် ပါ မည် လဲ လို့ ဆင်ခြင်တော်မူရာ၊ အနာဂတံသ ဉာဏ်ဖြင့်၊ မြင် တော် မူ တဲ့ အတိုင်း၊ ထိုနေရာမှာ ရပ်တန့်တော်မူပြီး၊ ဤ မျိုးသမီးကလေးအား၊ သို့ကလို ဗျာဒိတ်ထားတော်မူသတဲ့။

(ခ) ပဒိုဂ္ဂဟေတွာန သမ္ဗုဒ္ဓေါ တိဿော လောကဂ္ဂနာယကော။
ဝီထိယံ သဏ္ဌိတော သတ္ထာ၊ ဗျာကာသိ အနုမောဒနံ။

(ခ) လောကဂ္ဂနာယကော။ လော က သုံး ပါး ၏ ရှေ့ သွား ဦးဆောင်၊ အခေါင်အဖျား ဖြစ်တော်မူသော။ တိဿော။တိဿ အမည်တော်ရှိသော။သမ္ဗုဒ္ဓေါ။တရားဥဿုံ။အလုံးစုံကို၊ အကုန် သိမြင်တော် မူပြီးသော၊ သတ္ထာ။ ရှင်တော်မြတ် ဘုရားသည်။ ပဒိုဂ္ဂဟေတွာန။ဆွမ်းခံတော်မူရင်းပင်လျှင်။ဝီထိယံ။ခရီးလမ်း၌။ သဏ္ဌိတော။ ရပ်တန့်တော်မူလျက်။ အနုမောဒနံ။ ဝမ်းမြောက် ဘွယ်ရာ။ အနုမောဒနာ မိန့်ခွန်းကို။ ဗျာကာသိ။ ခံတွင်းတော် ကြွှင်ရန့်ဖြင့်၊ လှိုင်ပျံ့စွာမိန့်ကြားတော်မူလေသတည်း။

(၃) ကဋစ္ဆုဘိက္ခံ ဒတွာန၊ တာဝတိံသံ ဂမိဿတိ။
ဆတ္တိံသ ဒေဝရာဇူနံ၊ မဟေသိတ္တံ ကာရယိဿတိ။

(၃) ဘဒ္ဒေ၊ အို-အမျိုးသမီး၊ ကဋစ္ဆုဘိက္ခံ၊ တဇွန်းစာမျှ လောက်သောဆွမ်းကို၊ ဒတွာန၊ စေတနာဖြူဖြူနှင့် ပေးလှူရသော ကောင်းမှုကြောင့်၊ တာဝတိံသံ၊ တာဝတိံသာ နတ်ပြည်သို့၊ ဂမိဿတိ၊ ယခုဘဝအဆုံးတွင်၊ ဖြုန်းခနဲ ဆိုက်ရောက်ရလတ့ံ၊ ဆတ္တိံသဒေဝရာဇူနံ၊ သုံးကျိပ် ခြောက်ပါးသော နတ်မင်းကြီး များတို့၏၊ မဟေသိတ္တံ၊ နတ်မိဖုယားကြီးအဖြစ်ကို၊ ကာရယိဿတိ၊ ပြုရလတ့ံ။

(၄) ပဉ္စာသ စက္ကဝတ္တီနံ၊ မဟေသိတ္တံ ကာရယိဿတိ။
မနသာ ပတ္ထိတံ သဗ္ဗံ၊ ပဋိလစ္ဆတိ သဗ္ဗဒါ။

(၄) ပဉ္စာသ စက္ကဝတ္တီနံ၊ ငါးကျိပ်သော စကြာဝတေး မင်းကြီးတို့၏၊ မဟေသိတ္တံ၊ မိဖုယား ခေါင်ကြီး အဖြစ်ကို၊ ကာရယိဿတိ၊ ပြုရလတ့ံ၊ မနသာ၊ စိတ်ဖြင့်၊ ပတ္ထိတံ၊ တောင်းတ ကြံစည်အပ်သော၊ သဗ္ဗံ၊ အလုံးစုံကို၊ သဗ္ဗဒါ၊ အခါခပ်သိမ်း၊ ပဋိလစ္ဆတိ၊ မချွတ်မချ၊ လျှင်မြန်စွာရလတ့ံသတည်း။

(၅) သမ္ပတ္တိံ အနုဘဝိတွာန၊ ပဗ္ဗဇိဿတိ ကိဉ္စနာ။
သဗ္ဗာသဝေ ပရိညာယ၊ နိဗ္ဗာယိဿတိ နာသဝါ။

(၅) သမ္ပတ္တိံ၊ လူနတ်စည်းစိမ်ကြီးရိပ်ငြိမ်ကို၊ အနုဘဝိတွာန၊ တင်းတိမ်အောင် ခံစား စံစားပြီးသည့်ရှိသော်၊ အနာဂတေ၊ နောင်ပွင့်လတ့ံသော ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌၊ အကိဉ္စနာ၊ ကြောင့်ကြစိုးရိမ်ခြင်းမရှိရဘဲ၊ ပဗ္ဗဇိဿတိ၊ ရဟန်း ပြုရပေလတ့ံ၊ တဒါ၊ ထိုသို့ရဟန်းပြုသောအခါ၌၊ သဗ္ဗာသဝေ၊ အလုံးစုံသော ကိလေသာ အာသဝေါတရားတို့ကို၊ ပရိညာယ၊ ပဟာနပရိညာဏ်ဖြင့် စွန့်ခွါ၍၊ အနာသဝါ၊ အာသဝေါ

ကင်းပြတ်၊ ရဟန္တာအဖြစ်ဖြစ်လျက်။ နိဗ္ဗာယိသသိ။ သံသရာ ဓာတ်သိမ်း၊ အငြိမ်းကြီး ငြိမ်းလတ့်သတည်း။

(စ) ရှာနံ ၀ဘ္ဘာန သမ္ဗုဒ္ဓေါ၊ တိသော လောကဂ္ဂနာယကော။ နဘံအဘျုဂ္ဂမိ မိရော၊ ဟံသရာဇာဝ အမ္ဗရေ။

(စ) ဠာနံ။ ဤဗျာဒိတ်စကားကို၊ ဝတ္တာန။ မိန့်ခွက်တော်မူပြီး သည့်ရှိသော်၊ မိရော၊ ပညာရောင်ရှိန်၊ တထိန်ထိန် ထွန်းလင်း တော်မူသော။ လောကဂ္ဂနာယကော။ လောက၏ ဦးဆောင်၊ အခေါင်အဖျားလည်း ဖြစ်တော်မူသော၊ တိသော၊ တိသ အမည် တော်ရှိသော၊ သမ္ဗုဒ္ဓေါ။ သဗ္ဗညူလေးပါး၊ တရားသိမြင်၊ ဘုရားရှင် သည်၊ အမ္ဗရေ၊ ကောင်းကင်၌၊ ဟံသရာဇာဝ။ ရွှေဟင်္သာမင်းကြီး ကဲ့သို့ နဘံ။ ကောင်းကင်သို့၊ အဘျုဂ္ဂမိ။ တန်ခိုးတော်အစွမ်းဖြင့်၊ ပျံသန်းတက်ကြွတော်မူလေသတည်း။

တိဿ မြတ်စွာဘုရားသည်၊ လမ်းခရီးမတ်တတ်၊ တန့်ရပ်တော် မူလျက်၊ သူမင်းအမကလေးအား ဗျာဒိတ်စကားပြောကြားတော်မူ ပြီး၊ ကောင်းကင်ခရီးသို့ ဗျာန်ယာဉ်စီး၍ တက်ကြွတော်မူတယ်။

ဆဲ-သည့်လို တန်ခိုးတော်ကို တွေ့မြင်တဲ့အခါ၊ အမျိုးသမီးက လေးမှာ၊ သာလွန်ပင် စေတနာ ထက်သန် သွား တာ ပေါ့၊ ကောင်းကင်ကို မော့ပြီး၊ မျက်စိတဆုံး ဖူးမျှော်လိုက်တယ်။ ဆဲ-သည့်အခါကစပြီး၊ မိမိပြုလုပ်သူ့ဒါနီးခဲ့တဲ့ဒါနကို ခဏ,ခဏ, အာရုံပြုကာ၊ စမ်းသာ ဝမ်းမြူးနှင့်၊ အထူးနှစ်သိမ့်ခြင်းဖြစ်နေရှာ တယ်။ ။ပရစေတနာက ပဲ လွန်စွာထက်သန်တာပေါ့လေ။ ။ ကုသိုလ်ပြုလုပ်ပြီးတဲ့အခါ၊ မကြာ,မကြာ, တွေးတော၍၊ ကုသိုလ် ဓာတွေ့ အလောလော ကျနေတာကို၊ ပရစေတနာရယ်လို့ ခေါ်တယ်။ ကုသိုလ်ပြုပြီး မေ့သွားပြီဆိုမှဖြင့်၊ ''ငါ့ကိုယ်ကို လဲ သူမသိ၊ သူ့ကိုယ်ကိုလဲ ငါမသိ'' ဆိုတာမျိုးလို၊ ကုသိုလ်က လဲ မိမိကိုမသိ မိမိကလဲ ကုသိုလ်ကိုမမှတ်မိဖြစ်သွားတတ်တယ်၊

သည့်လို ဖြစ်ပြီဆိုမှဖြင့်၊ တမလွန်ဘဝမှာ၊ အကျိုးခံစားသင့်လျက် မခံစားရဘဲ၊အကြောကြီး ကြာသွားတတ်တယ်။

''ဖြစ်ပြီးသော ကုသိုလ်တရားကို ပွါးများကြရမယ်''လို့၊ ရှင်တော်ဘုရား ဟောကြားတော်မူတဲ့အတိုင်း၊ဒါန, သီလ, အစရှိတဲ့ ကုသိုဟ်များကို ပြုလုပ်ပြီးတဲ့အခါ၊မကြာ, မကြာ,အမှတ်ရအောင်၊ခဏ,ခဏ, ဆင်ခြင်သင့်ကြတာကလား။

အနုဿတိဆယ်ပါးမှာ ''စာဂါနုဿတိ'' ဆိုတာ တပါးပါလာတယ်။ မိမိလှူဒါန်း ပေးကမ်းပြီးတဲ့အခါ၊ မကြာ မကြာ အမှတ်ရစေရမတဲ့။သို့ကလို အမှတ်ရစွာနှင့် ဆင်ခြင်ခြင်းကို၊ စာဂါနုဿတိရယ်လို့ဆိုတယ်။ ။ကဲ-ဝတ္ထုကြောင်းကိုဆက်ကြအုံးစို့။

ဆွမ်းအမကလေးဟာ၊ မိမိလောင်းလှူလိုက်တဲ့ ဆွမ်းဒါနကို၊ ဝမ်းသာအားရပြီး၊မကြာ မကြာ သတိရစွာနှင့် တသက်ပတ်လုံး နေသိုင်၍၊ စုတေသွားတဲ့အခါ၊ ဗျာဒိတ် ပေးတော်မူဘဲ့အတိုင်း၊ တာဝတိံသာ နတ်ပြည်သို့၊ ဘွားကနဲ ရောက်သွားပါရော၊ နတ်ပြည်မှာ အကြိမ်ပေါင်၊များစွာ နတ်သမီးဖြစ်ဘဲ့အခါ အရောင်အဆင်း ဂုဏ်သတင်း သာလွန်ခြင်းအစရှိတဲ့ အကျိုးထူးတို့ဖြင့်၊ အခြားနတ်သမီးများထက်သာလွန်တယ်။ ။သုံးကျိပ်ခြောက်ကြိမ်တိုင်တိုင်၊ နတ်ဘုရင်ကြီးများရဲ့ မိဖုယားကြီး အဖြစ် သို့ ရောက်သွားတယ်၊ လူ့ပြည်မှာ ဖြစ်လာပြန်တော့လဲ၊ နိမ့်ကျဘဲ့ အမျိုးဇာတ်မှာမဖြစ်ဘဲ၊ မြင့်မြတ်ဘဲ့ အမျိုးဇာတ်မှာသာ ဖြစ်ရတယ်၊ လူ့ပြည်မှာ ဖြစ်ရတဲ့အခါ၊ စကြဝတေးမင်းကြီး ငါးကျိပ်တို့၏ မိဖုယားခေါင်ကြီးအဖြစ်ပေါင်း ငါးဆယ်ဖြစ်ရသဘဲ့။

တိဿမြတ်စွာဘုရား လက်ထက်တောင်ကစပြီး၊ ယခု ရှင်ဂေါတမ မြတ်စွာဘုရားပွင့်သည့်တိုင်အောင်။(၉၂)ကိုးဆဲ့နှစ်ကမ္ဘာပတ်သုံး၊ လူ့ဘဝ, နတ်ဘဝ,တို့၌သာကျင်လည်ခဲ့ရသဘဲ့။

ယခု ရှင်ဘော်ဂေါတမ၏ လက်ထက် တော် သို့ ကျဘော့၊ ကောသမ္ဘီပြည် သူဌေးအမျိုးမှာ ဘွားမြင်၍လာဘယ်၊ အချပ်

အဆင်းမှာ လွန်စွာလှပ၍၊ ကြည့်ကြည့် လင်လင်, လန်းလန်း ဆန်းဆန်း, ပဒုမ္မာကြာပန်းနှင့် တူတဲ့ အတွက် ကြောင့်။ ''ပဒုမဝတီ''ရယ်လို့ အမည်ထူးကို ရရှိတယ်။အရွယ်ရောက်လာတော့၊ ကောသမ္ဗီတပြည်လုံးမှာ၊ အလှဆုံးဖြစ်နေတဲ့ အတွက်၊ ပဒုမဝတီကို၊မည်သည့် ယောက်ျားနှင့်မျှ ထိမ်းမြားခြင်းမပြုဘဲ၊ ပြည့်တန်ဆာမ အဖြစ်ဖြင့် နေထိုင်ရန်၊ မင်းညီမင်းသား, သူဌေး သူကြွယ်, အများက၊ အညီ အညွတ် ဆုံးဖြတ်ကြတဲ့ အတွက်။ ပြည့်တန်ဆာမ ဖြစ်ရရှာပါရော။

အစုကာသိာဏ္ဍုန္ဒြ၊ ပြဆိုခဲ့ပြီးသော အတိုင်း၊ ဟို-ရှေးခေတ် အခါတုန်းက၊ အချောအလှဆုံး ဖြစ်ခဲ့ပါလျှင် ပြည့်တန်ဆာမ ရာထူး၌ ထားလေ့ရှိကြတယ်။ သည်ခေတ် အခါတုန်းကတော့၊ ပြည့်တန်ဆာမဆိုတာ၊ လွန်စွာဂုဏ်ရှိတာပေါ့၊ ဘုရင်မင်းမြတ်နှင့်တကွ၊ မှူးကြီးမတ်ရာ၊ သေနာပတိ၊ သူဌေး သူကြွယ်တို့က၊ ဝိုင်းဝန်းချီးမြှောက်ကြတဲ့အတွက်၊ ဥယျာဉ်ဗိမာန် အခြွေအရံမှစ၍၊ ပြည့်တန်ဆာမဖြစ်ခဲ့ပါလျှင် လွန်စွာကြီးကျယ်ပေသပေါ့၊ တကယ်စင်စစ်မှာတော့၊ ပြည့်တန်ဆာမ ဖြစ်ရတာ မကောင်းဘူးပေါ့။

သည်ခေတ် သည်အခါတုန်းက မျက်နှာကြီးတဲ့ ယောက်ျားတို့၏ နှလုံးသွင်းကတော့၊ နိုင်ငံအတွင်းမှာ၊ အလှဆုံး ဖြစ်တဲ့ ထွီးၾညာ ပေါ်လာပါလျှင်၊ ပုဂ္ဂလိက တဦး ပိုင်သ ဘောဖြင့်၊ လက်ထပ်ထိမ်းမြားခြင်းမပြုလိုဘဲ၊ အများပိုင်ဆိုင်တဲ့ ပြည့်တန်ဆာမသဘောဖြင့်၊အညီအညွတ်ဆုံးဖြတ်၍၊ တိုင်းနိုင်ငံ၏၊မင်္ဂလာ သဘွယ် ထားလိုကြတဲ့ဆန္ဒရှိကြတယ်။မျက်နှာကြီးတဲ့သူများက၊ အညီအညွတ်ဆုံးဖြတ်လိုက်ပြီဆိုမှဖြင့်၊ ပြည့်တန်ဆာမအဖြစ်သို့ ရောက်သွားရပါရော၊ ယခုခေတ်ကာလသဘောနှင့် ကြည့်လျှင်၊ အလွန်စက်ဆုပ်ဘွယ်ကောင်းတာပေါ့လေ။

ပဒုမဝတီမှာ၊ပြည့်တန်ဆာမ ဖြစ်ရတာ၊ ဘယ်အကုသိုလ်ကံ ကြောင့် ဖြစ်ရတယ်လို့၊ ကျမ်းဂန်မှာ အဆိုမရှိဘူး၊ခေတ်ကာလ

အလိုက်၊ အရုပ်အဆင်းလှပတဲ့အတွက်ကြောင့်၊ ပြည်တန်ဆာမ ဖြစ်ရရှာတော့တာဘဲ၊ အရုပ်အဆင်းလှပခြင်း ဆိုတာလဲ၊ ရန်သူကြီးတမျိုးရယ်လို့ ဆိုသင့်နေတာပါဘဲကလား။

ကောသမ္ဗီပြည်က၊ ပဒုမဝတီဆိုတဲ့ ပြည်တန်ဆာမကလေး၏ ဂုဏ်သတင်းများဟာ၊ တိုင်းကြီးသောဠသ ဇမ္ဗူဒီပ တခွင်မှာ၊ အလွန်ပင်ထင်ရှား ကျော်စောနေတယ်။ နိုင်ငံတကာက မဟာရာဇာတို့မှစ၍၊ သူဋ္ဌေး သူကြွယ်ကြီးတွေဟာ၊ ပဒုမဝတီထံသို့ မကြာ,မကြာ, လာရောက်ကြသတဲ့။

တနေ့တော့၊ ဘယ်လို ထူးထူး ဆန်းဆန်း ဖြစ်လာသလဲလို့ ဆိုတော့။ ရာဇဂြိုဟ်ပြည်ကြီး၏အရှင်၊ ဘုရင် ဗိမ္ဗိသာရ မင်းကြီးက၊ ပဒုမဝတီ၏ ချောကြောင်း, လှကြောင်း, ကို ကြားတော်မူတယ်။ ကြားရုံကာမျှ၊ ဒိဋ္ဌ အာရုံ အား ဖြင့်၊ တွေ့ ဆုံ ချင် တဲ့ စိတ်တွေဖြစ်လာသတဲ့။ တဏှာရာဂဆိုတာ၊ လွန်စွာဆိုးဝါးတာကလား။ မြင်ရရုံနှင့်လဲ သာယာတပ်မက်လေ့ရှိတယ်။ သတင်းကြားရုံနှင့်လဲ သာယာတပ်မက်လေ့ရှိတယ်။

ဗိမ္ဗိသာရမင်းကြီးသည်၊ သတင်းကြားရုံနှင့်၊ တအုံနွေးနွေး၊ တတွေးတောတောနှင့်၊ ရမက်ဇော လှိုင်းထ၍နေရာ၊ ဖြေပါသော်လဲ မပြေဘဲ ဖြစ်တဲ့အတွက်၊ ပညာအမျိုးမျိုး ပြည့်စုံသော ကျွန်ယုံတော် ပုရောဟိတ် ပုဏ္ဏားကို အပါးတော်သို့ ခေါ်ပြီး၊ တိုးတိုးသာသာသို့ကလိုမိန့်ကြားတော်မူတယ်။ ''အို-ပုရောဟိတ်ပုဏ္ဏား၊ ကောသမ္ဗီပြည်မှာ၊ ပဒုမဝတီဆိုတဲ့ ပြည်တန်ဆာမကလေးဟာ၊ အလွန်ချောတယ် ဆိုပါကလား၊ တကြိမ် တခါလောက် တွေ့စမ်းချင်ပါဘိတယ်၊ ကြံနိုင်လျှင်ကြံပေးပါ။'' အဲ-သို့ကလို မိန့်တော်မူတယ်။ မအောင့်နိုင်တဲ့အတွက်၊ ဘွင့်လို့ထုတ်ရတော့တာပေါ့နော်။

သည်အခါ ပုရောဟိတ်ပုဏ္ဏားက၊ ဘုရင့်အလိုတော်ကို ဖြည့်အောင် ရွက်ဆောင်လေ့ ရှိတဲ့အတိုင်း၊ ''မိုးရိပ်တော်မမှုပါနှင့် ဘုရား။ ဘုရာ့ကျွန်တော်မျိုး၏ ပညာစွမ်းဖြင့်၊ အလိုတော်ပြည့်

အောင် ရွက်ဆောင် ၍ ပေးပါမည်ဘုရား'' အဲ- သို့က လိုတင် လျှောက်ပြီး မိမိ တတ်ကျွမ်း သော မန္တန် အစွမ်းဖြင့်၊ ''ကုဗ္ဘီရ'' ဆိုတဲ့ နတ်ဘီလူးကြီးကို ခေါ်လိုက်သတဲ့၊ မန္တန်၏ တန်ခိုးကြောင့် ကုဗ္ဘီရဆိုတဲ့နတ်ဘီလူးကြီးဟာ၊ဘွားကနဲ့အပါးတော်သို့ ဆိုက်ရောက် လာပါရော၊ ပုရောဟိတ် ပုဏ္ဏားကြီးရဲ့ မန္တန်ဟာ၊ လွန်စွာတန်ခိုးကြီးပါပေတယ်။

ကုဗ္ဘီရဆိုတဲ့ နတ်ဘီလူးကြီးဟာလဲ၊ပုဏ္ဏားကြီးမွေးထားတဲ့ နတ်ဘီလူးပေါ့။ သူခိုင်းစေရာကို မသွေမလွှ ဆောင်ရွက်လေ့ရှိသတဲ့။ ။ယခုကာလမှာလဲ ဘီလူးသရဲမွေးတဲ့မှော်ဆရာကြီးများ ရှိတယ်လို့ကြားဘူးပါရဲ့။ ရှေးခေတ်တုန်းကလိုတော့ ထင်ထင်ရှားရှားကြီး ခိုင်းစေလို့ရ,မရဖြင့် မသိနိုင်ဘူး။

.မန္တန်အစွမ်းဖြင့်၊နတ်ဘီလူးကြီးရောက်လာတော့၊ပုဏ္ဏားကြီးက ''ငါတို့သခင်- ပြည့်ရှင်မင်းကို၊ ကောသမ္ဗီပြည်၊ ပဒုမဝတီပြည်ဝင်ဆာဒမထံသို့၊ အမြန် ငှဆောင်ရမယ်၊ ထိုနောက်တဘန်ရာဇဂြိုဟ်နိုင်ငံသို့ ပြန်၍ ဆောင်ကျင်းရမယ်။'' အဲ သည်လိုအမိန့်ပေးဘော့၊နတ်ဘီလူးကလဲ၊''အမိန့်အတိုင်း ဆောင်ရွက်ပါမည်'' လို့ ဝန်ခံတယ်။

အဲ-သည်လိုဝန်ခံပြီးတဲ့ အခါ၊ ဗိမ္ဗိသာရမင်းကြီးသည်၊ နတ်ဘီလူးဘို့၏ တန် ခိုး ဖြင့်၊ တခဏချင်းပင်လျှင်၊ ဥဇ္ဇေနီပြည်၊ ပဒုမဝတီ၏ အဆောင်သို့ရောက်သွားပါရော၊ အလွန်တန်ခိုးကြီးတဲ့ နတ်ဘီလူးပေပေါ့။ ပဒုမဝတီ၏ အဆောင်သို့ရောက်တော့၊ ဗိမ္ဗိသာရမင်းကြီးဟာ၊ တညဉ့်ပတ်လုံး ပဒုမဝတီနှင့်၊မွေ့လျော်စံပျော်တော်မူတယ်၊ထူးထူးဆန်းဆန်းဖြစ်ရပုံက ထိုညဉ့်တွင်းမှာပင်၊ ပဒုမဝတီပြည်ဘန်ဆာဒမှာ၊ ကံအားလျော်စွာ ကိုယ်ဝန်ပဋိသန္ဓေစွဲကြောင်းကို ပဒုမဝတီကသိတော့၊ ထိန်ဗုက်၍မထားဘဲ ''ကျွန်မမှာ၊ ပဋိသန္ဓေ တည်နေကိန်းဝပ်ပါတယ်ဘုရား'' လို့ လျှောက်တင်တယ်။

မင်းတရားကြီးက''ပဋိသန္ဓေ ရှိရိုးမှန်လျှင်၊ဘွားမြင်တဲ့အခါ၊ ကောင်းစွာ မွေးမြူတော်မူမယ် သားတော်ရရှိခဲ့လို့ရှိလျှင်၊ ငါ့ထံ သို့ပို့ပါ။ သည့်လက်ဝတ်တော်ရတနာကိုလဲ သိမ်းထားပါ၊သား နှင့်တကွ၊ ငါ့ထံသို့ပို့ပါ'' သို့ကလိုမှာထားပြီး၊ လက်ဝတ်တော် ရတနာကို ပေးအပ်၍၊ နတ်ဘီလူး၏ တန်ခိုးဖြင့် တခဏချင်း ရာဇဂြိုဟ်နန်းတော်ကြီးသို့ ပြည်လည်တော်မူလာတယ်။

သည်လို ဖြစ်ပုံကို တွေးတော့၊ ဗိမ္ဗိသာရမင်းကြီးဟာ၊ ခပ် ရှုပ်ရှုပ်ဘဲသို့ ဆိုရမလို ဖြစ်နေပါပေါ့ကလား။ ပုထုဇန်ဆိုတာ၊ ရှုပ်တဲ့ အခါမှာလဲ ရှုပ်ရဘာပေါ့လေ။ ဗိမ္ဗိသာရမင်းကြီးဟာ၊ သည် အခိုက် အခါက၊ ရှင်တော်ဘုရားနှင့် မတွေ့ရသေးဘူး။ သောတာပန်မဘည်သေးဘူးလို့မှတ်ကြရမယ်၊ ရှင်တော်ဘုရား ၏ တရားကိုနာ၍၊ ဥပါသကာသောတာပန်ကြီး ဖြစ်ခဲ့ပါလျှင်၊ သည်လို ရှုပ်စရာလမ်း ရှိနိုင်ပါဘော့မလား။

ပဒုမဝတီမှာလဲ၊မိန်းမတို့မွေးတာအတိုင်း၊ ဆယ်လစေ့ရောက် တော့၊ သားကလေးတယောက်ကို ဘွားမြင်ရှာတယ်။ ဘေးရန် ကင်းစွာ မွေးဖွားရဘဲ့အတွက် ''အဘယ'' ရယ်သို့ အမည်ပေး သတဲ့။ ၊သည်နေရာမှာ မန္တန်၏အစွမ်း၊ နတ်ဘီလူး၏ တန်ခိုး၊ အမျိုးမျိုးဆန်းကြယ်ထူးထွေပုံကို၊သေချာဖိုမှစိတ်ချယုံကြည်စွာ မှတ်သားကြရန်၊ အဋ္ဌကထာမှ လာတဲ့ ပါဠိ အကိုးအကားကို၊ သင်ရှားအောင် ထုတ်ဆောင်လို့ ပြလိုက်ရအုံးမှာပေါ့။

မန္တဗလေန ကုမ္ဘီရံ နာမ ယက္ခံ အာဂမေတွာ ယက္ခာနုဘာဝေန ရာဇာနံ တာဝဒေဝ ဥဇ္ဇေနီ နဂရံ နေသိ။ ရာဇာ တာယသဒ္ဓိံ ဧကရတ္တိံ ဝါသံ ကပ္ပေသိ။ သာ တေန ဂဗ္ဘံ ဂဏှိ။ ရညော စ အာရောစေသိ။ မမ ကုစ္ဆိယံ ဂဗ္ဘော ပတိဋ္ဌဟိတိ။ တသ္မာ တွံ ရာဇာ သစေ ပုတ္တော ဘာဝေယျ။ ဝဍ္ဎေတွာ မံ ဒသေယာသိ တိ ဝတွာ မုဒ္ဒိကာံ ဒတွာ။ အာဂမာသိ။ သာ ဒသမာသစ္စယေန ပုတ္တံ ဝိဇာယိတွာ၊ နာမဂ္ဂဟဏ ဒိဝသေ အဘယော တိ နာမံ အကာသိ။

(ထေရီအဋ္ဌကထာပါဠိ။)

ကဲ-အနက်ပြန်လိုက်ကြအုံးစို့။ ။မဏ္ဍဗလေန၊မဏ္ဍာသန်၏အစွမ်းအားဖြင့်၊ကုဏ္ဍိရဲနာမ ယက္ခံ၊ ကုဏ္ဍိရမည်သော နတ်ဘီလူးကို၊ အာဂမေဟတွာ၊ ခေါ်ယူ၍၊ ယက္ခာနုဘာဝေန၊ နတ်ဘီလူး၏ တန်ခိုးအာနုဘော်ဖြင့်၊ရာဇာနံ၊ဗိမ္ဗိသာရမင်းကြီးကို၊တာဝဒေဝ၊ ထိုခဏချင်းပင်လျှင်၊ ဥဇ္ဇေနီနဂရံ၊ ဥဇ္ဇေနီမြို့တော်သို့၊ နေသိ၊ ပို့ဆောင်စေ၏၊ ဇာရာ၊ မင်းကြီးသည်၊တာယ၊ထိုပဒုမဝတီပြည့်တန်ဆာမနှင့်၊ ဧကရတ္တိံ၊တညဉ့်ပတ်လုံး၊ ဝါသံ၊ အတူနေခြင်းကို၊ကပ္ပေသိ၊ပြုတော်မူ၏၊သာ၊ထိုပြည့်တန်ဆာမသည်၊ တေန၊ ထိုအတူ နေမှုကြောင့်၊ ဂဗ္ဘံ၊ ကိုယ်ဝန်ကို၊ ဂဏှိ၊ စွဲယူလေ၏။ ''မမ၊ အကျွန်ုပ်၏၊ကုစ္ဆိယံ၊ဝမ်းတိုက်၌၊ဂဗ္ဘော၊ ကိုယ်ဝန်သည်၊ ပတိဋ္ဌဟိတိ၊ တည်ပါပြီဘုရား''ဟူ၍၊ ရညော၊ မင်းကြီးအားလည်း၊အာရောစေသိ၊လျှောက်ထားလေ၏၊တံ၊ထို လျှောက်တင်သော စကားကို၊ သုတွာ၊ ကြားတော်မူသည်ရှိသော်၊ ရာဇာ၊ မင်းကြီးက ပုတ္တေ၊သားတော်သည် သစေဘဝေယျ၊အကယ်၍ မွေးဘွားလာသည်ဖြစ်အံ့၊ဝဍ္ဎေတွာ၊ ကြီးပြင်းအောင် မွေးမြူ၍၊ မံ၊ငါ့ကို၊ဒဿေဟိ၊ပြပါလော၊ဣတိ၊ဤသို့၊ဝတွာ၊မိန့်တော်မူပြီးလျှင်၊မုဒ္ဒိကံ၊လက်စွတ်တော်ရတနာကို၊ဒတွာ၊ပေး၍၊ အဂမာသိ၊ နတ်ဘီလူး၏ တန်ခိုးဖြင့်၊ ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူလေသတည်း၊သာ၊ ထိုပဒုမဝတီပြည့်တန်ဆာမသည်၊ ဒသမာသစ္စယေန၊ ဆယ်လလွန်သဖြင့်၊ပုတ္တံ၊သားကို၊ဝိဇာယိတွာ၊ ဘွားမြင်လေသည်ရှိသော်၊ နာမဂ္ဂဟဏဒိဝသေ၊ နာမည်ပေးသောနေ့၌၊ အဘယောတိနာမံ၊ အဘယသတို့သားဟူသော အမည်ကို၊ အကာသိ၊မှည့်ခေါ်လေသတည်း။

ပဒုမဝတီပြည့်တန်ဆာမက၊အဘယသတို့သားကို၊မွေးဘွားပြီးတဲ့အခါ၊မဟာသွေး, မဟာနွယ်, မှန်တဲ့အတိုင်း၊ ကောင်းမွန်ယုယစွာ ပြုစုမွေးမြူတဲ့အတွက်၊ချမ်းချမ်းသာသာ ကြီးပွါးလာ

ရတယ်။ ။အဘယသတို့သားရဲ့ ကံ အကျိုး ပေးပုံ များဟာလဲ၊ အတော်ထူးဆန်းတာဘဲ၊ဘခင်ကတော့ ဘုရင်ကြောရောဇ၊မိခင်က တော့ ပြည်တန်ဆာမဖြစ်နေတယ်၊ အဆုံးစွန်ဖြစ်တဲ့ အန္တိမဘာ ၀ မှာ သို့ကလိုအကျိုးပေးဘာဟာ၊ စင်စင်ကြယ်ကြယ်ကြီးမဟုတ် ဘူးလို့ ဆိုရမှာပေါ့နော်။ ငယ်ရွယ်စဉ်ကစ၍၊ ခုနစ်နှစ်အရွယ်သို့ ကျအောင်၊မိခင်နှင့်သာ ကြီးပွါးရရှာတယ်၊ဘခင်ကို မတွေ့မမြင် ဘူးဘဲ့အတွက်၊ ဘယ်သူဟာ ဘခင်ဖြစ်တယ်လို့ မသိရှာဘူး။

ခုနစ်နှစ်အရွယ်သို့ရောက်တော့၊ အဘယ သတို့သားကလေး စဉ်းစားသည်မှာ၊ "ငါ့သူငယ်ချင်းတွေမှာတော့၊ မိဘအစုံအလင် ရှိကြတယ်၊ငါ့မှာတော့ အမိသာရှိ၍ အဘမရှိပါတကား၊မိခင်က လဲ ဘခင်၏အကြောင်းအရာကို တခါမျှ မပြောဘူးဘူး၊ သိရအောင်မေးမြန်းမှတော်တော့မယ်"သည့်လိုစဉ်းစားပြီး၊သူ့မိခင် ပဒုမဝတီကို၊ ပူပူဆာဆာနှင့် မေးမြန်းရှာသဘဲ့။

သည်တော့ မိခင်ကလဲ မပြောဘဲ မနေသာဘဲ့အတွက်၊ "ငါ့သား၊ မောင့်ဘခင်ဟာ ရှင်ဘုရင်ပါ၊ သာမန်လူစားထဲက မဟုတ်ပါ၊ပြောတို့ ပြောသင့် အခွင့်မရောက်သေးလို့၊မပြောဘဲ နေရပါတယ်"လို့ ဆိုတော့၊ အဘယသတို့သားက ဝမ်းသာ အားရနှင့်"ဩော်-ကျွန်တော်ဟာဘုရင့်သားအစစ်လား၊ ခမည်း တော် ဘယ်ပြည်မှာ စံတော်မူပါသလဲ"လို့ မေးမြန်းရှာတယ်၊

အဲ-သည်အခါ၊မိခင် ပဒုမဝတီက၊အကြောင်းဖြစ်ခဲ့ပုံအလုံးစုံ ကို၊အကုန်ပြောပြပြီး၊"မောင့်ခမည်းတော်ဖြစ်တဲ့ ဗိမ္ဗိသာရမင်း ကြီးထံသို့ သွားလိုလျှင်သွားပါ၊ အရွယ်ရောက်တဲ့အခါ၊ ဆထံ တော်သို့ ပို့လာရမယ်လို့လဲ ကတိစကားနှင့် အမိန့်ရှိသွားပါ တယ်"လို့ ပြောတော့၊ကျွန်တော့်ဘခင်ထံကို သွားလိုပါတယ် လို့ အခွင့်တောင်းတယ်။

သည်တော့ မယ်တော်က မခွဲချင်သော် လဲ၊ ယခင် က မှာထားခဲ့ရင်း အမိန့်တော် ရှိတဲ့အတိုင်း၊ သနားတော်မူခဲ့ဘဲ့ လက်ဝတ်တော်ရတနာကို ပေးအပ်ပြီး၊ ကောသ မ္ဘီ ပြည် မှ

ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီးထံသို့၊ ခြွေရံ နောက်ပါများနှင့် ပို့လိုက်ရှာတယ်။ မိခင်မှာတော့ ပြည်တန်ဆာမ ဖြစ်နေရှာတဲ့ အတွက်၊ ရာဇဂြိုဟ်ပြည် နန်းတော်ကြီးသို့ မလိုက်ရဘူးပေါ့၊ သူ့ခမျာမှာလဲ သနားစရာဘဲနော်။

အဘယသတို့သားသည်၊ နောက် ပါ ခြွေ ရံများနှင့် သွား၍၊ ရာဇဂြိုဟ်ပြည်သို့ ရောက်တော့၊ ဘုရင့်ရွှေတော်သို့ ရဲရင့်စွာ ဝင်ရောက်ခစားတယ်။ ။ဘုရင်မင်းမြတ်က အကြောင်းအရာကို မေး မြန်း တော် မူ တဲ့ အ ခါ၊ လက်ဝတ်တော် ရတနာကိုပြပြီး၊ သားတော်စစ်ဖြစ်ကြောင်းကို၊ မိခင်မှာထားလိုက်တဲ့ အတိုင်း၊ အလုံးစုံလျှောက်ကြားတာပေါ့။

လျှောက်တင်ချက်ကိုကြား၍၊ လက် ဝတ် တော် ရ တ နာ ကို မြင်တော့၊ ဗိုလ်ပုံပရိသတ် အလယ်မှာ သားတော်အစစ်အမှန် ဖြစ်ဘယ်” လို့ ဝန်ခံတော်မူပြီး၊ ဘုရင်မင်းမြတ်က၊ မြတ်နိုးစွာ သားတော်ကိုပိုက်ပွေ့တော်မူသတဲ့။

“မင်းမှာသစ္စာ သူမှာကတိ” ဆိုတဲ့ စကားအတိုင်း၊ဗိမ္ဗိသာရ မင်းကြီးဟာ၊ လွန်စွာသစ္စာရှိပေတယ်။ ။ဘုရင်နှင့် သန္ဓေရ၍၊ အလွန်လှပတဲ့ မိခင်ကဘွားလာတဲ့သူမို့ အဘယသတို့သားဟာ၊ ရုပ်လက္ခဏာအားဖြင့် လွန်စွာလှချောပေသပေါ့။

သားတော်ကိုမြင်လျှင်၊ ချစ်ခင်တော်မူတဲ့ အတွက်၊ မြို့စား, နယ်စား, ပေးသနားတော်မူပြီး၊ “အဘယရာဇကုမာရ” ဆိုတဲ့ ဘွဲ့ကို၊ သနားတော်မူသတဲ့ ထိုအခါကစပြီး၊ အဘယမင်းသား အဘယမင်းသားရယ်သို့၊ ထင်ရှားကျော်စောလာတာပေါ့။

မင်းသားတို့၏ အဆောင် အရွက်ဖြင့်၊ ကြီးပြင်း၍ လာခဲ့ရာ၊ ဘု ရင် မင်း မြတ် က လည်း၊ မြှောက် စား တော် မူ တဲ့ အ တွက်၊ မင်းသားတို့၏ စည်းစိမ်ဖြင့်၊ အရှိန်ကြီးစွာ စံစား၍ နေတော်မူ တယ်။ ။အဘယ မင်းသားဟာလဲ ပြည် တန် ဆာ မ များ နှင့် ပျော်ပါးလို့ရှိရာ၊ ပြည်တန်ဆာမတွင် သန္ဓေစွဲ၍၊ “ဇီဝက” ကို ဘွားမြင်တယ်။ ။အဘယမင်းသားလဲ၊ ပြည်တန်ဆာမ၏သား၊

အဘာယမင်းသား၏သားဖြစ်သူဇိဝကလဲ၊ပြည့်တန်ဆာမ၏သား၊ သူ့ကို သား အဘ နှစ်ယောက်ဟာ၊ သည့်အချက်မှာဖြင့် ကံတူ အကျိုးပေးဆိုသလို ဖြစ်နေကြတာပေါ့၊ အဘာယ မင်းသား၏ သားဖြစ်သူ ဇိဝကဆိုတာ၊လွန်စွာကျော်စောတဲ့ဆေးဆရာကြီး တဦးပေပေါ့။

အဲ–သို့ကလို ခမည်းတော်မြှောက်စား၍၊ မင်းသားစည်းစိမ် ဖြင့် စံနေတဲ့အခါ၊ မိခင်ဖြစ်သူ ပဒုမဝတီမှာ၊ရှေးအမည်ပေါင်း ပျောက်ပြီး။ ''အဘာယမာတာ''ဆိုတဲ့ အမည်သစ်ဖြင့်၊ ထင်ရှား ကျော်စောသတဲ့၊ အဘာယမင်းသားရဲ့ မယ်တော်ရယ်သို့ ဆိုလို တာပေါ့လေ။

သားဖြစ်သူက မင်းသားရယ်လို့၊ ထင်ရှား ကျော်စောပြီး နေတော့၊ မိခင်ဖြစ်သူမှာလဲ၊ သား ၏ မျက် နှာ ကို ထောက် ပြီး၊ ပြည့်တန်ဆာမအလုပ်ကိုဖြုတ်ခါ။ချမ်းသာလွတ်လပ်စွာ နေထိုင် ရှာတယ်။ သို့ရာတွင် ပြည့်တန်ဆာမဖြစ်ခဲ့တဲ့ အတွက်ကြောင့်၊ သားနှင့်အတူတကွ နေထိုင်ဘို့အခွင့်ကိုတော့မရရှာဘူး။

''ရင်သွေးမှာကားချစ်ခဝ''ဆိုတဲ့ စကားအတိုင်း၊ သူ့သားကို များစွာချစ်ခင်သော်လဲ၊အတူတကွ နေထိုင်ခွင့်မရဘဲ ကွေကွင်း ကွဲကွာ နေရတယ်ဆိုတော့၊ မိခင်မှာလဲလွန်စွာဆင်းရဲတာပေါ့၊ ကံအကျိုးပေးဆိုတာ အလွန်ထူးဆန်းတာကလား၊ ချစ်ခင်လျက် နှင့် သားနှင့် အမိ ရှင်ကွဲကွဲနေကြတာလဲ ရှိတယ်။ သို့ရာတွင် ပေါင်းဆုံဘို့ အခွင့်ကြုံပြန်တော့လဲ၊ တနည်းနည်းနှင့် တွေ့ကြုံရ ပြန်တော့တာဘဲ။

အဘာယမင်းသားသည်၊ခမည်းတော် ဗိမ္ဗိသာရမင်းကြီး စိုးစံ စဉ်အခါ၊ ချမ်းသာစွာစံစားပြီးနောက်၊ အဇာတသတ်၏ကြံစည် ချက်ဖြင့်၊ ခမည်းတော်မင်းတရားကြီး နတ်ရွာလားတော် မူတဲ့ အခါ၊ အဘာယမင်းသားမှာ သံဝေဂများစွာဖြစ်ပွါးတဲ့အတွက်၊ လူတို့ဘောင်ကို ခွါရှောင်ပြီး၊ သာ သ နာ့ ဘောင် သို့ ဝင် ကာ

ရဟန်းပြုတယ်။ ရဟန်းပြုတဲ့အခါမှာလဲ၊ အမည်ရင်း အတိုင်း၊ "အဘယမထေရ်"ရယ်လို့ထင်ရှားကျော်စောတယ်။

(မှာထားချက်) အဘယ မင်းသား၏ အဋ္ဌုပ္ပတ္တိ အကျယ်များနှင့်ရဟန်းပြုပုံများကို၊ ကျယ်ဝန်းစွာ ပြဆိုသင့်သော်လည်း၊ ဤထေရီဘာသာပြန်မှာ၊ရဟန်းယောကျ်ားတို့၏အကြောင်းကို၊ ဘွင့်ဆိုသောအရာမဟုတ်၊ ရဟန်းမိန်းမတို့၏အကြောင်းကိုသာ၊ ဘွင့်ဆိုသောအရာ ဖြစ်သောကြောင့်၊ အဘယ မထေရ်၏ အကြောင်းကိုအမြွက်မျှပြဆိုရတော့သည်။ရဟန်းယောကျ်ားတို့၏ အဋ္ဌုပ္ပတ္တိကို ပြဆိုရာဖြစ်သော ထေရ ဘာသာပြန်၌ အဘယ မင်းသားအကြောင်းကို၊ ကောင်းမွန် ထင်ရှားစွာ ပြဆိုပါလတ့ံ။

အဘယမင်းသား ရဟန်းပြုတဲ့အခါ၊ အဘယမာတာခေါ်တဲ့ မိခင်ကြီးမှာလဲ၊ ဝမ်းမြောက်ဝမ်းသာဖြစ်ရှာတယ်။ ဘာကြောင့်လဲလို့ဆိုတော့၊မင်းသားဘဝတုန်းကလိုမဟုတ်၊ထွက်ခွင့်ဝင်ခွင့် ဖူးမျှော်ခွင့်၊ တရားနာခွင့်ကို ရရှိလို့ပေါ့။ ။သားနှင့်ကွေကွင်းနေရတာအတော်ကြာတဲ့အတွက်၊ရဟန်းပြုတဲ့အခါ ထံတော်ပါးသို့ မပြတ်မပြတ်လာပြီး၊ တရားနာခြင်း ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပင့် ချီးမြှင့်ခြင်းများကို ကြိုးစား အားထုတ်လို့နေတယ်။ ဘိက္ခုနီမတို့ဘောင်သို့၊ ရုတ်တရက်မဝင်သေးဘူး။

မယ်တော်ကြီးမှာ၊နဂိုမူလက၊ရုပတဇ္ဇာအာသာသဆ္ဆ ကြီးခဲ့တဲ့အတိုင်း၊ လှပတဲ့ မိမိကိုယ်ကိုသာ ပြုပြုပြင်ပြင် ဝတ်ဆင် ဖီးလိမ်းလို့နေသတဲ့။ ငယ်ရွယ်စဉ်ကစပြီး စွဲလမ်းခဲ့တဲ့ ဝါသနာဆိုတာ၊ လွန်စွာဖျောက်နိုင်ခဲတာမျိုးကလား။

မယ်တော်ကြီး၏အလေ့ဝါသနာများကို၊သားဖြစ်သူအဘယမထေရ်က မြင်တော်မူရာ ဓမ္မကထာဖြင့် ဆုံးမတော်မူမယ်လို့ ကြံစည်တော်မူပြီး၊ တနေ့သောအခါ မယ်တော်ကြီး တရားနာလာသည့်တွင်၊ကာယကထာသတိကမ္မဋ္ဌာန်းကို၊ သိုက်ကလို ဟောကြားတော်မူသေသတည်း။

(၁) ဥဒ္ဓံ ပါဒတလာ အမ္ဗ၊ အဓော ကေသမတ္ထကာ။
ပဗ္ဗဝေက္ခသု မံကာယံ၊ အသုစိံ ပုတိဂန္ဓိကံ၊

(၁) အမ္ဗ၊ မယ်တော်ကြီး၊ ပါဒတလာ၊ အောက်ခြေဘဝါး အပြင်မှ၊ ဥဒ္ဓံ၊ အထက်ဆံဖျားသို့ တိုင်အောင်၊ ကေသမတ္ထကာ၊ အထက်ဆံဖျားမှ၊အဓော၊အောက်ခြေဘဝါးသို့တိုင်အောင်၊ဝေ၊ ကြွေနှံ့နှံ့၊စင်စစ်အမှန်ကြေနပ်ရှုးစိုက်သောနည်းဖြင့်၊ဣမံကာယံ၊ ဤကိုယ် တကောင်လုံးကို၊ ပဗ္ဗဝေက္ခသု၊ စေ့စေ့ငုငု၊ ကြည့်ရှု ဆင်ခြင်စမ်းပါလော၊ အသုစိံ၊ ခင်ဘွယ်, မင်ဘွယ်, စင်ကြယ် သောအရ ဘာတခုမျှမရှိဘဲ၊ ပကတိစက်ဆုပ်ဘွယ်ကြီးဖြစ်နေပုံ ကို၊ ပဗ္ဗဝေက္ခသု၊ဉာဏ်ဖြင့်မိအောင်၊ ထိထိခိုက်ခိုက် ရှုစမ်းပါ လော၊ ပုတိဂန္ဓိကံ၊ ဘယ်နေရာတကွက်ကလေးမှ၊ မွှေးတယ်လို့ မရှိ၊ ပကတိပုပ်ပုပ်၍၊စက်ဆုပ်ဘွယ်ကြီးဖြစ်ပုံကို၊ပဗ္ဗဝေက္ခ သု၊ ဉာဏ်မှီတိုင်းပေါ်အောင်နှိုက်၍. ရှုးရှုးစိုက်စိုက်ကြီးရှုစမ်း ပါလော၊

ဘော်ပြခဲ့တဲ့ ထေရီဂါထာ၏၊ အဓိပ္ပါယ်ဆိုလိုရင်းကတော့၊ သည်လိုတဲ့၊ အို-မယ်တော်ကြီး၊ ဆံဖျားကခြေဖဝါးတိုင်အောင်၊ ခြေဘဝါးက ဆံဖျား တိုင် အောင်၊ သည်ကိုယ်ကောင်ကြီးကို၊ ထိထိမိမိ ကြည့်ရှုဆင်ခြင်လိုက်စမ်းပါ၊ ဘယ်နေရာတကွက်မှာ နှစ်သက်ဘို့ ရှိသလဲ၊ ခင်တွယ်စရာ၊ စင်ကြယ်တာဆိုတဲ့ ဝတ္ထု၊ ဘာတခုမှမရှိဘဲ စခမ်းကုန်ဆင်ခြင်ဆလျှင်ဖြင့်၊မြင်မြင်သမျှမတွေ ဟာ၊ မစင်ပမာဘာဖြစ်နေတာဘဲ မဟုတ်လား၊ နမ်းကြွ,ရှုပ်ကြွ, နခမ်းဖြင့်ရတ်ကြသော်လဲ ဘယ်နေရာ အကွက်ကလေးမှ မွှေး တယ်လို့ မရှိပါဘဲကလား၊ ဘယ်လိုပင် ရုပ်ဆောင်၍ နံ့သာ အ မျိုးမျိုးတို့ဖြင့်ထုပ်နှောင်သော်လဲ၊အပုပ်ကောင်အစစ်ကြီးဖြစ်ထာ အမှန်ဘဲ၊ ၊မစင်ကြယ်ပောင်ပုပ်၍၊ စက်ဆုပ်ဘွယ်ကြီးဖြစ်နေ တဲ့ သည်ချုပ်ကို၊ဘာလုပ်ဘို့အမွှမ်းတင်နေမလဲ၊ ၊ဘယ်လိုပြုပြင် ဘယ်လိုအမွှမ်းတင်သော်လဲ၊ တကယ်တန်းဆင်ခြင်လျှင်၊ ခင်မင်

ဘွယ်မရှိတာအမှန်ပေါ့။ကိုယ်ကောင်ကြီးကိုအမွှမ်းတင်လေလေ တရားနှင့်ကင်းပြီး၊မှားခြင်းကြီးမှားလေလေဘဲ။ ။အဲ သို့ကြောင့် မယ်တော်ကြီးလဲ ဤရုပ်ကောင်ကြီးပေါ်တွင်၊ အသုဘာထင်မြင် အောင် ဆင်ခြင်စဉ်းစားပြီး၊ကာယကတာသတိ တရားကိုသာ၊ ပွါးများအားထုတ်ပေတော့

အဲ-သို့ကလို ဟောကြားတော့ "ပုဂ္ဂိုလ်ခင်မှ တရားမင်" ဆိုတဲ့အဘိုင်း၊ ချစ်လှစွာသောသားက ဟောကြားတဲ့ တရား ဖြစ်တဲ့အတွက်၊အနှစ်သက်ကြီး နှစ်သက်ပြီး၊ မယ်တော်ကြီးလဲ မိမိကိုယ်ကောင်ကြီးပေါ်မှာ၊ စက်ဆုပ်ဘွယ်ရာတွေ ထင်မြင် အောင်၊ဆင်ခြင်အားထုတ်ရှာသတဲ့။

အဘယမာဘာ-ခေါ်တဲ့ မယ်တော်ကြီးသည်၊ ကျွတ်လုနီးနီး၊ ပါရမီရင့်သန်ပြီးသော ပုဂ္ဂိုလ်ဖြစ်တဲ့အတိုင်း၊ တရားသဘော သက်ဝင်၍ မိမိကိုယ်ပေါ်တွင် ခင်မင်တွယ်တာခြင်း ကင်းသည် ထက် ကင်းသွားတယ်၊ထို့နောက် များမကြာခင်၊ လူ့ဘောင်မှာ ပင်၊နေချင်သေးဆန္ဒ မရှိတဲ့အတွက်၊ ဘိက္ခုနီမတို့ ကျောင်းသို့ သွားပြီး ရဟာန်းပြုရှာတယ်။ ရဟာန်းဖြစ်ပြီးတော့၊ သားတော် ဟောကြားတဲ့တရားကို ပွါး များ ဆင် ခြင် ရာ၊ ဉာဏ် ပ ညာ ပွင့်လင်း၍ ကိလေသာကိုဖြိုခွင်းပြီး၊ လိုရင်း အချုပ်ဖြစ်တဲ့ အရဟတ္တဖိုလ်ဖြင့်၊ ရဟန္တာပုဂ္ဂိုလ်ကြီးအဖြစ်သို့ ရောက်လေ သတည်း။

ရဟန္တာအဖြစ်သို့ရောက်တော့၊ ဝမ်းမြောက် ဝမ်းသာနှင့် သားတော်ရဲ့ကျေးဇူးကြောင့်၊ ထူးမြတ်သောအဖြစ်သို့ ရောက်ရ ပေသည်တကားဟု အားရနှစ်သက်စွာ၊ဥဒါန်းဂါထာကို၊ သို့က လို ကျူးရင့်လေ၏။

(၂) ဇဝံ ဝိဟာရ မာနာယ၊သဗ္ဗောရာဂေါ သမူဟတော၊ ပရိဠာဟော သမုစ္ဆိန္နော၊သီတိဘူတာမှိ နိဗ္ဗုတာ။

(၂) ဇဝံ။ဤသို့ သားတော်ဟောကြားသော တရားအတိုင်း၊

ဝိဟာရမာနာယ၊ဆင်ခြင်ပွါးများ၊ တရား အားထုတ်၍နေသော အကျွန်ုပ်သည်၊သဒ္ဓေါရာဂေါ၊တပ်မက်သမျှ၊ရာဂဥသုံ အလုံးစုံကို၊သမူဟာဘောာ၊မကျန်မကြွင်း ကျင်းတျင်း နှုတ်ပယ်အပ်လေပြီ၊ပရိဠာဟော၊ကိလေသာပူ မီးအပူကို၊ သမုန္တိ နွေသ၊ အလုံးစုံ ချုတ်ထွင်၍၊သုတ်သင်ရှင်လင်းအပ်လေပြီ၊အဟံ ၊ အကျွန်ုပ်သည်၊ နိဗ္ဗုတာ၊ကိလေသာမီး၊ငြိမ်းလေပြီးသည်ဖြစ်၍၊ သီတိဘူတာမှိ၊ သံသရာဝဋ်ဘေး၊ ကျွတ်လွတ်ဝေး၍၊ အအေးကြီး အေးခဲ့လေပြီ တကား၊

အဲ-ဤကဲ့သို့ထေရီဂါထာဖြင့် ဥဒါန်းကျူးရင့်ပြီး၊ရှေးဟောင်း ဘဝတို့၌ ဖြစ်ခဲ့သမျှတွေကို ဆင်ခြင်သော်၊ ထင်မြင်သောဉာဏ် အစွမ်းဖြင့်၊ လွန်ခဲ့သော (၉၂)ကိုးဆဲ့နှစ်ကမ္ဘာထက်က၊ တိဿ ဘုရားအား၊ တဖွန်းစာမျှလောက်သော ဆွမ်းအလှူကြောင့်၊ နိဗ္ဗူတာသို့အရောက်၊ မြားမြောက်ကြီးကျယ် အံ့ဩဖွယ်သော အကျိုးတွေကို မြင်ပြန်ရာ၊ လွန်စွာနှစ်သိမ့်ခြင်းဖြစ်ပြီး၊ အပဒါန် ဂါထာဖြင့်၊သာယာစွာ ဥဒါန်းကျူးရင့်ပြန်လေသတည်း၊

(ဆ) ဒွေနဝုတေ ဣတောကပ္ပေ၊ယံကမ္မ မကရိံတဒါ၊
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဘိက္ခာဒါနဿိဒံ ဖလံ၊

(ဆ) ဣတော၊ ဤဘဒ္ဒကပ် ကမ္ဘာမှ၊ဒွေနဝုတော၊ ကိုးဆဲ့နှစ် ကမ္ဘာမြောက်သော၊တဒါတသ္မိံကပ္ပေ၊ ထိုကပ်အခါ၌၊ ယံကမ္မံ၊ အကြင်ကုသိုလ်ကံကို၊အကရိံ၊ ပြုလုပ်ဆည်းဘူးခဲ့ပေ၏၊ တေန၊ ထိုကုသိုလ်ကံကြောင့်၊ဒုဂ္ဂတိံ၊ အပါယ်လေးပါး၊ ဒုဂ္ဂတိဘဝများ ကို၊နာဘိဇာနာမိ၊ မသိခဲ့စဘူးပါ၊ဆိုဒံ၊ ဤကဲ့သို့ အကျိုးပေးထူး ခြင်းသည်၊ ဘိက္ခာဒါနဿ၊ ဆွမ်းဒါန၏၊ဖလံ၊ အကျိုးဖြစ်တွေ အမှန်ပေတည်း၊

(ဇ) သုဓိန္နမေ ဒါနဝရံ၊သုယိဋ္ဌာ ယာဂသမ္ပဒါ၊
ကစ္စ ဿု ဘိက္ခံ ဒတွာန၊ ပတ္တာဟံ အစလံပဒံ၊

(၈) မေ၊ အကျွန်ုပ်သည်၊ ဒါနဝရုံ၊ မြင့်မြတ်ထွတ်ဖူး၊ အလှူထူးကို၊ သုဒ္ဒိန္နံ၊ ကောင်းစွာ လှူ ဒါန်း ခဲ့ ရ ပေ သည် တကား၊ ယာဂသမ္ပဒါ၊ ပြည့်စုံဘွယ်အကြောင်း၊ ပူဇော် ကောင်း ကို၊ သုယိဋ္ဌာ၊ ကောင်းစွာပူဇော်ခဲ့ရပေသည်တကား၊ ကရုဏ္ဍာ ဘိကျွံ၊ တဖွဲ့နန်းစာမျှ လောက်သောဆွမ်းကို၊ ဒတွာန၊ စေတနာဖွေးဖြူလျက်၊ ပေးလှူခဲ့ရသည့်အတွက်ကြောင့်၊ ဣဒါနိ၊ ယခုအခါ၌၊ အဟံ၊ အ ကျွန်ုပ် သည်၊ အ စ လံ၊ ဘယ် လို ဆင်း ရဲ မှ၊ ဘောက် လွှဲဘောက်ပြန်ဖြစ်အောင် မလှုပ် မရှားနိုင်သော၊ ပဒံ၊ ချမ်းသာအခေါင်၊ ခေသောင်ကမ်းယံ၊ မြတ်နိဗ္ဗာန်သို့၊ ပတ္တာ၊ နှစ်နှစ်ချိုက်ချိုက်၊ ဆိုက်ရောက်ခဲ့ရပေပြီတကား၊

အဘယ မထေရ်နှင့်၊ မယ်တော်ကြီးဖြစ်တဲ့ အဘယမာတာ ဘိက္ခုနီမတို့သည်၊ ကိလေသာ ကုန်ခမ်း၍၊ ရဟန္တာဖြစ်ကြပြီးသောအခါ၊ အသက်တမ်းအတိုင်း တည်နေ၍၊ စုတိ အဆုံးတွင်၊ ဝဋ်သုံးပါးတို့၏ချုပ်ရာ၊ မဟာအသင်္ခတ၊ နိဗ္ဗာနမြို့ကြငှာန်း၌၊ စံမြန်းရှိလှံ့တော်မူကြရလေသတည်း၊

## (၁၃) အဘယမာတာထေရီဝတ္ထုပြီး၏။

ကဲ-အဘယမာတာထေရီ ဝတ္ထုဖြင့် ပြီးသွားပြီ၊ သည်ဝတ္ထုမှာ နည်းနာယူဘွယ်ကတော့၊ တိဿဘုရားရှင်လက်ထက်တော်မှာ၊ သဒ္ဓါတရားထက်မြက်စွာနှင့် တဖွဲ့နန်းစာမျှလောက်ရှိတဲ့ဆွမ်းကိုလှူဒါန်းရသည့်အတွက်၊ ကိုးဆဲ့နှစ်ကမ္ဘာတိုင်တိုင်၊ အချမ်းသာလှိုင်ပြီး၊ ကိုယ်ပိုင်စည်းစိမ်ကိုခံစားရပုံများကို၊ စဉ်းစားမျှော်ဆပြီး၊ ယခုခေတ်ကာလ ဗုဒ္ဓဘာသာဝင်ဖြစ်ကြတဲ့ အမျိုးသမီးများဟာလဲ၊ ယခုလိုသာသနာတော်တွင်းနှင့် ကြုံကြိုက်တဲ့အခါ၊ ရှင်တော်ဘုရား၏ သားတော်ကြီးတွေ ဖြစ်တော်မူကြတဲ့၊ ရဟန်း, သံဃာတော်တို့အား၊ သဒ္ဓါတရားထက်မြက်စွာထားပြီး၊ မိမိတို့တတ်စွမ်းသမျှ ဆွမ်းလောင်းခြင်း ဒါနများကို ပြုလုပ်ကြရမယ်။

သာသနာပအခါမှာ၊ ပစ္စည်းဥစ္စာဘယ်မျှလောက်ပင်ပေါများစေကာမူ ရှင်တော်ဘုရား၏ တပည့်သား အစစ်တို့ကို၊ ဆွမ်းလောင်းခွင့် မရနိုင်ကြဘူး။ ။တဖန်းစာမျှပင် ဖြစ်စေကာမူ၊ နို့ပတ်ဝတ်ထား၍၊ စိတ်အား ထက်သန်စွာနှင့်၊ လောင်းလှူနိုင်ကြမည်ကိုပါလျှင် မဟာနိသံသ၊ မဟာဖလ အကျိုးကို၊ ဖွံ့ဖြိုးစွာရနိုင်သည့် တကားဟု၊ ယုံမှား ကင်းပျောက်လျက်၊ ဝင်းဝင်းတောက်အောင်၊ သဒ္ဓါဓါတ်ကို၊ မပြတ်မွေးမြူကြကုန်ရာသတည်း။

—o—

ဒုကနိပါတ်။

## (၅) အဘယထေရီဝတ္ထု။

အမျိုးသမီးကလေးတဦးဟာ၊ သံသရာ ခရီးအစဉ်ဝယ်၊ ကျင်လည် ပျော်ပါးနေစဉ် အခါ၊ အလိမ္မာ အသိဉာဏ်ဖြင့်၊ နိဗ္ဗာန် လက်ဆောင်များကို ကြိုးစား၍ ဆည်းပူးနေစဉ်၊ လွန်ခဲ့သော သုံးဆဲ့တကမ္ဘာတွင် သိခီ ဘုရားရှင် လက်ထက်တော် အခါ၊ ကံအားလျော်စွာ၊ သာသနာတော်နှင့်တွေ့ကြုံ ဘုရားရှင်နှင့်ဆုံစေဘို့ ဂုဏ်အားဖြင့် မြင့်မြတ်တဲ့၊ ခတ္တိယမဟာသာလမင်းမျိုးမှာ၊ ထင်ရှားစွာဖြစ်လာတယ်။ ။အရွယ်သို့ရောက်တဲ့အခါ၊ ရုပ်ဆင်းအင်္ဂါ လက္ခဏာနှင့် ပြည့်စုံ၍၊ အလိမ္မာကြွယ်ဖြိုး၊ အမျိုးကလဲ မင်း မျိုး မို့၊ ဘုန်း တန် ခိုး အ လွန် ကြီး မား တော် မူ လှ သော "အရုဏာဝတီ" ပြည်ကြီး၏ အရှင်၊ ဘုရင်အရုဏမင်းကြီးက၊ ပန်းကုံးစွပ်ကာ ရွေးချယ်ကောက်ယူတော်မူပြီး တောင်ညာတင်ထား၊ မိဖုယားကြီးအရာ၌၊ ချီးမြှင့်တော်မူတယ်။

ဘုရင်မင်းတရားကြီးကလဲ၊ များစွာမြတ်နိုးတော်မူတာပေါ့။ တနေ့သောအခါ၊ လွန်စွာထူးဆန်းတဲ့ပန်းခိုင်(၇)ခိုင်ကိုရတော်မူသည်တွင်၊ ဘုရင်မင်းမြတ်က "ယခုဆက်လာတဲ့ ပန်းတော်များဟာ၊ အနံ့အရသာနှင့်ပြည့်စုံ၍၊ ရူပါရုံအရောင်အဆင်းဖြင့်၊ တဝင်းဝင်းသှပတယ်။ ။ငါ့မိဖုယား၏ အ ဆင်း အ နံ့ များဟာလဲ၊

သည်ပန်းခိုင်နှင့် အလွန်တူတာဘဲ၊ လှလဲလှ-ကြိုင်လဲကြိုင်၊ သည်ပန်း (၇)ခိုင်ကို၊ တောင်ညာပိုင်ဖြစ်တဲ့ မိဖုယားကြီးအား၊ သနားချီးမြှင့်မှသင့်လျော်လိမ့်မယ်။သည်ပန်းခိုင်ကိုပန်ဆင်၍၊ မွှေတော်သို့ ဝင်လာတော့ အသျှင်မိဖုယားကြီးကိုရှုစားတော်မူရပါလျှင်၊ မျက်စိအရသာ ဘိုးတက်၍၊ ဂန္ဓာရုံ အထုံအခိုးတို့ဖြင့်၊ အမျိုးမျိုး နှစ်သက်ဘွယ်ကောင်းမှာဘဲ။

အဲ သည်လိုသူ့သဘောဆန္ဒမှာ ကာမတဏှာသွေးဆောင်တဲ့ အာကိုင်း၊ တောင်တောင်မြောက်မြောက် တွေးတောပြီး၊ အသျှင်မိဖုယား ခေါင်ကြီးအား ထူး ဆန်း မွှေး ကြိုင် တဲ့ ပန်း ခိုင် ကြီး (၇)ခိုင်ကို၊ ပေးသနားတော်မူသတဲ့။

(သည်အချက်မှာ၊အမြွက်လောက်စဉ်းစားဘွယ်ကလေးကို၊ ရေးသားလိုက်ရအုံးမှာပေါ့။ ။အရဂတမင်းကြီးဟာ၊ သိဒ်ဘုရားရှင်ကို၊ အလွန်ကြည်ညိုတဲ့မင်းကြီးပါဘဲ။သို့ရာတွင် ထူးဆန်းတဲ့ ပန်းခိုင် ကို ရ တော့၊ ဘုရားရှင်ကို လှူဒါန်းရန် သတိမရဘဲ သူ့မိဖုယားကိုသာ သူသတိရဘာသ်။ သူ့စေတနာဟာ၊ တဏှာ ဘက်ကိုယိုင်သွားဘယ် မဟုတ်သား။ အဲ-သည့်လိုဖြစ်ခြင်းဟာ ပုထုဇန်တို့ဓမ္မတာပေပေါ့။ ။သို့အတွက်ကြောင့်''အထူးအဆန်း ရလျှင်၊ ချစ်ခင်မြတ်နိုးသူကိုသတိရဘယ်''လို့ပညာရှိပုဂ္ဂိုလ်ကြီး များက၊ မိန့်ဆိုတော် မူကြဘာပေါ့။ ။ဘုရားကိုလှူဒါန်းတယ် ဆိုတာက၊သဒ္ဓါအစစ်၊ မယားကို ပေးကမ်းချင်တယ်ဆိုတာက တ ဏှာ အ ချစ်။ ။ဘု ရား ကို လှူ ဒါန်း တာ က၊ နောင် ဘ ဝ လက်ဆောင်၊မယားကိုပေးကမ်းတာက၊ ယခုဘဝလက်ဆောင်။ အဲ-သို့ကလို ခြားနားပုံများကိုလဲ၊သတိထားကြပေတော့။)

အရဂတမင်းတရားကြီးက၊ ပန်းခိုင် (၇) ခိုင် သနားတော်မူတော့၊ မိဖုယားက ပန်းခိုင်ကိုရှုပြီး သို့ကလိုဆင်ခြင်သတဲ့။ ။ သည်ပန်းခိုင်ဟာ လွန်စွာလှပတင့်တယ်ပါကလား ရနံ့အားဖြင့် လဲ လွန်စွာကြိုင်လှိုင်ပေတယ်။ ။ဘုရင်မင်းမြတ်ကတော့၊ချစ်ခင်

ဖြတ်နိုးတော်မူတဲ့အတွက်၊ ဆင်ဖြန်းဘို့ပေးသနားတော် မူတာဘဲ၊ ။သည့်ပန်းခိုင်ဟာ လွန်စွာသန့်ရှင်းတယ်၊ ကိုယ်ကာယကြီးဆိုဘာကတော့၊ ပန်းခိုင်လို သန့်ရှင်း စင်ကြယ်တာမျိုး မဟုတ်၊ အသိုး အပုပ် တို့ဖြင့်၊ စက်ဆုပ်ဘွယ် ပြည့်လျှံ နေတာဘဲ။ ။တင့်တယ်သန့်ပြန့်တဲ့ပန်းကို မသန့်ရှင်းမစင်ကြယ်၊ မတင့်တယ်တဲ့ သည့်ကိုယ်ကြီးမှာပန်လို့ ဘာအကျိုးရှိအုံးမှာလဲ၊ ။ပန်းပန်ခြင်းအတွက်ကြောင့်၊ သည့်ကိုယ်အပုပ်အိုးကြီးဟာလဲ၊ တမျိုးတမည့်ထူးဆန်းလာမှာ မဟုတ်ပါဘူး၊ ။မိမိကိုယ်ကို တင့်တယ်စေလိုတဲ့ စေတနာနှင့် ပန်းနံ့သာ ပန်ဆင်ခြင်းဆိုတာ၊ တဏှာလောဘကို ပွါးစေတယ်၊ ကုသိုလ် ဟာ ရား ကို တိုး ပွါး စေ နိုင် တာ မျိုး မဟုတ်ဘူး။ ။ဘုရားရှင်ကို တင်လှူပူဇော်ခဲ့ပါလျှင်၊ သဒ္ဓါအစစ်မို့ ကုသိုလ်အထူးဖြစ်နိုင်တယ်၊ ။သို့အတွက်ကြောင့် လှပထူးဆန်း၍၊ ပန်းရနံ့ကြိုင်လှိုင်တဲ့ သည့်ပန်း (၇) ခိုင်ကို၊ ကိုယ်တိုင် မပန်ဆင်ဘဲ ရှင် တော် မြတ် ဘု ရား ကို၊ လှူဒါန်းပူဇော်မှ သင့်တော့မယ်။ ။မွန်မြတ်တဲ့ ပဒ္ဓည်းဝတ္ထုဆိုတာ ကိလေသာကုန်ခန်း၍၊ ပန်းတကာတို့ထက် သန့်ရှင်း စင်ကြယ်တော်မူတဲ့ ဘုရားရှင်တို့နှင့်သာ ထိုက်တန်တာအမှန်ဘဲ။ ။အဲ-သို့ကလို ကြံစည်လိုက်သတဲ့။ ။မိဖုယားကြီး စိတ်ထားပုံနှင့် ဘုရင်မင်း တရားကြီး စိတ်ထားပုံဟာ၊ ဘယ်မျှလောက် ခြား နား တယ် ဆို တာ ကို သေချာစွာ ဆင်ခြင်ကြပေတော့။

ပြဆိုခဲ့ပြီးတဲ့ အကြောင်း အရာများကို၊ ထေရီ အပဒါန်ပါဠိတော်မှာ၊ သို့ကလို ဟောကြားတော်မူခဲ့ပေသတည်း။

(က) နဂရေ အရုဏဝတိယာ၊ အရုဏော နာမ ခတ္တိယော။
တဿရညောဟံ ဘရိယာ၊ ဝါရိတံ ဝါရယာမဟံ။

(က) အတီတေ၊ ရှေးလွန်လေပြီးသော သုံးဆဲ့တကမ္ဘာထက်၌၊ အရုဏဝတိယာ၊ အရုဏဝတီမည်သော၊ နဂရေ၊ မြို့တော်ကြီး၌၊ အရုဏောနာမ၊ အရုဏ-အမည်ရှိသော၊ ဝါ၊ အရုဏ

ဗှာမည့်ရှိသော၊ခတ္တိယော၊မင်းကြီးသည်၊ အဟောသိ၊ ဖြစ်တော်မူလေ၏၊တဒါ၊ထိုအခါ၌၊အဟံ၊ အကျွန်ုပ်သည်၊ တဿရညော၊ ထိုအရဏ မင်းကြီး၏၊ ဘရိယာ၊ တောင်ညာတင်ထား၊ အချုပ်မိဖုယားကြီးသည်၊ အာသိံ၊ ဖြစ်ခဲ့ပေသတည်း၊ ဝါရိတံ၊ မိန်းမကောင်း, မိန်းမမြတ်,တို့၏၊ ရှောင်ကြဉ်အပ်သောအရာဟူသမျှကို၊ ဝါရယိံ၊ အပြစ်ကင်းအောင်၊ ရှင်းရှင်းကြီးရှောင်ကြဉ်ခဲ့ပါသတည်း၊

(ခ) သတ္တမာလာ ဂဟေတွာန၊ ဥပ္ပလာ ဒေဝဂန္ဓိကာ၊
နိသဇ္ဇ ပါသာဒေဝရေ၊ ဝေံ၀ိန္တေသိံ တာဒေ၊

(ခ) တာဒေ၊ ထိုအခါ၌၊ ရာဇာ၊ ပြည့်ရှင်မင်းကြီးသည်၊ ဒေဝဂန္ဓိကာ၊ နတ်ပန်းရနံ့ဖြင့် တသျှံသျှံ ကြိုင်လှိုင်ကုန်သော၊ ဥပ္ပလာ၊ကြာမျိုးဖြစ်ကုန်သော၊သတ္တမာလာ၊ ပန်း(၇)ခိုင်တို့ကို၊ အဒါသိ၊မြတ်နိုးတော်မူသည့် အရေးကြောင့်၊ ပေးသနားတော်မူလေသသည်း၊အဟံ၊ အကျွန်ုပ်သည်၊ သတ္တမာလာ၊ ပန်း(၇)ခိုင်တို့ကို၊ ဂဟေတွာန၊ ကိုင်၍၊ ပါသာဒေဝရေ၊ မြင့်မြတ်သောပြာသာဒ်ထက်၌၊ နိသဇ္ဇ၊ ထိုင်နေလျက်၊ ဝေံ၀ိန္တေသိံ၊ ဤကဲ့သို့ကြံစည်ခဲ့ပါသတည်း၊

(ဂ) ကိံမေ ဣမာဟိ မာလာဟိ၊ သိရသိ ရောပိတာဟိ မေ၊
ဝရံမေ ဗုဒ္ဓသေဋ္ဌဿ၊ ဉာဏမှိ အာရောပိတံ၊

(ဂ) မေ၊ ငါ၏၊ သိရသိ၊ ဦးခေါင်းထက်၌၊ ရောပိတာဟိ၊ ပန်ဆင်အပ်ကုန်သော၊ဣမာဟိမာလာဟိ၊ဤပန်းခိုင်တို့ဖြင့်၊ မေ၊ ငါ့အား၊ ကိံ၊အဘယ်အကျိုးရှိပါအံ့နည်း၊ဗုဒ္ဓသေဋ္ဌဿ၊လောကအထွတ်၊ တမွတ်ခေါင်ဖျား၊ မြတ်ဘုရား၏၊ ဉာဏမှိ၊ ရွှေဉာဏ်တော်မြတ်၌၊ အာရောပိတံ၊ တင်သပူဇော်ရပါမူကား၊ မေ၊ ငါ့အား၊ ဝရံ၊နေ့ခင်းသံသရာ၊ ကပ်ကမ္ဘာတို့၌၊ မြတ်သည်ထက်မြတ်လိမ့်မည်သာတည်း၊

ပန်း(၇)ခိုင်ကို လက်ဖြင့်ကိုင်ပြီး၊ ရှင်တော်ဘုရား ဆွမ်းခံကြွလာတော်မူတဲ့ အချိန်ကို စောင့်ဆိုင်းနေတယ်။ ။နန်းတံခါးကို ဘွင့်ပြီး၊မျှော်လင့် စောင့်ဆိုင်း၍နေစဉ်အခါ၊ သုံးလောကထွတ်ထား၊ သိဒ္ဓိ မြတ်စွာဘုရားသည်၊ ရဟန်းသံဃာတော်အပေါင်း ခြံရံလျက်၊ဆွမ်းခံကြွတော်မူလာတယ်။ ။သိဒ္ဓိ မြတ်စွာဘုရားကလဲ၊ရောင်ခြည်တော်ခြောက်ပါးကို၊ တဝင်းဝင်း တမြိုင်မြိုင်၊ အပြိုင်, အပြိုင်, လွှတ်တော်မူ၍ ကြွလာတော်မူရာ၊ လွန်စွာတင့်တယ်တော်မူတာပေါ့၊ ရှင်တော်ဘုရား၏ ကြက်သရေဆိုတာ၊အနန္တကမ္ဘာလောကဓါတ်မှာ နှိုင်းယှဉ်အပ်ထားမျိုးမဟုတ်လို့၊ ဘုရား၏ကြက်သရေကို မြင်ဖူးဆိုမှဖြင့် မကြည်ညိုတဲ့သူမရှိနိုင်တော့ဘူး၊ ဇောပီတိ ဝိမ့်ဝိမ့်တုန်၍၊ အဟုန်ပြင်းစွာနှင့်ကြည်ညိုကြရတော့တာဘဲ။

ရှင်တော်ဘုရား ကြွလာတော်မူ၍၊ ဘွင့်ထားတဲ့ နန်းတံခါးအနီးသို့ ရောက်တော်မူလာဘော့၊ မိဒ္ဓယားက သဒ္ဓါတရားလှိုင်လှိုင် ပန်း(၇ ခိုင်ကို၊ ကောင်းကင်သို့မြှောက်ပြီး၊ ရှင်တော်ဘုရား၏ ဦးခေါင်းတော်ထက်တွင်၊ ဘီးဝန်းအသွင် မိုးကာ၍လိုက်ပါစေသားလို့၊ မိဋ္ဌာန်ကာ ပူဇော်လိုက်တယ်။

အဲ-သို့ကလို မိဋ္ဌာန်ပြီး၊ ကောင်းကင်သို့ မြှောက်ခါ ပူဇော်လိုက်တော့၊မိဋ္ဌာန်တဲ့အတိုင်း၊ ပန်း(၇)ခိုင်ဟာ၊ရှင်တော်ဘုရား၏ ဦးခေါင်းထက်အပြင်၊ ကောင်းကင်မှာ ရပ်နားပြီး ပန်းဘီးပမာ၊ဆန်းကျယ်စွာမိုး၍နေသတဲ့။ရှင်တော်ဘုရားကြွသွားတော်မူရာသို့၊အဆင်သင့်စွာ မိုးကာ၍ လိုက်သွားတယ်။ ။တယ်လဲထူးဆန်းတာဘဲနော်။

ပန်းတီးအသွင်၊ ကောင်းကင်ထက်က အုပ်မိုး၍လိုက်သွားပုံကို မြင်တော့၊ မိဇ္ဇယားကြီးမှာ၊ သဒ္ဓါတက်တိုး၊ ကိုယ်လုံးဖြိုး၍၊ အမျိုးမျိုး ပီတိလှိုင်သွားတာပေါ့။ ။ထူးမြတ်တဲ့ပန်းကို လှူဒါန်းရတဲ့ ကုသိုလ်ဟာ၊ လွန်စွာထူးမြတ်လှ၏တကား။ နောင်သံသရာတွင် ကြီးစွာသော အားထားဘွယ်ကို ရ တော့ မယ်။

အဲ-သည့်လိုစဉ်းစားပြီး၊ ကုသိုလ်တရား အတိုင်းမသိ တိုးပွါးသွားပြန်တယ်။

အဲ-ယာခု ပြခဲ့ပြီးတဲ့အကြောင်းတွေကို၊ အပဒါန်ပါဠိတော်မှာ၊ သို့ကလို ဟောကြားတော်မူခဲ့ပေသတည်း။

(ဃ) သမ္ဗုဒ္ဓံ ပဋိမာနေန္တီ၊ ဥဂ္ဂါရာသန္နေ နိသီဒယံ။
ယဒိဋ္ဌာဟိတိ သမ္ဗုဒ္ဓေါ ပုစ္ဆယိဿံ မဟာမုနိံ။

(ဃ) အဟံ၊ အကျွန်ုပ်သည်၊ သမ္ဗုဒ္ဓံ၊ ကြွတော်မူလတ့်သော ရှင်တော်မြတ်ဘုရားကို၊ ပဋိမာနေန္တီ၊ စောင့်ဆိုင်းမျှော်လင့်သည် ဖြစ်၍၊ ဥဂ္ဂါရာသန္နေ၊ နန်းမုတ်တံခါးဝအနီး၌၊ နိသီဒိံ၊ ပန်းပူဇော်ရန် အတွက်၊ ထိုင်လျက်နေခဲ့ပါသတည်း။ နိသီဒိတွာ၊ ထိုင်နေပြီး၍၊ သမ္ဗုဒ္ဓေါ၊ ရှင်တော်မြတ်ဘုရားသည်၊ ယဒိဋ္ဌာဟိတိ၊ အကယ်၍ ကြွလာတော်မူပါပြီဟူကား၊ မ ဟာ မု နိံ၊ ရဟန်းတို့၏သနင်း၊ မင်းမင်းထွတ်ထား၊ မြတ်ဘုရားကို၊ ပုစ္ဆယိဿံ၊ ၅(၇)ခိုင်သော ပန်းကို၊ လှူဒါန်းပူဇော်ပါအံ့၊ ဣတိ၊ ဤသို့၊ စိန္တေသိ၊ကြံစည်၍ နေပါသတည်း။

(င) ကကုဓေါ ဝိလသန္တောဝ၊ မိဂရာဇာဝ ကေသရီ။
ဘိက္ခုသံဃေန သဟိတော၊ အာဂစ္ဆိ ဝိထိယာ ဇိနော။

(င) ကကုဓေါ၊ မင်းမြောက်တန်ဆာ၊ ကောင်းစွာဆင်ယင် အပ်သောမင်းမြတ်သည်၊ ဝိလသန္တောဝ၊ မင်းပွဲအလယ်မှာ၊ တင့်တယ်လေဘိသကဲ့သို့ရင်း၊ မိဂရာဇာ၊ သားတို့၏သနင်း၊ တောစိုး မင်းဖြစ်သော၊ ကေသရီ၊ ခြသေ့မင်းကြီးသည်၊ ဝိလသန္တောဝ၊ ရွှေဂူအထွန့်တွင်၊ နှစ်သက်စဘွယ် တင့်တယ်လေဘိသကဲ့သို့ရင်း၊ ဇိနော၊ ငါးမာရ်နင်းနှိပ်၊ အောင်တံဆိပ်ဖြင့်၊ အောင်ပွဲတော်ယူတော် မူပြီးသောရှင်တော်မြတ်ဘုရားသည်၊ ဘိက္ခုသံဃေန၊ များမြောင် လှစွာ ထေရ်သံဃာဖြင့်၊ သဟိတော၊ ခြံရံတော်မူအပ်သည်ဖြစ်၍၊ ဝိထိယာ၊ မင်းလမ်းခရီးဖြင့်၊ အာဂစ္ဆိ၊ ရောင်ခြည်တော် ခြောက် သွယ်ဖြင့်၊ တင့်တယ်စွာ ကြွလာတော်မူလေသတည်း။

(စ) ဖုဋ္ဌဿ ရံသိ°ဒိသ္ဝာန၊ ဟဋ္ဌာ သံဝိဂ္ဂမာနဿ။
ဒ္ဓါရံ အပါပုရေတွာန၊ ဖုဋ္ဌသေဋ္ဌ မပူဇယိ°။

(စ) အဟံ၊ အကျွန်ုပ်သည်၊ ဖုဋ္ဌဿ၊ ရှင်တော်မြတ်ဘုရား၏၊ ရံသိ°၊ ပင်းထိန်တင့်တယ်၊ ရောင်ခြောက်သွယ်ကို၊ ဒိသ္ဝာန၊ မြင်လေသည်ရှိသော်၊ ဟဋ္ဌာ၊ မဖြစ်စဘူး၊ အထူးနှင်လန်းသည်ဖြစ်၍၊ သံဝိဂ္ဂမာနဿ၊ ပီတိအဟုန်ဖြင့် တုန်လှုပ်သောစိတ်ရှိသည်ဖြစ်၍၊ ဒ္ဓါရံ၊ လေသာနန်းတံခါးကို၊ အပါပုရေတွာန၊ ဘွင့်လှစ်ပြီးမှ၊ ဖုဋ္ဌသေဋ္ဌ၊ အမြတ်ထွတ်တင်၊ ဘုရားရှင်ကို၊ အပူဇယ°၊ သဒ္ဒါညွတ်နူးလျက်၊ အထူးပူဇော်လိုက်ပေသတည်း။

(ဆ) သတ္တ ဥပ္ပလပုပ္ဖါနိ၊ ပရိကိဏ္ဏာနိ အမ္ဗရေ၊
ဆာဒံ ကရော နွံ့ ဖုဋ္ဌဿ၊ မတ္ထကေ ဓါရယန္တိ တေ။

(ဆ) သတ္တဥပ္ပလပုပ္ဖါနိ၊ ကြာပန်း(၇)ခိုင်တို့သည်၊ အမ္ဗရေ၊ ကောင်းကင်ထက်၌၊ ပရိကိဏ္ဏာနိ၊ ပြိုးပြိုး ပြွမ်းပြွမ်း၊ အဆန်းတကြယ် အံ့သြဘွယ်ဇာည်ရှိလေကုန်၍၊ ဖုဋ္ဌဿ၊ ရှင်တော်မြတ်ဘုရား၏၊ မတ္ထကေ၊ ဦးခေါင်းတော်ထက်၌၊ ဆာဒံ၊ ဘုံးဝန်းပမာ၊ ဖြန့်မိုးကာခြင်းကို၊ ကရော နွံ့၊ ဆောင်ရွက်ကြလေကုန်၏၊ တေ၊ ထိုပန်းခိုင်တို့သည်၊ ဓါရယန္တိ၊ ရှင်တော်ဘုရား၊ ကြွသွားလေရာသို့၊ မိုးကာ၍လိုက်ကြလေကုန်သတည်း။

ဤကဲ့သို့ပြဆိုခဲ့ပြီးသောအတိုင်း၊ တသက်သုံးမခမ့်နိုင်စဘွယ်၊ ဆန်းကြယ်သောပန်းအလှူကြီးကို၊ လှူဒါန်းပြီးသောအခါ၊ မကြာ, မကြာ,သတိရလျက်၊ မိမိဒါနအဘွက်၊ နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်ပြီးလျှင် အသက်အဘိုင်းနေ၍၊ စုတေသွားတဲ့အခါ၊ တာဝတိံသာ နတ်နန်းမှာ၊ တခမ်းတနား စံစားမွေ့လျော်ရလေသတည်း။

ပန်းလှူရသော ကုသိုလ် စေတနာကြောင့်၊ သိဒ္ဓိ ဘုရားရှင် လက်ထက်တော်မှအစပြု၍၊ ယခု ရှင်တော်ဂေါတမ လက်ထက်တော်သို့တိုင်အောင် သုံးဆဲ့တကမ္ဘာပတ်လုံး အပါယ်လေးပါး

သို့ မလားမကပ်ဘဲ၊ လူ့ရပ်,နတ်ရွာတို့၌၊ ချမ်းသာ အညွန့်အဖူးတို့ကိုသာ ဆွတ်ရူးသုံးဆောင်၍နေသတဲ့။

ထီးဝန်းပမာ လွန်စွာဆန်းကြယ်တဲ့ ကုသိုလ်ထူးကို၊ ဆည်းဘူးခဲ့ဟဲ့ အတွက်ကြောင့်၊ လူ့ပြည်, နတ်ပြည်တို့၌ ကျင်လည်တဲ့အခါ၊ဦးခေါင်းထက်က၊ ပတ္တမြားညိုဖြင့်ပြီးတဲ့ထီးဝန်းကြီး အမြဲဆောင်းနေတယ်။ သွားလေရာရာမှာ၊ အဆင်သင့်ပါသွားတယ်။ နတ်ပန်းရနံ့တို့လဲ၊ တပျံ့ပျံ့ကြိုင်သင်း၍၊ နှစ်သက်ခြင်းအမြဲ ဖြစ်နေရသတဲ့။

(၈) မဟာနီလဿ ဆဒနံ။ ဓါရေတိ မမ မုဒ္ဓနိ။
ဒိဗ္ဗံဂန္ဓံ ပဝါယာမိ။ သတ္တုပ္ပလဿိဒံ ဖလံ။

(၈) မမ။အကျွန်ုပ်၏။မုဒ္ဓနိ။ဦးခေါင်းထက်၌။ မဟာနီလဿ ဆဒနံ။ ပတ္တမြားညိုထီးဝန်းကြီးသည်။ ဓါရေတိ။ အမြဲဆောင်းထားလေ၏။ ဒိဗ္ဗံဂန္ဓံ။ နတ်ပန်း ရနံ့ကို။ ပဝါယာမိ။ ကြိုင်လှိုင်မွှေးကြူ၊ အမြဲပင် ရှိက်ရှူရပေ၏။ ဣဒံ။ ဤကဲ့သို့သော အကျိုးထူးသည်။ သတ္တုပ္ပလဿ။ ကြာပန်း(၇)ခိုင်ကို လှူဒါန်းရသော ဒါန၏။ ဖလံ။ အကျိုးထူးပေတည်း၊

ထို့ပြင်ပန်းလှူရတဲ့အတွက် ဘယ်လိုအကျိုးထူးများကို ရရှိပါသေးသလဲလို့ ဆိုတော့၊ ဖြစ်လေရာဘဝတိုင်း၌၊ ကြာညိုပန်းဝတ်ဆံပမာ၊ ထိန်ဝါထောက်လင်းတဲ့ အရေအဆင်းနှင့် ပြည့်စုံတယ်၊ အဆင်းမလှတဲ့ ဘဝမျိုးကို၊ ဘယ်တခါမှ မတွေ့ရဘူးတဲ့၊ ပန်းလှူရတဲ့ အကျိုးဆိုဘာ၊ သို့ကလောက် ထူးမြတ်သန့်ရှင်းတာကလား၊

(၉) ဥပ္ပလဿေဝ မေ ဝဏ္ဏော၊ ဂန္ဓောစေဝ ပဝါယတိ။
ဒုဗ္ဗဏ္ဏိယံ နဇာနာမိ၊ ပုပ္ဖပူဇာယိဒံ ဖလံ၊

(၉) မေ၊ အကျွန်ုပ်၏၊ ဝဏ္ဏော။ အဆင်းသည်၊ ဥပ္ပလဿ၊ ကြာညိုဝတ်ဆံ၏၊ ဝဏ္ဏောဣဝ။ အဆင်းနှင့်တူနိုင်း၍၊ ဘဝတိုင်း

လှပသည့်သာလျှင်တည်း။ဂန္ဓောစေဝ။ကိုယ်ရနံ့များသည်လည်း၊ ပဝါယတိ။ ပျံ့တကြိုင်ကြိုင်၊ သင်းလိုင်မွှေးကြူ၍ နေသည့်သာ လျှင်တည်း။ ဒုဗ္ဗဏ္ဏိယံ။ အဆင်းမလှသော အဖြစ်ကို။ နဇာနာမိ။ ဘယ်အခါမျှမသိစဘူးချေ။ ဍာဒံ။ ဤသို့သော အကျိုးထူးသည်။ ပုပ္ဖပူဇာယ။ ပန်းပူဇော်ခြင်း၏။ ဖလံ။ အကျိုးထူးပေတည်း။

သုံးဆဲ့တကမ္ဘာ အတွင်းမှာ ကျင်လည်ခဲ့ရတဲ့အခါ၊ နတ်မင်း ကြီးခုနစ်ကျိပ် တို့၏ မိဖုယားကြီး အဖြစ်ကို ရရှိခဲ့တယ်။ခြောက် ကျိပ် သုံးပါးသော စကြာမင်းကြီး တို့၏ အဂ္ဂမဟေသီ ဒေဝီ ထွတ်ထား၊ အသျှင်မိဖုယားကြီးများလဲ ဖြစ်ခဲ့ရတယ်။ ။ဖြစ်လေ ရာရာ ဘဝတိုင်းမှာ၊သူတပါးတို့ထက်ထူး၍၊အသွန့်အဖူး အဖြစ် နှင့်သာ၊ ဩဇာအာဏာဂုဏ်နှင့်ပြည့်စုံလေ့ရှိသတဲ့။

(ည) သတ္တတိ ဒေဝရာဇူနံ၊ မဟေသိတ္တ မကာရယိံ။
သဗ္ဗတ္ထဣဿရာ ဟုတွာ၊ သံသရာမိ ဘဝါဘဝေ။

(ည) အဘံ။ အကျွန်ုပ်သည်။သတ္တတိဒေဝရာဇူနံ။ခုနစ်ကျိပ် သော နတ်မင်းကြီးတို့၏။ မဟေသိတ္တံ။ နတ်မိဖုယား အဖြစ်ကို။ အကာရယိံ။ပြုခဲ့ရပေသတည်း။ဘဝါဘဝေ။ ဖြစ်တိုင်း,ဖြစ်တိုင်း . သောဘဝကြီးငယ်၊ အသွယ်သွယ်တို့၌၊သဗ္ဗတ္ထဣဿရာ။ အလုံးစုံ သော ဌာနတွင် စိုးရဒိုပ်နိုင်သည်။ ဟုတွာ။ ဖြစ်၍။ သံသရာမိ။ ချမ်းချမ်းသာသာ ကျင်လည်ခဲ့ရပါသတည်း။

(ဋ) တေသဋ္ဌိ စက္ကဝတ္တီနံ၊ မဟေသိတ္တ မကာရယိံ။
သဗ္ဗေ မံ အနုဝတ္တန္တိ၊ အာဒေယျ ဝစနာ အဟုံ။

(ဋ) အဟံ၊အကျွန်ုပ်သည်။တေသဋ္ဌိစက္ကဝတ္တိနံ။ခြောက်ကျိပ် သုံးပါးသော စကြာမင်းကြီးတို့၏၊ မဟေသိတ္တံ၊အသျှင်မိဖုယား ခေါင်ကြီးအဖြစ်ကို။အကာရယိံ။ပြုခဲ့ရပေသဘည်း။ဘဝေဘဝေ။ ဖြစ်တိုင်း, ဖြစ်တိုင်းသော ဘုံဘဝ၌၊သဗ္ဗေ။ အလုံးစုံသောသူဘို့ သည်။ မံ။ အကျွန်ုပ်ကို။ အနုဝတ္တန္တိ။ အစဉ်တစိုက်၊ အလိုလိုက်

ကြရကုန်၏။ အာဒေယျဝစနာ။ အာဏာတည်းဟူသော စကား နှင့်ပြည့်စုံသည်။ ဝါ။ လျာစက်အာစက်၊ အာဏာစက်ရှိသည်။ အဟောသိ။ ဖြစ်ခဲ့ပေသတည်း။

အဲ-ဤကဲ့သို့ပြဆိုခဲ့ပြီးသောအတိုင်း၊ သုံးဆဲ့တကမ္ဘာအတွင်း မှာ၊ ဝင်းဝင်းထိန်တောက်၊ အထက်တန်းရောက်သော ဘဝမျိုး၌သာ ကျင်လည်ခဲ့ပြီးသော်၊ ယခုရှင်ဘော်ဂေါတမ၏ လက်ထက် တော်အခါကျတော့၊ ဥဇ္ဇေနီပြည်၌၊ မြင့်မြတ် တဲ့ အမျိုး မှာ၊ ဂုဏ်တန်ခိုးရှိရှာဖြစ်ပွါး၍လာတယ်။ ။မွေးဘွားလာတဲ့ အခါ ကစပြီး ဆွေမျိုး မိဘတို့မှာ၊ ဘေးအန္တရာယ် ကင်းကြတဲ့ အတွက် "အဘယာ" ရယ်လို့ မှည့်ခေါ်ကြသတဲ့။ ဘေးကင်း စေတတ်တဲ့ အမျိုးသမီးကလေးဆိုတာပေါ့လေ။

အရွယ်ရောက်တဲ့တခါ။ (အဘယမာဘာခေါ်တဲ့ ပဒုမဝတီနှင့် မိတ်ဆွေခင်ပွန်းအကျွမ်း ဘဝင်ဖြစ်ကြတယ်၊ သို့ရာတွင် ပဒုမဝတီ ရဲ့စရိုက်မျိုးတော့ မဟုတ်ဘူး။)

ထိုနောက် ပဒုမဝတီသည် လောကီစည်းစိမ်ချမ်းသာများကို စွန့်စားပြီး၊ သာ သ နာ ဘောင် မှာ ရ ဟန်း ပြု တယ် လို့ ကြား တော့။ "ငါလဲ ရဟန်းပြုပါ သော်ကော" လို့ စိတ်ဇော ထက်သန်စွာနှင့်၊ မိဘတို့ထံ ခွင့်ပန်ပြီး၊ ဥဇ္ဇေနီပြည်မှ ရာဇဂြိုဟ် ပြည်သို့သွား၍၊ ရဟန်းပြုရှာတယ်။ ရဟန်းပြုရှာတဲ့ အခါမှာ၊ အဘယထေရီရယ်လို့ ငယ်နာမည်အတိုင်းတွင်သတဲ့။

ရဟန်းပြုပြီးတဲ့အခါ၊ အဘယ်ကမ္မဋ္ဌာန်းကိုစီးဖြန်းလျှင်၊ သင့်ပါ မလဲလို့ မေးမြန်းတော့၊ ဥပဇ္ဈာယ်ဖြစ်တဲ့ ဘိက္ခုနီမကြီးများက အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ရမယ်၊ မိန်းမဆိုတဲ့ လူမျိုး ဟာ၊ မိမိကိုယ်ကို သာ၍တင့်တယ်စွာ ပြုပြင်ချယ်လှယ်လေ့ရှိကြ တယ်၊ သည်လိုစရိုက်မျိုးကို ကွာအောင်ရှင်းလင်းမှ၊ ထိုးထွင်း သောဥာဏ်စခန်းသို့ ပေါက်ရောက်နိုင်တယ်။ ။သည့်ကိုယ် ကောင်ကြီးကို သာယာနေသမျှ၊ ဥာဏ်အလင်းကို မရနိုင်ဘူး။ အဲ-သို့ကလိုဆုံးမတဲ့အတွက် "သီတာဝန" ခေါ်တဲ့ ရင်းတိုက်

ဘောသို့၊တကိုယ်ထည်းထွက်ပြီး၊ အသုဘ ကမ္မဋ္ဌာန်းကိုစီးဖြန်းတယ်။

အသုဘ ကမ္မဋ္ဌာန်း စီးဖြန်း၍၊ ဉာဏ်စွမ်း အံတော်ကလေး ထက်မြက်လာတော့ ရှင်တော်ဘုရားက၊ အဘယ ထေရီ၏ အံ့ားထုတ်ကြိုးစားပုံကို အားရတော်မူလှသဖြင့်၊လျှင်လျှင်မြန်မြန် ဘာဝနာရင့်သန်စေခြင်းအကျိုးငှါ၊ဂန္ဓကုဋိတိုက်တော်ကနေပြီး၊ တန်ခိုးတော်အားဖြင့်၊အသုဘအာရုံတွေကို ဘန်ဆင်း၍ပြတော်မူတယ်။အဘယထေရီ၏ရှေ့မှာ၊ဖူးဖူးယောင်တဲ့ အကောင်ကြီးတွေ၊ ညိုညို့မဲမဲ၊ သွေးပြည်တရွှဲရွှဲနှင့်အကောင်ကြီးတွေ၊အရိုးစုကောင်ကြီးတွေကို၊ ဆဲသည့်သို့ အသုဘ ကောင်ကြီးတွေကို၊ ဘန်ဆင်း၍ပြတော်မူတော့၊အဘယထေရီဘိက္ခုနီမှာ၊ဘာဝနာထက်သန်ပြီး၊ အသိဉာဏ် ပွင့်လင်းလျက်၊ ကိုယ်တွင်းကိုယ်ပ ရှိရှိသမျှသော ရုပ်တရားတွေအပေါ်မှာ၊ တွယ်တာခြင်း ကင်းသွားတယ်။

ဆဲသည့်လို ဘာဝနာဉာဏ်ရင့်သန်လာတဲ့အခါ၊ ရှင်တော်မြတ်ဘုရားက တရားဟောချိန်တန်ပြီဟု ဆင်ခြင်တော်မူကာ ခြောက်ဖြာသောရောင်ခြည်တော်ကို လွှတ်ပြီး၊ အဘယထေရီ၏ ရှေ့ပါးမှာ၊ မားမားမတ်မတ် ရပ်တော်မူသကဲ့သို့ထင်စေရာ၊ အဘယထေရီမှာလဲ၊ "ရှင်တော်ဘုရား ကြွလာတော်မူပါကလား"လို့ များစွာ နှစ်ချိုက်၊ ဖူးမျှော်နေခိုက်တွင်၊ အမြိုက်တရားကို သို့ကလို ဟောကြားတော်မူပေသတည်း။

(၁) အဘယေ ဘိဒူရော ကာယော၊ယတ္ထသတ္တာ ပုထုဇ္ဇနာ။
နိက္ခိပိဿာမိ မံဒေဟံ၊ သမ္ပဇာနာ သတီမတီ။

(၁) အဘယေ။ အို-ချစ်သို့း အဘယထေရီ၊ ကာယော။ ဤကိုယ်ကောင်ကြီးသည်၊ ဘိဒူရော။ ဘယ်မှာမှ မလုံ၊ ပျားအုံပျားသလက်အလား၊အံပေါက်တွေ လွန်စွာများလှသည်သာလျှင်တည်း၊ယတ္ထ၊အကြင်အပေါက်တွေ ဥဒဟို အပုပ်ရေစီးယိုသော

ဤကိုယ်ကာယကြီး၌၊ပုထုဇ္ဇနာ၊အသိဉာဏ်အမြင်မလင်းသော၊ ပုထုဇန် လူဘသင်းတို့သည်။ သညာ- သဒ္ဓိတာ။ ချစ်ဘွယ်။ ခင်ဘွယ်,သာယာဘွယ်ဟု တွယ်တွယ်တာတာ စွဲလမ်း၍နေကြ လေကုန်၏။ ။အပ်ာံ။ငါသည်။ ဇာမိဒေဟံ။ ပဒ္မအုံအလား၊ ပျားသ လက် အ သွင်။ ခင် မင် ဘွယ် မ ရှိ သော ဤ ကိုယ် ကြီးကို, သတိမတ်။ရံခါမျှ မလစ်စေဘဲ၊ စွဲမြဲသော သတိရှိသည်ဖြစ်၍။ သမ္ပဇာနာ။ ကိုယ်ကြီး၏ ဖြစ်ပုံကို၊ အလုံးစုံမြင်အောင်ပြုလျက်။ နှိုက်ခွဲပိုးသာပါ။ တဏှာဖြင့်မတွယ်ဘဲ တကယ်ပင် စွန့်ပစ်လိုက် တော့ဖန့်၊ ဌဝံ။ ဤသို့။ မနသိကရောဟိ။ နှလုံးသွင်းလေဘော့ ချစ်သို့း။

သည်ဂါထာ၏ အဓိပ္ပါယ်ဆိုလိုရင်းကတော့၊ "သည်ကိုယ် ကြီးဟာ။ပဒ္မအုံအလား၊ပျားသလက်ပမာ လွန်စွာ အပေါက်တွေ များတယ်။များလေသမျှ အပေါက်တို့မှ၊အထက်အောက် မပြတ် အောင်၊ တလစပ်ယိုစီးနေတဲ့ အပုပ်ရေတွေကိုလဲ တားဆီး ပိတ်ဆို့လို့ ရနိုင်တာမျိုး မဟုတ်ဘူး။ ။သည် ကိုယ်ကြီးဟာ စက်ဆုပ်ဘွယ်ဖြစ်တဲ့ အညစ် အကြေးတွေကို စုဆောင်းပြီး၊ အပေါက်ကြီး အပေါက်ငယ်တို့မှ ဖွိန့်သွယ်၍ထုတ်နေတဲ့ အပုပ် ကောင်ကြီးအစစ်ဘဲ။ ။အဲ-သည်ကဲ့သို့ အပေါက်တွေ ဥဒဟို၊ အပုပ်ရေစီးယိုတဲ့ ဤကိုယ်ကြီးကို၊ တဏှာမှောင် သွင်းထားတဲ့ ပုထုဇန်သတ္တဝါတွေကတော့၊လွန်စွာနှစ်သက်ကြတယ်။ အမြတ် တနိုး၊ အဘိုးထိုက်, အဘိုးတန်ကြီးတွေ ထင်နေကြတယ်။ ။ ပုထုဇန်တို့ထင်မြင်ချက်ကို ပယ်ခွါပြီး၊ သတိတရား မလစ်စေဘဲ၊ ဉာဏ်အမြင်ကို ဘွင့်လှစ်၍၊ စွန့်ပစ်တို့ ကြိုးစားပေတော့။ သည်ကိုယ်ကြီးကိုချစ်၍ မပစ်နိုင်သမျှ ဒုက္ခမကင်းနိုင်ဘူး။ ။ အဲ-သည်ကဲ့သို့ ဆိုလိုရင်းဖြစ်ပေတယ်။

(ယခုရှင်တော်ဘုရားဟောကြား;တော်မူတဲ့ဂါထာမှာ ကိုယ် ကောင်ကြီး၌ အပေါက်တွေများပုံကို၊ အထူးသဖြင့် ဟောကြား တော်မူပေသည်။ ။ဟောတော်မူသောအတိုင်းမှန်လှပေသည်။

သေချာစွာစဉ်းစားလေလေ၊ အပေါက်များပုံကို သိလေလေဖြစ်ပေလိမ့်မည်။ ။တကိုယ်လုံးမှာ၊တသင်နေရာတကွက်မျှ၊အပေါက်လွတ်သည့်ဟူ၍မရှိချေ။ ။မွေးညှင်းတနေရာမှာ၊အပေါက်တခုဖြစ်ချေသည်။ ။အလွန်ထက်မြက် ရူးရှသော မှန်ဘီလူးကြီးဖြင့်ကြည့်ရှုပါလျှင်၊ သေချာစွာဒိဋ္ဌမြင်နိုင်ကြမည့် အမှန်ပင်တည်း။)

အဲ-သည်ကဲ့သို့ရှင်တော်ဘုရား ဟောကြားတော်မူတဲ့ အခါ၊ အဘာယထေရီမှာလဲ ဉာဏ်ပညာ ပွင့်လင်း ခိုက် ဖြစ် နေ တဲ့ အတွက်၊ တရားတော်ကို ဆင်ခြင်သော်၊ မကြာခင်ထိုးထွင်းပြီး မဂ်ခရီး အစဉ် ပေါက်လျက်၊ ရဟန္တာမ အဖြစ်သို့ ရောက်လေသတည်း၊

ရဟန်းကိစ္စတုံး၍ အလုံးစုံသော ဝဋ်ဆင်းရဲမှ ကင်းကွာပြီး၊ ရဟန္တာမအဖြစ်သို့ ရောက်လေသောအခါ၊ လွန်စွာဝမ်းမြောက်လှသဖြင့်၊ ဥဒါန်းဂါထာတပုဒ်ကို ရုတ်တရက် ကျူးရင့်လေသည်။

(၂) ဗဟူဟိ ဒုက္ခဓမ္မေဟိ။ အပ္ပမာဒ ရတာယ မေ။
တဏှက္ခယော အနုပ္ပတ္တော။ ကတံ ဗုဒ္ဓဿ သာသနံ။

(၂) ဗဟူဟိ။ အနမတဂ္ဂသံသရာတွင် လွန်စွာများပြားလှကုန်သော။ ဒုက္ခဓမ္မေဟိ။ ချမ်းသာမဘက်၊ သက်သက်ဆင်းရဲ၊ အမြဲပင်ပန်း၊ တရားလမ်းတို့ကြောင့်။ အပ္ပမာဒ ရတာယ။ မမေ့မလျော့၊ မပေါ့မတန်၊ ထက်သန်စွာ အားထုတ်၍နေသော။ မေ။ အကျွန်ုပ်အား။ တဏှက္ခယော။ အမြစ်ပြတ်၍၊ တဏှာခါတ်ချုပ်ဆုံးခြင်းသည်။ အနုပ္ပတ္တော။ ဖြစ်ပေါ် ဆိုက်ရောက်ခဲ့ပြီတကား။ ဗုဒ္ဓဿ။ သစ္စာလေးချက်၊ နဲနက်သိမြင်၊ ဘုရားရှင်၏။ သာသနံ။ မဂ်ဖိုလ်ရကြောင်း၊ လမ်းကောင်းမိန့်ထွက်၊ ဆုံးမချက်ကို။ ကတံ။ ကိစ္စကုန်အောင်၊ အလုံးစုံ ပြုအပ်လေပြီတကား။

ဤကဲ့သို့ဥဒါန်းကျူးရင့်၊ နှုတ်ကိုဖွင့်ပြီး၊ ဘုရားရှင်သာသနာတော်အကျိုးကို၊ သည်ပိုးရွက်ဆောင်ကာနေလေရာ။ ရံခါရံဘန်

မိမိအထံသို့ လာရောက်ကြကုန်သော အမျိုးသို့ကိုအား၊ တရား ဟောပြ ဆုံးမသွန်သင်လျက်၊ ယခင်ရှေးဟောင်း မိမိဖြစ်ခဲ့သော အ ကြောင်း များ ကို လည်း၊ သဒ္ဓါတရား ထက် သန် ကြ စေရန် အလို့ငှါ ကောင်းစွာ ဟောကြားတော်မူလေသည်။ ။ရှေး ဟောင်းအဖြစ်များကို၊ ဟောကြားသော ဒေသနာမှာ၊ အပဒါန် ပါဠိတော်ဖြစ်လေသည်။

(၅) ဧကတိံသေ ဣတောကပ္ပေ၊ ယံကမ္မ မကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ။ ပုပ္ဖဒါနဿိဒံ ဖလံ။

(၅) ဘောတိယော၊အို-အမျိုးသို့ကို၊အဟံ၊ အကျွန်ုပ်သည်၊ ဣတော၊ဤဘဒ္ဒကပ်ကမ္ဘာမှ၊တဒါ၊ဧကတိံသေကပ္ပေ၊ ထိုသုံးဆဲ့ တကမ္ဘာထက်၌၊ယံ၊ အကြင်ပန်းလှူခြင်းဒါနကံကို၊အကရိံ၊ ပြုခဲ့ရပေ၏။ဘတောပဗ္ဘာယ၊ထိုအခါမှစ၍၊ ဒုဂ္ဂတိံ၊ အောက်ကျ နောက်ကျ၊ဘဝစုတ်နှပ်၊အယုတ်ခေါ်ဘိ၊ဒုဂ္ဂတိကို၊နာဘိဇာနာမိ။ ဘယ်ခါခေတ်မျှ၊ မဖြစ်ဘူး၊ မကြုံဘူး၊ မသိခဲ့ရစေဘူးပါ။ ဣဒံ၊ ဤကဲ့သို့ဒုဂ္ဂတိကို သွေရှောင်၍၊ သုဂတိဘောင်၌သာ ကျင်လည် ခဲ့ရခြင်းသည်၊ပုပ္ဖဒါနဿ၊ပန်းလှူခဲ့ရခြင်း၏၊ဖလံ၊အဘိုးတန်တဲ့ အကျိုးမှန် အစစ်ကြီးပေတည်း။

## (၁) အဘယထေရီ ဝတ္ထုပြီး၏။

(မှာထားချက်။ ။ဘော်ပြခဲ့သောဝတ္ထု၌ က-အစ ၅-အဆုံး ရှိသောအက္ခရာတို့ဖြင့်၊ မှတ်သားအပ်သောဂါထာတို့ကို၊ ထေရီ အပဒါန် ပါဠိတော်မှ၊ ထိုရင်းထုတ်ပြအပ်သော ဂါထာဘိုဟူ၍ မှတ်ကြပါကုန်။ . ။၁-၂-၈ဏာနီး တို့ဖြင့် မှတ် သား အပ် သော ဂါထာနှစ်ပုဒ်မှာ၊ ထေရီဂါထာပါဠိတော်ကြီး ဖြစ်လေသည်)။

ဤဝတ္ထု၌နည်းယူဘွယ်မှာ၊ အဘယထေရီ၏အလောင်းသည် မိမိပန်ဆင်ရန် ဘုရင်မင်းမြတ်က ချီးမြှောက်တော်မူသော ပန်း များကို၊ မိမိမပန်ဆင်ဘဲဘုရားရှင်ကိုလှူဒါန်းသဖြင့်၊ အကျိုးထူး များကိုခံစားရလေသည်။ ။ထိုနည်းတူစွာ၊သဒ္ဓါတရားနှင့်ပြည့်စုံ

သောအမျိုးသမီးတို့သည်လည်း၊ ထူးမြတ်သောပန်းများကိုရလျှင် ဘုရားရှင်ကို ရှေးဦးစွာ သတိရသင့်ပေသည်။ ။မိမိဦးခေါင်း တည်း ဟူ သော ပန်း အိုး ကြီး မှာ ထိုး သ ဖြင့် အ ကျိုး မ ရှိ၊ ဘုရားရှင်ကို တင်၍ ပူဇော်ခြင်းကား၊ များစွာ အကျိုးရှိကြောင်း ကို၊ သတိပြုသင့်ကြပေသည်။ ။ပန်းလှူခြင်းသည်၊အဆင်းလှပ စွာနှင့် သန့်ပြန့် စင် ကြယ် ခြင်းကို ဖြစ်စေတတ်သောကြောင့်၊ အဆင်းကို အရင်းအနှီး ပြုလုပ်ကြသောအမျိုးသမီးတို့သည်၊ ပန်း လှူခြင်းဒါနကို၊ အထူးသဖြင့် ဝါသနာထုံသင့်ပေသည်။

အ ဘ ယ ထေ ရီ သည်၊ အသုဘ ကမ္မဋ္ဌာန်းကို စီးဖြန်း၍၊ ကျွတ်တန်းဝင်သည့်အလား၊အမျိုးသမီးများသည်လည်း၊တတ်အား သမျှ အသုဘဘာဝနာကို၊ လေ့လာသင့်ကြပေသည်။ ။အသုဘ ဘာဝနာကို၊ လေ့လာ၍ အသုံးပြုလျှင်၊ မိမိကိုယ်၌ တွယ်တာ၍၊ သာယာတပ်မက်မှုများကို လွယ်ကူစွာနှင့် ဖြတ်တောက်နိုင်ကြ ပေသည်။ အသုဘဘာဝနာကိုပွါးရန်၊ သတိပဋ္ဌာန်ပါဠိတော် ကြီးရှိလေပြီ၊ သ တိ ပ ဋ္ဌာန် အ မေး အ ဖြေ မှာ လည်း၊ အသုဘ ဘာဝနာ ပွါးနည်းတွေပါရှိလေသည်။

—0—

## ဒုကနိပါတ်

## (၆) သာမာထေရီဝတ္ထု။

ဘုန်းတော်သရဖူ၊ဆောင်းတော်မူ၍၊ အောင်လူတကာတို့၏ ထွတ်ဖူး၊ နိဗ္ဗာန်ရှူး ဖြစ် တော် မူ သော ရှင် တော် မြတ် ဘု ရား၊ လက်ထက်တော် အခါ၊ ကောသမ္ဗီပြည်မှာ၊ ''သာမာ'' အမည် ရှိတဲ့ သူဌေးသမီးကလေး တဦးရှိတယ်။ ရှေး ရှေး ဘ ဝ များ စွာ၊ သံ သ ရာ ဝဲ ခွင် ဝယ်၊ စင်ကြယ်သော ကု သိုလ် ထူး များ ကို၊ ဆည်းဘူးခဲ့သူ ဖြစ်တဲ့အဘက်၊ တတ်သိလိမ္မာ၍ ချစ်ဆင်းအင်္ဂါ လက္ခဏာကြွန်အင်၊ သွင်ပြင်မှုရူမှစ၍၊ ချီးမွမ်းလောက်စဘွယ် တင့်တယ်ကောင်းမြတ်ခြင်းနှင့် ညီညွတ်သတဲ့။

ရှေးဟောင်း ကျမ်းဂန်တို့ အဆိုအားဖြင့်၊ အမျိုးသမီးကလေး

များမှာ 'သာမာ'ဂုဏ်နှင့်ပြည့်စုံခဲ့ပါလျှင်၊လွန်စွာမြင့်မြတ်တယ်လို့သမုတ်အပ်တယ်။ အမျိုးသမီးတိုင်း သာမာဂုဏ်နှင့် ပြည့်စုံနိုင်တာမျိုး မဟုတ်ဘူး။ ။သာမာဂုဏ်၏ အကြောင်းကို၊ သင်္ဂဟကျိုက်ကျမ်းတွင်၌၊ သို့ကလို ပြဆိုလျက်ရှိပေတယ်။

သိတကာလေ ဘဝေဥဏှာ ဥဏှကာလေစ သိတလာ။

သုဝဏ္ဏပုဏ္ဏ ဝဏ္ဏာဘာ၊ သာ သာမာ ပရိကိတ္တိတာ။

ယာ၊ အကြင်သတို့သမီးသည်၊ သိတကာလေ၊ ချမ်းစိမ့်သောဆောင်းကာလ၌၊ ဥဏှာ၊ နွေးသောကိုယ်ငွေ့ရှိသည်၊ ဘဝေ၊ ဖြစ်၏။ ဥဏှကာလေ။ ပူအိုက်သော နွေကာလ၌။ သိတလာ။ အေးမြသောကိုယ်ငွေ့ရှိ၏။သုဝဏ္ဏပုဏ္ဏ ဝဏ္ဏာဘာ။ ရွှေလျှော်ဦးအဆင်းကဲ့သို့၊ ဝါဝင်းသော အရေအသားလည်းရှိပေ၏။ သာ၊ ထိုသတို့သမီးကို။ သာမာ။ သာမာဂုဏ်နှင့်၊ ပြည့်စုံပေသည်ဟူ၍ပရိကိတ္တိတာ၊ မိန့်ကြားအပ်ပေသတည်း။

ဆောင်းအခါ၌-နွေး၊ နွေအခါ၌-အေး။ ရွှေအသွေးတမျှလှပတဲ့ အရေအဆင်းနှင့်။ ထိန်ထိန်ငင်းတဲ့ အမျိုးသမီးကို၊သာမာရယ်လို့ခေါ်ဆိုရတယ်။ ။အဲ-သို့ကလို သာမာဂုဏ်နှင့်ပြည့်စုံတဲ့အတွက်ကြောင့်၊ ''မယ်သာမာ''ရယ်လို့ ထင်ရှားကျော်စောတဲ့အမျိုးသမီးကလေးဟာ၊ ဗိတ်သဘောရင်းက လိမ္မာတဲ့ အတွက်၊ အိမ်ရာထောင်ခြင်း ဆိုတဲ့ အမှုယုတ်ကို၊ ပြုလုပ်လိုက်စားခြင်း မရှိဘဲ၊ တရားနှင့်မွေ့လျော်ပြီး၊ ပျော်ပျော်ကြီး နေလေ့ရှိတယ်။ လူတို့၏ ဓမ္မတာ၊ ဓါတ်သဘောတူရာနှင့်၊ ပေါင်းသင်းဆက်ဆံလေ့ရှိတဲ့အတိုင်း သာမာဝတီ ဆိုတဲ့ သူဌေးသမီးနှင့် အကျွမ်းတဝင်၊ ချစ်ခင်ပေါင်းသင်းလေ့ရှိတယ်။ ။သာမာဝတီဆိုတာ၊ ဥတေနမင်းကြီးရဲ့ မိဖုယားပေါ့၊မိဖုယားမဖြစ်မီ ငယ်ရွယ်စဉ်ကပင်၊ အကျွမ်းတဝင် ချစ်ခင်ပေါင်းသင်းလို့ နေကြတယ်။ ။ သာမာနှင့် သာမာဝတီဟာ၊ အမည်ကလဲတူ အမူချင်းလဲ မျှတကြသပေါ့။ငယ်ရွယ်စဉ်ကစပြီး၊ သီတင်းသီလကို စောင့်ထိန်း၍၊ ငြိမ်းငြိမ်း ချမ်းချမ်း နေလေ့ရှိကြတယ်။

တနေ့တော့ ဘယ်လို တိုင်ပင်ကြသလဲလို့ဆိုလျှင်၊ "လူ့ဘို့ဘောင်မှာ၊အိမ်ရာထောင်တဲ့ အလုပ်ကြီးဟာ၊လွန်စွာ ဒုက္ခများတာကလား။ကိုယ်မအား - စိတ်မအားနှင့်၊ လင်သားအလိုသို့သာလိုက်နေရတယ်။ ။လူကောင်းစင်စစ်က၊ ကျွန်ဖြစ်ရတယ်ဆိုတာမိန်းမများကို ပြောတာဘဲ၊ လင်သားမယူလျှင် ပူစရာမရှိ၊ မိမိကိုယ်ကို မိမိ အစိုးပိုင်တယ်။ လင်သားယူမှဖြင့်၊ သူတို့လက်အောက်မှာ ကျွန်သပေါက် လုံးလုံးကြီး ဖြစ်ရတော့တာဘဲ။ အလွန်နစ်နာတဲ့ အလေ့မျိုးကြီးပါ။နှလုံးနာဘို့အလွန်ကောင်းတာဘဲ။ ။လင်ယောကျ်ားရဲ့ ကျွန်ဖြစ်ပြီဆိုမှဖြင့်၊ ငွေဝယ်ကျွန်လောက်မက၊ ကျွန်တွင်းနစ်ပြီး မထွက်နိုင်အောင် ခိုင်မြဲသွားတော့တာကလား၊မိန်းမတို့မှာ မေတ္တာ ရှိသက်သက်၊ ကျွန်တွင်းနက်ခြင်းသည်၊အလွန်အံ့ဩဘွယ်ကောင်းလှပေသတည်း။

"ရစနဂါထာ"

ဒါသီ ဟောန္တိ အဒေါသိပိ၊ယာတာ ဘတ္တုဝသံဂတာ။
နိယျာဒိယ သကံကာယံ၊ ဒါသဗျံ နာရိနံ အဟော။

ယာ ။အကြင်မိန်းမတို့သည်၊သကံကာယံ။ မိမိတို့ စိုးပိုင်လျက်ရှိသော ကိုယ်ကို။ဘတ္တု။လင်သခင်အား၊နိယျာဒိယ။အလိုရှိတိုင်းသုံးပေတော့ဟု၊လုံးလုံးအပ်နှင်းဆက်သပြီး၍၊ဘတ္တုဝသံဂတာ။ တာဝလုံးအလိုလိုက်၍၊လင့်အကြိုက်သို့ပါ၍ နေရှာကြရကုန်၏။ တာ၊ထိုမိန်းမတို့သည်၊အဒေါသိပိ၊ရှေးဦးမူလ၌၊ ကျွန်မ-မဟုတ်ပါကုန်သော်လည်း ဒါသီဟောန္တိ။ ကျွန်စာရင်းနှင့်၊ ကျွန်အရင်းအဖြစ်သို့ ရောက်ရှာကြကုန်၏။ နာရိနံ။ မိန်းမတို့၏။ ဒါသဗျံ။ လင်တို့ လက်အောက်၌။ ကျွန်အဖြစ်သို့ ရောက်ရ ခြင်း သည်၊ အဟော။တွေးလိုက်တိုင်းရယ်ဘွယ်ရာ လွန်စွာအံ့ဩဘို့ကောင်းလှပါပေသတည်း။

ယင်းဖြစ်သည့်အတွက်ကြောင့်၊ သည်တသက်မှာ ကျွန်တွင်းမနက်ကြရအောင်၊ချောင်ချောင်ချိချိ၊လင်မရှိ, သားမရှိ, နေထိုင်ကြစို့ရဲ့၊အိမ်ရာထောင်မှုကို ကြဉ်ရှောင်၍၊ လွတ်အောင်ရုန်းကြပြီးလျှင်၊ သာသနာရေး, သာသနာအလုပ်, ကိုသာ အားထုတ်

ကြိုးစားလျက်၊တရားနာလို့သာနေကြစို့ရဲ့။ ၁၀-သည့်လိုတိုင်ပင်ပြီး၊မယ်သာမာနှင့် သာမာဝတီတို့ နှစ်ဦးဟာ၊ အထူးချစ်ခင်စွာ နေထိုင်ကြတယ်။အပျိုစင်စစ် လွတ်လပ်တဲ့အဖြစ်နှင့် နေထိုင်ကြရတဲ့အတွက်၊ ကုသိုလ်ရေးမှာ လွန်စွာခရီးတွင် ကြတာပေါ့လေ။ ပညာဉာဏ်ကြံ ရင့်သန်ပြီး ပုဂ္ဂိုလ်များဖြစ်ကြလေတော့၊ ပိဋကတ် ဒေသနာကိုလဲ၊ကောင်းစွာ တတ်ကျွမ်းကြဟယ်၊

ထိုနောက် ဘယ်လို အကြောင်းထူး၊ ဖြစ်ပေါ်လာသလဲလို့ ဆိုတော့၊ ကောသမ္ဘီပြည့်ကြီးအရှင်၊ ဘုရင်ဥတေနမင်းကြီးက သာမာဝတီ၏ ချောကြောင်း, လှကြောင်း, လိမ္မာကြောင်း, များကို ကြားသိတော်မူတဲ့အတွက်၊ကောက်ယူ ရွေးချယ်တော်မူပြီး၊ မိဖုယားကြီးအရာ၌ ခန့် ထား ပါ ရော။ ။သာ မာ ဝ တီ မှာ၊ မင်းအာဏာကို မလွန်ဆန်သာဘူးအတွက်၊ တကယ်မနှစ်သက်ဘဲနှင့် ဘုရင့်လက်သို့ ပါသွားရတော့တာပေါ့။ တိုင်ပင်ထားတဲ့ အချက်လဲ ပျက်သွားတယ်၊ သနားစရာကြီးပေါ့နော်။ ။သဘောတူ တိုင်ပင်တဲ့အချက်၊ မင်းအာဏာကြောင့် ပျက်သွားတော့ ခတ်ရှက်ရှက် ရှိတာနှင့် သာမာဝတီကလဲ၊ မိတ်ဆွေချစ် မယ်သာမာကလေးကို ခတ်ရှက်ရှက်ဖြစ်နေရှာတယ်။ အတွေ့မခံဝံ့အောင် ရှက်ရှာတာပေါ့၊ မိဖုယားဖြစ်သွားတဲ့အတွက် စိတ်ကြီးဝင်ရှာတာလဲ မဟုတ်ပါဘူး။

သာမာဝတီ မိဖုယားဖြစ်သွားတော့၊မယ်သာမာမှာ သူ့ခမြာ သနားစရာ တကိုယ်ထဲ ကျန်ရစ်ရှာတယ်။ ငယ်ရွယ်စဉ်ကစပြီး အလွန်ချစ်ခင်လာကြတဲ့ သူငယ်ချင်းမို့၊ မတွေ့ဘဲ ဲ မနေနိုင်ကြဘူး။မယ်သာမာက ကြံစည်စဉ်းစားသည်မှာ၊ "ငြောင် မိတ်ဆွေချစ် သာမာဝတီဖြင့်၊ ကျားလက်သို့ ယုန်ကလေး ရောက်သလို၊ ယောက်ျားလက်သို့ ရောက်သွားရှာပြီ၊ မင်းစိုးအာဏာကို မလွန်ဆန်သာလို့ ပါသွားရှာတာ အမှန်ဘဲ။ လွန်စွာ ဆင်းရဲရှာလိမ့်မယ်။ဘုရင်ဆိုတာ မိဖုယားတွေက များပါဘိသနှင့်၊ တိုက်ကြ, ခိုက်ကြ, ငြူစူကြ နှဲ၊ မိတ်ဆွေမကလေးမှာဖြင့်၊ လတ်လတ်

လောလောနှင့်၊ ပြိတ္တာတောသို့ ရောက်သွားသလို၊ နေရှာထိမ့်မယ်။ ရုပ်ကလေးကနူနယ်၊ စိတ်ကလေးက သိမ်မွေ့ပါတိုသနဲ့၊ မိဖုယားတို့အလယ်မှာ၊ဘယ်လိုများနေရှာလိမ့်မယ်မသိ။တိုင်ပင်တဲ့ ကတိပျက်လို့ ရှက်လဲ ရှက်ရှာပေလိမ့်မယ်။ ငါမိဖုယားရယ်လို့၊ကြွားမောက်တဲ့စိတ်မျိုးတော့ ရှိမဲ့မိန်းမမျိုး မဟုတ်ဘူး။ ။သူထံသို့သွားပြီး၊ တ ရား စ ကား နှင့် ဖြေဖျော်ရလျှင်၊ သူ့ကို ချီးမြှောက်ထောက်ပင့်သလိုဖြစ်မှာဘဲ။အဲ သည်လို စဉ်းစားပြီး၊ တနေ့တော့ သာမာဝတီ မိဖုယားအထံသို့၊ မယ်သာမာကလေး သွားရောက်တယ်။ ။သာမာဝတီကလဲ၊ အချစ်ဟောင်းမိတ်ဆွေကလေး လာတော့ လွန်စွာ နှစ်သက်ရှာတာပေါ့။ ။သာမာဝတီက ချစ်ခင်ယုယစွာ လက်ခံပြီး၊ မိဖုယားဖြစ်ခဲ့ရတဲ့ အကြောင်းများကို၊ အလုံးစုံ ကြေနပ်အောင် ပြောရှာတယ်။ တိုင်ပင်ရင်း ကတိပျက်တဲ့အတွက်၊ သူ့အပေါ်မှာ အပြစ် မ ထား ဘို့ ကို လဲ တောင်းတောင်းပန်ပန်ပြောရှာတယ်။

မယ်သာမာကလဲ၊မင်းတို့အာဏာဆိုတာ လွန်စွာကြောက်ဘို့ကောင်းတဲ့အတွက်၊ လွန်ဆန် ငြင်းပယ်လို့ မဖြစ်နိုင်ကြောင်း။ မင်းအာဏာကြောင့် မလွှဲသာ၍ မိဖုယား ဖြစ် သွား ရ တာ ကို သိသဖြင့် အပြစ်မတင်သင့်ကြောင်းများကို ကြေနပ်စွာပြောကြားတယ်။ ။အဲ-သည်အခါကျတော့၊ နှစ်ဦး နှစ်ဝ စိတ်ချလက်ချ၊ ကြေကြေနပ်နပ်သင့်မြတ်ညီညွတ်စွာနှင့် ယခင်ကလိုပေါင်းသင်းဆက်ဆံကာ နေကြပြန်တယ်။ ။မယ်သာမာက နန်းဘော်သို့ မကြာမကြာသွားပြီး၊ သတိထား၍နေထိုင်ဘို့အကြောင်း၊ ဘုရင်ဆိုတာ စိတ်မထင်လျှင်၊ ခဏချင်းအထင်လွဲ၍၊ မထောက်မထား စီရင်တတ်ကြောင်း၊ ဂုံးတိုက်စကားကိုလဲ၊ ပြောဘန်များတော့၊ ယုံတတ်ကြောင်း၊ လင်တယောက်ထဲမှာ၊ မယားများစွာ ရှုံး၍ နေထိုင်ရခြင်းဟာ၊မိန်းမတို့မှာ အဆင်းရဲဆုံးဖြစ်ကြောင်းများကိုလဲ၊သွားတိုင်း,သွားတိုင်း,သတိပေးလေ့ရှိတယ်။

ထိုကဲ့သို့ နေထိုင်ကြတဲ့အတွင်း၊ မာဂဏ္ဍီဆိုတဲ့အယုတ်မကို၊

သူဒိဘာများက ဥတေနမင်းကြီးကို ဆက်သကြတဲ့ အတွက် မင်းကြီးကလဲ မိဖုယားမြှောက်ပြန်တယ်။ မာဂဏ္ဍီမှာ စိတ်ထား ယုတ်မာသော်လဲ၊ မိန်းမဘဲ့နို့လက်နက်ဖြစ်တဲ့ အရုပ်အဆင်းက၊ အထူးသဖြင့် လှပတဲ့အတွက်၊ ဥတေနမင်းကြီးကလဲ နှစ်သက် တော်မူပြန်ပါရော၊ ယောကျ်ားဆိုတဲ့လူမျိုးဟာ၊ အဆင်းကလေး လှပြီဆိုမှဖြင့်၊ အတွင်းက စိတ်သဘောကို မစိမစစ်ဘဲ၊ အရမ်း ချစ်ပြီး၊ နှစ်နှစ်သက်သက်နှင့် စုံမက်လေ့ရှိတာကလား။

မာဂဏ္ဍီမိဖုယားဖြစ်လာတော့၊ သာမာဝတီအပေါ်မှာ၊ မနာလို ဝန်တိုခြင်းတွေများပြီး၊ သူ့စွမ်းအားရှိသလောက်၊ ဘုရင်မုန်း အောင် ဂုံးတိုက်တယ်။ ။မာဂဏ္ဍီမှာ၊ လှလဲလှတဲ့သူ အမူအရာက လဲ ကန္တကယာ၊ ယောကျ်ားတို့ ခွေယိုင်လဲအောင်၊ အဆွဲကောင်းတဲ့ အတတ်ကို၊ နှုးနပ်တဲ့အတွက်၊ ဘုရင်မင်းမြတ်ကလဲ၊ မာဂဏ္ဍီ ဘက်သို့ ခပ်ပါပါဖြစ်သွားပြန်ရော။ သည့်လိုဖြစ်တဲ့အခါ၊ သာမာ ဝတီဆိုတဲ့သူတော်ကောင်းမလေးမှာ လွန်စွာဆင်းရဲရှာတါပေါ့။

(မှတ်ချက်။ ။သာမာဝတီနှင့် မာဂဏ္ဍီတို့ အကြောင်းကို၊ ဗုဒ္ဓဘာသာ မြန်မာအပေါင်းတို့၊ ကောင်းစွာ ကြားဘူးကြမည်ဖြစ် ၍၊ အထူးချဲ့၍ ရေးသားရန်မလိုတော့ပေ။ )

မာဂဏ္ဍီအတွက်နှင့်၊ စိတ်လက် မချမ်းမသာ ဖြစ်နေတဲ့အခါ၊ မယ်သာမာလာရောက်တော့၊ စိတ်ဆင်းရဲပုံများကို၊ သို့ကလိုပြော ကြားရှာသတဲ့။ ။ချစ်ဆွေ တိုင်ပင်တဲ့အတိုင်း နေခွင့်မရဘဲ၊ ကံဆိုး နှိပ်စက်၍၊ ယောကျ်ားလက်သို့ရောက်ရတဲ့ဒုက္ခဖြင့်၊ လှလှကြီးတွေ့ နေပေါ့။ ။မာဂဏ္ဍီဆိုတဲ့ မိဖုယားအသစ်ကို၊ ချစ်မြတ်နိုးတော်မူ ပြန်တယ်။ ။သူဂုံးတိုက်တဲ့အရေးကိုလဲ၊ မစစ်မဆေး ယုံတော်မူ ပြီး၊ ရှေးကလို ကြည်ကြည် ဖြူဖြူ ရှိတော်မမူဘူး။ မာဂဏ္ဍီရဲ့အ ဆောင်မှာသာ ပျော်တော်မူနေတော့တာဘဲ၊ သည့်စကားကိုလဲ၊ နားဝင်တော်မမူဘူး ။မိဖုယားဆိုတာ၊ ဆင်းရဲသားတို့၏ မယားများလောက်မှ၊ လွတ်လပ်ခွင့်မရဘဲ၊ စိတ်မငြိမ်လို့ စည်းစိမ်လဲ မရှိဘူး၊ အခက်သားဘဝသို့ ရောက်နေပြီ။ ထွက်ပေါက်ကို

ရှာလို့လဲမတွေ့နိုင်တော့ဘူး၊ ဆင်းရဲဝဋ်က လွတ်အောင် မကယ်နိုင်တော့ဘူးလား။

အဲ-သို့ကလိုငြိုးတွားလျှ၊ တိုင်ကြားပြောဆိုတော့၊ မယ်သာမာက ''အစတုံးက သည့်လိုအရေးတွေကိုမြင်လို့၊ သတိအမြဲ ပေးနေတာဘဲမဟုတ်လား၊ ကယ်နိုင်ဘို့ဆိုတာလဲ လွန်စွာခက်ပါတယ်။ မာဂဏ္ဍီရဲ့အပေါ်မှာ၊ မေတ္တာကိုသာပို့ပေတော့၊ မကောင်းကြံချင်၊ သူကံနှင့်သူ့အကျိုးပေးလိမ့်မပေါ့။ ။ရတနာသုံးပါးကိုလဲ ရှေးကထက်အားထားပေါ၊ ထိုးနန်းဆိုတာ အလွန်အန္တရာယ်များတာမျိုးကလား'' ဤကဲ့သို့ပြောကြားပြီး၊ တတ်စွမ်းသမျှအားပေးရှာသတဲ့။

ထိုနောက်များမကြာမီအတွင်း၊ မာဂဏ္ဍီ၏အကြံဆိုးကြောင့်၊ ကံညှိုးခိုက် ကြိုနေတဲ့ သာမာဝတီမှာ၊ မြွေရှိသင်းပင်းနှင့် တကွ၊ တဆောင်လုံးမီးလောင်ခံရပြီး၊ အနိစ္စရောက်သွားရှာပါရော။

သာမာဝတီ သေဆုံးရတိကြောင်းကိုကြားတော့၊ မယ်သာမာမှာ၊ လွန်စွာထိတ်လန့်ခြင်းနှင့် ပူပြင်းစွာ သောကဖြစ်ရရှာတော့တာပေါ့။ တသက်လုံးချစ်လာတဲ့ သူတယောက်၊ သေခြင်းမလှသေရဟာယ် ဆိုတော့၊ ဘယ်မှာဖြေဆိတ်လို့ ရနိုင်ပါတော့မလဲ။ မယ်သာမာကလေးမှာ၊ သည့်အခါကစပြီး၊ လူ့ဘောင်လောကကြီး အတွင်းဝယ်၊ ခင်ဘွယ်တဲ့စိတ်မျိုးတွေပျောက်ပြီး၊ ကြောက်ဝေန့်တဲ့ သံဝေဂစိတ်တွေသာများ၍၊ မနေမနားပူပန်၍ နေရှာရတော့တာဘဲတဲ့၊ အိမ်ထောင်ပြုမိတဲ့ အတွက် သာမာဝတီမှာ သည့်လို ဒုက္ခမျိုးနှင့် တွေ့ရတာဘဲဟု စိတ်ထဲမှာ အမြဲတွဲပြီး၊ အိမ်ထောင်ကြတဲ့မိန်းမတွေကိုမြင်လျှင်၊ အလိုလိုထိတ်လန့်နေသတဲ့။

တနေ့ကျတော့ သည်သောကကြီးထဲမှာ၊ ငါနေလို့ မဖြစ်နိုင်တော့ဘူး၊ သာသနာတော်အရိပ်ကို ခိုလှုံ၍၊ အလုံးစုံ ဒုက္ခပြတ်အောင်၊ မြတ်သောရဟန်းဘဝသို့ကူးပါတော့မယ်ဟုစိတ်ပိုင်းခြွန်းပြီး၊ ဘိက္ခုနီမ ကျောင်းသို့ ထွက်သွား၍ ရဟန်း ပြု ရှာ တယ်။ ရဟန်းပြုတဲ့အခါ ''သာမာထေရီ'' ရယ်လို့၊ ရှေးအမည်အတိုင်း တင်ရှာသတဲ့။

ရဟန်းပြုပြီးတဲ့အခါ၊ ကျပြန်တော့လဲ၊ ချစ်ဆွေသာမာဝတီရဲ့ အတွက်၊ ပူပန်တဲ့ ဝိတက်တွေ မကင်းဘဲ၊ အမြဲ သောက များသဖြင့်၊ တရားကိုအားမထုတ်နိုင်ဘဲ နေပြန်တယ်။ စိတ်မဖြောင့်တဲ့ အတွက် သမာဓိကို မွေးလို့မရနိုင်ရှာဘူး။ ။အခိုင်အမြဲ စိတ်ထဲ မှာ စွဲနေလို့၊ ဖြေပါသော်လဲမပြေနိုင်ဘဲ၊ သာမာဝတီရဲ့မျက်နှာကို မကြာမကြာ မြင်နေသတဲ့။

တနေ့သောအခါ၊ အရှင်အာနန္ဒာကိုယ်တော်မြတ်နှင့်၊ ဆွမ်းစား စရပ်တခုမှာ တွေ့တော့၊ အရှင်အာနန္ဒာက၊ သာမာ ထေရီကို သည်လို ဟောပြော ဆုံးမတော်မူကယ်။ ။အို ... နှစ်မတော် သာမာထေရီ၊ သူတပါးတို့မီးကို မိမိသို့မကူးစေနှင့်၊ သာမာဝတီ မှာ သူ့ကြမ္မာအလျောက်၊ မီးလောင်ခြင်းကို ခံရရှာတယ်။ သင့်မှာ မီးလောင်ခံရတာမဟုတ်ပါကလား။ ။သာမာဝတီကိုလောင်တဲ့ မီးဟာ၊ အတွင်းမီးမဟုတ် အပြင်က ဗဟိဒ္ဓမီးဖြစ်လို့၊ ကြီးကျယ် စွာကြောက်လန့်ဘို့မရှိဘူး၊ အတွင်းမီးကိုသာ များစွာကြောက်ဘို့ ကောင်းပါတယ်။ သင်၏အတွင်းသန္တာန်မှာ၊ ကိလေသာမီးတွေ အမြဲ တောက်လောင်နေတယ် မဟုတ်လား၊ ကိုယ့်အတွင်းမီးကို ငြိမ်းအောင် မသတ်ဘဲနှင့် မဆိုင်တဲ့အပမီးကြောင့် အစိုးရိမ်ကြီး နေတာ၊ အလွန်နစ်နာလှပါတကား။

အဲ-သည်လို ဟောကြားတော့၊ သတိတရားရပြီး၊ ယနေ့ကစ၍၊ အဇ္ဈတ္တသန္တာန်၌လောင်တဲ့မီးကို၊ အပြီး ငြိမ်း သတ် ရ အောင် ကြိုးစားမှတော်တော့မှာဘဲလို့၊ စိတ်ထဲက ဆုံးဖြတ်ပြီး၊ တကိုယ် တည်း ကမ္မဋ္ဌာန်းကျောင်းတွင်းသို့ဝင်ကာ၊ ဘာဝနာအလုပ်ကို အားထုတ်တယ်။ ။စိတ်ငြိမ်ခြင်းမရှိ၊ သမာဓိမရတဲ့ အတွက်၊ ဘာဝနာအလုပ်ဘက်မှာမပျော်မွေ့ဘဲငြီးငွေ့လှသဖြင့်၊ ကမ္မဋ္ဌာန်း ကျောင်းထဲမှာ၊ ကြာရှည်စွာ မထိုင်နိုင်ဘဲ၊ ကမ္မဋ္ဌာန်းကျောင်း တွင်းမှ အတင်းဆင်းလာသတဲ့၊ ထိုနောက်တဘန်၊ ကမ္မဋ္ဌာန်း အလုပ် ကို ဖြုတ် ပစ် လို့ မ တော် ဘူး၊ ကိလေသာငြိမ်းအောင်၊

စိတ် ကို ထိန်း မှ ဘဲ၊ အဲ-သည့်ကဲ့သို့ စိတ်တင်းပြီး၊ ကမ္မဋ္ဌာန်း ကျောင်းသို့ တက်ပြန်တယ်။ ဘာဝနာအလုပ်ကို အားထုတ်ပြန်တော့ ယခင်ကလိုပင် စိတ်ငြိမ်ခြင်းမရှိ သမာဓိမရတဲ့ အတွက်၊ ကမ္မဋ္ဌာန်းကျောင်းက အ တင်း ထွက် ပြန် ပါ ရော။ သည့်နည်း အတိုင်း၊ ထွက်ချည်ဝင်ချည်နှင့် မတည်မတန်ဖြစ်ပြီး၊ ကမ္မဋ္ဌာန်း ကျောင်းမှဆင်းခဲ့တာ၊ လေးငါးကြိမ်တိုင်တိုင် ရှိသွားတယ်။

ထိုနောက် ''ကိုယ့်စိတ်ကို မနိုင်ဘူးဆိုလျှင်၊ အရှုံးစာရင်းသို့ သွင်းရလိမ့်မည်၊ အခြားဘိက္ခုနီမများတော့၊ ဘာကြောင့်စိတ်ကို နိုင်အောင်ထိန်းနိုင်သလဲ။ လူချင်းမတူပါလျှင်၊လွန်စွာရှက်ဘို့ ကောင်းတာပေါ့။ ။သမာဓိထိမ်းအုပ်၍၊စိတ်ကိုမချုပ်နိုင်လျှင်၊ သံသရာက ဘယ်အခါမှ ထွက်နိုင်တော့မှာမဟုတ်ဘူး။ ။သည့် ကနေ့ကစပြီး သိကြရော့မယ်။ ကမ္မဋ္ဌာန်းတည်းဟူသော စစ်မြေ ပြင်မှာ၊ စိတ်တည်းဟူသော ရန်သူနှင့် တွေ့ဆုံပြီး၊ နိုင်အောင် တိုက်ခိုက်တော့မည်။ ။အဲ-သည့်ကဲ့သို့ ခဲဆေးဘင်ပြီး၊ထက်မြက် တဲ့သဘောထားနှင့်၊ကမ္မဋ္ဌာန်းကျောင်းသို့ဝင်၍တရားအားထုတ် တော့၊ မိမိကိုယ်တိုင်စိတ်ကိုနိုင်သဖြင့်၊ ရှစ်ရက်မြောက်သောနေ့ မှာပင်၊ ကိလေသာ ကုန်ခမ်း၍၊ ရဟန္တာမ အဖြစ်သို့ရောက်လေ သတည်း။

ရဟန်းကိစ္စပြီးမြောက်၍ ရဟန္တာမအဖြစ်သို့ရောက်တဲ့အခါ၊ အလွန်ဝမ်းသာလှသဖြင့်၊ မိမိအဖြစ်ကို တွေးတောပြီး၊ ဤကဲ့သို့ သော ဥဒါန်းဂါထာကို ရွတ်ဆိုလေသတည်း။

(၁) စတုက္ခတ္တုံ ပဉ္စက္ခတ္တုံ။ ဝိဟာရာ ဥပနိက္ခမိံ။
အလဒ္ဓါ စေတသော သန္တိံ။ စိတ္တေ အဝသဝတ္တိနိ။
တဿာ မေ အဓ္ဓမိရုတ္တိ။ ဘတ္တာမဟျံ သမူဟတာ။

(၁) အဟံ။အကျွန်ုပ်သည်။စေတသော သန္တိံ။စိတ်၏ငြိမ်သည် ၍၊ အေးကြည်ငြိမ်းချမ်းခွင့်ကို။ အလဒ္ဓါ။ မရလေသောကြောင့်။ စိတ္တေ။အတွင်းစိတ်သန္တာန်၌၊ အဝသဝတ္တိနိ။ အလိုသို့ပါအောင် မဆုံးမ နိုင်သောကြောင့်။ စတုက္ခတ္တုံ။ လေး ကြိမ် တိုင် တိုင်၊

ပဋ္ဌာန္က တွင်၊ငါးကြိမ်တိုင်တိုင်၊ဝိဟာရ၊ကမ္ဘဒွန်းကျောင်းတွင်း၌ ဥပနိက္ခမိ။ စိတ်ပျက်ပျက်နှင့် ထွက်ခဲ့မိပါသတည်း။ တဆသမေ ကမ္ဘဒွန်းကျောင်းကထွက်၍၊ စိတ်ပျက်သော သုံးကျွန်ုပ်အား၊ ရတ္တိ ၊ ညဥ့်သည်၊ အဒ္ဓမိ၊ ရှစ်ရက်မြောက်လေ၏။ တတော၊ ထို ရှစ်ရက်မြောက်သော အခါမှ၊ မယ့်၊ အကျွန်ုပ်သည်၊ တဏှာ၊ သံသရာ၏ မဏ္ဍိုင်၊ ခရိုင်အချုပ်ကြီးဖြစ်သော တဏှာရန်သူကြီး ကို၊သမူဟတာ၊သုတ်သင်ပယ်ရှင်း၍၊အတင်းသတ်ဖြတ်အပ်လေ သတည်း။

(၂) ဗဟူဟိ ဒုက္ခဓမ္မေဟိ၊ အပ္ပမာဒ ရတာယ မေ၊
တဏှက္ခယော အနုပ္ပတ္တော၊ကတံ ဗုဒ္ဓဿ သာသနံ။

(၆) သာမာထေရီဂါထာပြီး၏။

(ဤဒုတိယ ဂါထာမှာ၊ ပြဆိုခဲ့ပြီးသော အဘယ ထေရီဝတ္ထု တွင်၊ အနက်ပြန်ဆိုပြီးဖြစ်၍၊ ဤဝတ္ထု၌ အထူးပြန်ဆိုရန် မလို တော့ပေ၊ ။ယခင်ဂါထာနှင့်အတူပင် ဖြစ်တော့သည်၊)

ဤဝတ္ထု၌နည်းယူဘွယ်မှာ၊ သံဝေဂယူ၍၊သာမာဝတီသည် အိမ်ရာထောင်ခြင်းကံဖွဲကို၊ ဆောင်ရွက်ရလေသဖြင့်၊ လှလှကြီး ဒုက္ခတွေ့ရ လေသည်၊ ဤနည်းပုံစွာ၊ အိမ်ရာထောင်ခဲ့ပါလျှင်၊ တနည်းနည်းဖြင့်၊ဒုက္ခတွေ့ရတော့မည်ဟု ဆင်ခြင်သင့်ပေသည်၊ သာမာထေရီသည်၊ မိတ်ဆွေသာမာဝတီ၏ဘေးဒုက္ခကိုကြားရ သဖြင့်၊ မိမိကိုယ်တိုင်တွေ့ရသလောက် ဒုက္ခရောက်ခါ သံဝေဂ ရပြီးလျှင်၊လွတ်မြောက်အောင်ကြိုးလေသည့်နည်းနှင့်အတူ၊အမျိုး သမီးတို့သည်၊မိမိတို့ချစ်ဆွေတို့၌၊ကြောက်လန့်ဘွယ်ရာဒုက္ခတွေ့ နေသည်ကိုသိရှိခဲ့ပါလျှင်၊ငါလည်းထိုနည်းတူ ဖြစ်ရလိမ့်မည်ဟု၊ သံဝေဂဖြစ်ပွားပြီး၊ တရားဘက်ကို ညွတ်ကိုင်း လိုက်ပါသင့်ကြ ပေသတည်း။

ဒုကနိပါတ် ထေရီဘာသာပြန်ပြီး၏။

ထေရီဘာသာပြန်၊ ပထမတွဲပြီးပြီ။

ဒုတိယတွဲကို ဆက်လက်၍ ဘတ်ရှုတော်မူကြပါ။

ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး၏
ဒီပနီကျမ်းစာများနှင့်
လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး ၏
ကျမ်းစာများ
သောက္ချ ဆရာတော် ဦးတိလောက ၏
ပဏ္ဍိတဝေဒနီယဒီပနီ စသော ကျမ်းစာတို့ကို
ပုံနှိပ် ထုတ်ဝေ ဖြန့်ချီနေပါပြီ
အထူးအားဖြင့်
သောတမာလာ ယပ်လှဲတရားစာ(ပ–ဒု)နှင့်
ဓမ္မမဥ္ဇရီ ယပ်လှဲ (ပ-ဒု-တ) တို့ကို
ပုံနှိပ်၍ မကြာမီ ပြီးပါတော့မည်။

---

ဗှာကြွားရန်ဌာန

မောင်သန်းမောင်
နံပါတ် ၅၄–၅၅
လယ်တီ စာပေ ဖြန့်ချီရေးဌာန
ရွှေတိဂုံဘုရားကြီးဈေး
ရန်ကုန်မြို့။